


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


တက္ကသိုလ်တင်မြင့်

ချစ်မြဲချစ်လျက်ပါ

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ် (၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာလမ်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

တက္ကသိုလ်တင်မြင့်

ချစ်မြဲချစ်လျက်ပါ၊ တက္ကသိုလ်တင်မြင့်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃

၂၈၀-စာ၊ ၅×၇

(၁) ချစ်မြဲချစ်လျက်ပါ




# တက္ကသိုလ် တင်မြင့်

# ချစ်မြဲချစ်လျက်ပါ




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

## တစ်

"ဟယ် ... ဟိုဘက်ခြံက ပန်းတွေ လှမှလှ"

ကောင်မလေးသည် စိတ်မြန်ကိုယ်မြန် လှစ်ခနဲ ဟိုဘက်ခြံဘက်သို့ ထွက်လျှောက်လာသည်။

ဟိုဘက်ခြံမှ ခြံတံခါး အသင့်ပွင့်နေသည်ကို တွေ့ရသဖြင့် စွတ်ဝင်လာခဲ့သည်။

ခြံထဲတွင် ဘယ်သူ တစ်ဦးတလေကိုမျှ မတွေ့။ ကောင်မလေး အသံပြုသည်။

"ဒီမယ် ... အိမ်ရှင်တို့ ... ခြံပိုင်ရှင်တို့၊ ဒီက ပန်းဝယ်ချင်လို့"

တစ်ယောက်ဆို တစ်ယောက်မျှမတွေ့။ အသံလည်း ပြန်မပေး။

လူတစ်ယောက်မဆိုထားလင့် ခွေးလေးတစ်ကောင် ကြောင်လေးတစ်မြီးမှ မတွေ့။

ကိစ္စမရှိ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးသည် သူမလွယ်လာသော စလင်းဘက် ပိုက်ဆံအိတ်လေးကို ငုံ့ကြည့်လိုက်သည်။ သူမ၏ အိတ်လေးထဲတွင် မေမေပေးထားသော မုန့်ဖိုးတစ်ရာပဲရှိသည်။

ခြံရှင်လာလျှင် တန်ရာတန်ကြေးပေးလိုက်ရုံပေါ့။

ကောင်မလေးသည် အနှစ်သက်ဆုံး ပန်းပွင့်တွေကို ရွေးပြီး ခူးတော့သည်။

ခူးပြီးသားပန်းပွင့်ကို ဘယ်လက်ကကိုင်ထားပြီး ညာလက်ကဆက်ခူးသည်။ တတိယမြောက်အပွင့်ကိုပင် ခူးလိုက်ပြီ။

"ဟေ့ ... ဒါ ဘာလုပ်တာလဲ"

အော်လိုက်သောအသံက အောင်သည်။ ဩသည်။ ဟိန်းသည်။ အော်သံကြောင့် လက်ထဲမှ ပန်းပွင့်လေးတွေ လွတ်ကျသွားသည်။ ကောင်မလေးသည် တုန်သွားပါ၏။

ရင်ခုန် နှလုံးတုန်လေးဖြင့် အော်သူရှိရာဘက်သို့ လှည့်ကြည့်လိုက်သည်။

လူရွယ်တစ်ဦးကို တွေ့ရသည်။

စွပ်ကျယ်လက်ပြတ် ဝတ်ထားသည်။ တစ်ပတ်နွမ်း ချည်ချောလုံချည်ကို ဒူးဆစ်တိုင်အောင် မြှင့်ဝတ်ထားသည်။ ဖိနပ်စီးမထား။

လူရွယ်သည် ရေပန်းနှုတ်သီးတပ် ပုံးနှစ်လုံးကို ထမ်းပိုးဖြင့် ဟိုဘက်သည်ဘက် တစ်ပုံးစီ ထမ်းထားသည်။

သူ၏ကြွက်သားပခုံးထဲဝယ် ထမ်းပိုးပြား နစ်နေသည်။ အလေးအပင် ထမ်းထားရသဖြင့် လက်မောင်းကြွက်သား ဖုဖုထစ်ထစ်တွေ ရင်အုပ်မို့မို့ကြီးတွေ ပေါ်လွင်နေသည်။



အော်သံကြောင့် ကောင်မလေး လန့်သွားသော်လည်း လူရွယ်ကို တွေ့မြင်သောအခါ ကောင်မလေး မလန့်တော့။

လူရွယ်က လန့်စရာမကောင်းသည့်အပြင် သူ့အရွယ်၊ သူ့ရုပ်ရည်နှင့် သူ့ကိုယ်လုံးကိုယ်ထည်မှာ ကြည့်၍ပင်ကောင်းနေသေးသောကြောင့် ဖြစ်ပါ၏။

သူသည် ပန်းပင်ရေလောင်းတာဝန် ထမ်းဆောင်နေသောကြောင့် ခြံစောင့်မာလီ ဖြစ်ပေမည်။ ခူးပြီးသောပန်းသုံးပွင့်အတွက်ရော နောက်ထပ်လိုချင်သော ပန်းများအတွက်ရော တန်ဖိုးပိုက်ဆံပေးလိုက်ရင် ပြီးရောဟု ကောင်မလေး ထပ်မံတွက်လိုက်ပြန်သည်။

"တို့မေးနေတယ် ကောင်မလေး၊ တို့ခြံထဲဝင်ပြီး မင်း ဘာလာလုပ်တာလဲ"

ကောင်မလေးက (၁၅)နှစ်လောက်ပင် ရှိအုံးသည်။ လူရွယ်က အသက်(၂၀)ခန့်ရှိသည်။

"မြင်တယ်မဟုတ်လား၊ ပန်းဝင်ခူးနေတာ မြင်သားနဲ့"

ကောင်မလေးက ခါးလေးထောက်လိုက်သေးသည်။ လူရွယ်ကို မျက်နှာချင်းဆိုင်ပြီး ပြန်ပြောသည်။

လူရွယ်က ပခုံးထမ်းရေပုံးများကို မြေသို့ချထားပြီး ကောင်မလေးအနီးသို့ တိုးကပ်လာသည်။

"ဩော် ... ဩော် ... မင်းက ဒီခြံထဲဝင်ပြီး ပန်းဝင်ခူးတယ်၊ နေပါဦး၊ မင်းကို ဒီခြံထဲဝင်ခွင့်ရော၊ ဒီပန်းတွေ ခူးခွင့်ရော ဘယ်သူက ပေးလို့လဲ"

"အို ... ဒါကတော့ ကိုယ့်ဘာသာကိုယ်ပဲပေါ့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူရွယ်သည် ကောင်မလေးကို ဦးခေါင်းမှ ခြေဖမိုးတိုင်အောင် စေ့စေ့စပ်စပ်ကြည့်သည်။

ဆံပင်စုမှာ အုံကောင်းပြီး မည်းနက်တောက်ပနေသည်။ ကျစ်ဆံမြီးနှစ်ခွကျစ်ပြီး တစ်ဖက်စီကို ပခုံးမှကျော်ပြီး ရှေ့ရင်ဘတ်ဆီချထားသည်။

မျက်နှာတွင် သနပ်ခါးပေါင်ဒါ ဘာမျှမရှိ။ သူမလေးကို ကြည့်ရသည်မှာ ခရီးဝေးတစ်ခုခုမှလာခဲ့ဟန်ရှိသည်။ ဦးခေါင်းထက် ဆံပင်လေးများ ဖွာဆန်ကြဲနေသည်။ မျက်နှာတွင် သနပ်ခါးပေါင်ဒါမျိုး မရှိရုံက မျက်နှာလေးတွင် အဆီပြန်နေပြီး သူမ၏ နဂိုအသားရောင် ဖြူဖြူဝင်းဝင်းလေးပေါ်လွင်နေသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းလေးများ သူ့နေရာနှင့်သူ အရမ်းကြည့်ကောင်းသည်။ အထူးသဖြင့် မျက်ခုံးမွေးမှာ တစ်ပင်မှ နုတ်ဟန်မတူဘဲ မည်းနက်တောက်ပရုံမက လှပညီညာသော အကွေးအညွှတ်ရှိနေသည်။

မျက်တောင်လေးမှာ ရှည်ပြီး အပေါ်သို့ ပြန်ကော့နေသည်။ မီးခြစ်ဆံချောင်းတင်၍ရသည်ဆိုသည်မှာ ဤမျက်တောင်မျိုးဖြစ်ပေမည်။

မျက်ခုံးနှင့်မျက်တောင်က မည်းနက်တောက်ပနေသောကြောင့် သူမ၏ မျက်လုံးလေးများ၏အလှ ပိုမိုလွင်လွင်နေသည်။

တော်တော်ချောတဲ့ကောင်မလေး။

ကိုယ်လုံးကိုယ်ထည်လေးမှာ ပွင့်အံ့ဆဲဆဲ တအားငုံနေသော ပန်းငုံလေးနှင့်တူနေပါ၏။



ရင်ကလေးစို့စို့ တင်ကလေးမို့မို့ ရှိနေသည်။ သူမလေး၏ ခြေတံ လက်တံနှင့် အရပ်အမောင်းလေးကလည်း လိုက်ဖက်သည်။

ဝတ်ဆင်ထားသော အင်္ကျီ ထဘီတို့မှာလည်း တန်ဖိုးမြင့်မားသော အထည်များဖြစ်မှန်း အထည်သည်၏သား လူရွယ်က အဝတ်အထည်ကို မြင်ရုံနှင့်သိသည်။

"မင်းကြည့်ရတာ ရုပ်လေးက သန့်သန့်ပြန့်ပြန့်နဲ့ မိဘအဆင့်မြင့်တဲ့ သမီးတစ်ယောက်ဖြစ်မှာပါ၊ ဒါပေမဲ့ မင်းစကားပြောရိုင်းတယ်၊ မာန်မာနလည်း ကြီးချင်တဲ့ပုံစံထဲကပဲ"

"အို ... ဒါတွေ ပြောနေစရာမလိုဘူး၊ ရှင့်ခြံထဲကပန်းတွေ သိပ်လှလို့ ဝင်ခူးတယ်၊ ဒါ ဘာဖြစ်လဲ၊ ကဲ ... ပြော၊ အခုသုံးပွင့်ခူးထားပြီးပြီ၊ ဘယ်လောက်ပေးရမလဲ၊ ပေးဖို့အသင့်ပဲ"

ကောင်မလေးက ပြောပြောဆိုဆို သူမ၏ စလင်းဘက်ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး မေမေ ပေးထားသည့် စက္ကူအထပ်လိုက် တစ်ရာအုပ်ကို ထုတ်ယူပြလိုက်သည်။

"ဟောဒီမှာ ငွေတစ်ရာရှိတယ်"

"မင်း ဒီမှာခဏလေးစောင့်"

လူရွယ်က သူမအားပြောပြီး လမ်းနံဘေးအတိုင်း သူ၏အိမ်ဆီသို့ လျှောက်သွားကာ အိမ်ထဲဝင်သွားသည်။

လူရွယ်ဝင်သွားရာသို့ ကောင်မလေး လှမ်းကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်တိုက်လှလှလေးတစ်လုံးဖြစ်ပါ၏။ ကြီးကြီးဆေးမားမျိုးတော့မဟုတ်။ မိသားစုနည်းပါးသူတို့ နေလောက်ရုံအရွယ်သာရှိသည်။ သို့သော် တစ်ထပ်တိုက်လေးမှာ နေချင့်စဖွယ်သပ်သပ်ရပ်ရပ်ရှိလှပါ၏။

လူရွယ်သည် ခဏအတွင်း တိုက်အိမ်လေးထဲမှ ပြန်ထွက်လာသည်။

လူရွယ်၏လက်ထဲတွင် ငွေစက္ကူအထပ်လိုက် ကိုင်လာသည်ကို ကောင်မလေး တွေ့မြင်ရသည်။

"ရော့ ... ဟောဒါ ငွေနှစ်ရာတိတိပဲ၊ မင်းက ပန်းဖိုးငွေတစ်ရာပြောတယ်၊ တို့က မယူတဲ့အပြင် မင်းကို ငွေနှစ်ရာပြန်ပေးတယ်၊ နောက်ထပ် တို့ခြံထဲလည်း မလာနဲ့၊ ပန်းတွေကလည်း လာမခူးနဲ့၊ ရော့ ... ယူလေ၊ ငွေနှစ်ရာ"

"အို ... ဘာဆိုင်လို့ စိုးစိုးက သူများပိုက်ဆံ ယူရမှာလဲ၊ အဲဒီငွေနှစ်ရာဟာ စိုးစိုးအတွက် ဘာအဓိပ္ပာယ်မှမရှိဘူး"

"ဩော် ... မင်းနာမည် စိုးစိုးတဲ့လား"

လူရွယ်က ပြုံးလိုက်သည်။ စိုးစိုးဆိုသည့် ကောင်မလေးကိုလည်း သေချာစိုက်ကြည့်သည်။

သူသည် ပြုံးလေမှ ပို၍ကြည့်ကောင်းလှကြောင်း စိုးစိုး မြင်နေရသည်။ သူ၏နှုတ်ခမ်းသည် သူများထက် အနည်းငယ် ပို၍ ထူအမ်းအမ်းလေးရှိသည်။ ထူအမ်းသော နှုတ်ခမ်းစုံကို ဖွင့်ပြီး ပြုံးသောအခါ သွားဖြူတန်းလေးပေါ်လာသည်။ သူ၏သွားဖြူတန်းမှာ ပုလဲလို စီထားသကဲ့သို့ ညီညာပြီးမှ သွားဖြူတန်း၏ ဟိုဘက်စွန်း သည်ဘက်စွန်းတွင် ကြိုက်အသွင် ချွန်မြသော



သွားစွယ်လေး တစ်ဖက်တစ်ချောင်းစီ ဘောင်ကွပ်ထားသကဲ့သို့ရှိနေသည်။

"ဒါဆိုရင် ဟိုဘက်ခြံကို ပြောင်းလာတဲ့ ရဲဝန်ထောက် ဦးမင်းစိုးနဲ့ ဇနီး ဒေါ်စိုးသူဇာရဲ့သမီးဖြစ်ရမယ်၊ တစ်ဦးတည်းသောသမီးကို ဖအေနာမည် စိုးတစ်လုံးရော မအေနာမည် စိုးတစ်လုံးရောပါအောင် စိုးစိုးလို့ မှည့်ထားတာလို့ မေမေက ငါ့ကို မင်းတို့ပြောင်းမလာခင်ကတည်းက ပြောဖူးတယ်"

"ဒါဖြင့် ရှင်က စိုးစိုးရဲ့ဖေဖေ မေမေနဲ့ သိနေသလား"

"မြင်တောင်မမြင်ဖူးဘူး၊ ဒါပေမဲ့ ဟိုဘက်ခြံထဲက ပျဉ်ထောင်အိမ်ကြီးဟာ အစဉ်အဆက် ရဲဝန်ထောက်တွေနေသွားတဲ့ကွာတာပဲ၊ အရင်ရဲဝန်ထောက် ပြောင်းသွားတော့ နောက်ပြောင်းလာမယ့် ရဲဝန်ထောက်အကြောင်းကို တို့အမေက စုံစမ်းတယ်၊ ခြံချင်းကပ်လျက် အိမ်နီးချင်းနေရမှာမို့ မေမေက စုံစမ်းတာပါ၊ အေး ... ဒါကြောင့် မင်းမိဘနာမည်ကိုရော မင်းနာမည်ကိုပါ လူမမြင်ဖူးပေမယ့် တို့ ကြားဖူးထားပါတယ်"

ထိုခေတ်က ရဲအခေါ်အဝေါ်များသည် ခရိုင်ရဲဝန်၊ ရဲဝန်ထောက် ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြီး နယ်ဘက် အုပ်ချုပ်ရေးပိုင်းတွင်လည်း ခရိုင်ဝန်၊ ဝန်ထောက်၊ မြို့ပိုင် စသဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

"ကဲပါလေ ... ဒါတွေ ထားလိုက်ပါတော့၊ အခု မင်းအနေနဲ့ တို့ပေးတဲ့ငွေနှစ်ရာ မယူဘူးလား"

"အို ... စိုးစိုးပြောသားပဲ၊ အဓိပ္ပာယ်မရှိတာလို့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် အခိပ္ပာယ်မရှိပေမယ့် တို့အတွက် အဓိပ္ပာယ်ရှိတယ် သူငယ်မ၊ မင်းစိတ်ထဲမှာ ဘယ်သူ့ပန်းခြံထဲကပန်း ဖြစ်ဖြစ် ဝင်ခူးပြီး ပိုက်ဆံပေးလိုက်ရင် ပြီးတာပဲလို့ တွက်နေတယ်၊ မိဘကလည်း ရဲအရာရှိကြီးပေကိုး၊ ဒါပေမဲ့ တို့ခြံမှာတော့ အဲဒီပုံစံမျိုးနဲ့ မရဘူး၊ တို့စိုက်ထားတဲ့ပန်းတွေဟာ ရောင်းစားဖို့စိုက်ထားတာ မဟုတ်ဘူး၊ မင်းလိုချင်ရင် မနက်ဈေးမှာ သွားဝယ်ချေ၊ ဒီပန်းမျိုးတွေ တပုံတပင်ကြီး ရောင်းတယ်၊ မင်းငွေတစ်ရာနဲ့ ဝယ်မယ်ဆိုရင် ကူလီကုလားငှားပြီးတောင် ထမ်းခိုင်းလောက်အောင် ရမယ်၊ အေး ... တို့ခြံထဲကပန်းကတော့ တို့ တမင် အပင်ပန်းခံပြီးစိုက်ထားတာ၊ ရောင်းစားဖို့မဟုတ်ဘူး၊ စေတနာရှိတဲ့လူဆိုရင် အလကားပေးမယ်၊ ရောင်းပါဆိုလို့ကတော့ တစ်ပွင့်ကို တစ်ရာပေးလည်း မရဘူးမှတ်ပါ သူငယ်မ"

"အံမယ် ... ကြီးကျယ်လို့"

"မင်းထင်ချင်သလိုထင်ပါ၊ ပန်းတစ်ပွင့်ဟာ ခူးပြီးရောင်းစားတဲ့လူအဖို့ တန်ရာတန်ကြေး သတ်မှတ်နိုင်ပေမယ့် မခူးဆွတ်ရသေးဘဲ အပင်မှာပွင့်နေတဲ့ ပန်းတစ်ပွင့်ဟာ အမြတ်တနိုးထားတတ်တဲ့ သူ့ရဲ့စေတနာမေတ္တာပေါ်မှာ မူတည်ပြီး တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်တယ်၊ ကဲ မိန်းကလေး ဟောဟိုမှာ တို့ခြံတံခါးဖွင့်ထားတုန်းပဲ၊ မေမေ ဈေးကပြန်လာခါနီးမို့ ခြံတံခါးဖွင့်ထားတာ၊ အဲဒီတံခါးက မင်း ပြန်ကြွပေတော့"



စိုးစိုးသည် လူရွယ် စကားတွေ အရှည်ကြီးပြောသည်ကို တစိမ့်စိမ့်နားထောင်ပါ၏။ ဘာမှ ပြန်လည်မချေပသည့်အပြင် သူပြောသမျှ ပန်းပွင့်လေးတွေကို ကောင်မလေး စိုးစိုး စိတ်ထဲတွင် သနားစိတ်ဝင်လာသည်။ ဆိုးဆိုးဆတ်ဆတ် မိမိခူးလိုက်မိသည့်အတွက်ကြောင့်ပင် ဝမ်းနည်းသလိုခံစားလာရသည်။

စိုးစိုးသည် စောစောက လန့်ပြီး လွှတ်ချမိသော ပန်းလေးနှစ်ပွင့်ကို ငုံ့ကြည့်သည်။ ပြီး သူမ၏လက်ထဲတွင် ရှိပြီး တတိယပွင့်ကိုလည်း ငုံ့ကြည့်သည်။ ကြည့်ရင်း ပို၍ ဝမ်းနည်းလာသည်။

ဝမ်းနည်းလျှင် ငိုချတတ်သော စိုးစိုး၏အကျင့်အတိုင်း ဘာမပြော ညာမပြော အီးခနဲ ငိုချလိုက်ပါလေတော့သည်။

"ဟော့ ... ဟော့ ... မင်း ဘာလို့ ငိုတာလဲဟင်"

"ငိုပါတယ်ဆိုမှ ဝမ်းနည်းလို့ပေါ့"

"မင်းငိုတာက အရေးမကြီးဘူး၊ ဟိုဘက်ခြံ မင်းတို့အိမ်က လူတွေ မင်းငိုတာကို တွေ့သွားရင် တို့ကို တလွဲတွေ ထင်ကြမယ်"

"ထင်ထင်ပေါ့"

"ဟေ ... ထင်ထင်ပေါ့ဟုတ်လား၊ တို့မှာ တို့ခြံထဲ တို့ဟာ တို့နေရင်း အမှုပတ်ခံရမှာလား၊ ဒုက္ခပါပဲ ... တကယ့် အကုသိုလ်ပဲ"

လူရွယ်သည် စိုးစိုးပစ်ချထားသော ပန်းကလေးနှစ်ပွင့်ကို ပြန်ကောက်ယူပြီး စိုးစိုးအား ပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... မင်းလိုချင်တဲ့ပန်းပွင့်တွေ ယူသွား၊ တို့မှာ ညီမလေး ဘာလေးလဲမရှိတော့ ကောင်မလေးတစ်ယောက်ငိုရင် ဘာလုပ်ပေးရမှန်းလဲ မသိဘူး၊ တိတ် ... တိတ် ... ပန်းတွေလည်း ယူသွား"

"ပန်းလည်းမယူဘူး၊ တိတ်လည်းမတိတ်ဘူး၊ ငိုနေပါတယ်ဆိုမှ မော်တော်ကား ဘရိတ်အုပ်သလို တိတ်ချင်တိုင်းတိတ်လို့ရတာမှတ်လို့"

စိုးစိုးသည် တကယ့်ဂျစ်တူး။

ပေးသောပန်းကိုလည်း ပြန်မယူသည့်ပြင် နေရာမှာပင် ပေ၍ရပ်ကာ ငိုမြဲငိုနေပေသည်။

ထိုစဉ်မှာပင် စိုးစိုး၏မိခင် ဒေါ်စိုးသူဇာ၏အသံ ထွက်ပေါ်လာပေသည်။

"စိုးစိုးရေ သမီးလေး ဘယ်ပျောက်သွားလဲလို့ မေမေလိုက်ရှာနေတာ၊ ဒီဘက်ခြံထဲရောက်နေတာ လှမ်းတွေ့လို့ မေမေ လိုက်လာတာ၊ ဟဲ့ ... ဟဲ့ ... သမီးလေး ငိုလို့ပါလား၊ ဘာဖြစ်ကြတာလဲ၊ လက်ထဲမှာလည်း ငွေစက္ကူကိုယ်စီကိုင်လို့၊ ဘာများလောင်းကြေးတမ်းကြေး ကစားနေကြလဲ ဟင်"

ပုဆိုးတိုတို ရေဆွဲခွဲနှင့်လူရွယ်သည် ဒေါ်စိုးသူဇာ ရောက်လာပြီး သမီးလေး ငိုနေသည်ကို မေးမြန်းနေစဉ်မှာပင် ချာခနဲလှည့်ကာ သူ၏တစ်ထပ်တိုက်လေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

"ပြောစမ်းသမီး ဘာဖြစ်ကြတာလဲ"



စိုးစိုးက မိခင်အား ဖြစ်ကြောင်းကုန်စင် တစ်လုံးမကျန်ပြောပြလိုက်သည်။

"ဒါဆိုရင်တော့ သမီး လွန်တာပေါ့၊ ခွင့်ပြုချက်မတောင်းဘဲ သူ့ခြံထဲဝင်လည်းဝင်သေးတယ်၊ သူ့ပန်းတွေလည်း ခွင့်မတောင်းဘဲ ခူးသေးတယ်ဆိုတော့ အင်းပါလေ၊ ဒီခြံချင်းကပ်လျက်က သူတို့အကြောင်း သမီးရဲ့ဖေဖေကို မေးကြည့်သေးတာပေါ့၊ ကဲ ... လာ လာ သွားစို့"

စိုးစိုး၏ခါးကို ဒေါ်စိုးသူဇာက တယုတယဖက်ကာ ခြံထဲမှ ထွက်သွားကြသည်။

မော်လမြိုင်။

ရဲဝန်ထောက် ဦးမင်းစိုးသည် အစိုးရအရာရှိတို့ ထုံးစံအတိုင်း ပြောင်းရွှေ့မိန့်အရ မော်လမြိုင်သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပေသည်။

ဇနီး ဒေါ်စိုးသူဇာသည် ရှားရှားပါးပါး သမီးလေး စိုးစိုးတစ်ယောက်တည်းသာ ထွန်းကားသည်။ တစ်ဦးတည်းသော သမီးလေးအား ချစ်ကြသည်မှာ တုန်နေကြသည်။ သမီးလေးမျက်နှာတစ်ချက် အညှိုးမခံနိုင်အောင်လည်း အလိုလိုက်ကြသည်။

စိုးစိုးသည် သိတတ်သောအရွယ်ကတည်းက ဖေဖေ နယ်ပြောင်းသည်များကို ခဏခဏ တွေ့ကြုံရသည်။

"အသက်အရွယ်ငယ်ငယ်၊ ရာထူးငယ်ငယ်အချိန်မှာတော့ ဒီလိုပဲ နယ်ပြောင်းတာဝန်ထမ်းရတာပဲ ကွယ်" ဟု ဖေဖေက လည်းပြောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယေဘုယျအားဖြင့် အကြောင်းထူးကြောင့်မဟုတ်ဘဲ သာမန်ဆိုလျှင် သုံးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ် အရာရှိများ နယ်ပြောင်းရသည်။

အခုလည်း ဦးမင်းစိုးသည် မော်လမြိုင်သို့ ပြောင်း မိန့်အရ ပြောင်းလာခြင်းဖြစ်သည်။

ဒီဇင်ဘာလ စိုးစိုးတို့ ခရစ်စမတ်ကျောင်းပိတ်ရက် အတွင်းဖြစ်ပါ၏။

စိုးစိုးက ရှစ်တန်းကျောင်းသူမလေးဖြစ်ပေသည်။

အစိုးရနယ်ပြောင်းအရာရှိ၏ သားသမီးများအတွက် မည်သည့်အချိန်တွင် ပြောင်းလာလာ ဒေသခံမြို့၏ အထက်တန်း ကျောင်းဖြစ်စေ၊ အလယ်တန်းမူလကျောင်းဖြစ်စေ၊ အချိန်မရွေး လက်ခံရပေသည်။

ထိုနေ့ညနေပိုင်း ထမင်းဝိုင်းတွင် ဒေါ်စိုးသူဇာက လင်တော်မောင်ဦးမင်းစိုးအား ဟိုဘက်ခြံချင်းကပ်လျက်အကြောင်း မေးမြန်းတော့သည်။

"သြော် ... ကိုမင်းစိုး ခြေရင်းအိမ်နဲ့ခြံက လူတွေအကြောင်း ကိုမင်းစိုး စုံစမ်းထားသေးလားဟင်"

"စုံစမ်းသားပဲ မသူဇာ၊ ဘာလို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကိုယ်နဲ့ ခြံချင်းကပ်လျက်နေတဲ့လူ တွေဆိုတော့ သူတို့အကြောင်း သိထားရင်ကောင်းတာပေါ့၊ ဘယ်မြို့ဘယ်နေရာမှာနေနေ အိမ်နီးနားချင်းဆိုတာ အရေး ကြီးတယ်မဟုတ်လား"



"အင်း ... ခေါင်းရင်းဘက်က နှစ်ထပ်တိုက်နဲ့ ခြံကြီးက အငြိမ်းစားမြို့မဝန်ထောက်ကြီး ဦးဘနီတဲ့၊ သူ့မင်းကတော် ကတော့ ဆုံးသွားပြီတဲ့၊ ခြေရင်းဘက်ခြံနဲ့ တစ်ထပ်တိုက်လေး မှာနေတာက ဆည်မြောင်းအင်ဂျင်နီယာ ဦးထိုက်တဲ့၊ ဦးထိုက်ကတော့ မရှိတော့ဘူး ဆုံးသွားပြီး အခု ဦးထိုက်ရဲ့ ကျန်ခဲ့တဲ့ ဇနီး ဒေါ်ရည်မွန်နဲ့ သူ့သားလေး မောင်အောင် စည်တို့သားအမိ နေကြတယ်"

စိုးစိုးလည်း အားရပါးရ ထမင်းစားနေရာမှ သူ့သား လေး မောင်အောင်စည်ဟု ကြားသဖြင့် ထမင်းလုတ်တန်းလန်းဖြင့် ဖခင်ကို လှမ်းကြည့်မိသည်။

"ဒေါ်ရည်မွန်က မုဆိုးမဘဝတဲ့၊ မိုင်ဒါဈေးထဲမှာ အထည် ဆိုင်ဖွင့်ပြီး ရောင်းနေတယ်၊ သူ့သားလေး မောင်အောင်စည် ကတော့ ကောလိပ်မှာ ဒုတိယနှစ်တဲ့၊ ရိုးရိုးသားသားနဲ့ အေးအေးဆေးဆေး သားအမိလို့ပြောတာပဲ"

"ဒါဆို သနားပါတယ် ဖေဖေ၊ မုဆိုးမသားအမိဖြစ်နေကြ တာပေါ့"

"အင်းပေါ့ သမီး၊ အိမ်ထောင်ဦးစီးယောကျ်ားမရှိတော့ဘဲ မိခင်က အထည်ရောင်းပြီး သားကို ကျောင်းထားတဲ့သဘော တော့ရှိနေတာပေါ့၊ ဒါပေမဲ့ သူတို့သားအမိက ချို့ချို့တဲ့တဲ့ တော့မဟုတ်ပါဘူး၊ စားနိုင်သောက်နိုင်ထဲကပါ၊ မိုင်ဒါဈေး ကြီးထဲမှာ အထည်ဆိုင်ဖွင့်နိုင်တယ်ဆိုတာ နည်းတဲ့အင်အား မှမဟုတ်တာ၊ ခြံနဲ့တိုက်ကလည်း ကိုယ်ပိုင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် ... ဟုတ်မယ်၊ သူတို့ ချို့ချို့တဲ့တဲ့မဟုတ်တဲ့ စားနိုင်သောက်နိုင်တယ်ဆိုတာ သိပ်ဟုတ်မှာ၊ ဒါကြောင့် ကိုအောင် စည်ဆိုတဲ့လူက ပန်းတစ်ပွင့် တစ်ရာပေးတောင် မရောင်းဘူးလို့ ပြောလွှတ်လိုက်တာ ဖေဖေရဲ့"

"ဟေ ... သမီးစိုးစိုးက ဟိုဘက်ခြံက မောင်အောင်စည်ကို တောင် သိကျွမ်းလာခဲ့ပြီလား"

"သိကျွမ်းလာတာမဟုတ်ဘူး ဖေဖေ၊ ရန်ဖြစ်လာတာ"

"ဟေ ... ရောက်တာမှ တစ်ရက်မပြည့်သေးဘူး၊ သမီးက ရန်ဖြစ်ပြီတဲ့လား"

ဒေါ်စိုးသူဇာက ရယ်လိုက်သည်။ ထို့နောက် ညနေက သမီးစိုးစိုး ဟိုဘက်ခြံကူးပြီး ဖြစ်ခဲ့သမျှအကြောင်းစုံကို လင်တော် မောင်အား ပြောပြလိုက်တော့သည်။

"ဆိုးတဲ့သမီးလေးပဲ ဘာလို့ ပိုင်ရှင်ဆီမှာ ခွင့်မတောင်းဘဲ သူတို့ပန်းတွေ သွားခူးရတာလဲ သမီးရယ်"

ထိုညတွင် စိုးစိုးသည် ရုတ်တရက် အိပ်မပျော်ဘဲ မျက်စိကြောင်နေသည်။

တကယ်ဆို ကုန်းတစ်တန်ရေတစ်တန်ဖြင့် ပြောင်း ရွှေ့ရောက်လာခဲ့သော စိုးစိုးအဖို့ ခရီးပန်းခဲ့သည်။ အိပ်ရာထဲဝင် သည်နှင့် ချက်ချင်း အိပ်ပျော်သွားဖို့ကောင်းသည်။

ယခု စိုးစိုး အိပ်မပျော်။

မျက်စိထဲတွင် ဟိုဘက်ခြံထဲတွင် ပွင့်ချင်တိုင်းပွင့်၊ လှချင်တိုင်းလှနေသော ပန်းပွင့်တွေကို မျက်စိထဲမြင်ယောင်မိသည်။



တစ်ဆက်တည်းပင် စွပ်ကျယ်လက်ပြတ်၊ လုံချည် တိုတို၊ ဖိနပ်မစီးဘဲ ရေပုံးထမ်းလာသော ဟိုဘက်ခြံက ကိုအောင် စည်ဟုသိရသော လူရွယ်၏ရုပ်ကိုလည်း မျက်စိထဲ အလိုလိုမြင် ယောင်လာမိသည်။

"ရော့ ... ဟောဒါ ငွေနှစ်ရာတိတိပဲ၊ မင်းပေးတဲ့ပန်းဖိုး တစ်ရာကို မယူတဲ့အပြင် တို့က ငွေနှစ်ရာပြန်ပေးတယ်၊ နောက်ကို တို့ခြံထဲမလာနဲ့၊ ပန်းလည်းမခူးနဲ့"

ဟု သူပြောပုံကို မြင်ယောင်မိပြန်သည်။

"တို့မှာ ညီမလေးဘာလေးမရှိတော့ ကောင်မလေးတစ် ယောက်ငိုရင် ဘာလုပ်ပေးရမယ်မှန်း တို့မသိဘူး၊ တိတ် တိတ်"

ထိုစဉ်က ငိုခဲ့သော စိုးစိုးသည် ယခု ပြန်တွေးမိတော့ ကိုယ့်ဟာကိုယ် ကျိတ်၍ရယ်မိသည်။ သူ့ခမျာ စိုးစိုးငိုတော့ ခြေမကိုင်မိလက်မကိုင်မိနဲ့ ဘာလုပ်ရမှန်းမသိ ဗျာများသည်မှာ ရယ်စရာကောင်းပါ၏။

"ဩ ... မင်းနာမည် စိုးစိုးတဲ့လား"

ဟုပြောပြီး သူကပြုံးသည်။ သူ၏အပြုံးမှာ ကြည့် ကောင်းလှပါဘိတောင်း။

ငုံရာမှ ပွင့်သွားသောပန်းနှယ် သူ၏ ထူထူထဲထဲ နှုတ်ခမ်းစုံ ပွင့်သွားသည်။ ပုလဲစီထားသလို သွားဖြူတန်းလေး ဟိုဘက်သည်ဘက် ရှိနေသည်ကို တွေ့ရသည်။ ရယ်လေလျှင် သူသည် ပို၍ကြည့်ကောင်းသွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဆံပင်တွေကလည်း ဖရိုဖရဲကြားကပင် နုဏ်မှောင်ပြီး လှိုင်းတွန့်လေးတွေထနေသည်။ လှိုင်းကြက်ခွပ်ပုံစံမျိုးထသည်မဟုတ်။ လှိုင်းအိကြီးတွေလို ထနေခြင်းဖြစ်သည်။

ပန်းပင်ရေလောင်း အလုပ်ကြမ်းလုပ်နေခိုက်မို့ သူ၏ချွေးစို့နဖူးပြင်ဝယ် ဆံစလေးများ ကွေးကွေးကောက်ကောက်ကျနေသည်။

သူ၏လက်မောင်း မာဆယ်သားတွေက ဖုထစ်နေသည်။ ထမ်းပိုးထမ်းထားသော သူ၏ပခုံးကြွက်သားကြီးများ ခုံးထနေသည်။ ရင်အုံကလည်း မို့မောက်နေပါ၏။

သူ၏ယောကျ်ားဆန်ဆန်ဖြင့် ကြည့်ကောင်းသောရုပ်ရည်၊ သူ၏ထောင်မောင်းသောအရပ်နှင့် ကြံ့ခိုင်သောကာယဗလ၊ သူ၏လက်တံခြေတံ သူ၏အပြောအဆို ဟန်ပန်အမူအရာတို့ကို ဘာကြောင့်မှန်းမသိ စိုးစိုး မျက်စိထဲ ပြန်လည်မြင်ယောင်ပြီး အိပ်မပျော်သေးခြင်းဖြစ်ပါ၏။

"အဲ ..."

စိုးစိုးသည် အိပ်မပျော်ရာမှ အဲဟု အာမေဍိတ်သံလေးပြုရင်း ခေါင်းထောင်ပြီး နားစွင့်ကြည့်လိုက်သည်။

"မှုန်ပြာရီ ရာသီတွေပြောင်း ...
တစ်ဆောင်းသစ်ပြန်ပြီ ...
နှင်းမှုန်မှုန် ... သုန်သုန်လေပြေ ...
ဟေမာန်ဦး ... ကူး ... ကူးခဲ့ပြီ။"

ခြေရင်းဘက်ခြံမှ ထွက်ပေါ်လာသော သီချင်းသံဖြစ်ပါ၏။ သီချင်းနှင့်တွဲဖက်ပြီး ပတ္တလားသံလည်း ထွက်လာသည်။



ဆိုသောအသံကို စိုးစိုး မှတ်မိပါ၏။ ညနေက မိမိကို ငွေနှစ်ရာပေးပြီး သူ့ခြံထဲမှမောင်းထုတ်သော သူ၏သီချင်းဆိုသံ ဖြစ်ပေသည်။

ဩော် ... သူသည် ကိုအောင်စည်တဲ့။

"ပန်းယူကြဦးမလား ... ပန်းနော် ... ပန်း ... ပန်း"

စိုးစိုးသည် ဦးလေးထူးက ခုမေမေ့ကို လိုက်မောင်းပို့သောကားနှင့် နံနက်စောစော ဈေးသို့လိုက်သွားသည်။ ဈေးထဲမှာ ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်လာသည်။

အိမ်ပြန်ရောက်သည်နှင့် စိုးစိုးက ပန်းတွေကို ရှုံးချပြီး ခဏသိမ်းထားလိုက်သည်။

ပြီး ခြေရင်းခြံကို မကြာခဏ တစေ့တစောင်းကြည့်နေသည်။

ခြေရင်းခြံနှင့် စိုးစိုးတို့ခြံမှာ သံဆူးကြိုး လေးငါးပေအပြည့်ခတ်ထားသည်။ တစ်ပေခြားစီ သံဆူးကြိုးလေးတန်းဖြစ်ပါ၏။

ထို့ကြောင့် ဟိုဘက်ခြံ သည်ဘက်ခြံ တိုးလျှိုပေါက်မြင်နေရသည်။

ဒေါ်ရည်မွန်ထွက်သွားပြီး နာရီဝက်လောက်အကြာတွင် အောင်စည် ထွက်လာသည်။

သူ၏လက်ထဲတွင် စာအုပ်တစ်အုပ်ကို စာမျက်နှာလက်ညှိုးညှပ်ဖြင့် ကိုင်လာသည်။

သူတို့၏ပန်းခြံထဲရှိ သဘော်ဆေးသုတ် ခုံတန်းလျားလေးတွင် အောင်စည် ထိုင်ပြီး စာဖတ်သည်ကို စိုးစိုး တွေ့သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သူမ၏အိမ်ထဲမှ စားပွဲဟောင်းတစ်လုံး ထုတ်ယူကာ ခြေရင်းဘက်ခြံစည်းရိုး သံဆူးကာ မနီးမဝေးတွင် ချလိုက်သည်။

ထို့နောက် ဈေးမှဝယ်ယူလာသော ပန်းတွေကို စားပွဲတွင်တင်ကာ အောင်စည် ကြားလောက်အောင် အသံကျယ်လေးဖြင့် ...

"ပန်းယူကြဦးမလား ... ပန်းနော် ... ပန်း ... ပန်း" ဟု အော်လိုက်သည်။

ခုံတန်းလျားတွင်ထိုင်၍ စာဖတ်နေသော အောင်စည်သည် စိုးစိုး၏အသံကြောင့် လှည့်ကြည့်လိုက်သည်။

အောင်စည် လှမ်းကြည့်မှန်းမိသည်နှင့် စိုးစိုးက အောင်စည် လှမ်းကြည့်သည်ကို မမြင်ဟန်ဆောင်ကာ ...

"ပန်းတွေနော် ... ပေါတယ်၊ ကြိုက်တာယူ တစ်ပွင့်ဆယ်ပြား တစ်မတ်ဖိုး သုံးပွင့်ပေးမယ်၊ နှင်းဆီပန်း မေမြို့ပန်း စိန်ချယ်ပန်း အစုံရမယ်"

အောင်စည်က ဗထမ မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

သည်ကောင်မလေး မနေ့ညနေက မိမိကို မကျေနပ်သဖြင့် ယနေ့မနက် ပန်းတွေတစ်ပုံကြီးချကာ အရွဲ့တိုက်မှန်းသိသာသည်။

အောင်စည် ပြုံးမိပါ၏။

ဆယ်ကျော်သက်မလေး၏ ကလေးဆန်ဆန် ပြုမူလုပ်ကိုင်နေသည်ကိုကြည့်ပြီး အောင်စည်၏ရင်ထဲတွင် ကြည်နူးမှုလေးတစ်ခု ခံစားရသည်။



"ဟော ... ဒေါ်ဒေါ်အေး ... လာ ... လာ ပန်းတွေ ဝယ်သွားဦး၊ တစ်ပွင့်မှ ဆယ်ပြားလေ"

"ဟဲ့ ... စိုးစိုး၊ ဘာတွေလုပ်နေတာလဲ၊ ကြဲကြဲဖန်ဖန်ကွယ်"

"ဒေါ်ဒေါ်အေးကလဲ လျှာရှည်လိုက်တာ၊ ပန်းဝယ်သွားစမ်းပါဆိုမှ"

"ဒေါ်ဒေါ်အေး မအားသေးဘူး၊ စိုးစိုးရဲ့အမေကို မီးဖိုထဲမှာ ကူလုပ်စရာတွေ ရှိနေသေးတယ်၊ စောစောစီးစီး စိုးစိုးနဲ့ ကစားနေလို့ မဖြစ်သေးဘူး"

ဒေါ်ဒေါ်အေးသည် စိုးစိုးတို့အိမ်မှ ကူဖော်လောင်ဖက် ခေါ်ယူထားသည့် အသက်လေးဆယ်ခန့် အမျိုးသမီးကြီးဖြစ်ပါ၏။ အပျိုကြီးဖြစ်သည်။ စိုးစိုး ရှစ်နှစ်သမီးအရွယ်ကတည်းက ဒေါ်ဒေါ်အေး စိုးစိုးတို့အိမ်သို့ ရောက်လာခြင်းဖြစ်သည်။ သံယောဇဉ်အဆွယ်အပွားမရှိသော ဒေါ်ဒေါ်အေးသည် စိုးစိုးတို့ မိသားစု ပြောင်းရွှေ့ရာသို့ အမြဲလိုက်ပါပေသည်။

"ဟာ ... ဒေါ်ဒေါ်အေးကလည်း ပန်းဝယ်ပါဆိုမှ စကားများလိုက်တာ"

"ကျုပ်မှာ ပိုက်ဆံမပါဘူး ပန်းသည်မလေးရဲ့၊ နောက်မှ ဝယ်မယ်နော်"

စိုးစိုး ငယ်ငယ်တည်းက စိုးစိုးအလိုလိုက်ပြီး ကစားဖော်လုပ်နေကျ ဒေါ်ဒေါ်အေးက အလိုက်အထိုက် စကားဖော်ပြောသလို ပြန်ပြောလိုက်သည်။

"ရော့ ... ပိုက်ဆံမပါလည်း အလကားယူသွား၊ စိုးစိုးတို့က ဒီပြင်ပန်းခြံပိုင်ရှင်တွေလို မကြီးကျယ်ဘူး သိလား၊

www.burmeseclassic.com

www.burmeseclassic.com



ဈေးပေါပေါရောင်းမယ်၊ ပိုက်ဆံမပါရင် အလကားပေးမယ်၊ ရော့ ... ရော့ ... ယူသွား"

စိုးစိုးက ဆိုးဆိုးဆတ်ဆတ် ပန်းလေးငါးဆယ်ပွင့်ကို ရိုးတံတွေမှကိုင်ရင်း ဒေါ်ဒေါ်အေးအား ပေးလိုက်သည်။ ဒေါ်ဒေါ်အေးက အလိုက်သင့်လှမ်းယူပြီး မြန်မြန်လစ်ထွက်သွားသည်ကို လှမ်းမြင်ပြီး ရယ်လိုက်ပေသည်။

"ပန်းနော် ... ပန်း ... ပန်း"

စိုးစိုး အော်ပြန်သည်။ သို့သော် အောင်စည်တို့ခြံဘက်သို့ မကြည့်သည့်ပုံဖမ်းနေသည်။ တကယ်တော့ စိုးစိုးသည် မျက်စိသူငယ်အိမ်လေး ထောင့်စွန်းကပ်သွားသည်အထိ တစေ့တစောင်း အောင်စည်ကိုကြည့်သည်။

အောင်စည် ခုံတန်းလျားတွင် ထိုင်ရာမှ ခြံစည်းရိုးဆီသို့ ထလာသည်။

"ဗျို့ ... ပန်းသည်ကြီး၊ ဘာပန်းတွေရှိလဲ"

စိုးစိုးက ခုမှလှည့်ကြည့်ပြီး ယခုမှမြင်တွေ့သလိုပုံဖမ်းလိုက်သည်။

"စုံလို့"

"စုံလို့ဆိုတာ ဟုတ်ပါပြီ၊ ဘာပန်းတွေရှိလဲလို့ မေးတာ၊ ဖြေမှပေါ့"

"နှင်းဆီပန်း၊ မေမြို့ပန်း၊ စိန်ချယ်ပန်း၊ အဲဒါ ဘာပြုလဲ"

"သြော်ဗျာ ... တို့က ပန်းဝယ်ချင်လို့"

"ဝယ်ပေါ့၊ ပန်းများ ပေါလွန်းလို့"

"တို့ဝယ်ချင်တဲ့ပန်းကော ရှိလို့လား"



"ဘာပန်းလဲ"

"ခွေးသေးပန်းနဲ့ လက်ခုပ်ပန်းလေ"

"ဘာ ..."

ခွေးသေးပန်းဆိုသည်ကလည်း မကောင်း။ လက်ခုပ်ပန်းဆိုသည်ကလည်း အီးအီးဆော်နံသောပန်း။ သည်လူ ဟိုဘက်ခြံကလူ။ မိမိကို သက်သက်မဲ့ နှိမ်၍မေးခြင်းပြောခြင်းဖြစ်သည်။

"ရှင် ... ခုပြောပြန်ပြီလား"

"ဘယ်ကခုပြောရမှာလဲ၊ ပန်းရောင်းတယ်ဆိုလည်း စုံအောင်ရောင်းမှပေါ့၊ မင်းပဲ အော်နေတယ်မဟုတ်လား၊ ပန်းမျိုးအစုံရှိတယ်ဆို"

"ရှင်လိုချင်တဲ့ပန်းမျိုး ရှင့်ခြံထဲမှာစိုက်ပြီး ခွေးသေးပန်းနဲ့ လက်ခုပ်ပန်းကို ရှင်ပဲနမ်းနေ၊ ဟွန်း ... အားကြီး လူပါးဝတယ်"

ပြောပြောဆိုဆို စိုးစိုးသည် ပန်းတင်ထားသော စားပွဲကို ဆောင့်တွန်းလှဲလိုက်ပြီး အိမ်ပေါ်သို့ ပြေးတက်သွားလေတော့သည်။

အောင်စည်သည် ရယ်မောကျန်ခဲ့ပါသည်။

အောင်စည်၏အကျင့်ကိုက ခွေးပေါက်စလေးတွေ၊ ကြောင်ပေါက်စလေးတွေဆိုလျှင် ကလိထိုးစသော အကျင့်ရှိသည်။

ခွေးပေါက်စလေးက ဒေါမာန်လေးနှင့် အသံထွက်ပြီး ပြန်၍ကိုက်ခဲသည်ကိုလည်း အောင်စည် သဘောကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပေါက်စလေးက ပက်လက်လေး လက်သည်းများထုတ်ကာ ပြန်ကုတ်သည်ကို လွတ်အောင်ရှောင်ရင်း အောင်စည် ပျော်တတ်သည်။

ယခု လူပေါက်စလေး စိုးစိုးကို စရသည်မှာ ပို၍ပင် ကြည်နူးစရာကောင်းနေသေးတော့သည်။

❋ ❖ ❋



နေရာသစ် မြို့သစ်တစ်ခုသို့ ပြောင်းရွှေ့လာပြီဆိုလျှင် ဖေဖေနှင့်မေမေသည် အလုပ်များတော့သည်။

ဖေဖေက ဒေသသစ်၏ နယ်မြေအခြေအနေကို ခရီးထွက်လေ့လာခြင်း၊ ယခင် ရဲဝန်ထောက် ပြောင်းရွှေ့သွားပြီး လက်ခံလိုက်သော လုပ်ငန်းများကို လေ့လာပြီး အပြီးသတ်ဆောင်ရွက်ခြင်းများဖြင့် နေ့ညမအား အလုပ်များရသည်။

မေမေကတော့ အိုးသစ်အိမ်သစ်ကို ပြန်လည်သန့်စင်ခြင်း၊ အိမ်နှင့်လိုက်ဖက်သော အပြင်အဆင်များ ပြုပြင်ခြင်း၊ ပတ်ဝန်းကျင်ကို လေ့လာခြင်း၊ မြို့သစ်၏ သားငါးဈေး၊ ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်ဈေးများကို စုံစမ်းခြင်းတို့ဖြင့် အလုပ်များရသည်။

ထို့ပြင် အရာရှိသစ်ရောက်လာစ၌ မိတ်ဆက်ပွဲတွင် ပါတီပေးပွဲတွင် ထမင်းစားဖိတ်တွေအတွက် ဖေဖေနှင့်မေမေ စုံတွဲသွားရတတ်သည်။ သမီးလေး စိုးစိုးကို ပွဲတိုင်း ဖေဖေနှင့်မေမေက ခေါ်သည်။ သို့သော် စိုးစိုးက ယင်းလူကြီးတွေ၏ပွဲကို ငြီးငွေ့သည်။ ဟိုရောက်လျှင် ပျင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိုးစိုးက အိမ်မှာနေခဲ့သည်ကများတတ်သည်။ ရောက်ခါစတော့ စိုးစိုးတို့အိမ်၏ ထာဝရ ဘဏ္ဍာစိုးဖြစ်သော ဒေါ်ဒေါ်အေးသာ အိမ်တွင်ရှိတတ်သည်။ နောက်များမကြာမီ ဖေဖေ အိမ်အတွက် အိမ်ဖော်များရရှိရေးကို စီစဉ်ပေးတတ်သည်။ ဒါက ပြောင်းခါစ နေရာတိုင်းတွင် တွေ့ကြုံနေကျဖြစ်ပါ၏။

ယနေ့လည်း ဖေဖေက အလုပ်သို့ အစောကြီးသွားသည်။ မေမေက ယာဉ်မောင်းဦးလေးထူးနှင့် ဈေးကိစ္စ အပေါင်းအသင်းကိစ္စများအတွက် အပြင်ထွက်သွားသည်။

ဒေါ်ဒေါ်အေးက အလုပ်နှင့်လက်မပြတ် လုပ်နေတတ်သည်။

မီးဖိုထဲတွင် ဒေါ်ဒေါ်အေး အလုပ်တွေ များနေခိုက်မှာပင် စိုးစိုးသည် ပျင်းရိပျင်းတွဲဖြင့် ခြံထဲဆင်းလာခဲ့သည်။

"ဘာလုပ်ရင်ကောင်းပါ့မလဲ"ဟု တွေးရင်း စိုးစိုးသည် ခြံကြီးအား ဝေ့ဝိုက်ကြည့်လိုက်သည်။

ယခင် ပြောင်းသွားသောသူသည် ခြံကြီးကို ပစ်စလက်ခတ်ထားပုံရသည်။ ခြံထဲတွင် ပန်းပင်မရှိ။ ကားဝင်ကားထွက်လမ်းမှလွဲပြီး တစ်ခြံလုံး မြက်ပင်တွေ ဖုံးလွှမ်းနေသည်။ လူနှင့်ဝေးရာ ခြံထောင့်တွေဆိုလျှင် မြက်ပင်ရှည်ကြီးများက မြေကြီးသို့ လဲလဲလျောင်းလျောင်းနှင့်ပင် ဆက်လက်ရှင်သန်နေကြသည်။

စိုးစိုး နှာခေါင်းလေးရှုံ့လိုက်သည်။

ဟိုဘက်ခြေရင်းခြံက တကယ့်လှလှပပ ပန်းပင်တွေ ဝေဝေဆာဆာနှင့် ကြည့်ကောင်းသလောက် မိမိတို့ခြံက စုတ်ပဲ့လှသည်။



ဖေဖေ့ကိုပြောပြီး ခြံရှင်းခိုင်းမည်။ ဟိုဘက်ခြံလို ပန်းပင်လေးတွေ စိုက်မည်ဟု စိုးစိုး စိတ်ကူးယဉ်လိုက်ရင်း ဟိုဘက်ခြံကို လှမ်းကြည့်မိပြန်သည်။

"အံမယ် ... ကိုယ်တော်ချောကြီး"

ဟိုဘက်ခြံ၏ သဘော်ဆေးသုတ် ခုံတန်းလျားပေါ်တွင် အောင်စည်က စိုးစိုးကို ကြည့်နေခိုက်နှင့် မျက်လုံးချင်းဆုံမိသည်။

"ဟင်း ... အရေးလုပ်လို့"ဟု သဘောသက်ပင်စေသည့် နှုတ်ခမ်းကိုမဲ့ပြီး တခြားဘက်သို့ စိုးစိုးက မျက်နှာလွှဲပစ်လိုက်သည်။

စိုးစိုး မျက်နှာလွှဲလိုက်ရာ အရပ်တွင် စိုးစိုးသည် မာလကာပင်တစ်ပင်ကို လှမ်းမြင်မိတော့သည်။

သူမတို့၏ မြက်ရိုင်းများပေါက်နေသည့် ခြံ၏ ဟိုထောင့်စွန်းတွင် မာလကာပင်ကြီးပေါက်နေသည်။

"ဟယ် ... အသီးတွေနဲ့ဟဲ့"

စိုးစိုးက မာလကာပင်တွင် သီးနေသော မာလကာသီးများကို လှမ်းကြည့်ပြီး ရေရွတ်လိုက်သည်။

ဟုတ်လည်း ဟုတ်ပါ့။

ဆောင်းသီးဟုပင် ခေါ်ရမလားမပြောတတ်။ ဒီဇင်ဘာဆောင်းလယ်မှာပင် မာလကာပင်က အသီးတွေ သီးနေသည်။

အပွင့်တွေ့လျှင် ရှုချင်သည်။ အသီးတွေ့လည်း ခူးချင်သည်မှာ စိုးစိုး၏အကျင့်။

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးသည် မာလကာပင်ကြီးရှိရာသို့ မြက်ပင်များကို နင်းကာ လျှောက်သွားတော့သည်။

"ဟော့ ... ဟော့ ... မာလကာပင်ဆီသွားမလို့လား မသွားနဲ့၊ မသွားနဲ့၊ အဲဒီမှာ ..."

စိုးစိုးက လှမ်းအော်ပြောနေသော ကိုအောင်စည်အား လည်စောင်းလေးကြည့်ရင်း ...

"သွားတော့ဘာဖြစ်လဲ၊ မာလကာပင်က ဒီဘက်ခြံကပဲ၊ ရှင့်ခြံထဲကမှမဟုတ်တာ၊ လာလုပ်မနေနဲ့"

"အို ... အမေ့"

ကိုအောင်စည်အား ကက်ကက်လန် ပြန်လည်ရန်တွေ့ခြင်း မပြီးဆုံးမီမှာပင် စိုးစိုးမှာ အရှင်လတ်လတ် မြေမျိုမလို မြက်ပင်ရှည်ကြီးတွေကြားမှ မြေတွင်းကြီးတစ်ခုထဲသို့ မတ်တတ်အနေအထားနှင့် ကျသွားတော့သည်။

ရင်ထဲတွင် အေးခနဲခံစားလိုက်ရပြီး အောက် ဒုတ်ဒုတ်အရောက်တွင် ဖင်ထိုင်လျက်သားလေး ကျသွားတော့သည်။

အကျကောင်းသဖြင့် တင်ပါးလေးအောင့်သွားရုံမှလွဲပြီး ထိထိခိုက်ခိုက် ကျိုးကျိုးပဲ့ပဲ့တော့မဖြစ်ပေ။ ကံကောင်းသည်ဟုဆိုရမည်။ တွင်းကြီးက အနည်းဆုံး ဆယ့်လေးငါးပေနက်မည်။

မြေတွေပြိုလာခြင်းဖြင့် ယခု ဆယ့်လေးငါးပေခန့်သာ နက်တော့ခြင်းဖြစ်သည်။ တွင်းဝတစ်ဝိုက်တွင် မြက်ပင်ရှည်ကြီးတွေ လဲလျောင်းရှင်သန်နေခြင်းကြောင့် တွင်းဝကို ရုတ်တရက်မမြင်နိုင်ဘဲ မြက်ရှည်များ ဖုံးလွှမ်းနေသောမြေပြင်ဟု ထင်စရာရှိသည်။



သည်ကြားထဲ စိုးစိုးက ကိုအောင်စည်ကို အစွဲတိုက်ပြောရင်း သတိမမူ ခွတ်တိုးလျှောက်သဖြင့် သတိမမူဂရုမမြင် ဝုန်းခနဲ မြေမျိုသလို ကျသွားခြင်းဖြစ်တော့သည်။

စိုးစိုးကျသွားသည်နှင့် အောင်စည်သည် ခြံတံခါးပေါက်မှပင် ကွေ့ပတ်မလာတော့ဘဲ လွှားခနဲ ခြံစည်းရိုးကို ခုန်ကျော်ကာ သည်ဘက်ခြံသို့ ရောက်လာသည်။

"ဒေါ်ဒေါ်အေး ... ဒေါ်ဒေါ်အေးရေ ... ဝေး ဒေါ်ဒေါ်အေး စိုးစိုးကို လာကူပါဦး"

စိုးစိုး တွင်းထဲမှ အသံကုန်လေးဖြင့် အော်နေသည်ကို တွင်းဝအရောက်တွင် အောင်စည် ကြားရပေသည်။

အောင်စည်သည် သွားစွယ်လေးများပေါ်လာသည့်အထိ ပြုံးလိုက်မိသည်။

ဤမျှ ကောင်မလေးစိုးစိုး အော်နိုင်လျှင် အောက်ကျသွားပြီး သတိတွေဘာတွေ လစ်သွားသည်အထိ အနာတရမဖြစ်မှန်း သဘောပေါက်သောကြောင့် ပြုံးလိုက်ခြင်းဖြစ်သည်။

သို့သော် ...

စိုးစိုး တွင်းထဲမှ အသံကုန် ဘယ်လောက်အော်အော် အိမ်ကြီးပေါ်ရှိ ဒေါ်ဒေါ်အေး မည်သို့မျှ ကြားနိုင်ဖွယ်ရာမရှိ။

ခြံကြီးက ကျယ်ပြောလှရုံမက ဤရေတွင်းပျက်မှ အိမ်ကြီးနှင့်အဝေးဆုံး ခြံထောင့်တွင် ရှိနေသောကြောင့်ပင်။

အောင်စည်သူ တွင်းဝတွင် ဒူးထောက်ထိုင်လိုက်သည်။ မြက်ပင်ရှည်ကြီးများကို ဘေးသို့ရှဲလိုက်သည်။ ခေါင်းဖက်ထောက်ပြီး တွင်းထဲသို့ ကုန်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



*အောက်တွင် ထိုင်ပျက်သားလေးဖြင့် တွင်းဝကို* မော့ကြည့်နေသည့် စိုးစိုးကို တွေ့ရသည်။

"ဘယ့်နှယ့်လဲ ကောင်မလေး၊ တော်တော်အိသွားပြီလား"

"ဟင် ... ဒေါ်ဒေါ်အေးကော"

"ဒေါ်ဒေါ်အေးဆိုတာ ဘယ်သူလဲ"

"အို ... ဒေါ်ဒေါ်အေးဆိုနေမှ စိုးစိုးတို့အိမ်က ဒေါ်ဒေါ်အေးပေါ့"

တွင်းဝဖုံးမြက်ပင်များ ရှဲထားသဖြင့် တွင်းထဲသို့ အလင်းရောင်ဝင်ကာ စိုးစိုး၏ ချစ်စဖွယ်မျက်နှာလေး မော့နေသည်ကို မြင်ရသည်။

"မင်း‌ေဒါ်ဒေါ်အေးလာကော သူက ဘာကူညီနိုင်မှာလဲ၊ တွင်းက လူနှစ်ရပ်ကျော်ကျော် သုံးရပ်နီးပါ နက်တာ"

"ဒါဆို စိုးစိုး ဘာလုပ်ရမလဲ"

"ဒီလိုပဲနေပေါ့၊ မင်း တို့ကို အရွဲ့တိုက်လို့ မြေမျိုတာသိလား"

"အို ... အရေးထဲ"

စိုးစိုး၏ငိုသံလေး ထွက်လာသည်။

"စိုးစိုးကိုကူပါ အစ်ကိုအောင်စည်၊ စိုးစိုး သိပ်ကြောက်တယ်၊ တွင်းထဲမှ မြွေတွေ ကင်းတွေ ရှိချင်ရှိမှာ"

"အစ်ကိုအောင်စည်လို့ မင်းက တို့ကိုခေါ်လိုက်ပါလား၊ တို့နာမည် မင်းသိနေလား"

"အဲဒါတွေ နောက်မှပြောပါ အစ်ကိုအောင်စည်၊ အခု တွင်းထဲက အပေါ်ရောက်အောင် လုပ်ပေးပါဦး၊ အထဲမှာ



အနံ့အသက်က ဘာမှန်းလဲမသိဘူး၊ ညှီစို့စို့နဲ့ စိုးစိုး သိပ်ကြောက်တာပဲ"

"အေး ... မင်း ခဏစောင့်"

ပြောပြောဆိုဆို တွင်းဝမှ အစ်ကိုအောင်စည် ပျောက်ကွယ်သွားသည်။

အစ်ကိုအောင်စည် ပျောက်ကွယ်သွားလေမှ စိုးစိုးမှာ ပို၍ကြောက် ပို၍အားငယ်ရသည်။ ကိုယ်က အစ်ကိုအောင်စည်ကို အမျိုးမျိုး အရွဲ့တိုက် ခွကန့်လန့်တွေလုပ်ထားခဲ့သည်။ အဲဒါတွေ အစ်ကိုအောင်စည်က အငြိုးထားပြီး လာမကယ်လျှင် ဘယ့်နှယ်လုပ်မလဲ။

စိုးစိုး ငိုချလိုက်သည်။

ငိုသည်မှ ကလေးငယ်တစ်ယောက်ငိုသလို ငိုလိုက်ခြင်းဖြစ်ပါ၏။

"မင်း ငိုနေသလား၊ မငိုနဲ့၊ မင်းငိုနေရင် တို့ ဘာလုပ်ရမှန်းမသိတော့ဘူး"

"ကြောက်တာကို"

"မကြောက်နဲ့တော့၊ တို့ ကြိုးယူလာခဲ့တယ်၊ ဒီအပေါ်က သစ်ပင်မှာ ကြိုးချည်ပေးထားမယ်၊ ကြိုးစကို တွင်းထဲချပေးမယ်၊ အဲဒီကြိုးကိုဆွဲပြီး မင်းတက်၊ ရဲရဲသာတက်၊ ကြိုးက သုံးမတ်လုံးရှိတယ်၊ ကောင်းကောင်းခိုင်တယ်"

ကြိုးတစ်ဖက်စကို တွင်းထဲရှိ စိုးစိုးထံ အရောက်ချပေးလိုက်သည်။

"ဘယ်လိုတက်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုးလုံးကို လက်နှစ်ဖက်နဲ့ မြဲမြဲဆုပ်၊ ခြေထောက်နှစ်ချောင်းကို တွင်းမှကန်ပြီး လက်တစ်ဖက်စီက အပေါ်ကို ဆွဲတက်တိုင်း ခြေထောက်က တွင်းဘောင်မြေကြီးကို ကန်အားယူပြီးတက်လေ"

စိုးစိုးသည် အစ်ကိုအောင်စည် ပြောသည့်အတိုင်း လက်နှစ်ဖက်က ကြိုးကိုဆုပ်ကိုင်ပြီး ခြေကန်အားဖြင့် တက်သည်။

နှစ်ခါသုံးခါ ဆွဲတင်ပြီး ဖုတ်ခနဲ တွင်းထဲ ပြန်ကျသွားသည်။

ဤသည်မှာ တောင်စောက်တက်နည်းဖြစ်ပါ၏။ အလေ့အကျင့်မရှိသူအဖို့ မလွယ်။

ခက်ခဲသည်။

"ပြန်တက် ... ကြိုးစားပြီး ဖွဲနဲ့တက်"

စိုးစိုး ထပ်မံကြိုးစားသည်။ မရပါလေ။ ဖုတ်ခနဲ ဖုတ်ခနဲ ပြုတ်ကျသွားသည်ချည်းဖြစ်သည်။

"မရဘူး ... မရဘူး၊ စိုးစိုး မတက်တတ်ဘူး၊ ကြောက်တယ်၊ သိပ်ကြောက်လာပြီ"

ကောင်မလေး စိတ်ပျက်သံနှင့် ကုန်းအော်သည်။

"ဒါဆို နောက်တစ်နည်း ဒီလိုလုပ်၊ မင်းက ကြိုးကို မြဲအောင်ကိုင်ထား၊ ငါက ကြိုးကို အပေါ်ဆွဲတင်ပေးမယ်၊ ဆွဲနေတုန်း ကြိုးကိုင်ထားတာ မလွှတ်နဲ့နော်"

"အင်း"

အောင်စည်က ကြိုးကိုဆွဲတင်သည်။ တစ်ကြိမ်ဆွဲ၊ နှစ်ကြိမ်ဆွဲ၊ သုံးကြိမ်အဆွဲတွင် တွင်းထဲမှ စိုးစိုး လက်ကိုင်မမြဲဘဲ



ပြုတ်ကျပြန်သဖြင့် အပေါ်မှ အားသွန်ခွန်စိုက် ဆွဲနေသော အောင်စည်ပါ ပက်လက်ကြီး လန်ကျသွားတော့သည်။

အောင်စည် ပြန်ထကာ တွင်းထဲသို့ ငုံ့ကြည့်ပြန်သည်။

"အဲဒါက ဘယ်လိုဖြစ်တာလဲ"

"အိုး ... စိုးစိုး လက်တွေ ပေါက်ပြဲကုန်ပြီ၊ ကြိုးကို စိုးစိုး မကိုင်နိုင် မဆုပ်နိုင်တော့ဘူး"

ခက်ပါ၏။

အောင်စည် တစ်ခဏ ထိုင်စဉ်းစားနေသည်။

"ဒီမယ် အစ်ကိုအောင်စည်"

"ဟေး ..."

"လှေကားတစ်ခုလောက် သွားယူပေးပါလား၊ လှေကားနဲ့ဆို စိုးစိုး တက်လို့ရမှာ"

"တို့အိမ်မှာ လှေကားမရှိဘူး၊ မင်းတို့အိမ်မှာကော ရှိလား"

"ဟင့်အင်း ... မရှိဘူး"

"ဘယ်လွယ်မလဲ၊ ဆယ့်လေးငါးပေရှည်တဲ့လှေကား လွယ်လွယ်ကူကူ ဘယ်ရလိမ့်မလဲ၊ ဝါးနှစ်လုံးနဲ့ လှေကား ပြန်လုပ်တောင် ဝါးသွားဝယ်ရမယ်၊ ဓားတွေ လွှတွေနဲ့ ဖြတ်ပြီး လှေကားအထစ်ဖြစ်အောင် ကြိုးချည်ရဦးမယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ၊ စိုးစိုးက ဒီလိုပဲ တွင်းထဲမှာနေရမလား၊ မြွေထွက်ကိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဘာမှ မကိုက်တောင် ကြာရင် ကြောက်တာနဲ့ စိုးစိုး အသက်ထွက်သွားမှာ သိလား"

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထပ်ပြီး အောင်စည် စဉ်းစားမိသည်။ စဉ်းစားမိသည့်အတိုင်းလည်း လုပ်ရန် ဆုံးဖြတ်လိုက်ပါ၏။

အောင်စည်သည် ကြိုးစကိုကိုင်ပြီး တွင်းထဲသို့ဆင်းချလိုက်သည်။

"ဟင် ... အစ်ကိုအောင်စည် ဆင်းလာတယ်"

"အေး ... ဒီနည်းပဲ ရှိတော့တယ်"

ကောနေသောတွင်းမို့ တွင်းဝကျယ်သော်လည်း အောက်ပိုင်းမှာ အဝန်းအဝိုင်း ကျဉ်းသွားပေသည်။

အောင်စည်နှင့် စိုးစိုး မျက်နှာချင်းဆိုင် တွင်းထဲတွင် ရပ်နေသည်မှာ တစ်ဦးရင်ဘတ်ကို တစ်ဦး ထိလုခမန်း ကပ်ပြီး ရပ်နေရသည်။ တစ်ယောက်၏ထွက်သက် တစ်ယောက်မျက်နှာသို့ နွေးနွေးလေးပင် ထိတွေ့နေပါ၏။

"ဘယ်နည်းလဲ အစ်ကိုအောင်စည်"

"မင်းကိုယ်အလေးချိန် ဘယ်နှပေါင်ရှိသလဲ မိဆိုး"

"ဘာ ... မိဆိုး ဟုတ်လား၊ စိုးစိုးနာမည် 'စိုးစိုး'ပဲ ဟာ"

"အေး ... မင်းနာမည် စိုးစိုးမှန်း တို့သိသားပဲ၊ ဒါပေမဲ့ မင်း ဆိုးလွန်းလို့ တို့က "မိဆိုး"လို့ တပင်ခေါ်တာ"

စိုးစိုးသည် ထိတ်လန့်ကြောက်ရွံ့နေသည့် ကြားကပင် အစ်ကိုအောင်စည်က သူမအား "မိဆိုး"ဟု ခေါ်သည်ကို သဘောကျမိသေးသည်။ အစ်ကိုအောင်စည် တွင်းထဲရောက်လာပြီမို့လည်း သိပ်မကြောက်တော့။

"ပြောလေ၊ မင်းကိုယ်အလေးချိန် ပေါင်ဘယ်လောက်ရှိလဲ"



"နောက်ဆုံးချိန်ကြည့်တာ တစ်ရာ့နှစ်ပေါင်ရှိတယ်၊ အဲဒါ လွန်ခဲ့တဲ့တစ်လကျော်ကျော်က"

"အေး ... အဲဒီလောက်ပေါင်ချိန်ဆို ရလောက်တယ်"

"ဘာ ... ရလောက်တာလဲ အစ်ကိုအောင်စည်"

"ဒီလိုလုပ်၊ မင်းက တို့ကျောကို ကုန်းပိုးစီးပြီး ပခုံးနဲ့ လည်ပင်းကို လက်နှစ်ဖက်နဲ့ ရစ်ကိုင်ထား၊ တို့က ကြိုးဆွဲပြီး အပေါ်ကိုတက်မယ်"

"အယ် ... ဟယ် ... ရှက်စရာကြီး"

"အေး ... အဲဒါလည်း တို့ စဉ်းစားမိတယ်၊ မင်းရှက်မှာပဲ လို့၊ ဒါပေမဲ့ တို့ စဉ်းစားမိတာ လောလောဆယ် ဒီနည်းပဲ ရှိတယ် မိဆိုး၊ အဲဒါကို မိဆိုး ရှက်တယ်ဆိုရင် ဒီမှာပဲ ပြန်စောင့်၊ တို့ အပေါ်ပြန်တက်သွားပြီး ဝါးလှေကားတစ်ခု လုပ်လာခဲ့မယ်"

"ကြာမယ်ဆို"

"တစ်နာရီခွဲ နှစ်နာရီတော့ ကြာမှာပေါ့၊ ဒါတောင် အမြန် ဖြစ်အောင် လုပ်ရမှာ"

"ဟင့်အင်း ... စိုးစိုး ကြောက်တယ်၊ အစ်ကိုအောင်စည် မရှိဘဲ အကြာကြီး ဒီအထဲမှာ မနေရဲဘူး"

"ဒါဆို ဘယ့်နှယ်လုပ်မလဲ မိဆိုး"

"ခုန အစ်ကိုအောင်စည်ပြောသလိုပဲ လုပ်မယ်လေ၊ ဘေးလူတွေ ဘယ်သူမြင်တာမှတ်လို့၊ ဒါပေမဲ့ အစ်ကိုအောင်စည်က စိုးစိုးကို ကုန်းပိုးပြီး နှစ်ယောက်တွဲကြီး ဆွဲတက်နိုင်ပါ့မလား၊ မတော်လို့ ပြုတ်ကျမှဖြင့် နှစ်ယောက်လုံး ဒုက္ခ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်တော့ တို့ ရမှာပါ၊ သံလွင်မြစ် မော်လမြိုင်ဆိပ်ကမ်းက ပေါင်တစ်ရာ့ခြောက်ဆယ်ရှိတဲ့ ဆန်အိတ်ကို တို့ ထမ်းပြီး ဆိပ်ခံတံတားမော့မော့ကြီးကိုတက်ပြီး ကားထဲရောက်အထိ ဆန်အိတ်ထမ်းဖူးတယ်"

"အဲ ... အစ်ကိုအောင်စည်က ကူလီလုပ်တာလား"

အောင်စည်က မျက်လုံးလေးပြူးပြီးမေးသော မိဆိုးလေးကို ကြည့်ပြီး ရယ်လေသည်။ ကောင်မလေးပါးပြင်နှင့် မျက်ဝန်းအိမ်တစ်ဝိုက်ဝယ် မျက်ရည်များဖြင့် စိုနေသည်။ ငိုထားသောကြောင့် နှာတံထိပ်သီးလေးနီးပြီး နှုတ်ခမ်းလေးတွေ ထူကာ မျက်ခွံမို့မို့လေးရှိနေသည်မှာ တစ်မျိုးပင် ကြည့်လို့ကောင်းပြီး ချစ်စဖွယ်မျက်နှာလေးဖြစ်နေသည်ကို တွေ့ရသည်။

"တို့သူငယ်ချင်းတွေ အလောင်းအစားလုပ်ပြီး တို့ ဆန်အိတ်ထမ်းတာပါ၊ လက်ဖက်ရည်တိုက်ကြေးလောင်းတာလေ"

"လက်ဖက်ရည်နဲ့များ ဒါလောက်အပင်ပန်းခံထမ်းရတယ်လို့"

စိုးစိုးကလည်း ရယ်ပြီးပြောနေသော အစ်ကိုအောင်စည်ကို ငေးကြည့်နေမိသည်။

နှစ်ဦးစလုံးသည် မျက်နှာချင်း အလွန်နီးကပ်နေသည်။ စကားပြောရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရာမှ နှစ်ယောက်စလုံး၏ ရင်တွင်းနှလုံးသည် တဒိန်းဒိန်းခုန်နေပေသည်။



"ကဲ ... တက်"

အောင်စည်က ကိုယ်တစ်ခြမ်းလှည့်ကာ လေးဖက်ထောက်နီးပါး ခါးကုန်းပေးသည်။

စိုးစိုးသည် မျက်စိမှိတ်ကာ အစ်ကိုအောင်စည်၏ ကျောပြင်ကြီးကို သူမ၏ရင်အပ်လိုက်ပါ၏။ သူမ၏ လက်နှစ်ဖက်ကိုလည်း အစ်ကိုအောင်စည်၏လည်တိုင်နှင့် ပခုံးကို ဖက်ထားလိုက်သည်။

တရှိန်းရှိန်း တဖိန်းဖိန်း နှစ်ဦးစလုံး ခံစားရတော့သည်။ စိုးစိုး၏တစ်ကိုယ်လုံး ကြက်သီးဖူးလေးတွေ ထသွားလေသည်။

ယနေ့ အသက် ဆယ့်ငါးနှစ်အရွယ်အထိ နေမကောင်း၍ ဆရာဝန်နှင့်ကုလျှင် စိုးစိုးသည် အမျိုးသမီးဆရာဝန်နှင့်သာ ကုသသည်။ အဘယ်ယောကျ်ားလေးတစ်ဦးတလေနှင့်မျှ အကိုင်အတွယ် မခံစဖူးလေခဲ့။

ယောကျ်ားဆို ယင်ဖိုမသန်းဖူးသော မိန်းကလေး စိုးစိုးမှာ တရှိန်းရှိန်း တဖိန်းဖိန်းကြားကပင် ရင်မှာ တဒိတ်ဒိတ် အတောမသတ်ခုန်နေလေတော့သည်။

စိုးစိုးတင်တဲ့လား။

ဘယ်ဟုတ်လိမ့်မလဲ။ အောင်စည်မှာလည်း စိုးစိုးကဲ့သို့ ထပ်တူထပ်မျှ ရှိန်းဖိန်းပြီး ရင်ခုန်ရတော့သည်။

အောင်စည်၏ အသိဉာဏ်ဝယ် ဖေဖေဆုံးပါးပြီးသည်နှင့် ပညာကြိုးစားသင်ရမည်။ မိခင်ကို လုပ်ကျွေးရမည်ဆိုသည့် စိတ်အစွဲဖြင့် ချစ်သူထားခြင်း၊ ရည်းစားထားခြင်း၊ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



သေးများနှင့် ရင်းရင်းနီးနီး ဆက်ဆံခြင်းကို တစိုက်မတ်မတ် ရှောင်တိမ်းလာသူဖြစ်ပါ၏။

မိန်းမနှင့်ပတ်သက်၍ အတွေ့အကြုံ လုံးဝမရှိ။ ပြောကြစတမ်းဆိုလျှင် စိုးစိုးကဲ့သို့ပင် အမဆို ယင်မပင် မသန်းဖူးသော အောင်စည်ပင်။

"ဟယ် ... ကဲ ..."

အောင်စည်ဟိန်းသည် အရှိန်အဖိန်းနှင့် ရင်အခုန်ကို အာရုံမှ မောင်းထုတ်ပြီး ကြိုးကို လက်နှစ်ဖက်ဆုပ်သည်။ ခြေစုံကို တွင်းဘေးကန်ပြီး ဆွဲတက်လာသည်။

ဆွဲဟယ်၊ တက်ဟယ်ဖြင့် ရှစ်ပေကိုးပေအထိ ရောက်လာသည်။

စစ်ထဲဝင်သွားသော အောင်စည်၏ သူငယ်ချင်းတစ်ဦးက ပြောဖူးသည်။

"ကျောပိုးအိတ်နဲ့ သေနတ်ကိုင်ပြီး ချီတက်ရတာ၊ ပထမတော့ အဟုတ်သားကွ၊ ဒါပေမဲ့ တောလမ်းခရီးကြမ်း အရှည်ကြီးနဲ့ တောင်ကုန်းတွေကို ကြာကြာတက်လာတော့ လက်ထဲကိုင်ထားတဲ့ သေနတ်ကိုရော၊ ကျောပိုးအိတ်ရော လေးလိုက်တာ၊ အရမ်းလေးတာပဲဆိုပြီး လွှင့်ပစ်ချစ်စိတ်တောင်ပေါက်မိတယ်ကွ"

အလားတူပင်။

ပေါင်တစ်ရာကျော် မိဆိုးကို ကုန်းပိုးပြီး လက်နှစ်ဖက်အားဖြင့် ကြိုးဆွဲဟက်ရသည်မှာ ကိုးပေဆယ်ပေလောက် အရောက်တွင် ကြိုးလွှတ်ချချင်အောင် ပင်ပန်းလွန်းလှသည်။



သည့်နေရာမှာ ဖွဲ့ပဲဟု စိတ်တင်းကာ အတင်းထပ်၍ ဆက်ခဲ့သည်။

"ကဲ ... မိဆိုး၊ တွင်းဝက မြက်ပင်တွေဆွဲပြီး အပေါ်ကို တက်ပေတော့"

စိုးစိုးက မြက်ပင်တွေ လှမ်းဆွဲကာ အစ်ကိုအောင်စည် ပြောသည့်အတိုင်း သူမ၏ ခန္ဓာကိုယ်လေးကို တုံးလုံးလိမ့်တင်လိုက်ရာ အပေါ်သို့ ချောမောစွာ ရောက်သွားတော့သည်။

အပေါ်ရောက်သည်နှင့် စိုးစိုးသည် ဟိုဘက်ကို ခြေထောက်ဆန့်ပြီး တွင်းနှုတ်ခမ်းဝတွင် ပြန်ထားကာ အားလျှော့လေးဖြင့် လက်နှစ်ဖက်က ကြိုးတန်းလန်းရှိနေသေးသည့် အစ်ကိုအောင်စည်ကို လှမ်းဆွဲသည်။

"အစ်ကိုအောင်စည် ... အစ်ကိုအောင်စည်"

"ဟေး ..."

အောင်စည်၏ ရင်အုံကြီးမှာ မောလွန်းသဖြင့် ဖားဖိုဆိုးသလို မြင့်လိုက်နိမ့်လိုက်ဖြစ်နေသည်။ ကြိုးတန်းလန်းဆွဲရင်းက အနားယူ အမောဖြေနေသည်။ သူ့ကိုယ်အား ကြိုးဆွဲထားခြင်းသာက်တော့ အောင်စည်က သိပ်မမှုတော့။

"အစ်ကိုအောင်စည် အပေါ်တက်တော့လေ၊ စိုးစိုး ဆွဲတင်ပေးမယ်၊ တော်ကြာ ပြန်ပြုတ်ကျသွားလို့ ဟုတ်ပေ့ဖြစ်သွားမယ်"

အောင်စည်က တစ်ချက်နှစ်ချက်ထပ်ဆွဲကာ သူ၏ကိုယ်ကို တွင်းနှုတ်ခမ်းတွင် လိမ့်တင်လိုက်ခြင်းဖြင့် အပေါ်ပြန်ရောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စည် အားလျှားမှောက် အမောဖြေနေသည်။ စိုးစိုးက အောင်စည်၏ဘေးတွင် ဒူးထောက်ကလေးထိုင်ကာ အောင်စည်၏လက်မောင်းကို တယုတယ ကိုင်ထားမိသည်။

"အစ်ကိုအောင်စည် စိုးစိုး ဘာလုပ်ပေးရမလဲဟင်၊ အိမ်ထဲမှာ သောက်ရေသွားခပ်ပေးရမလား၊ အစ်ကိုအောင်စည် အဲဒီလို မှောက်လျက်ကြီးငြိမ်နေတာ စိုးစိုး စိတ်ပူတယ်"

အောင်စည်က ငုံ့မှောက်နေသော ဦးခေါင်းကို မော့ကာ စိုးစိုးအား ပြုံးပြသည်။

"တို့ မောလို့ ခဏနားတာပါ၊ ဘာမှ မဖြစ်ပါဘူး၊ အမောပြေသွားပါပြီ"

အောင်စည် ထထိုင်ပြီး စိုးစိုးအား ရယ်ရယ်ပြုံးပြုံးဖြင့် ပြန်ပြောသည်။

အစ်ကိုအောင်စည် မပြုံးမရယ်လျှင် အကောင်းလေသား။ အစ်ကိုအောင်စည် ရယ်လိုက်ပြီဆိုလျှင် နှုတ်ခမ်းပွင့် သွားဖြူတန်းပေါ် သွားစွယ်လေးနှစ်ချောင်း ဘောင်ကွပီသည်ကို မြင်ရသူ စိုးစိုး ရင်ထဲတွင် ယားကျိကျိ တစ်မျိုးလေး ခံစားရပေသည်။

အောင်စည်က တွင်းထဲမှာ တန်းလန်းကျနေသော ကြိုးခွေကို ပြန်ဆွဲတင်သည်။ သစ်ပင်တွင် ပတ်ချည်ထားသည်ကို ဖြေကာ ကြိုးကို အခွေလိုက်ဖြစ်အောင် ပြန်ပတ်နေသည်။

စိုးစိုးက အစ်ကိုအောင်စည် လှုပ်ရှားသမျှ ငေးကြည့်နေသည်။



"ကဲ ... ကိစ္စအားလုံး ပြီးသွားပြီပေါ့ မိဆိုး၊ တို့က မိဆိုးကို ဟော့ ... မာလကာပင်ဆီ မသွားနဲ့လို့ လှမ်းအော်တာ အခု မိဆိုး အစိပ္ပာယ်နားလည်ပြီ မဟုတ်လား"

"သဘောပေါက်ပါတယ် အစ်ကိုအောင်"

စိုးစိုးက အစ်ကိုအောင်စည်ဟုပင် အပြည့်အဝမခေါ်တော့ဘဲ အစ်ကိုအောင်ဟု ခေါ်လိုက်သည်ကို အောင်စည် သတိထားမိပါ၏။

"ကဲ ... ဒါဆို တို့ ပြန်မယ်"

"နေဦး ... အစ်ကိုအောင်စည်ကို စိုးစိုး မေးစရာရှိတယ်"

"မေးလေ"

"စိုးစိုးကို ဆိုးလို့ မိဆိုးလို့ ကိုကိုအောင်က ခေါ်တာနော်"

"အဲဒီအတိုင်းပဲ"

"အင်းပါ၊ စိုးစိုးက ဆိုးလို့ပြောင်းခေါ်တာဆိုလည်း ဆိုးဆိုးလို့ခေါ်ပါလား၊ ဘာလို့ မိဆိုးလို့ခေါ်တာလဲ"

"တို့ မော်လမြိုင်ဆိုတာက မွန်ပြည်နယ်ထဲမှာ မဟုတ်လား၊ မွန်လူမျိုးတွေက အမျိုးသမီးတစ်ဦးကို အမွန်းတင်ခေါ်တဲ့ အခါမှာ ရှေ့က မိဆိုတဲ့စကားလေး တပ်ခေါ်လေ့ရှိတယ်၊ နောက်တစ်နည်းပြောရရင် မိဆိုတာ အမြတ်တနိုး ချစ်စနိုး တပ်ခေါ်တာ၊ စိုးစိုးက ဆိုးတော့ဆိုးတယ်၊ ဒါပေမဲ့ စိုးစိုး ဆိုးတာလေးတွေက ချစ်စရာကောင်းနေလို့ တို့က ရှေ့က မိတပ်ပြီး မိဆိုးလို့ခေါ်တာ ရှင်းပလား"

စိုးစိုးက ခေါင်းညိတ်ပြသည်။ ပြုံးပြုံးလေး ခေါင်းညိတ်ခြင်းဖြစ်ပါ၏။ စိုးစိုး၏စိတ်ထဲတွင် အစ်ကိုအောင်က သူမ

www.burmeseclassic.com

www.burmeseclassic.com



အား မိဆိုးဟု နာမည်သစ်လေးပေးကာ ခေါ်လိုက်ခြင်းအတွက် ကြည်ကြည်နူးနူးပင် ရင်ထဲမှ ခံစားရပေသည်။

အောင်စည်သည် လာစဉ်က လေးပေအမြင့် ဆူးကြိုးခြံကို စိုးရိမ်စိတ်ဇောဖြင့် လွှားခနဲ ခုန်ပင်ခဲ့သော်လည်း ယခု ရိုးရိုးခြံပေါက်ကပင် သွားရန် ခြံပေါက်ဆီသို့ ခြေဦးလှည့်လိုက်သည်။

"ဩော် ... မိဆိုး"

"အစ်ကိုအောင်"

လေးငါးခြောက်လှမ်း လှမ်းပြီးမှ အောင်စည်က ရပ်ပြီး စိုးစိုးကို ခေါ်လိုက်သည်။

နောက်မှ အစဉ်တစိုက် ငေးကြည့်နေသည့် စိုးစိုးကလည်း ချက်ချင်းပင် ပြန်ထူးလိုက်သည်။

"ဟိုလေ ... တို့ခြံထဲမှာ ပွင့်နေတဲ့ပန်းတွေကို မိဆိုး အချိန်မရွေး လာခူးပါလို့၊ တို့က စေတနာထားတဲ့လူဆိုရင် ပေးဖို့အသင့်ပါ မိဆိုး"

"ဒါဆို စိုးစိုးက အစ်ကိုအောင် စေတနာထားတဲ့လူဖြစ်သွားပြီပေါ့နော်"

"အင်းပေါ့၊ ဒါကြောင့် လိုချင်သလောက် ကြိုက်ရာလာခူးလို့ပြောတာပေါ့"

"ကျေးဇူးတင်ပါတယ် အစ်ကိုအောင်၊ ဒါပေမဲ့ စိုးစိုးလေ အပင်ထဲမှာ ပွင့်နေတဲ့ ပန်းလေးတွေကို ဘယ်တော့မှ မခူးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ လိုချင်ရင် ဈေးထဲကပဲ ဝယ်ယူတော့မလို့"



"ဘာဖြစ်လို့လဲ မိဆိုး"

"အစ်ကိုအောင်နဲ့ ပထမဆုံးတွေ့ပြီးတဲ့အချိန်ကစပြီး စိုးစိုး အပင်မှာပွင့်နေတဲ့ ပန်းလေးတွေကို သနားသွားတယ်လေ"

အောင်စည်က ဦးခေါင်းကိုမော့ပြီး လေပူပြင်းကို မှုတ်ထုတ်လိုက်ပါ၏။

သည်ကောင်မလေးကို ပထမဆုံးတွေ့သည့်နေ့က မိမိက ပြောဖူးသည်။

"မခူးရသေးဘဲ အပင်မှာပွင့်နေတဲ့ ပန်းတစ်ပွင့်ဟာ အမြတ်တနိုးထားတတ်သူရဲ့ စေတနာမေတ္တာပေါ်မှာ မူတည်ပြီး တန်ဖိုးမဖြတ်နိုင်အောင် ထိုက်တန်တယ်"ဟူ၍။

ယင်းစကားစုကို စိုးစိုးသည် အသည်းခိုက်အောင် နားဝင်သွားသည်ပဲ ဖြစ်ပေမည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ ပထမသီတင်းပတ်မှာပင် ဟိုက်စကူးရော ကောလိပ်ရော ကျောင်းတွေ ပြန်ဖွင့်သည်။

စိုးစိုး ကျောင်းပြန်တက်သည်။

ကျောင်းသူသစ် ချောချောလေးမို့ တစ်ခဏတွင်း သူငယ်ချင်းတွေ ရရှိသည်။

စိုးစိုးအဖို့ နေရာသစ်၊ ဒေသသစ်၊ ကျောင်းသစ်သို့ ပြောင်းလေတိုင်း တစ်ခဏအတွင်း သူငယ်ချင်းတွေ ရရှိလာသည်မှာ မဆန်း။

သည့်ပြင်နေရာတွေတုန်းက သူငယ်ချင်းသစ်များ ရပြီးနောက် စိုးစိုးသည် သူ့အိမ်ကိုယ်သွား ကိုယ့်အိမ်သူလာဖြင့် ရွှင်မြူးစွာ နေတတ်သည်။

ယခု မော်လမြိုင်တွင် သူငယ်ချင်းသစ်များ ရစေကာမူ ကျောင်းမှာပင် ပေါင်းသင်းသည်။

ကျောင်းဆင်းအိမ်ရောက်ပြီးသည်နှင့် တစ်ခဏမျှနေပြီး ခြေရင်းဘက်ခြံ အစ်ကိုအောင်စည်တို့အိမ်ဘက်သို့ ကူးခဲ့သည်။

စနေ တနင်္ဂနွေနှင့် ကျောင်းပိတ်ရက်များဆိုလည်း စိုးစိုးသည် အစ်ကိုအောင့်ထံသို့ပင် အလည်အပတ်ရှိသည်။



ဒေါ်ရည်မွန်က မနက်ဈေးသွားဆိုင်ထွက်၊ ညနေငါးနာရီခြောက်နာရီမှ ဆိုင်သိမ်း အိမ်ရောက်ဖြစ်ပါ၏။

စိုးစိုး အစ်ကိုအောင့်ဆီသွားသည့်အခါ ဒေါ်ရည်မွန် အိမ်မှာမရှိသည်ကများသည်။ စိုးစိုးနှင့် အစ်ကိုအောင် နှစ်ယောက်တည်းဖြစ်ပါ၏။

ရပ်ကွက်က ကိုယ့်ဝင်းကိုယ့်ခြံနှင့် နေကြသူများမို့ စပ်စပ်စုစုမရှိပေ။

ဦးမင်းစိုးနှင့် ဒေါ်စိုးသူဇာကလည်း သမီးလေးစိုးစိုးကို ကလေးဟုထင်ရှိထားတုန်းဖြစ်သည်။ စိုးစိုးတွင် ဘာဘာညာညာစိတ်မရှိသေးဘဲ ကလေးစိတ်ပင် ရှိသေးသည်ဟုလည်း ယုံကြည်သည်။

ထို့ပြင် ...

ဒေါ်ရည်မွန်၏ အတည်အခန့် အနေအထိုင် စိတ်နေသဘောထားကိုလည်း ဦးမင်းစိုးနှင့် ဒေါ်စိုးသူဇာက သဘောကျသည်။

အောင်စည်ကိုလည်း ယုံကြည်သည်။ အောင်စည်သည် မိခင်မုဆိုးမ ဒေါ်ရည်မွန်ကပဲ အသွန်အသင်ကောင်း၍လား၊ သို့မဟုတ် အောင်စည်၏ နဂိုဗီဇစိတ်ဓာတ်ကိုက ကောင်းလို့လားမသိ။ အနေအထိုင် အမူအကျင့်အားလုံး တည်တည်ကြည်ကြည် ရိုးရိုးသားသားမှန်း စိုးစိုး၏ မိဘတွေက ယုံကြည်ထားသည်။

အောင်စည်က အင်္ဂလိပ်စာနှင့် သင်္ချာတွင် ဆယ်တန်းအောင်စဉ်က ဂုဏ်ထူးနှင့်အောင်ထားသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းတွင် အင်္ဂလိပ်စာနှင့် သင်္ချာသည် တော်တော်အဓိကကျသော ဘာသာရပ်နှစ်ခုဖြစ်သည်။ ဟိုက်စကူးကျောင်းသူကျောင်းသားတိုင်းလိုလို ကျူရှင်ယူသောဘာသာဖြစ်နေသည်။

စာမေးပွဲကြီးတွင် သင်္ချာ ရပြီဟောဆိုလျှင် ကိုးဆယ်တစ်ရာ။

အင်္ဂလိပ်စာဆိုလည်း ဖြေနိုင်ပြီဆိုလျှင် ခုနစ်ဆယ် ရှစ်ဆယ်အထိ အမှတ်ရသည်။

ပထဝီ၊ သမိုင်း၊ မြန်မာစာဆိုသည်က အမှတ်ကြီးများများရဖို့မလွယ်။

စိုးစိုးက ပြောင်းလာတာ မကြာသေးသည်မို့ ကျူရှင်တွေ ဘာတွေ မတက်သေး။ စာမေးပွဲကလည်း ဖေဖော်ဝါရီ မတ်လတို့တွင် စစ်ဆေးတော့မည်။ ကျူရှင့်တက်လျှင် အခြားကျူရှင် ကျောင်းသူကျောင်းသားများ ရောက်နေပြီဖြစ်သော သင်ခန်းစာကစပြီး လိုက်ရမည်။ မလွယ်။ ကျူရှင်တွင် ကြားဖြတ်ဝင်တက်ဖို့ မလွယ်။

သည်တော့ အောင်စည်ကိုပင် ဒေါ်စိုးသူ့ဓာက ဒေါ်ရည်မွန်မှတစ်ဆင့် စိုးစိုးအား အောင်စည်က တတ်နိုင်သလောက် အင်္ဂလိပ်စာနှင့်သင်္ချာကို သင်ပေးရန် ပြောရတော့သည်။

စိုးစိုးသည် နေ့စဉ်နေ့တိုင်း အစ်ကိုအောင့်ထံ စာလာသင်ရာမှ ရောဂါတစ်မျိုး ထပြန်သည်။

စန္ဒရားတီးသင်ချင်သည့်ရောဂါ။



သည်အိမ်ဘက်ကူးလာသည်နှင့် စာမသင်သေးမီ စိုးစိုးက စန္ဒရားဖုံးဖွင့်ကာ တဒေါင်ဒေါင်တီးတော့သည်။ တီးတတ်သည်တော့မဟုတ်။ အသံထွက် ပြီးရောဆိုပြီး ခလုတ်တွေလျှောက်နှိပ်ခြင်းဖြစ်ပါလေ၏။

"အစ်ကိုအောင် ဒီစန္ဒရားက အစ်ကိုအောင်တီးဖို့ ဝယ်ပေးထားတာလားဟင်"

"မဟုတ်ဘူး မိဆိုး၊ အဲဒါ ဖေဖေ လူပျိုတုန်းကတည်းက ရှိနေတဲ့စန္ဒရား၊ ပုံစံကြည့်ပါလား၊ ရှေးခေတ် စန္ဒရားပုံစံပဲ"

"အစ်ကိုအောင်ရဲ့မေမေ အန်တီမွန်ကော တီးတတ်သလားဟင်"

"တီးတတ်တယ်၊ ဖေဖေနဲ့မေမေ ချစ်ကြိုက်သွားတာလည်း စန္ဒရားတီး သီချင်းဆိုရာက ဝါသနာချင်းတူပြီး ချစ်ကြိုက်သွားကြတာတဲ့၊ ဒါပေမဲ့ မေမေက ဖေဖေ ဆုံးသွားတဲ့အချိန်ကစပြီး ခုထက်ထိ စန္ဒရား လုံးဝ မတီးတော့ဘူး မိဆိုး"

"ဘာလို့လဲဟင်"

"စန္ဒရားတီးရင် ဖေဖေ့ကို သတိရတဲ့ဒဏ် မခံနိုင်လို့ဖြစ်မှာပေါ့"

"အန်တီမွန်ကို သနားပါတယ်နော်"

"ဝါသနာချင်းတူ၊ မေတ္တာချင်းလည်းတူတဲ့ ဖေဖေ့ကို မေမေက ခုချိန်ထိ တမ်းတမ်းတတ ရှိနေသေးတယ်၊ ဖေဖေဆုံးတာ သုံးနှစ်ကျော်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"စိုးစိုးလည်း စန္ဒရားတီးတတ်ချင်တယ်၊ အစ်ကိုအောင်နဲ့ ဝါသနာချင်းတူသွားအောင်လေ၊ အစ်ကိုအောင် စိုးစိုးကို စန္ဒရားတီးသင်ပေးပါလားဟင်"

"ဝါသနာချင်းတူသွားအောင်လေ"ဟု စိုးစိုးပြောလိုက်သည်မှာ လွှတ်ခနဲ ပြောလိုက်ခြင်းဖြစ်ကောင်းဖြစ်မည်။ သို့သော် ဖေဖေနှင့်မေမေသည် ဝါသနာချင်းတူ မေတ္တာချင်းတူဟု စကားနှင့် ဆက်ပေးလိုက်လျှင် အဓိပ္ပာယ်တစ်မျိုး သက်ရောက်ပေသည်။

အောင်စည်သည် မသိမသာ သက်ပြင်းလေးချမိသည်။

"နော် ... အစ်ကိုအောင်၊ စိုးစိုးကို သင်ပေးနော်"

"မလွယ်ဘူး မိဆိုး"

"ဘာလို့ မလွယ်ရမှာလဲ"

"ဒီပညာမျိုးက အခုသင် အခုတတ်ပညာမျိုးမဟုတ်ဘူး၊ တို့ဆိုရင် ဆယ်နှစ်သားအရွယ်ကစပြီး ဖေဖေတစ်လှည့်၊ မေမေတစ်လှည့် သင်ပေးခဲ့တာ"

"အိုး ... စိုးစိုးလည်း သင်မှာပေါ့၊ စိုးစိုးက ပညာတစ်ခုလိုလားပြီဆိုရင် ဇွဲရှိပါတယ်နော်၊ နောက်ပြီး အခုမှ မော်လမြိုင်ပြောင်းလာခါစဆိုတော့ ဒီမှာ အနည်းဆုံး သုံးနှစ်တော့ နေရမှာ၊ သင်ပေးနော် အစ်ကိုအောင်"

အောင်စည် စဉ်းစားသည်။ စိုးစိုးအား စန္ဒရားတီးသင်ပေးချင်သော ဆန္ဒလည်း အောင်စည်တွင် ရှိနေပါ၏။

သို့သော် အချိန်က စကားပြောသည်။



စိုးစိုး ကျောင်းဆင်းချိန် မိမိကျောင်းဆင်းချိန်ပြီးစီးမှ အိမ်သို့ရောက်ပြီး ညနေ(၅)နာရီလောက်တွင် ကျူရှင်သင်ပေးရတယ်။ တစ်ဘာသာကို (၁)နာရီနှုန်း သင်သည်ပဲထား၊ ည(၇)နာရီထိုးမှ ကျူရှင်သိမ်းသည်။ သည်ကြားထဲ စန္ဒရားတီးသင်ဦးမည်ဆိုလျှင် ထပ်မံ၍ နေ့စဉ် တစ်နာရီတန်သည် နှစ်နာရီတန်သည် အချိန်ထပ်ယူရဦးမည်။

ည(၈)နာရီ (၉)နာရီအထိ မိမိနှင့် မိဆိုး အတူနေကြရန်မသင့်။ ထို့ပြင် စန္ဒရားတီးသင်သည်ဆိုသည်မှာ မိမိတတ်မြောက်ပြီးသားကို အချိန်ရတိုင်း တီးနိုင် လေ့ကျင့်နိုင်မှ တိုးတက်နိုင်သည်။

"မိဆိုး တကယ်သိပ်သင်ချင်သလား"

"အင်း ... တကယ်သင်ချင်တာပေါ့၊ စိုးစိုးလည်း အစ်ကိုအောင်နဲ့ ဝါသနာချင်းတူပါတယ်နော်"

"ဒါဆို ဒီလိုလုပ်၊ မိဆိုးရဲ့ဖေဖေနဲ့မေမေကို စန္ဒရားတစ်လုံးဝယ်ခိုင်း၊ စိုးစိုးတို့အိမ်မှာ တို့ လာသင်ပေးမယ်"

"ဘာလဲ အစ်ကိုအောင်က အစ်ကိုအောင့်စန္ဒရားကို လာကပ်ပြီး အတီးသင်မှာ နှမြောလို့လား"

"ဩော် ... မိဆိုးရယ်၊ အဲဒီလို လုံးဝမှ မဟုတ်တာ"

"ဒါဆို ဘာလို့လဲ"

အောင်စည် ဦးခေါင်းကို ဖြည်းလေးစွာ ခါပြရင်း သက်ပြင်းချလိုက်မိသည်။

"မိဆိုးက တကယ်ကလေးဆိုးတစ်ယောက်လိုပဲ ကိုးလောကအကြောင်း၊ လူတွေအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မိဆိုး ဘာမှ နားမလည်ဘူး၊ နားထောင် အစ်ကိုအောင် ပြောမယ်"

ယခင်က သူ့ကိုယ်သူ တို့ဟု နာမ်စားပြောလာရာမှ ယခု အစ်ကိုအောင်ဟု ပြောလိုက်သည်ကို စိုးစိုးရင်ထဲ အလိုလို သဘောကျသွားမိသည်။

"ပြော ... စိုးစိုး နားထောင်မယ်"

"ဒီအိမ်မှာက မေမေနဲ့ အစ်ကိုအောင် နှစ်ယောက်တည်းနေတာ၊ မေမေဆို တစ်နေ့လုံး အိမ်မှာရှိတာမဟုတ်ဘူး၊ ဒီတော့ ဒီမှာ မိဆိုးရယ်၊ အစ်ကိုအောင်ရယ်ပဲရှိနေကြတယ်၊ ဒီကြားထဲ ဒီအိမ်မှာပဲ ထပ်ပြီး မိဆိုးက စန္ဒရားတီးသင်ဦးမယ်ဆိုရင် သိပ်မိုးချုပ်သွားမယ်၊ မိဆိုးက စိတ်က ကလေးစိတ်ဆိုပေမယ့် လူကောင်က မငယ်တော့ဘူး၊ အစ်ကိုအောင့်အနေနဲ့ မိဆိုးကို ဒီလောက်ခင်မင်နေမှတော့ စန္ဒရားပေးတီးဖို့ အစ်ကိုအောင်က တွန့်တိုမတဲ့လား၊ နှမြောမတဲ့လား၊ စန္ဒရားဆိုတာ တီးဖို့ပဲဟာ၊ ပတ်ဝန်းကျင်က တောင်ထင်မြောက်ထင်၊ တောင်ပြောမြောက်ပြော ပြောလာကြရင် မိဆိုးပဲ နစ်နာမယ်၊ အဲဒါကြောင့်ပါ မိဆိုး"

စိုးစိုးသည် အစ်ကိုအောင်ပြောသမျှ နားငြိမ်ပေသည်။

မိဆိုးက ကလေးစိတ်ဆိုပေမယ့် လူကောင်က မငယ်တော့ဘူးဟု အစ်ကိုအောင်ပြောသည့် စကားကလည်း နေ့တိုင်း ကိုယ်လုံးပေါ်မှန် ကြည့်နေသော စိုးစိုးသည် သူ့ဟာသူ သိပေသည်။ စိုးစိုးတွင် အပျိုသွေး အပျိုရည် တင်းပြည့်ပြည့်လေးရှိနေလေပြီ။ ဒါက ကိုယ်ခန္ဓာ၏ အလိုလိုဖွံ့ဖြိုးလာမှု။



ယခုဆိုလျှင် ယခင်နှင့်မတူသော စိတ်၏ဖွံ့ဖြိုးမှုလေးလည်း ရှိလာလေပြီ။ ရေတွင်းပျက်ထဲ လိမ့်ကျသည်ကစသည်ဟုပဲ ဆိုရမလား။

ရေတွင်းပျက်ထဲတွင် အစ်ကိုအောင်နှင့် ရင်ချင်း၊ ချက်နှာချင်း ထိမတတ် ပူးကပ်စွာ နေရကတည်းက စိုးစိုး၏ ယခင်က မခုန်ဖူးသော နှလုံးလေးသည် ခုန်လေပြီ။

အစ်ကိုအောင် ၏ ထွက်သက်နွေးနွေးငွေ့ငွေ့လေး သူမ၏မျက်နှာကို လာရောက် ပုတ်ခတ်သည်မှာ ရင်ထဲတွင် တစ်မျိုးတစ်မည် လှုပ်ရှားစေသည်။

အဲ ... အစ်ကိုအောင်၏ကျောတွင် မိမိ ပိုးချီလိုက်ပါလေသောအခါ တရှိန်းရှိန်း တဖိန်းဖိန်း ခံစားမှုသည် စိုးစိုးရင်ထဲတွင် အထွတ်အထိပ်ရောက်ခဲ့ရပါ၏။

ဤသည်နောက်ဝယ် အစ်ကိုအောင်၏ သွားစွယ်လေးနှင့် အပြုံးကိုလည်းကောင်း၊ အစ်ကိုအောင်၏ ကျစ်လျစ်တောင့်တင်းကြံ့ခိုင်လှသော ခန္ဓာကိုယ်ကိုလည်းကောင်း၊ အစ်ကိုအောင်၏ ပြောဆိုပြုမူလှုပ်ရှားမှုတွေကိုလည်းကောင်း စိုးစိုး မျက်စိထဲ အမြဲမြင်ယောင်နေမိသည်။

ဤသည်ကား စိုးစိုးသည် လူရောစိတ်ရော မငယ်တော့ကြောင်း ကိုယ့်ဟာကိုယ် ကျိတ်၍ ဝန်ခံမိပါ၏။

"ဒါဆို စိုးစိုးက စန္ဒရားအတီး မသင်ရတော့ဘူးတဲ့လား အစ်ကိုအောင်"

"သင်ပါ၊ အစ်ကိုအောင်ရဲ့စန္ဒရား မိဆိုးတို့အိမ်မှာ ရွှေ့ထားပေးမယ်လေ၊ ကျူရှင်သင်တာရော၊ စန္ဒရားသင်တာရော

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်က မိဆိုးအိမ်ကို လာသင်ပေးမယ်၊ ဒါဆို မိဆိုးလေးအတွက် ပတ်ဝန်းကျင်က အပြောအဆိုလွတ်မယ်၊ မိဆိုးလေးရဲ့မိဘကလည်း ပိုပြီး စိတ်ချနိုင်တာပေါ့၊ အခုသာ မိဆိုးက ကလေးစိတ်ရှိပေမယ့် ကိုးတန်းဆယ်တန်းရောက်ရင် အပျိုဖြားဖားဖြစ်လာပြီ၊ ကျူရှင်သင်ပေးတာရော စန္ဒရားတီးသင်တာရောဟာ နှစ်ရှည်လများ သင်ရမှာမဟုတ်လား"

"ဟင့်အင်း၊ အစ်ကိုအောင်ရဲ့အိမ်ကစန္ဒရား စိုးစိုးတို့အိမ်ရွှေ့ဖို့မကောင်းပါဘူး၊ အန်တီမွန်က သူ့ယောကျ်ား ကျန်ခဲ့တဲ့ပစ္စည်းမို့ အမြတ်တနိုးရှိနေမှာ၊ စိုးစိုး စန္ဒရားတစ်လုံး ဖေဖေနဲ့မေမေကို ဝယ်ခိုင်းမယ်လေ၊ အစ်ကိုအောင် ဘယ်မှာဝယ်ရမယ်ဆိုတာ အစ်ကိုအောင်ပြော"

"ရန်ကုန်က တူရိယာဆိုင်တွေမှာတော့ အသစ်ဝယ်လို့ရမလားမပြောတတ်ဘူး၊ ဒါပေမဲ့ အစ်ကိုအောင်သိသလောက်တော့ စန္ဒရားဟာ ခုခေတ်မှာ အသစ်ရယ် သိပ်မဟုတ်တော့ဘူး၊ ဒီလိုပဲ အချင်းချင်းသုံးနေတဲ့ စန္ဒရားတွေကို လှည့်ရောင်းနေတာပဲ၊ အဲ ... ဒိုင်းဝန်ကွင်းထဲက အစ်ကိုအောင့်မိတ်ဆွေဆီမှာ ရောင်းမယ်ဆိုတဲ့ တစ်လုံးတော့ ရှိတယ်၊ သူက နိုင်ငံခြားသင်္ဘောလိုက်တော့မှာ၊ အပြန်မှ ဟိုက အသစ်ဝယ်ခဲ့မယ်လို့တော့ ပြောဖူးတာပဲ မိဆိုး"

"ဟုတ်ပြီ၊ ဒါဆိုရင် အဲဒါကိုပဲ အစ်ကိုအောင် ဝယ်ပေးနော်"

အောင်စည် ခေါင်းညိတ်လိုက်သည်။

ထိုညက စိုးစိုးသည် ဖေဖေနှင့် မေမေအား စန္ဒရား ပူဆာတော့သည်။



"မဟုတ်တာဘဲ မိစိုးစိုးရယ်၊ စာမေးပွဲက လပိုင်းပဲလိုတော့တယ်၊ စာကျက်ရမယ့်အချိန် စန္ဒရားတီးနေလို့ဖြစ်မလား"

မေမေက ကန့်ကွက်စကားဆိုသည်။

"နောက်တစ်ခုရှိတာက ဟိုဘက်အိမ်က မောင်အောင်စည်ကိုလည်း ငဲ့ပါဦး၊ သူ့ခမျာ ကျောင်းတက်ရ၊ အိမ်ပြန်ပန်းပင်တွေ ရေလောင်းရ၊ သူ့မေမေ ဈေးပြန်နောက်ကျရင် အိမ်မှာ ထမင်းတောင်ချက်ပေးထားရနဲ့၊ စိုးစိုးကို ကျူရှင်သင်ပေးတာတောင် လွန်လှပြီပဲကွယ်"

စိုးစိုး နှုတ်ခမ်းစူပေပြီး ကန့်ကွက်နေသော မေမေ့ကို မျက်စောင်းလေးထိုးကြည့်မိသည်။ ဘာမှတော့ ပြန်မပြောသေး။

"ပြီး ... အခု ကျူရှင်သွားတက်တာတောင် ညခြောက်နာရီ ခွဲခုနစ်နာရီထိ သွားသင်ရတယ်၊ မောင်အောင်စည်က ရိုးရိုးသားသား တည်တည်ကြည်ကြည်လေးမို့ထားဦး၊ ကြာရင် ဘေးဘီက အတင်းအဖျင်းပြောလာတော့မယ်၊ ဒီမယ် အဖေကြီး၊ ကိုယ့်သမီးလည်း ကြည့်ဦးနော်၊ ငယ်တော့တာ မဟုတ်ဘူး"

"အိုး ... မေမေက မသိဘဲ အရမ်းစွတ်ပြောနေတာပဲ၊ အစ်ကိုအောင်ကလည်း စိုးစိုးကိုပြောပါတယ်၊ ပတ်ဝန်းကျင်က ပြောဆိုလာရင် စိုးစိုးက မိန်းကလေးမို့ စိုးစိုးပဲ နစ်နာမယ်တဲ့၊ နောက်ဆိုရင် စိုးစိုးက ဖြည်းဖြည်းကြီးလာမှာမို့ စိုးစိုးဖေဖေနဲ့ မေမေ အစ်ကိုအောင့်အိမ်ကို လာနေတာ ကြိုက်ချင်မှကြိုက်မယ်တဲ့၊ ဒီတော့ အစ်ကိုအောင်ကပဲ

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးတို့အိမ်မှာ လာသင်ပေးမယ်တဲ့၊ စန္ဒရားတီးသင်ချင်ရင် ပထမတော့ သူ့စန္ဒရား ဒီဘက်အိမ် ရွှေ့ပေးထားမယ်တဲ့”

“ဟယ် ... ဘယ်ဖြစ်မလဲ၊ မရည်မွန်က သူ့ခင်ပွန်း မြတ်နိုးခဲ့တဲ့ပစ္စည်းကို ဒီဘက်မှာ ရွှေ့မယ်ဆိုရင် ဘယ်စိတ်ကောင်းမလဲ”

“အဲဒါ စိုးစိုးသိပါတယ် မေမေရဲ့၊ စိုးစိုးကလည်း သူတို့စန္ဒရားကို မယူပါဘူး၊ ဒါကြောင့် အသစ်ဝယ်ခိုင်းတာ၊ နောက်ပြီး အစ်ကိုအောင်ကပြောတယ် စိုးစိုးတို့အိမ်မှာဆိုရင် ဒေါ်ဒေါ်အေးကဲ့ အမြဲရှိတယ်တဲ့၊ မေမေလည်း ရှိနေတယ်တဲ့၊ ဒီတော့ သူ့အနေနဲ့ ကျူရှင်သင်ပေးတာရော စန္ဒရားတီးသင်ပေးတာရော အချိန်အကြာကြီး သင်ပေးပေမယ့် ဘေးက ကဲ့ရဲ့စရာမရှိဘူးတဲ့၊ ကဲ ... ဒါပါပဲ၊ စိုးစိုးကို စန္ဒရားဝယ်ပေးမလား မဝယ်ပေးဘူးလား”

“မေမေတော့ မဝယ်စေချင်သေးဘူး”

“နေ ... နေ၊ မဝယ်ပေးချင်လည်းနေ၊ ပါးစပ်ကပြောတော့ဖြင့် သမီးလေးတစ်ယောက်တည်းမို့ သိပ်ချစ်ပါတယ် ဘာတယ်နဲ့ ... ဟွန်း”

စိုးစိုး မျက်ရည်လေး ဝဲလာပေသည်။

သမီးလေး မျက်ရည်ဝဲသည်နှင့် ဦးမင်းစိုးက ဇနီး ဒေါ်စိုးသူဇာကို လက်ဝါးကာပြလိုက်သည်။

“ကဲ ကဲ ... ဖေဖေ ပြောမယ်၊ မနက်ကျရင် ဒီကိစ္စ ဖေဖေနဲ့ မောင်အောင်စည် တိုင်ပင်မယ်၊ မောင်အောင်စည်က



ဝယ်သာပေးပါ၊ ကျူရှင်ရော စန္ဒရားတီးရော ဖြစ်ပါတယ်လို့ ပြောရင် ချက်ချင်း ဖေဖေ ဝယ်ပေးမယ်”

“ဟာ ... ဖြစ်ပါတယ်လို့ အစ်ကိုအောင်က စိုးစိုးကိုပြောပြီးသားပဲဟာ၊ ဖေဖေကလဲ”

“ဒါက ဒီလိုရှိတယ် သမီး၊ ဖေဖေ အကဲခတ်မိသလောက် မောင်အောင်စည်က သမီးကို တကယ့်ညီမလေးတစ်ယောက်လို အလိုလိုက်တယ်၊ သူ့ခမျာလည်း ညီငယ် ညီမငယ် မရှိရှာဘူး မဟုတ်လား၊ အဲ ... သမီးက ဇွတ်ပြောလို့ သူက လိုက်လျောရတာမျိုးဆိုရင်တော့ သိပ်မကောင်းဘူး၊ ကျူရှင်လည်းသင်ပေးရ၊ စန္ဒရားတီးလည်းသင်ပေးရဆိုရင် သူ့မှာ အခက်အခဲရှိချင်ရှိမယ်၊ သူ့အခက်အခဲတွေကြားက လုပ်ပေးရတာမျိုးဆိုရင်တော့ သမီးလေးက သမီးရဲ့အစ်ကိုအောင်ကို ပြန်ငဲ့ညှာသင့်တယ်”

ငဲ့ညှာသင့်တယ်ဆိုသည့်စကားသည် မေတ္တာ၏ တစ်စိတ်တစ်ဒေသ အပိုင်းအစလေးပင်ဖြစ်ပါ၏။

စိုးစိုးသည် ဖေဖေ့အား ခေါင်းညိတ်ပြလိုက်ပေသည်။

“ဒါဆို အစ်ကိုအောင်ကို ဖေဖေကိုယ်တိုင် မေးကြည့်ပေါ့”

ထိုညက ထိုမျှနှင့် ပွဲသိမ်းလိုက်ပါ၏။

❈ ❖ ❈

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းစိုး ကိုယ်တိုင် အစောကြီး ဟိုဘက်ခြံသို့ လမ်းလျှောက်ရာမှ အပြန်တွင် ဝင်လိုက်သည်။

ဒေါ်ရင်မွှန်ပင် ဈေးမသွားသေး။

သားအမိနှစ်ယောက်လုံး ဦးမင်းစိုး မလာစဖူး ရောက်လာသည်ကို ခရီးဦးကြိုပြုပါ၏။

"မရည်မွှန်ရေ ... ကျေးဇူးလည်းတင်ရဲ့၊ အားလည်းနာရဲ့ ပုံစံမျိုးနဲ့ ကျုပ်ရောက်လာတာပဲ"

"ပြောပါ ဝန်ထောက်မင်း"

ဦးမင်းစိုးက သမီးလေးစိုးစိုး စန္ဒရားတီးသင်ကိစ္စကို ပြောပြသည်။

ဘာပြောပြော မိခင်ကိုယ်တိုင်ကျေနပ်မှ ကောင်းမည်ဟု ဦးမင်းစိုး သဘောပိုက်ခဲ့သည်။

စိုးစိုး ကျူရှင်တက်စဉ်ကလည်း ဒေါ်စိုးသူဇာသည် ဒေါ်ရည်မွှန်မှတစ်ဆင့် ပြောခဲ့ခြင်းဖြစ်သည်။

ဦးမင်းစိုး၏ စကားအဆုံးတွင် ဒေါ်ရည်မွှန် ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ပြောသည်။



"အမယ်လေး ... ဒါကတော့ သားရဲ့သဘောပါ ဝန်ထောက်မင်း၊ အခု ဝန်ထောက်မင်းတို့ပြောင်းလာမှ သားက စိုးစိုးကို ညီမလေးတစ်ယောက် ရတယ်ဆိုပြီး ပျော်နေရှာတယ်၊ ဟိုတုန်းကဆို သားဟာ အထီးကျန်နေတာပါ၊ အပြင်မှာ အပေါင်းအသင်းလည်း သိပ်ထားတတ်တာမှ မဟုတ်တာ၊ သားက သူ့အချိန်သူတွက်ပြီး သင်ပေးနိုင်ရင် သင်ပေးပေါ့၊ မင်းဖေဖေ မဆုံးခင်ကလည်း ခဏခဏပြောဖူးသားပဲ၊ ကိုယ့်မှာ ဘာအလှူမှ မပေးနိုင်တောင် ဂီတဒါနအနေနဲ့ ကိုယ်တတ်ထားတဲ့ စန္ဒရား ပတ္တလားတီးသင်ပေါ့ကွလို့လေ၊ အခု စိုးစိုးလေးအတွက် ပညာဒါန ဂီတဒါနပေါ့သားရယ်"

ဒေါ်ရည်မွှန်က ကျေကျေနပ်နပ်ပင် ခွင့်ပြုလိုက်ပေသည်။

"ကဲ ... ဒါဆို မောင်အောင်စည်ကကော"

"ရပါတယ် အန်ကယ်၊ ကျူရှင်တက်နေတာကလည်း စာမေးပွဲကြီး ကျောင်းကြီးပိတ်လိုက်ရင် နားဖို့အချိန်တွေ အများကြီးရှိတာပဲ၊ စန္ဒရားတီးသင်တယ်ဆိုတာကလည်း ပထမသင်ခါစသာ အချိန်ယူရတာပါ သဘောပေါက်သွားရင် အနားမှာ အမြဲသင်ပေးဖို့ မလိုပါဘူး၊ လေ့ကျင့်မှုသာ အဓိကပါ၊ အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ်အန်ကယ်"

"ပြော ... ငါ့တူ"

"ကျွန်တော်သင်ပေးရင် ခုခေတ်စတီရီယိုတေးပုံစံတွေတော့ ရမှာမဟုတ်ဘူး၊ ဖေဖေရော မေမေရော သီချင်းကြီးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နှောင်းခေတ်တေးတွေကို အားသန်ခဲ့တော့ ကျွန်တော်က လည်း အဲဒီဘက်မှာပဲ အားသန်တယ်”

“ကောင်းတာပေါ့ မောင်အောင်စည်၊ အန်ကယ်ကိုယ်တိုင် က နှောင်းခေတ်တေးတွေကို အင်မတန်နှစ်သက်တာပဲ”

အားလုံး ပြေလည်သွားပါ၏။

ထိုနေ့မှာပင် သူငယ်ချင်း သဘော်သားထံမှ စန္ဒရား ကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူပြီး စိုးစိုးတို့အိမ် ဧည့်ခန်း သို့ရောက်လာပေတော့သည်။

❊ ❖ ❊



စိုးစိုးတို့အိမ်တွင် စန္ဒရားသံလေးတညံညံ ဖြစ်လာ ပေတော့သည်။

ညနေ (၅)နာရီမှ (၆)နာရီ = အင်္ဂလိပ်စာ။

ညနေ (၆)နာရီမှ (၇)နာရီ = သင်္ချာ။

ည (၇)နာရီမှ (၈း၃၀) သို့မဟုတ် (၉)နာရီအထိ စန္ဒရားတီး။

ဤပုံစံဖြင့် အစဉ်တစိုက် သင်ကြားလာခဲ့သည်။

စန္ဒရားတီးသင်ကတော့ သိပ်မကြာသေးသည်မို့ ထားပါတော့။

ကျောင်းတွင် စိုးစိုးသည် သင်္ချာနှင့် အင်္ဂလိပ်စာတွင် အထူးတော်သော ကျောင်းသူလေးဟု ဆရာ ဆရာမတွေက အသိအမှတ်ပြုလာရသည်။

အစ်ကိုအောင်၏ ကျေးဇူးပါပေ။

သို့သော် ...

သင်ကြားသူရော သင်ပေးသူရော ပင်ပန်းလှပါ၏။ စိုးစိုးပင်ပန်းသည်ဆိုခြင်းက ကိုယ်ရဖို့အတွက် ကိုယ်ပင်ပန်းခြင်း သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၄ါးနာရီကတည်းက လာသင်ပေးသော အစ်ကိုအောင်သည် ည ကိုးနာရီဆိုလျှင် ပြန်ဖြစ်အောင် ပြန်လေ့ရှိသည်။

အစ်ကိုအောင်မှာလည်း သူ့အတန်းနှင့် သူ့စာမေးပွဲနှင့်မဟုတ်လား။

အစ်ကိုအောင် ညကိုးနာရီလောက်ထိ ပြသွားပြီး စိုးစိုးမှာ အခြားဘာသာရပ်စာများ ဆက်ကြည့်၊ ဆက်ကျက်သည်။

ညဆယ်နာရီလောက် စိုးစိုး အိပ်ရာဝင်လျှင် အစ်ကိုအောင်အိမ်ဘက်သို့ ပြတင်းပေါက်မှ ကြည့်ဖြစ်အောင်ကြည့်သည်။

အစ်ကိုအောင်၏အိပ်ခန်းမှ မီးလင်းနေသည်ကို တွေ့ရပါ၏။

အစ်ကိုအောင် သည်ကပြန်မှ သူ့ကျောင်းစာတွေကို ကျက်ရ၊ မှတ်ရ လုပ်ရဟန်တူပါ၏။

တင်ခါတလေ စိုးစိုးသည် သန်းခေါင်ကျော် နာရီပြန်တစ်ချက်နှစ်ချက်တီးတွင် အိပ်ရာမှ တစ်ရေးနိုးပြီး ရေအိမ်ဝင်တတ်သည်။

ထိုရေအခါမျိုးတွင်လည်း အစ်ကိုအောင့်အိမ်ဘက်သို့ လှမ်းကြည့်လျှင် အစ်ကိုအောင်၏အိပ်ခန်း မီးလင်းနေသည်ကို တွေ့ရသည်။

သန်းခေါင်ကျော်သည်အထိ အစ်ကိုအောင် စာကျက်နေခြင်းဖြစ်ပေမည်။

တစ်ခါတစ်ရံတော့လည်း ညဦနက်ကြီးကျမှ အစ်ကိုအောင်၏ ပတ္တလားသံနှင့် ခပ်အုပ်အုပ်လေးသီဆိုသံ ကြားရတတ်သည်။ စာကျက်၍ ငြီးငွေ့သောအခါ စိတ်ကို ဆေးကြောသည့်နယ် အစ်ကိုအောင် ပတ္တလားတီးခြင်းဖြစ်မည်။



အစ်ကိုအောင်က ပတ္တလားကို သူ့အိပ်ခန်းတွင်ထားရှိသည်။ ရွှေပြောင်းမလွယ်သော စန္ဒရားကို အစ်ကိုအောင် သိပ်တီးလေ့မရှိ။

အစ်ကိုအောင် တီးလေ့ရှိသော သီချင်းများမှာ တစ်ဆောင်းသစ်ပြန်ပြီ၊ စာဆိုချစ်သူနှင့် ရွှေပစ္စုန် စသည့်သီချင်းမျိုးတွေဖြစ်ပါ၏။

အစ်ကိုအောင်သည် စိုးစိုးအတွက် သူ၏အချိန်တွေ နေ့စဉ်နှင့်အမျှ ခွဲဝေပေးစေကာမူ သူ၏ နေ့စဉ်လုပ်ငန်းကို မပျက်မကွက် လုပ်ပေသည်။

သူ့ခြံထဲမှ ပန်းပင်များကို ရေလောင်း ပေါင်းသင် မြေဆွလုပ်ငန်းလည်းမပျက်။ နေ့စဉ် သူ လေ့ကျင့်သော အားကစားနှင့် ကာယလေ့ကျင့်ခန်းလည်း မပျက်။

အကယ်၍ စိုးစိုးတွင် အစ်ကိုအရင်းခေါက်ခေါက် တစ်ဦး ရှိခြင်းအံ့။

ယင်းအစ်ကိုသည် ယခု အစ်ကိုအောင်လောက် မိမိ၏အနွံအတာကို ခံလေမည်လားဆိုသည့် စိတ်မျိုးပင် ဝင်ရောက်လာပေသည်။

"အစ်ကိုအောင်"

"ဆိုစမ်း မိဆိုး"

"အစ်ကိုအောင် စိုးစိုးအတွက် သိပ်ပင်ပန်းတာပဲနော်"

"အသေးအဖွဲပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အသေးအဖွဲ့ရမှာလဲ၊ ညဘက်မှာ အစ်ကိုအောင် မအိပ်မစက်နဲ့ အချိန်တွေ အစားထိုးပေးနေတာ စိုးစိုး လှမ်းမြင်နေရတယ်၊ စိုးစိုးကို ကျူရှင်ပေးတာရော စန္ဒရားတီးသင်တာရော နားလိုက်ပါလား အစ်ကိုအောင်၊ ကျောင်းကြီးပိတ်မှ ဆက်သင်မယ်လေ"

"အံမာ ... ဒီလာပြီး စကားကြီးစကားကျယ်တွေ ပြောမနေနဲ့ မိဆိုး၊ ပညာတစ်ခုသင်မယ်ဆိုရင် အစအဆုံးသင်စမ်း၊ အလုပ်တစ်ခုကို လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင်လည်း ဖြစ်မြောက်အောင်လုပ်၊ အဲဒါ အစ်ကိုအောင်ရဲ့ စိတ်ဓာတ်နဲ့ဝါဒပဲ၊ ကမ္ဘာမှာကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေဟာ အိပ်စက်ခြင်းဖြင့် သူတို့ရဲ့အချိန်တွေကို အလဟဿမဖြစ်စေဘူး၊ သူတို့ရဲ့ခွန်အားနဲ့ ကျန်းမာရေးအတွက် တစ်နေ့တာ နှစ်ဆယ့်လေးနာရီရှိတဲ့အထဲမှာ အိပ်ချိန်ကို လေးနာရီနဲ့ခြောက်နာရီကြားမှာပဲယူတယ်၊ နာရီနှစ်ဆယ်လောက် အလုပ်လုပ်တယ်၊ တစ်နေ့ကို ရှစ်နာရီ ဆယ်နာရီအိပ်တဲ့သူတွေဟာ အချိန်ကို အလဟဿဖြုန်းပစ်တဲ့ လူပျင်းတွေသိလား၊ အစ်ကိုအောင်အတွက် ဘာမှ မပူနဲ့၊ မိဆိုး ရှစ်တန်းမှာ သင်္ချာနဲ့အင်္ဂလိပ်စာ ဂုဏ်ထူးထွက်အောင်သာလုပ်ပြ၊ အစ်ကိုအောင် ပင်ပန်းရကျိုးနပ်တယ်"

"အစ်ကိုအောင် စိုးစိုးအပေါ်မှာ အရမ်းကြီးကို စေတနာထားတာပဲနော်၊ အဲဒီကျေးဇူးတွေ စိုးစိုး ဘယ်လိုပြန်ဆပ်ရမယ်မှန်းတောင်မသိဘူး"



"အမယ်လေး ... ကြီးကျယ်လိုက်တာ မိဆိုးရယ်၊ စကားကြီးစကားကျယ်တွေနဲ့ပါလား"

ပြောပြောဆိုဆို အောင်စည်က စိုးစိုး၏ငယ်ထိပ်ကို မနာကျင်စေသော ခေါက်နည်းဖြင့် မချင့်မရဲ ခေါက်လိုက်မိသည်။

"မိဆိုး မှတ်မိလား၊ မိဆိုးတို့ ဒီကိုပြောင်းလာတဲ့ ပထမဆုံးနေ့ကလေ၊ အစ်ကိုအောင့်ခြံထဲ မိဆိုး ပန်းဝင်ခူးတော့ အစ်ကိုအောင်က ဘာပြောဖူးလဲ"

"မှတ်မိတာပေါ့၊ ရော့ ... မင်းငွေရဲ့နှစ်ဆ၊ ငွေနှစ်ရာ ငါကပေးတယ်၊ နောက်ကို ငါ့ခြံထဲ မင်း ဘယ်တော့မှ မလာနဲ့တဲ့"

"မှတ်ပဲ"

အောင်စည်က စိုးစိုးစကားအဆုံးတွင် နဖူးပြင်ကို သူ့လက်ဝါးဖြင့်ရိုက်ကာ "မှတ်ပဲ"ဟု ညည်းတွားသံပြောလိုက်သည်။

"ဘာမှတ်လဲ၊ အစ်ကိုအောင်ပြောတဲ့အတိုင်း စိုးစိုး ပြန်ပြောပြတာပဲဟာ"

"အေးပါ ... အဲဒီလို အစ်ကိုအောင် ပြောဖူးပါတယ်၊ ဒါပေမဲ့ တခြား အစ်ကိုအောင် ပြောပြတာက ပန်းတစ်ပွင့်ဟာ ခူးဆွတ်ပြီး ရောင်းစားတဲ့လူရဲ့ သတ်မှတ်တဲ့အတိုင်း တန်ကြေးသတ်မှတ်လို့ရပေမယ့် မခူးဆွတ်ရသေးတဲ့ ပန်းတစ်ပွင့်ဟာ အမြတ်တနိုးထားတတ်သူရဲ့ စေတနာမေတ္တာအပေါ်မှာ မူတည်ပြီး တန်ကြေးမဖြတ်နိုင်အောင် အဖိုးထိုက်တန်တယ်လို့ အစ်ကိုအောင် မပြောခဲ့ဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောခဲ့သားပဲ၊ မှတ်လည်းမှတ်မိသားပဲ၊ ဒါပေမဲ့ အဲဒီစကားလုံးတွေက ပြန်ရွတ်ပြရတာခက်လို့၊ လွယ်တာကို စိုးစိုးပြောလိုက်တာ"

"အဲဒီအတိုင်းပဲပေါ့ မိဆိုး၊ အခုဆို မိဆိုးဟာ အစ်ကိုအောင်ရေလောင်းပေါင်းသင်ပြီးစိုက်ခဲ့လို့ ပွင့်လာတဲ့ ပန်းကလေးနဲ့ဘာထူးသေးလဲ၊ အဲဒီပန်းလေး လန်းဆန်းနေတာကိုပဲ မြင်ချင်တယ်၊ အစွမ်းကုန် လှလှပပပွင့်နေတာကိုပဲ မြင်ချင်တယ်၊ ဒါကြောင့် အစ်ကိုအောင် ပင်ပန်းချင်သလောက် ပင်ပန်းစမ်းပါစေ၊ မိဆိုး ဂုဏ်ထူးနဲ့အောင်တာတွေ၊ မိဆိုး စန္ဒရားကောင်းကောင်းတီးတတ်သွားတာတွေ အစ်ကိုအောင် မြင်ချင်တယ် မိဆိုး"

"ဒါဆို စိုးစိုးက အစ်ကိုအောင် ပြုစုစိုက်ပျိုးလို့ ပွင့်လာတဲ့ ပန်းလေးပေါ့နော်"

"ဒါပေါ့"

"အစ်ကိုအောင်က ဥယျာဉ်မှူးကြီးပေါ့"

"ဒါပေါ့ ... ဒါပေါ့"

"ကဲ ... ဥယျာဉ်မှူးကြီး တယုတယစိုက်ပေးလို့ ပန်းလေးက အစွမ်းကုန်ပွင့်လာပြီဆိုပါတော့၊ အစ်ကိုအောင် ဥယျာဉ်မှူးကြီး ဘာဆက်လုပ်မှာလဲဟင်"

အောင်စည်သည် သူ၏ အောက်နှုတ်ခမ်းကို အပေါ်သွားများဖြင့် မသိမသာ ကိုက်လိုက်မိသည်။

သွားစွယ်လေးနှစ်ချောင်း၏ ထိပ်အချွန်လေးများသည် သူ၏ အောက်နှုတ်ခမ်းသားထဲ မြုပ်ဝင်နေသလားထင်ရသည်။ ပြီးမှ ဖြည်းလေးစွာ ပြန်ဖြေလိုက်ပါ၏။



"ဥယျာဉ်မှူးကြီးက ဘာမှ မလုပ်ရက်သေးဘူး မိဆိုး၊ ဘာလို့လဲဆိုတော့ ပန်းလေးဟာ အငုံအဖူးပဲရှိသေးတယ်၊ အငုံအဖူးပဲရှိသေးတာကို ခူးလိုက်ရင် ပန်းကလေးဟာ ငွားငွားစွင့်စွင့်ပွင့်တဲ့ဆီမရောက်ဘဲ နွမ်းသွားမှာစိုးလို့၊ ပန်းကလေး အစွမ်းကုန်ပွင့်မယ့်နေ့အထိ ဥယျာဉ်မှူးကြီးက အရိပ်တကြည့်ကြည့် စောင့်ကြည့်နေဆဲပဲ"

ကောင်မလေး စိုးစိုးသည် အရည်လဲ့မျက်ဝန်းစုံဖြင့် အစ်ကိုအောင်ကို ငေးကြည့်နေရှာသည်။ အောင်စည်က ဆက်၍ ပြောပေသေးသည်။

"နောက်ပြီး ဥယျာဉ်မှူးကြီးဟာ ပန်းငုံလေးအတွက် မြေဩဇာ ဆက်ရှာရဦးမယ်၊ ရေကောင်းရေသန့် လောင်းနိုင်ဖို့ ရေကြည်ရေသန့် ရှာရဦးမယ်၊ ပန်းပွင့်လေး အမြတ်တနိုးထားနိုင်ဖို့ နေရာအမြင့် စင်အမြင့်ဆောက်လုပ်ဖို့ ကြိုးစားရဦးမယ် မိဆိုး"

"သြော် ... အစ်ကိုအောင်ရယ်"

"သြော် ... မိဆိုးလေးရယ်"

✻ ❖ ✻

www.burmeseclassic.com

www.burmeseclassic.com



လောကဓံတရား ဆိုသည်မှာ အခက်သားကလား။

သူ့နေရာနှင့်သူ ဆန့်ကျင့်ဘက်လေးတွေက ရှိလာစမြဲ။

အဖြူရှိလျှင် အမည်းရှိမည်။

အမြင့်ရှိလျှင် အနိမ့်ရှိမည်။

အချို့ရှိလျှင် အခါးရှိမည်။

ဩော် ...

အောင်စည်နှင့် စိုးစိုးတို့အတွက်ကတော့ ဝမ်းသာပြီးလျှင် ဝမ်းနည်းရသည်။

တွေ့ဆုံပြီးနောက် ကွေကွင်းကွဲကွာရသည်ဆိုသည် ကိန်းကြီး ဆိုက်လေပြီကော။

ဝမ်းသာစရာတွေကတော့ စိုးစိုးသည် ရှစ်တန်းကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့သည်။

အစ်ကိုအောင်စည်သင်ပေးသော အင်္ဂလိပ်စာနှင့် သင်္ချာတွင် စိုးစိုး ဂုဏ်ထူးနှစ်ဘာသာ ထွက်ပါ၏။

အောင်စည်လည်း ဒုတိယနှစ်ကိုဖြေဆိုရာ အောင်မြင်ပြီး ကျောင်းပြန်ဖွင့်လျှင် တတိယနှစ်ဆက်တက်ရမည်ဖြစ်ပါ၏။



နွေရာသီကျောင်းပိတ်ရက်အတွင်းဝယ် စိုးစိုးအား အောင်စည်က စန္ဒရားတီး ဖိသင်ပေးသည်။

ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

သို့သော် ...

မေလဆန်းတွင် ဦးမင်းစိုးထံ အထက်မှ အမိန့် တစ်ခုကျလာသည်။

ဦးမင်းစိုးအား ရဲဝန်ထောက်ရာထူးမှ ထပ်ဆင့် တိုးမြှင့်ရာထူး ခရိုင်ရဲဝန်အဖြစ် ပုသိမ်သို့ပြောင်းပြီး တာဝန်ထမ်းဆောင်စေ။

ဦးမင်းစိုးနှင့် ဒေါ်စိုးသူဇာမှ ရာထူးတိုးခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

ဝမ်းသာရုံမက ဝမ်းနည်းရသူမှာ စိုးစိုး။

ပို၍ ဝမ်းနည်းသူက အောင်စည်။

ဖေဖေ ရဲဝန်ထောက်ရာထူးဖြင့် စိုးစိုးသည် တောင်ငူ၊ မိုးကုတ်၊ ဖျာပုံ စသည့်မြို့များကို ပြောင်းရွှေ့ခဲ့ဖူးပေါင်းများပြီ။

နေရာသစ်တစ်ခုတွင် ကြာကြာနေရလျှင် ငြီးငွေ့သော စိုးစိုးသည် ဖေဖေ နေရာသစ် မြို့သစ်ပြောင်းရပြီဆိုလျှင် အမြဲဝမ်းသာခဲ့သည်။

နေရာသစ်သို့ရောက်လေတိုင်း ကျောင်းမှာဆိုလည်း ...

"ဟယ် ... ကျောင်းသူသစ်လေးက လှလိုက်တာ"

"သူ့အဖေက ရဲဝန်ထောက်တဲ့"

စသည်ဖြင့် ချီးမွမ်းသံတွေ ဝေဆာသွားသည်ကို စိုးစိုး သိပ်သဘောကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီးမွမ်းခြင်း၊ အရေးပေးခြင်းဆိုသည်ကလည်း အချိန်ကြာမြင့်သွားသောအခါ အလိုလို ဆိတ်သုဉ်းသွားတတ်သည်။

ထိုရောအခါ စိုးစိုးက ဖေဖေ နယ်ပြောင်းပါစေဟုပင် ဆုတောင်းတတ်သည်။

ယခုနောက်ဆုံး မော်လမြိုင်ရောက်လာပြီး ခြောက်လအကြာ ပုသိမ်သို့ ပြောင်းရမည်ဆိုတော့ စိုးစိုး ရင်ဆို့ဝမ်းနည်းတော့သည်။

အစ်ကိုအောင်စည်အား စိုးစိုး မခွဲချင်။

စိုးစိုး တွက်ထားမိသည်မှာ မော်လမြိုင်ဝယ် ဖေဖေသည် ထုံးစံအတိုင်း သုံးနှစ်တော့နေရမည်ဟု တွက်သည်။

ဒါဆိုလျှင် မိမိက မော်လမြိုင်မှာပင် ဆယ်တန်းအောင်မည်။ အစ်ကိုအောင်ကလည်း နောက်ဆုံးနှစ်ဆိုလျှင် တက္ကသိုလ်ဘွဲ့ရမည်။

ယခုတော့ စိုးစိုး တွက်ကိန်းမကိုက်၊ ဒီဇင်ဘာလက ပြောင်းလာသည့် ဖေဖေ့ကို မေလဆန်းတွင် ပုသိမ်သို့ပြောင်းစေတဲ့လေ။

"မေမေ ... ဒါတိုင်းဆို ဖေဖေဟာ တစ်နေရာမှာ သုံးနှစ်တော့ နေရတာပဲ၊ အခု မော်လမြိုင်ကျမှ ဘာလို့ ခြောက်လနဲ့ ပြောင်းတာလဲဟင်"

"ရာထူးတက်ရင် နယ်ပြောင်းဆိုတာက ထုံးစံလိုဖြစ်နေတာ ကိုးသမီးရဲ့၊ ဘာလို့လဲ၊ သမီးက မော်လမြိုင်က မပြောင်းချင်လို့လား"



"မော်လမြိုင်မှာ စိုးစိုး ပျော်တယ် မေမေ၊ ရောက်တာလည်း ကြာမှမကြာသေးတာ"

"ဘယ်တတ်နိုင်မလဲ သမီးရယ်၊ အစိုးရလခစားဆိုတာက တော့ ပျော်ရာမှမနေရ ပေါ်ရာမှာနေရတာဆိုတာမျိုးပေါ့၊ မေမေတို့ဆိုရှင် မန္တလေးမှာ အမွေရထားတဲ့တိုက်ရှိတယ်၊ ပြင်ဦးလွင်မှာ ခြံတွေလည်းရှိတယ်၊ အဲဒါတွေတောင် လူယုံမန်နေဂျာနဲ့ ပစ်ထားရတာမဟုတ်လား၊ သမီးဖေဖေ ပင်စင်ယူခါနီးကျမှ မန္တလေးကိုတောင်းပြီး မန္တလေးမှာ ပြန်နေဖို့ မေမေတို့ အစီအစဉ်ရှိတယ်၊ ပင်စင်ယူခါနီးဆိုရင် ကိုယ်တောင်းခံတဲ့မြို့ကို အထက်က လူမှုရေးအရ လိုက်လျောတတ်တယ်တဲ့"

ရက်ပိုင်းအတွင်းမှာပင် ပုသိမ်ကို ပြောင်းဖို့ရွှေ့ဖို့ စီစဉ်ရတော့သည်။

ဖေဖေ ဦးမင်းစိုးဆိုလျှင် ဇနီးနှင့်သမီးကို မခေါ်သေးဘဲ ဦးစွာ ပုသိမ်ကိုသွားပြီး ခရိုင်ရဲဝန်ရာထူးကို လက်ခံရယူ တာဝန်ထမ်းဆောင်နေရတော့သည်။

"အန်တီမွန် အစ်ကိုအောင်ကောဟင်"

"သား ကိုအောင်တစ်ယောက် အခုရက်ပိုင်းထဲမှာ အိမ်မကပ်ဘူး သမီးလေးရဲ့၊ သား ဘာတွေ အလုပ်များနေလဲ မသိဘူး၊ မိုးချုပ်မှ အိမ်ပြန်လာတာ တစ်ပတ်လောက် ရှိပြီ"

စိုးစိုးက ခက်ခနဲ သိလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်သည် မိမိနှင့် ခွဲရတော့မည့်အတူတူ ပုသိမ်ကိုပြောင်းမိန့်ကျကြောင်းသိကတည်းက တမင် မိမိကို ရှောင်နေခြင်းဖြစ်ပေသည်။

ကွေကွင်းကြမည့်အတူတူ ထပ်မံတွေ့ဆုံနေပါက သံယောဇဉ်ကြီး ပိုမိုရှည်လျားမည်မို့ အစ်ကိုအောင် ရှောင်နေခြင်း ဖြစ်ပေမည်။

"အစ်ကိုအောင်လာရင် စိုးစိုးတို့အိမ်ဘက် ကူးခဲ့ပါဦးလို့ ပြောပေးပါ အန်တီ၊ ဘယ်အချိန်ပဲရောက်ရောက် ဆက်ဆက် လာခဲ့ပါလို့နော်"

"အေး ... အေး ပြောလိုက်မယ် သမီး"

"အန်တီမွန်လည်း ဈေးမထွက်ဘူးနော်"

"အေးကွယ် ခဏနားနေရတယ်၊ အန်တီမွန်မှာ နှလုံးရောဂါ ဖောက်ခံလေးရှိတယ်လေ၊ အခုတလော ရောဂါတက်ချင်နေ လို့ နားနေတာ"

စိုးစိုးသည် မအီမသာစိတ်လေးဖြင့် ပြန်လာခဲ့ရသည်။ အစ်ကိုအောင်ကို အိမ်မှ မျှော်မိသည်။

အစ်ကိုအောင် မလာပေ။ မလာ၍ လိုက်သွားပြန် လည်း သူတို့အိမ်တွင် အစ်ကိုအောင် ပြန်မရောက်တတ်သေး။ အန်တီမွန်မရှိလျှင် အိမ်ကို သော့ခတ်ထားသည်ကို တွေ့ရသည်။

ညဉ့်နက်မှ ပြန်လာသည်ဆိုတော့လည်း စိုးစိုးခမျာ သွားတွေ့ဖို့ အခက်သား။

စိုးစိုး ငိုမိသည်။



ယခင် ကလေးငိုသလို ငိုချခြင်းမျိုးမဟုတ်။ တစိမ့် စိမ့်တွေးပြီး အလိုလို မျက်ရည်တွေ ကျလာခြင်းဖြစ်သည်။

ယနေ့နံနက် မေမေသည် ဒေါ်ဒေါ်အေးကိုခေါ်ကာ မော်လမြိုင်မှ ဝယ်သင့်သော ပစ္စည်းလေးတွေ သွားဝယ်သည်။ စိုးစိုးကိုခေါ်သော်လည်း စိုးစိုးက မလိုက်ဘဲ အိမ်မှာပင်နေခဲ့သည်။ အစ်ကိုအောင်လာလျှင် မတွေ့လိုက်မှာစိုးသောကြောင့်ဖြစ်သည်။

နက်ဖြန်ဆိုလျှင် စိုးစိုးတို့ မော်လမြိုင်မှ ထွက်ခွာရ တော့မည်။ ဖေဖေက ပုသိမ်မှ လာမခေါ်နိုင်ပေ။ သူ၏တပည့် လက်သားများ စေလွှတ်ပြီး ဇနီးနှင့်သမီးကို အခေါ်လွှတ်သည်။ အိမ်ထောင်ပစ္စည်း အရွှေ့အပြောင်းအတွက် အားလုံး စီစဉ်ပေးလိုက် သည်။

"ဟော ... အစ်ကိုအောင်"

"မိ ... ဆိုး"

အစ်ကိုအောင့်လက်ထဲတွင် သူတို့ခြံထဲမှ ခူးဆွတ်လာ သော အပွင့်ကြီးအပွင့်လှပန်းတွေ ကိုင်ထားသည်။

"အစ်ကိုအောင့်ရယ်၊ ရှောင်နေလိုက်တာ၊ စိုးစိုးမှာ ဘာ အပြစ်ရှိလို့လဲ"

စိုးစိုး ငိုချလိုက်သည်။

အောင်စည်က စကားတစ်ခွန်းမျှမပြော။ တွေတွေ ငေးငေးကြီးရပ်နေသည်။

ပြီး လက်ထဲမှ ပန်းတွေကို စိုးစိုးလက်ထဲပေးအပ် ပြီး စိုးစိုး၏ပခုံးလေးနှစ်ဖက်ကို မျက်နှာချင်းဆိုင်အနေအထားမှ ဆုပ်ကိုင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ မိဆိုး၊ အစ်ကိုအောင်လည်း ငိုချင်တာပဲ၊ ဒါပေမဲ့ မငိုဘူး၊ အောင့်ထားတယ်၊ တင်းထားတယ်"

"အစ်ကိုအောင့်ကို စိုးစိုး မခွဲချင်တာရော၊ မခွဲနိုင်တာရော ရင်ထဲမှာ ပြွတ်သိပ်နေတယ်"

"ထပ်တူထပ်မျှပေါ့ မိဆိုးရယ်၊ ဒါပေမဲ့ မိဆိုးက အသက် ဆယ့်ခြောက်နှစ်တောင်မပြည့်သေးဘူး၊ အစ်ကိုအောင်က လည်း လက်ရှိအခြေအနေမှာ ဘာဘွဲ့မှမရသေးတဲ့ ကျောင်း သားဘဝ"

အစ်ကိုအောင် အံကြိတ်ထားလိုက်သည်။

"လိုသေးတယ် မိဆိုး၊ နှစ်ယောက်စလုံးအဖို့ လိုတာမှ အများကြီးလိုသေးတယ်"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ စိုးစိုး အရမ်းဝမ်းနည်းတယ် အစ်ကိုအောင်"

"မေတ္တာစစ် မေတ္တာမှန်ဆိုတာ ဟောင်းနွမ်းမသွားပါဘူး၊ ခန်းခြောက်မသွားပါဘူး မိဆိုးရယ်၊ အစ်ကိုအောင် အတောင် စုံတဲ့တစ်နေ့မှာ မိဆိုးဆီကို အရောက်ပျံသန်းခဲ့ပါ့မယ်"

အစ်ကိုအောင်က မိဆိုး၏ ပခုံးလေးနှစ်ဖက်ကို ဆွဲ ယူလိုက်သည်။

ပြီး မိဆိုး၏ နဖူးလေးကို မွှေးမွှေးပေးလိုက်သည်။

မွှေးမွှေးပေးသည်မှ အကြာကြီးပေးခြင်းဖြစ်ပါ၏။

စိုးစိုးသည် တစ်စက်လေးမျှ မရုန်းကန်ရှာပေ။

"ဒါပဲပေါ့ မိဆိုး၊ ဒါပဲပေါ့၊ အစ်ကိုအောင် သွားမယ်"

ချာခနဲပင် အစ်ကိုအောင် လှည့်ထွက်သွားတော့သည်။



စိုးစိုးမှာ ပန်းပွင့်တွေကိုင်ရင်း မျက်ရည်တွေ ကျ ဆင်းပါလေတော့သည်။

"စိမ်းမြမြ ... စိမ်းရက်သည်။

မသက်ညှာသူကြီးရယ် ... ရတက်ဖြင့်ပွေ့ရပြီ။

ချစ်ကံငယ် ... ခေလွန်းသူမတော့ ...

*စိတ်နောက်မှာပါကြွယ် မဖြေသာသည်*

ဆောင်းဝတ်လွှာ ပွင့်ပန်းနှယ် ...

ငွေနှင်းမှုန် တွေ့လေတိုင်း ... သောကမုန်တိုင်းက ...

ကိုယ့်ပေါ်ဖိစီးကြလေပြီ ..."

ဤသည်ပင်လျှင် နောက်ဆုံး အစ်ကိုအောင်နှင့် ရင်တနင့်နင့် စိုးစိုး ခွဲခွာလာခြင်းဖြစ်တော့သည်။

ခွဲခွာခါစ ပထမနှစ်ပိုင်းအတွင်းတော့ အစ်ကိုအောင့် ထံမှ စာတွေလည်းလာသည်။

စိုးစိုးကလည်း အဆက်မပြတ်ရေးသည်။

ဒုတိယနှစ်ပိုင်းအရောက်တွင်မူ အစ်ကိုအောင်ထံမှ စာတွေမလာတော့။ စိုးစိုးက ဆက်တိုက်ကြီးထည့်သည်၊ တစ်ခါ တလေ မှတ်ပုံတင်ပြီး စာပို့သည်။

သို့သော် စိုးစိုး၏စာများသည် လိပ်စာရှင် မရှိ၊ လက်ခံသူ မရှိအဖြစ် စိုးစိုးထံသို့ ပြန်ရောက်လာပေသည်။

အစ်ကိုအောင်ကို စိုးစိုး ဘယ်လိုဆက်သွယ်ရမည် မှန်း မသိပါလေတော့။

ကြာလေ အဆက်ပြတ်လေ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးတို့ ပုသိမ်တွင် ကြာမြင့်စွာနေရပါ၏။ ပုသိမ်မှာပင် စိုးစိုး ဆယ်တန်းအောင်ပြီး ပုသိမ်ကောလိပ်တွင် စိုးစိုး ဆက်တက်သည်။

စိုးစိုး ပုသိမ်ကောလိပ် ဒုတိယနှစ်တွင် ဖေဖေသည် တာဝန်ဖြင့် မော်လမြိုင်ဘက်သို့ ခရီးထွက်ခဲ့သည်။ အသွားအပြန် ခြောက်ရက်ကြာပေသည်။

ဖေဖေ ပြန်ရောက်သည်နှင့် စိုးစိုးက မေးတော့သည်။

“ဖေဖေ”

“ပြော သမီး”

“ဖေဖေ မော်လမြိုင်မှာ အန်တီမွန်တို့ အစ်ကိုအောင်တို့အိမ်ကို ဝင်ခဲ့သေးလားဟင်”

“ဝင်ခဲ့ပါတယ် သမီး”

“ဒါ ... ဒါ ... ဒါဆို ... အစ်ကိုအောင်ကို တွေ့ခဲ့လားဟင်”

ဦးမင်းစိုးက ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

“စိတ်မကောင်းစရာပဲ သမီး၊ ဒေါ်ရည်မွန်ဟာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားသတဲ့၊ မောင်အောင်စည်က တက္ကသိုလ်က ဝိဇ္ဇာဘွဲ့တော့ရတယ်တဲ့၊ ဒါပေမဲ့ အမှုဖြစ်ပြီး ထောင်ကျသွားတယ်တဲ့ သမီးရယ်”

“ဟင် ... ဖြစ်မှဖြစ်ရလေ၊ အစ်ကိုအောင်က ဘာမှုဖြစ်တာတဲ့လဲ ဖေဖေ”



“ရိုက်မှုလို့ပြောတာပဲ၊ လူငယ်ချင်းရန်ဖြစ်ပြီး ရိုက်တာ၊ ဟိုတစ်ဖက်လူ ခေါင်းကွဲပြီး ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုရတယ်တဲ့၊ ဟိုဘက်က မိဘတွေက မျက်နှာကြီးတွေတဲ့၊ မောင်အောင်စည်က မိဘမဲ့ တစ်ကောင်ကြွက်မဟုတ်လား၊ ဒီတော့ မောင်အောင်စည်ကို ထောင်တစ်နှစ်ချလိုက်တယ်တဲ့”

“စိုးစိုးတို့ မော်လမြိုင်က ပြောင်းလာတုန်းက အစ်ကိုအောင်က တတိယနှစ် တက်နေပြီ ဖေဖေ၊ ခုဆို လေးနှစ်တောင် ရောက်နေပြီ၊ အစ်ကိုအောင် ဘွဲ့ရပြီး ထောင်ကျတယ်ထားဦး၊ ခုလောက်ဆို ထောင်ကထွက်ပြီပေါ့”

“အင်း ... အဲဒါလည်း ဖေဖေ မေးခဲ့ပါတယ်၊ မောင်အောင်စည် ထောင်ကလွတ်ပြီးပြီတဲ့၊ လွတ်လာတာနဲ့ သူတို့ခြံနဲ့ တိုက်ကို ရောင်းလိုက်တယ်တဲ့၊ နောက်ပြီး သူ့ငယ်ချင်း ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံခြားသင်္ဘော လိုက်သွားတယ်လို့ကြားတာပဲ”

“စိုးစိုး အစ်ကိုအောင့်အကြောင်းကြားရတာ စိတ်မကောင်းလိုက်တာ ဖေဖေရယ်၊ ဒါကြောင့် စိုးစိုး ရေးသမျှစာတွေဟာ လိပ်စာရှင်မရှိအနေနဲ့ ပြန်လာတာကိုး”

“အင်း ... ဖေဖေလည်း မော်လမြိုင်မှာ သူတို့သားအမိသတင်းကြားရကတည်းက စိတ်မကောင်းပါဘူးကွယ်၊ ဘာပဲပြောပြော မော်လမြိုင်မှာနေတုန်းက မောင်အောင်စည်ဟာ သမီးရဲ့ကျေးဇူးရှင် ဆရာတစ်ဆူမဟုတ်လား၊ သမီး စာတော်လာတာတွေ သူ သင်ပေးလို့ သမီး စန္ဒရား အခြေခံ

www.burmeseclassic.com

www.burmeseclassic.com



တီးတတ်လာတာတွေ သူသင်ပေးလို့လေ၊ အခုတော့ သမီးက စန္ဒရားမှာ ကျွမ်းကျင်နေပြီ၊ အရင်းစစ်ရင် မောင်အောင်စည်ရဲ့ကျေးဇူးတွေမဟုတ်လား”

“ဟုတ်တယ် ဖေဖေ၊ သမီးတစ်သက်မှာ အစ်ကိုအောင်ကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်တော့ဘူး ဖေဖေ”

✻ ❖ ✻



စိုးစိုး အသက်နှစ်ဆယ့်တစ်နှစ်ထဲ အရောက်မှာပင် ဝိဇ္ဇာသိပ္ပံနောက်ဆုံးနှစ်ရောက်ခဲ့သည်။

ဖေဖေ ဦးမင်းစိုးက လည်း တာဝန်ထမ်းဆောင်သည့် လုပ်သက်နှစ်ဆယ့်ခြောက်နှစ်ရှိပြီမို့ နောက်ထပ်လေးနှစ် လုပ်သက်သုံးဆယ်ပြည့်နှစ်တွင် အငြိမ်းစားယူခွင့်ကို အကြောင်းပြုပြီး မိမိ အခြေချနေထိုင်မည့် မန္တလေးသို့ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ခွင့် လျှောက်ထားသည်။

စိုးစိုး ဖိုင်နယ်ဖြေပြီးသည့်နှစ်မှာပင် ဦးမင်းစိုးအား လက်ရှိခရိုင်ရဲဝန်ရာထူးဖြင့် မန္တလေးသို့ ပြောင်းရွှေ့အမှုထမ်းခွင့် ရပါ၏။

အစိုးရဝန်ထမ်း သို့မဟုတ် ဝန်ထမ်းတစ်ဦး အငြိမ်းစားယူနိုင်ရေးတွင် အဓိကအချက်နှစ်ချက်ရှိပါ၏။ လုပ်သက်အနှစ်သုံးဆယ်ပြည့်လျှင် ယူနိုင်သည်။

သို့မဟုတ် အသက်ခြောက်ဆယ်ပြည့်လျှင်လည်း အငြိမ်းစားယူနိုင်သည်။

လုပ်သက်သုံးဆယ်ပြည့်ပြီး အသက်ခြောက်ဆယ် မပြည့်သေးလျှင်လည်း ယူလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ခြောက်ဆယ်ပြည့်ပြီး လုပ်သက်သုံးဆယ် မပြည့်လျှင်လည်း ရယူနိုင်ပါ၏။

ဖေဖေက ရာထူးရာခံလည်းရှိ။

မေမေကလည်း နဂိုကတည်းက မန္တလေးအဆက် အနွယ်မို့ ခင်မင်သူ မိတ်ဆွေတွေ မန္တလေးတွင် ပေါများလှသည်။

အလှူပွဲ၊ ဆွမ်းကျွေးပွဲ၊ မင်္ဂလာဆောင်ပွဲတွေ၏ ဖိတ်စာတွေသည် စိုးစိုးတို့အိမ်တွင် ပလူပျံနေသည်။

ယနေ့ တနင်္ဂနွေနေ့တွင် မန္တလေး၌ ထိတ်ထိတ်ကြဲ မင်္ဂလာဆောင်ပွဲတစ်ခု၏ ဖိတ်ကြားချက်ကို မသွားမနေ ဦးမင်းစိုး ဒေါ်စိုးသူဇာတို့ သွားရပေမည်။

သမီးစိုးစိုးကို မင်္ဂလာပွဲသို့ လိုက်ပါရန် ဖေဖေက လည်း ခေါ်သည်။ မေမေကလည်း ခေါ်သည်။

ဖေဖေနှင့်မေမေ၏ဆန္ဒအရပင် စိုးစိုးသည် မင်္ဂလာပွဲသို့ အတူလိုက်ပါလာခဲ့သည်။

မင်္ဂလာပွဲမှာ စည်ကားသိုက်မြိုက်လှသည်။ ဖိတ်ကြားသည့် ပရိသတ်၏ သုံးလေးငါးခြောက်သိန်းတန် ကိုယ်ပိုင်ကားတွေ ရပ်စရာနေရာပင် မလုံလောက်။

"ဟေး ... ဆရာဦးမင်းစိုးပါလား၊ မင်းကတော်လည်း ပါလာတယ်နော်၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ တကယ် တကယ့်ကို ဝမ်းသာတာပါ"

"ဩော် ... ဦးဘပွား လာသလား၊ ဒေါ်စိန်ဝင်းပါ လိုက် လာတာကိုး၊ ဘယ့်နှယ် မိုးကုတ်ကနေ မန္တလေးမင်္ဂလာ ဆောင်တောင် လာသတဲ့လား ဦးဘပွား"



"မကင်းရာမကင်းကြောင်းလေ ဆရာဦးမင်းစိုးရဲ့၊ သတို့ သားဘက်က ဆွေမျိုးအရင်းဖြစ်နေတော့ တကူးတက လာရတာလေ"

ဦးဘပွားနှင့် ဒေါ်စိန်ဝင်း ဇနီးမောင်နှံကို မြင်ရရုံ ဖြင့် တော်တော်ကြီးချမ်းသာကြွယ်ဝသူတွေမှန်း သိသာသည်။

ဤမင်္ဂလာဆောင်တွင် ဒေါ်စိန်ဝင်း ဝတ်ဆင်ထား သည့် စိန်တွေသည် အနည်းဆုံး သိန်းနှစ်ဆယ်လောက် တန်ကြေး ရှိမှန်း နားလည်သူတွေက မြင်ရုံနှင့် သိသာနိုင်ပါ၏။

ဦးဘပွား ဒေါ်စိန်ဝင်းနှင့်အတူ အသက်အစိတ်ကျော် ကျော်ခန့် လူရွယ်တစ်ဦးလည်း ပါလာပေသည်။

"ဒီမယ် မစိန်ဝင်း ... တို့မိသားစုမင်္ဂလာရှင်တွေပေးတဲ့ သီးသန့်စားပွဲမှာ မထိုင်တော့ဘူးကွာ၊ ဟောဒီဆရာ ဦးမင်းစိုး နဲ့ပဲ ထိုင်တော့မယ်၊ ကဲ .. ထိုင်ကြ၊ ဟေ့ ... သား လွင်ဦး၊ ထိုင်လေကွာ"

ဦးဘပွားသည် တကယ်ပင် ဦးမင်းစိုးအား ခင်မင် ကြောင်းပေါ်လွင်သည်။ လေးစားကြောင်း ပေါ်လွင်သည်။

"ဒီမယ် သား လွင်ဦး၊ မင်းကို မိတ်ဖွဲ့ပေးရဦးမယ်၊ ဟောဒီ ဆရာဦးမင်းစိုးဟာ မိုးကုတ်ကို ရဲဝန်ထောက်တာဝန် နဲ့ နေခဲ့ဖူးတယ်ကွဲ၊ သားကတော့ ဆယ်တန်းကျောင်းသား ဘဝမှာ ရန်ကုန်မှာ သွားနေတော့ ဟောဒီဆရာ ဦးမင်းစိုး တို့နဲ့ မကြုံခဲ့ဘူး၊ မင်းမှတ်မိလား၊ မိုးကုတ်မှာ ဖေဖေတို့ အိမ် ခြံပြတိုက်ခံရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"သားမှတ်မိပါတယ် ဖေဖေ၊ သား ရန်ကုန်ကျောင်း ဆယ်တန်းတက်တဲ့နှစ်မှာပဲ မဟုတ်လား"

"အေးပေါ့ကွ၊ ဓားပြတွေလက်ထဲ ဖေဖေတို့ပစ္စည်းတွေ သိန်းသုံးဆယ်ဖိုးလောက်ပါသွားတယ်၊ အခု မင်းမေမေ ဝတ်ထားတဲ့ စိန်တွေအပြင် အခြားရတနာတွေပါ ပါသွားတယ်လေ၊ အဲဒါ ဒီဆရာဦးမင်းစိုးပေါ့၊ ကြပ်ကြပ်မတ်မတ်နဲ့ ဓားပြတွေကို ခြေရာခံလိုက်ပြီး အပစ်အခတ် တိုက်ပွဲတွေ ဖြစ်တယ်၊ ဖေဖေတို့ပစ္စည်းတွေ အားလုံးပြန်ရတယ်၊ ဆရာ ဦးမင်းစိုး ကျေးဇူး တို့အပေါ်မှာ သိပ်ကြီးမားတယ်ကွ"

"တာဝန်အရပဲ ဦးဘပွား၊ အဲဒါ မပြောနဲ့တော့ဗျာ"

"ဟာ ... ဆရာဦးမင်းစိုး၊ ကျုပ်ပြောပါရစေ၊ ဒီကောင် ကျုပ်သား လွင်ဦးသိအောင် တမင်ပြောနေတာပါ၊ အဲဒါပေါ့ ကွာ လွင်ဦး၊ ဖေဖေက အားလုံး အမှုတွေပြီးလို့ ပစ္စည်းတွေ အားလုံး ပြန်ရပြီးတဲ့နောက် ဆရာဦးမင်းစိုးကို ကျေးဇူး တင်လွန်းလို့ ငွေသုံးသိန်း သွားကန်တော့တယ်ကွာ၊ အဲဒါ ဆရာဦးမင်းစိုးက ဖေဖေ့ကို သူ့အိမ်ပေါ်က မောင်းချတယ် ဒီပုံနဲ့ အိမ်ကိုမလာပါနဲ့တဲ့၊ စေတနာရှိတာပါဆိုရင် မုန့်ပဲ သွားရည်စာလောက်ပဲ ယူခဲ့ပါတဲ့လေ၊ ကဲ ... ဆရာဦးမင်းစိုး ဟာ ဘယ်လောက် ကျေးဇူးတင်စရာကောင်းပြီး ဘယ် လောက် ကြည်ညိုစရာကောင်းလဲ"

ဦးမင်းစိုးသည် အားရပါးရကြီးပြောပြနေသော ဦးဘပွားအား မဟန့်တားပါလေတော့။



ဦးဘပွား၏သား လွင်ဦးသည် ထိုင်ရာမှထကာ ဦးမင်းစိုးအား ဂါရဝပြုအမူအရာ အပြည့်အဝထားပြီး စကားဆို ပေသည်။

"ဖေဖေရဲ့ပြောပြချက်အရ ဖေဖေနဲ့ မေမေသာမကဘူး၊ ကျွန်တော်လည်း အန်ကယ့်ကို သိပ်လေးစားပါတယ်၊ သိပ်ကျေးဇူးတင်ပါတယ် အန်ကယ်"

"အေးပေါ့ကွာ၊ ကျေးဇူးတင်တယ်ဆိုတာ တင်တဲ့သူရော အတင်ခံရတဲ့သူတွက် မင်္ဂလာတစ်ပါးပေါ့၊ ဒါပေမဲ့ အန်ကယ် ကတော့ အဲဒီတုန်းက မိုးကုတ်မှာ တာဝန်အရ ထမ်းဆောင် လိုက်တာပဲ ကွ၊ ဦးဘပွား ဒေါ်စိန်ဝင်းမို့ တမင်ဆောင်ရွက် ပေးတာမျိုးမဟုတ်ဘူး၊ တရုတ်ကုလားရဲ့ ပစ္စည်းဖြစ်ပါစေ အန်ကယ်ကတော့ အမှုကျူးလွန်တဲ့ ဓားပြကို ဖမ်းမှာပဲ"

"ကျွန်တော် သဘောပေါက်ပါတယ် အန်ကယ်၊ အဲဒီ အန်ကယ့်ရဲ့ စိတ်ဓာတ်ကိုက အင်မတန်လေးစားစရာပါ"

"ကဲ ... ကျုပ်တို့ လူကြီးချင်းတွေကတော့ သိဟောင်းကျွမ်း ဟောင်း ခင်မင်ပြီးသားတွေ၊ လူငယ်တွေနဲ့ မိတ်ဆက်ပေးပါ ရစေ ဆရာဦးမင်းစိုး၊ ဟောဒါက ကျွန်တော့်သားလေ၊ နာမည်က လွင်ဦးတဲ့၊ ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ နေခဲ့တယ်၊ ဘွဲ့ရပြီးမှ မိုးကုတ်မှာ ပြန်လာပြီး နေတယ်လေ၊ ဟောဒါက မင်းကတော် ဒေါ်စိုးသူဇာတဲ့ သား၊ အင်း ... ဒါကတော့ ... ဒါကတော့ ..."

ဦးဘပွားသည် စိုးစိုးကိုကျတော့ စကားထစ်နေပါ၏။ စိုးစိုးအား ဦးဘပွား ကောင်းကောင်းမမှတ်မိပေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းစိုးကပင် ဝင်ပြီး ပြောပြသည်။

"အဲဒါ ကျွန်တော့်သမီး စိုးစိုးလေ၊ မိုးကုတ်မှာတုန်းက ရှစ်နှစ်ရွယ်လောက်ရှိသေးတယ်၊ ဦးဘပွား ဘယ်မှတ်မိမလဲ ကဲ... သမီးစိုးစိုး ဟောဒီအန်ကယ်က ဦးဘပွားတဲ့၊ မိုးကုတ်ကသူဌေးပေါ့၊ ဟောဒါက ဒေါ်စိန်ဝင်းတဲ့၊ သမီးမြင့်တဲ့ အတိုင်း နာမည်နဲ့လိုက်အောင် စိန်တွေဝင်းနေတယ်လေ"

အားလုံး ဦးမင်းစိုး၏ဟာသကို ရယ်မောကြသည်။

ကိုလွင်ဦးသည် တစ်ချိန်လုံး စိုးစိုးကိုသာ ကြည့်မိနေသည်။ စိုးစိုး၏ ရိုးရိုးယဉ်ယဉ်လေးနှင့် ပင်ကိုအလှကို လွင်ဦး ကြည့်မဆုံးဖြစ်နေသည်။

စိုးစိုးကတော့ ဘာကိုမဆို သာမန်သဘောသာ ထားရှိသည်။ သာမန်အကြည့်မျိုးဖြင့်သာ ကြည့်သည်။ ဘာတစ်ခုကိုမှ မက်မက်မောမောရှိပုံမပေါ်။

နှစ်ပေါင်းများစွာ ကွဲကွာနေသော မိတ်ဆွေတွေ ပြန်လည်တွေ့ဆုံကြသဖြင့် ဦးမင်းစိုးနှင့် ဦးဘပွားသည်လည်း ကောင်း ...

ဒေါ်စိုးသူဇာနှင့် ဒေါ်စိန်ဝင်းသည်လည်းကောင်း မိုးကုတ်မှာ နေခဲ့စဉ်ကအကြောင်းတွေ ယောကျ်ားအချင်းချင်း မိန်းမအချင်းချင်း ပြောဆိုနေကြသည်။

"စိုးစိုးက ကျောင်းပြီးသွားပြီလား"

"ဟုတ်ကဲ့"

လွင်ဦးက စိုးစိုးကို စတင်စကားပြောဆိုပါလေ၏။

"ဘယ်တုန်းက ပြီးသွားတာလဲ"



"ပြီးခဲ့တဲ့နှစ်ကပဲ၊ ပုသိမ်ဒီဂရီကောလိပ်မှာ ဖိုင်နယ်ဖြေခဲ့တာပါ၊ ဘွဲ့နှင်းသဘင်တောင် မတက်ရသေးပါဘူး"

"ကိုလွင်ကတော့ ကျောင်းပြီးတာ ငါးနှစ်လောက်ရှိပါပြီ၊ မိုးကုတ်မှာ ဖေဖေတို့နဲ့ပဲ ပြန်နေတယ်လေ၊ ဖေဖေမေမေတို့ ကျောက်လုပ်ငန်းတွေမှာ ကိုလွင် စိတ်မပါဘူး၊ ကိုလွင် ဝါသနာပါတာကတစ်မျိုးလေ"

ကိုလွင်ဦးက ဘာဝါသနာပါလဲဟု စိုးစိုးက ပြန်မေးသည်မျိုးကို လွင်ဦး မျှော်လင့်မိသည်။

သို့သော် စိုးစိုးက ဘာမျှပြန်မမေးပေ။

"စိုးစိုးက ပြန်မေးပါလား၊ ကိုလွင် ဘာများဝါသနာပါလဲလို့"

စိုးစိုးက ပြုံးသည်ဆိုရုံလေး ပြုံးလိုက်သည်။

"ကိုလွင်ဦးက ဘာကို ဝါသနာပါတာလဲ"

"ကိုလွင်က အနုပညာသမားလေ၊ အဲဒီဘက်မှာ ဝါသနာကြီးတယ်၊ ကိုယ်တိုင် တေးသီချင်းတွေရေးတယ်၊ ဒါပေမဲ့ ကိုယ်တိုင်အဆိုကျတော့ အသံက သိပ်မလိုက်နိုင်ဘူးလေ"

စိုးစိုး နားထောင်နေသည်။ နောက်ထပ် ဘာမှ မေးသေး။

"စိုးစိုးကော တေးဂီတ ဝါသနာမပါဘူးလားဟင်"

"နည်းနည်းပါးပါးလောက်ပဲ ကိုလွင်ဦး၊ ဒါပေမဲ့ စိုးစိုးက ခေတ်ပေါ်မရပါဘူး၊ သီချင်းကြီးတွေနဲ့ ရှေးဟောင်းခေတ်တေးတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ထိုမင်္ဂလာပွဲတွင် ဦးဘပွားမိသားစုနှင့် တွေ့ဆုံကြပြီးနောက် မင်္ဂလာပွဲအပြီးတွင် ပြန်လာခဲ့ကြသည်။

မင်္ဂလာပွဲအပြန်တွင် ဦးမင်းစိုးတို့က အနည်းဆုံး တိုယိုတာကော်ရိုလာ ကိုယ်ပိုင်ကားလေးနှင့် ပြန်ခဲ့သည်။

ကိုလွင်ဦးကတော့ အနည်းဆုံး ရှစ်သိန်းခန့်တန်ကြေး ရှိသော လီမိတက်(ဒ်)ကားဖြူကြီး မောင်းသွားသည်ကို စိုးစိုးက ကြည့်မိကြည့်ရာ ကြည့်ခြင်းမျိုးဖြင့် မြင်လိုက်မိသည်။

နောက်တစ်နေ့မှာပင် ပြဿနာတစ်ခုသည် စိုးစိုးတို့ အိမ်သို့ ရောက်လာပါ၏။

ရှစ်သိန်းကျော်တန်ကားကြီးဖြင့် ဦးဘပွား၊ ဒေါ်စိန်ဝင်းတို့ ဦးမင်းစိုး၊ ဒေါ်စိုးသူဇာအိမ်သို့ ရောက်လာခြင်းဖြစ်တော့သည်။

သားလွင်ဦးတော့ လိုက်ပါလာပေ။

"ဒါပါပဲ ဆရာဦးမင်းစိုးနဲ့ မင်းကတော်ရယ်၊ သားက သမီးစိုးစိုးကို မြင်မြင်ချင်း သိပ်သဘောကျပြီး လက်ထပ်ခွင့်တောင်းပေးပါဆိုလို့"

"မြန်လှချည်လား ဦးဘပွား"

"ဟုတ်တယ် ဆရာဦးမင်းစိုး၊ လွင်ဦးက ညကတည်းက ဖေဖေနဲ့မေမေ သွားပြောပေးပါလို့ ဇွတ်ပြောနေတယ်လေ၊ မြန်လွန်းလို့ အားတောင်နာပါတယ် ဆရာ၊ လွင်ဦးအတွက် ကျွန်တော်တို့လင်မယား အားလုံး တာဝန်ယူပါတယ် ဆရာ၊ သမီးလေးစိုးစိုးကို ရွှေပေါ်မြတင်ထားပါမယ်လို့ ကျွန်တော်ကိုယ်တိုင်က ကတိပေးပါတယ်"



ဒေါ်စိုးသူဇာကမူ ဦးဘပွားတို့လင်မယား စပြောကတည်းက သမီးလေးစိုးစိုး ရာသက်ပန်ကောင်းစားရေးအတွက် စိတ်ထဲက သဘောတူချင်နေပြီဖြစ်ပေသည်။

"ဒီလိုလုပ်လေ ဦးဘပွား၊ ကျွန်တော်တို့လင်မယား တိုင်ပင်မယ်၊ သမီးလေးစိုးစိုးဆန္ဒကို မေးမယ်၊ နောက်ပြီး အားလုံးခြုံပြီး စဉ်းစားမယ်၊ စဉ်းစားပြီးရင် အဖြေပေးမယ်၊ ဘယ့်နှယ်လဲ"

"ဖြစ်မြောက်အောင် စဉ်းစားပေးပါ ဆရာ၊ မင်းကတော်ကလည်း ဆရာ့ကိုရော သမီးလေးစိုးစိုးကိုရော တိုက်တွန်းပေးပါနော်၊ သမီးလေးစိုးစိုးကို သားလေးကိုလွင်ကသာ သဘောကျတာမဟုတ်ဘူး၊ အပွေးမြင်အပင်သိပေါ့လေ၊ ကိုဘပွားနဲ့ကျွန်မတို့ကိုယ်တိုင်က မြင်မြင်ချင်း သဘောကျတာပါ၊ ရိုးတယ်၊ ယဉ်တယ်၊ သိမ်မွေ့နူးညံ့တယ်၊ ကျွန်မတို့လိုချင်တာကိုက အဲဒီပုံစံမျိုးပါ၊ တစ်နေ့ကျရင် ဒီသားလေးတစ်ယောက်တည်းကိုပဲ ကျွန်မတို့က အကုန်လွှဲပေးရမှာဆိုတော့ စိုးစိုးလို ထိန်းထိန်းသိမ်းသိမ်း မိန်းကလေးမျိုးနဲ့မှ ဖြစ်မှာပါ မင်းကတော်"

ထိုနေ့မှ နောက် တစ်ဆယ့်ခြောက်ရက်မြောက်မှာပင် သတို့သား မောင်လွင်ဦးနှင့် သတို့သမီး မစိုးစိုးတို့၏ မင်္ဂလာပွဲသဘင်ကြီးသည် မန္တလေးတွင်လည်း ခြိမ့်ခြိမ့်သဲတစ်ကြိမ်၊ မိုးကုတ်တွင်လည်း ခြိမ့်ခြိမ့်သဲ တစ်ကြိမ် ဆင်နွှဲပြီး ...

မောင်လွင်ဦးနှင့် မစိုးစိုးတို့ အကြင်လင်မယားဖြစ်မြောက်သွားပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြပြီးနောက် မန္တလေး မိဘအိမ်တွင် ခြောက်လ၊ မိုးကုတ်မိဘအိမ်တွင် ခြောက်လစီ နေထိုင်ကြပြီး ကိုလွင်ဦးက ကိုယ်ပိုင်ဝါသနာပါရာ လုပ်ငန်းကို လုပ်ချင်သည်။ သူလုပ်ချင်သော လုပ်ငန်းမျိုးသည် ရန်ကုန်မှာသာ အသင့်တော်ဆုံးဟု ဆိုလာသဖြင့် ...

ရန်ကုန်ဘောက်ထော်မှ ပြည်သာယာလမ်း သံသန့်ရပ်ကွက်တွင် ခြံဝင်းကျယ်နှင့် တစ်ထပ်တိုက်လေးကိုလည်းကောင်း။

လုပ်ငန်းတွင်သုံးရန် ပါဗလစ်ကာ ကားသစ်တစ်စီးကိုလည်းကောင်း။

လိုအပ်သော အရင်းအနှီးအပြင် ပန်းဆိုးတန်းဝဲရှိ မြေညီထပ် တိုက်ခန်းအား လုပ်ငန်းဌာနအဖြစ်လည်းကောင်း။

ဦးဘပွား၏အစ်မ ကြီးကြီးတင် အပျိုကြီးကို လူငယ်နှစ်ဦးအားစောင့်ရှောက်သွန်သင်ပေးရန် အတူထည့်ပေးခြင်းကိုလည်းကောင်း။

လောလောဆယ် ဦးဘပွားနှင့် ဒေါ်စိန်ဝင်းက မ,တည်ဆောင်ရွက်ပေးပေသည်။

စိုးစိုးမိဘများကမူ ဦးဘပွားတို့လို ကြွယ်ပိုးကြွယ်ဝကြီးထဲကမဟုတ်။

သမီးစိုးစိုးအတွက် လုပ်ပေးထားသော လက်ဝတ်လက်စားအသင့်အတင့်။

သမီးစိုးစိုးစီးနေကျ တိုယိုတာကော်ရိုလာကားအဝါလေးနှင့် ...



သမီးစိုးစိုးအား ထာဝရစောင့်ရှောက်လာသည့် ဒေါ်ဒေါ်အေးအား ထည့်ပေးလိုက်တော့သည်။

သို့ဖြင့်ပင် ဘောက်ထော်ပြည်သာယာလမ်း၏ တစ်ခုသော ခြံကျယ်ကြီးနှင့်တစ်ထပ်တိုက်လေးဝယ် ကိုလွင်ဦး မစိုးစိုးတို့ ဇနီးမောင်နှံနှင့် ကြီးကြီးတင့် ဒေါ်ဒေါ်အေးမိသားစုလေးဦး ရပ်ကွက်သန်းခေါင်စာရင်းဝင် ဖြစ်ခဲ့သည်မှာ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးရှိခဲ့လေပြီ။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## နှစ်

ကိုလွင်ဦးတစ်ယောက်က ရေချိုးပြီး အဝတ်လဲပြီဆိုလျှင် ဗီရိုထဲမှ မီးပူတိုက်ပြီးသား အသစ်ကိုမှ ယူဝတ်လေ့ရှိသည်။

ယနေ့ဝတ်ပြီးသွားသော အင်္ကျီ၊ လုံချည် စသည်တို့ကို ညနေပြန်လာလျှင် ချွတ်ပြီး အဝတ်တန်းမှချိတ်မှာ ချိတ်လိုက်သည်။

နောက်တစ်နေ့ကျလျှင် ဗီရိုထဲမှ အသစ်ယူပြီး ဖောင်တိန်၊ မီးခြစ်၊ ငွေစက္ကူ စသည်တို့ကို မနေ့ကဝတ်သော အင်္ကျီထဲမှနှိုက်ယူပြီး အသစ်အင်္ကျီအိတ်တွင် ပြန်ထည့်လေ့ရှိသည်။

အိမ်တွင် အဝတ်လျှော်မီးပူတိုက်ခေါ်ထားသည့် ကုလားမက နေ့စဉ်မှန်မှန်လာသည်မဟုတ်။ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါမှ လာတတ်သည်။

စိုးစိုး ကိုလွင် ချိတ်ထားသော အင်္ကျီတွေကို ပထာမစစ်ဆေးရသည်။ ရှပ်အင်္ကျီလို ချည်ချောလုံချည်လိုကတော့ မနက်ဝတ် ညနေမှ ပြန်ချွတ်ဆိုတော့ ပေကျံသည်ရယ်မဟုတ်သော်လည်း အင်္ကျီလည်ကုပ်အတွင်း ကော်လာချေးတင်ခြင်း၊



ကိုယ်ငွေ့အနံ့အသက်ရှိနေခြင်းတို့ကြောင့် ကုလားမလာလျှင် လျှော်သင့်ပါ၏။

တိုက်ပုံအင်္ကျီလို၊ ဂျာကင်လို၊ ဘောင်းဘီရှည်လိုကျတော့ တစ်ခါဝတ်တစ်ခါလျှော် မပြုသင့်။ ဒါမျိုးက သိပ်ပေပေတေတေမျိုးလည်းရှိသည်မဟုတ်။ ထိုရောအခါ စိုးစိုးက သေချာစွာ ခွဲပြီး လျှော်သင့်မှလျှော်၊ မလျှော်သင့်သည်များကို နေပူလှန်းပြီး မီးပူလေးပြန်ထိုးကာ ဗီရိုထဲပြန်ထည့်ထားလျှင် ကိုလွင်က အသစ်ပဲ အောက်မေ့သည်။ ပြန်ဝတ်ချင်သည့်အခါ ပြန်ဝတ်သည်။

သည်တော့လည်း စိုးစိုးမှာ ကိုလွင် ချိတ်ထားခဲ့သော အဝတ်များကို စစ်ဆေးရင်း အင်္ကျီအိတ်ထဲ လျှောက်နှိုက်ကြည့်ရသည်။

ကိုလွင်က ဘယ်နေရာမဆို ရှေ့လောကြီးပြီး ပေါ့တီးပေါ့ဆသမား။ သည်တော့ သူ့အင်္ကျီဟောင်း အိတ်ထဲတွင် ငွေစက္ကူအချို့ ကျန်လိုကျန်၊ အရေးကြီးသော လုပ်ငန်းကိစ္စ စာရွက်စာတမ်းတို့ ကျန်လိုကျန် ကျန်တတ်သည်။

ဒါဆို စိုးစိုးက အိတ်ပေါက်စေ့နှိုက်ပြီး အိတ်ထဲမှ တွေ့ကရာလေးတွေ သိမ်းထားပေးရသည်ကို အကျင့်တစ်ခုဖြစ်အောင် လုပ်ထားရသည်။

ကိုလွင်သည် ဘာကိုပဲ လုပ်လုပ် ဆန္ဒဆောသည်။ ရှေ့လောကြီးသည်။ သူလုပ်ချင်ပြီဆိုလျှင် ရှေ့နောက် သိပ်မစဉ်းစား။ ခွတ်လုပ်လေ့ရှိသည်။

သို့တိုင်အောင် ကိုလွင်၏လုပ်ငန်းသည် တစ်နှစ်နှစ်နှစ်အတွင်း အောင်မြင်သည်ဟု ဆိုနိုင်လောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုးတန်းထဲတွင် ပေအစိတ် ပေခြောက်ဆယ် အခန်းကျယ်ကြီးကို အလုပ်တိုက်တစ်ဝက် ဆိုင်တစ်ဝက် ခမ်းနားစွာဖွင့်ထားသည်။

အဓိကမှာ တေးသံသွင်းလုပ်ငန်းဖြစ်သည်။ သည်ဘက်မှာတော့ ကိုလွင်က ဝါသနာလည်းကြီးသည်။ လုပ်ငန်းကျွမ်းကျင်မှုလည်းရှိသည်။ သူကိုယ်တိုင် တေးသီချင်းများ ရေးစပ်ပြီး သံစဉ်သွင်းသည်။ အဆိုကျော်များကို စီးရီး(စ်)သွင်းသည်။ ကောင်းမေ့ဆိုသော ကိုယ်ပိုင်စက်တွေဖြင့် တေးသံသွင်းဖွင့်ထားခြင်းဖြစ်သည်။

တစ်ဖက်ကလည်း တီဗီစက်၊ အောက်စက်များကို ဆိုင်တင်ပြီး အရောင်းအဝယ်ပြုလုပ်သေးသည်။

ယခုတလော ကိုလွင်သည် အလွန်အမင်း ပေါ်ပင်ခေတ်စားနေသော ဗီဒီယိုဇာတ်ကားကို ကိုယ်ပိုင်ကုမ္ပဏီဖြင့် ရိုက်နိုင်ဖို့ကြိုးစားနေသည်။ ထိုမျှမကသေး။ ဖလင်ဖြင့်ရိုက်ပြီး မြန်မာပြည်အနှံ့ ရုံတင်ပြသသော ရုပ်ရှင်လုပ်ငန်းသို့လည်း ကိုလွင်ခြေဦးလှည့်ထားသည်။

ကိုလွင်၏အယူအဆက လက်ရောခြေရော တွဲချိတ်ထားမည်။ သည်ကြားထဲကမှ လက်ပြုတ်သွားလျှင် ခြေမြဲကျန်ခဲ့ရမည်။ ခြေပြုတ်သွားလျှင် လက်မြဲ၍ ကျန်ခဲ့ရမည်။

ဟုန်းဟုန်းထတောက်နေသော ဗီဒီယိုကားခေတ်သည် ရေရှည်တွင် သိပ်ခိုင်မြဲမည်မဟုတ်နိုင်ဟု ကိုလွင် ယူဆသည်။ ရေရှည်ခိုင်မြဲသည်မှာ ရုံတင်ဖလင်ကားကြီးများသာဖြစ်ရမည်။



ဒါကြောင့်လည်း ကိုလွင်သည် ဖလင်ကားရုပ်ရှင်ကြီးဘက်ကူးရန် ဘာစူနေပါလေ၏။

ကဲ ... ဒါတွေထားပါတော့။

ယခု အဝတ်လျှော်ကုလားမ ရောက်နေပြီမို့ စိုးစိုးသည် ကိုလွင်၏ လျှော်ရမည့်အင်္ကျီတွေ ရွေးရသည်။

အင်္ကျီဟောင်းအိတ်ထဲမှ ဘာဘာညာညာပစ္စည်းလေးတွေကို ထုတ်ယူနေရသည်။

"ဟော ... ကြည့်၊ အလုပ်တိုက်က ကိုလွင်ရဲ့ စားပွဲအံဆွဲသော့ မေ့ကျန်ခဲ့ပြန်ပြီ"

အင်္ကျီအိတ်ထဲမှ သော့တွဲလေးကို တွေ့ရသည်။

ကိုလွင့်ထံ ဖုန်းဆက်ပြီး သော့တွဲ အိမ်မှာကျန်ခဲ့ကြောင်း ပြောဦးမှ။

ဟင် ... သည်မှာလည်း စာခေါက်လေးတစ်ခု။ မိုးပြာရောင်စာရေးစက္ကူ အကောင်းစားနှင့်စာဖြစ်နေသည်။

သို့ ...

ကိုလွင်

လွင်ဦးတေးသံသွင်း

ပန်းဆိုးတန်း။

ဟု ရေးထားသည်ကို စိုးစိုး တွေ့ရသည်။ ရေးထားသောလိပ်စာမှာ အပြည့်အစုံမဟုတ်။ လူကြုံပါးတပ်ထားသည့် လိပ်စာပုံစံမျိုးဖြစ်နေသည်။

ကိုလွင်၏ တကယ့်လိပ်စာ အပြည့်အစုံမှာ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်ဦး

လွင်ဦးတေးသံသွင်းကုမ္ပဏီ

အမှတ်(---) ပန်းဆိုးတန်း

ရန်ကုန်မြို့။

ဟူ၍လည်းကောင်း ...

ကိုလွင်ဦး

တီဗီ၊ ဗီဒီယိုလုပ်ငန်းနှင့် ရောင်းဝယ်ရေး

အမှတ်(---) ပန်းဆိုးတန်း

ရန်ကုန်မြို့။

ဟူ၍လည်းကောင်း ဖြစ်ရမည်။

ကိုလွင်က သူ့ပန်းဆိုးတန်းတွင် ဆိုင်းဘုတ်နှစ်မျိုး ရေးဆွဲချိတ်ငင်ထားသည်ဖြစ်ပါ၏။

ယခု စာရွက်ပြာလေးက တစ်မျိုး။

စိုးစိုး ဖွင့်ဖတ်ကြည့်သည်။ လိပ်စာ တပ်ထားသည်ကို က ကိုလွင်ဟု အမည်တပ်ထားသည်။ တကယ်ဆို လူကြုံပါးစာဆို ဦးတော့ ကိုလွင်ဦး ဟု နာမည်ပြည့်စုံသင့်သည်။

"ကိုလွင် ...

ယနေ့ညလည်း ကိုးနာရီပဲပေါ့နော်။

အဲသည်နေရာမှာပဲ ဆုံမယ်လေ။

အဲသည်နေရာက သည့်ပြင်နေရာတွေထက်၊ ဗိုပြီး စိတ်ချရမှန်း ကိုလွင် သိသားနဲ့။

အိဒွေစင်"



စိုးစိုးသည် စာကလေးကိုဖတ်ရင်း ငေးငေးလေး စဉ်းစားသည်။

အိဒွေစင်ကို စိုးစိုး မြင်ဖူးသိဖူးပါသည်။ ကိုလွင်ကပဲ စိုးစိုးကို အိဒွေစင်နှင့် မိတ်ဆက်ပေးဖူးခဲ့သည် ဖြစ်ပါ၏။

အိဒွေစင်သည် တော်တော်ချော တော်တော်လှသော ကောင်မလေးဖြစ်သည်။ အသက်ကလည်း ခုမှ ဆယ့်ရှစ်နှစ်သာ သာလေးရှိသေးသည်။ စိုးစိုးထက် လေးငါးနှစ် ငယ်ပေသည်။

ပင်ကိုရုပ်ရည်ကလည်းချော၊ အသက်လေးကလည်း ငယ်၊ အခြယ်အသ အဖြီးအလိမ်း အပြင်အဆင်ကလည်း ခေတ်နှင့် တစ်ပြေးညီဆိုတော့ အိဒွေစင်သည် မြင်သူငေးဟု ဆိုနိုင်လောက်သည်။

အိဒွေစင်သည် ကိုလွင်၏ တေးသံသွင်းလုပ်ငန်းနှင့် ဆက်စပ်နေသည်။

အိဒွေစင်သည် အဆိုကျော်မလေး ဖြစ်လာနိုင်ရေး အတွက် ကြိုးစားနေပေသည်။ ကိုလွင်က အိဒွေစင်ကို နာမည်ကြီးအဆိုကျော်မလေး ဖြစ်လာစေရန် စီးရီးသွင်းပေးခဲ့သည်။ တေးသားနှင့် သံစဉ်တွေကို အိဒွေစင်အတွက် ကိုလွင်ကိုယ်တိုင် ရေးစပ်သည်မှန်းလည်း စိုးစိုး သိပါသည်။

ကိုလွင် မြေတောင်မြှောက်ပေးမှုကြောင့် အိဒွေစင် အထိုက်အလျောက်လည်း အောင်မြင်နေပေသည်။

ကိုလွင်၏ လုပ်ငန်းသည် အဆိုကျော်ဖြစ်ချင်သည့် အမျိုးကောင်းသမီးလေးတွေ၊ ဗီဒီယိုမင်းသမီးဖြစ်ချင်သည့် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသမီးလေးတွေ၊ ရုပ်ရှင်မင်းသမီးဖြစ်ချင်သည့် အမျိုးကောင်း သမီးလေးနှင့် အစဉ်အမြဲ အဆက်အစပ်ရှိနေသည်မှန်း စိုးစိုး နားလည်ပြီးသားဖြစ်ပေသည်။

သို့သော် ယခု အိမ်ရှေ့စင်၏ချိန်းဆိုစာလေးကတော့ ရိုးရိုးသားသားထက် ပိုမိုလွန်ကဲပြီး ဘာလိုလိုညာလိုလို ထင်စရာ လေးဖြစ်နေသည်။

ငယ်ထိပ်မြွေခဲ မဖြစ်ပါ။

ဆံတစ်ပင်တင်း မဖြစ်ပါ။

စိုးစိုးသည် စာပြာလေးကိုကိုင်ရင်း အဝတ်တွေ ပွေ့ပိုက်ကာ အပြင်ခန်းသို့ ထွက်လာခဲ့သည်။ ဘာဖြစ်ဖြစ် သည် စာပြာကလေးကို ကြီးကြီးတင့်အား ပြကြည့်သင့်သည်ဟုတော့ စိုးစိုး ယူဆမိသည်။

"ဟဲ့ ... စိုးစိုး၊ အဝတ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ပါလား"

"ဟုတ်တယ် ဒေါ်ဒေါ်အေး၊ ကုလားမ ရောက်လာပြီဆိုလို့၊ ဒါထက် ကြီးကြီးတင့်ကော ဒေါ်ဒေါ်အေး"

"ခြံထောင့်က ပျဉ်ထောင်အိမ်လေးမှာလေ၊ အခုပဲ ဒေါ်ဒေါ် အေး အဲဒီကလာတာ၊ ပေးလေ အဝတ်တွေ၊ ကုလားမကို ဒေါ်ဒေါ်အေး သွားပေးလိုက်မယ်"

"ရတယ် ဒေါ်ဒေါ်အေး၊ စိုးစိုး အဲဒီကိုသွားမှာ၊ ရေတွင်းက နေပြီး ကြီးကြီးတင်ဆီ သွားချင်သေးလို့"

စိုးစိုး ထွက်လာခဲ့သည်။ ဒေါ်ဒေါ်အေးက မီးဖိုဘက် သို့ ဆက်သွားသည်။



စိုးစိုးသည် ရေတွင်းတွင် စောင့်နေသော ကုလားမ ကို အဝတ်တွေအပ်ခဲ့ပြီး ခြံထောင့်ရှိ ပျဉ်ထောင်အိမ်လေးဆီသို့ လာခဲ့သည်။

ဤပျဉ်ထောင်အိမ်လေးသည် ဤခြံနှင့် ဤတိုက်ကို ဝယ်စဉ်ကတည်းက ပါရှိလာသည်။

သုံးပင်နှစ်ခန်း ပျဉ်ခင်းပျဉ်ကာ သွပ်မိုး တစ်ထပ် အိမ်လေးဖြစ်သည်။ အထဲတွင် အိပ်ခန်းတစ်ခန်းနှင့် ဧည့်ခန်း ထမင်းစားခန်း မီးဖိုချောင်ခန်းလေး ပါရှိသည်။

ယခင်ရောင်းသွားသူ မိသားစု၏ သားအကြီးက အိမ်ထောင်ကျပြီး တိုက်အိမ်ပေါ်မနေဘဲ ဤပျဉ်ထောင်အိမ်လေး ဆောက်ကာ သီးခြားနေသည်ဟု သိထားရသည်။

ရေဆိုလည်း အိမ်ထဲအထိ ပိုက်လိုင်းဖြင့် ရေသွယ် ရေတွင်းဖြင့် မော်တာတပ်ဆင်ကာ အိမ်တွင်းလိုသည့်နေရာအားလုံး ကို အမြင့်တိုင်ကီမှ ဘုံပိုင်ဖွင့် ရရှိနိုင်ပေသည်။

စိုးစိုးတို့ ဝယ်ယူပြောင်းရွှေ့လာသောအခါ ကြီးကြီး တင့်နှင့် ဒေါ်ဒေါ်အေးကို တိုက်အိမ်ထဲမှာပင် တစ်ခန်းစီပေးထား နိုင်အောင် အခန်းပိုတွေပါရှိသည်။

ဆယ့်လေးနှစ်ရွယ် မိသေးသေးကို အိမ်တွင် တောက် တိုမယ်ရခိုင်းရန် ခေါ်ထားပြီး ဒေါ်ဒေါ်အေးနှင့် တစ်ခန်းတည်း အိပ်သဖြင့် ဤခြံထောင့်မှ အိမ်လေးမှာ အပိုသက်သက်ဖြစ်နေ သည်။

"ကြီးကြီးတင့် ... ကြီးကြီးတင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဝေး ... စိုးစိုးလား၊ ဒီအိမ်လေးကို သန့်ရှင်းရေးလုပ်နေတယ်ကွယ်၊ စိုးစိုးကို ပင့်ကူအိမ်မြေးတွေ ဖုန်တွေကပ်ကုန်ဦးမယ်၊ ပြော ကြီးကြီးတင့်က စိုးစိုးကို ဘာလုပ်ပေးရမလဲ"

"စိုးစိုး ပြောစရာလေးရှိလို့ပါ ကြီးကြီးတင့်"

"လာပြီ စိုးစိုး၊ အပြင်ဘက် ဝရန်တာကပဲစောင့်၊ အိမ်လေးထဲမှာ ဖုန်တွေချည်းပဲ၊ စိုးစိုး ရှူမိရင် ချောင်းဆိုးလိမ့်မယ်"

ကြီးကြီးတင့် ထွက်လာပေသည်။ ဦးခေါင်းလုံအောင် တဘက်ဟောင်းတစ်ခု ပေါင်းထားသည်။

အိမ်ထဲတွင် မိသေးသေးနှင့် မာလီ ဒူလမန်တို့ တံမြက်စည်းအရှည်အတိုများဖြင့် သန့်ရှင်းရေး လုပ်နေကြသည်ကိုလည်း စိုးစိုးတွေ့ရသည်။ ကြီးကြီးတင့်က သန့်ရှင်းရေးကို ဆော်ဩကြပ်မတ်နေရဟန်တူပါ၏။

မာလီ ဒူလမန်က အိမ်တွင် ညအိပ်မနေ။ မနက်လာ ညနေပြန်ဖြစ်သည်။

"အပင်ပန်းခံလိုက်တာ ကြီးကြီးတင့်ရယ်၊ ဒီအိမ်လေးမှာ လူနေမှာကျနေတာပဲ၊ လူမနေဘဲ ရှင်းထားလည်း လေးငါးရက်ကြာရင် ဖုန်တွေပြန်တက်မှာပဲဟာ"

"သိပါဘူး စိုးစိုးရယ်၊ စောစောက စိုးစိုး ဈေးသွားနေတုန်း မောင်လွင်ဦးက ဖုန်းဆက်တယ်၊ ကြီးကြီးတင့်ပဲ ဖုန်းကိုင်တယ်"

"ကိုလွင်က ဘာတဲ့လဲ ကြီးကြီးတင့်"



"ဒီပျဉ်ထောင်အိမ်လေးကို ရှင်းထားပါတဲ့၊ ဒီအိမ်လေးထဲက ပစ္စည်းအဟောင်းတွေကို ခြံထဲက တစ်နေရာရာမှာ ထားချင်ထား၊ ဒါမှမဟုတ် တိုက်အိမ်ထဲမှာ စတိုခန်းအားနေရင် စတိုခန်းထဲ ပြောင်းထားပါတဲ့"

"ချက်ချင်းလက်ငင်းတဲ့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ မောင်လွင်ဦးပြောပုံက သုံးလေးရက်အတွင်း ပြီးစီးရင် ရပါတယ်တဲ့"

"အိမ်လေးထဲကပစ္စည်းဟောင်းတွေရွှေ့ဖို့ သူ့အလုပ်တိုက်က ကုလားလေး ကွန်နားနဲ့ တခြားအလုပ်သမားတစ်ယောက် လွှတ်ပေးလိုက်မယ်တဲ့၊ သူက မေ့တတ်လွန်းလို့ မခိုင်းမိမှာစိုးပြီး သတိရတုန်း တင်ကြိုပြောထားတာတဲ့"

"ဒါဆိုလည်း ကွန်နားနဲ့ အလုပ်သမားလာအောင် စောင့်ရောပေါ့၊ ကြီးကြီးတင့်က အပင်ပန်းခံလိုက်တာ"

"အင်း ... မောင်လွင်ဦးအကြောင်းလည်း စိုးစိုး သိသားနဲ့၊ သူက သူ့ဟာသူပြောပြီး သူ့ဟာသူမေ့တတ်တဲ့သူ၊ တော်ကြာ ကျွန်တော်က ရှင်းထားပါပြောရက်သားနဲ့ ကြီးကြီးတင့်က မစီစဉ်ထားဘူး ဘာဘူးနဲ့ အပြစ်တင်ဦးမယ်၊ ဒါကြောင့် ကွန်နားတို့ကို မစောင့်တော့ဘဲ မြန်မြန်ပြီးရင် မြန်မြန်အေးတယ်လို့၊ မိသေးသေးရယ်၊ မအေးရယ်၊ ဒူလမ်န်ရယ် ခေါ်ရှင်းခိုင်းတာ၊ မအေးကိုတော့ ခုနပဲ ပြန်လွှတ်လိုက်တယ်၊ မီးဖိုကိစ္စက မအေးလုပ်မှ ဖြစ်မှာမဟုတ်လား"

"ဒီအိမ်လေးကို ကိုလွင်က ဘာများ အသုံးပြုဖို့လဲမသိဘူးနော် ကြီးကြီးတင့်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မောင်လွင်ဦးက ကြီးကြီးတင့်ကိုပြောရာမှာ ထည့်မပြောဘူး စိုးစိုး၊ သူပြန်လာရင် စိုးစိုး မေးကြည့်ပေါ့"

ကြီးကြီးတင့်က ခေါင်းပတ်တဘက်ကိုဖြုတ်ကာ ဖုန်တွေခါပြီး ပခုံးပေါ် တင်ထားလိုက်သည်။

"ဆိုပါဦး သမီးစိုးစိုးက ကြီးကြီးတင့်ဆီကို လိုက်လာတာ အထူးအကြောင်းပြောစရာရှိလို့လား၊ ခါတိုင်း ဗိုက်အိမ်ပေါ်မှာပဲ ပြောစရာရှိပြောနေတာပဲဟာ"

"ကြီးကြီးတင့်ကို ပြစရာနှစ်ခုတောင်ရှိတယ်၊ အရေးတကြီး စကားတော့ မဟုတ်ပါဘူး၊ ရေတွင်းဘက်ကို အဝတ်လျှော်ဖို့ ကုလားမဆီ အဝတ်ဟောင်းတွေပို့ရင်း ထူးထူးဆန်းဆန်း ကြီးကြီးတင့်တို့ အိမ်လေးရှင်းနေတာတွေ့လို့ ဝင်လာတာပါ"

"ကဲ … ဒါဆို စိုးစိုးပြောချင်တာ ပထမတစ်ခု အရင်ပြော ပြစမ်း၊ ကြီးကြီးတင့် နားထောင်မယ်"

"ဟိုလေ … မနက်က ဈေးသွားတာ ရှားရှားပါးပါး ဒရယ်သားခြောက်ရလာတယ်၊ ကိုလွင့်က ဒရယ်သားခြောက်တို့၊ ချေသားခြောက်တို့ဆိုရင် မီးကင် ဆီဆမ်းလေးလုပ်ပေးရင် အရက်နဲ့လည်းမြည်းတယ်၊ ထမင်းနဲ့လည်းစားဖို့ နှစ်သက်တယ်မဟုတ်လား၊ အဲဒါ ဒေါ်ဒေါ်အေးကို မီးကင်ထားခိုင်းပြီးပါပြီ၊ ကိုလွင့်ဆီကို စိုးစိုး ဖုန်းဆက်ပြီး ဒရယ်သားခြောက်လေး လုပ်ထားတယ်၊ မနက်စာ အိမ်ပြန်စားပါလားလို့ မေးရရင်ကောင်းပါ့မလားလို့ ကြီးကြီးတင့်ကို တိုင်ပင်တာ"



"အဲမှာမင်း စိုးစိုးရယ်၊ စိုးစိုးက တကယ်ပဲ မယားဝတ္တရား ကျေပွန်ပါပေ့၊ ဖုန်းဆက်ချင်ဆက်ပေါ့၊ စိုးစိုး ဖုန်းဆက်ခေါ်ရင် မောင်လွင်ဦး ပြန်လာမှာပါ၊ ကဲ … ဒုတိယစကားက ကော ပြော"

စိုးစိုးက ကြီးကြီးတင့်လက်ကိုဆွဲကာ အိမ်လေး၏ ခန့်တာဆောင့်စွန်းသို့ ခေါ်သွားပြီးမှ သူမလက်ထဲမှ စာရွက်ပြာလေးကို ကြီးကြီးတင့်အား ပေးလိုက်ပေသည်။

"အဲဒီစာပြာလေး ကိုလွင့် ရုပ်အင်္ကျီဟောင်းထဲက တွေ့တာ၊ ကြီးကြီးတင့် ဖတ်ကြည့်လေ"

ကြီးကြီးတင့်က မျက်စိတော့ မှုန်စပြုပြီ။ သို့သော် လက်ကို ရှည်ရှည်လေးဆန့်ဖတ်လျှင် မျက်မှန်မပါဘဲ စာဖတ်နိုင်ပါ၏။

ကြီးကြီးတင့်သည် စာကို သေချာဖတ်ကြည့်သည်။

"အေးဟဲ့ … သူ့စာကတော့ ဘာလိုလို့ပဲ"

"ဟုတ်တယ် ကြီးကြီးတင့်ရဲ့၊ စိုးစိုး ဖတ်ကြည့်တော့လည်း ဘာလိုလိုထင်မိတယ်၊ ဒါကြောင့် ကြီးကြီးတင့်ကိုပြကြည့်တာ"

ကြီးကြီးတင့်သည် စိုးစိုးကို တစ်ချက်စိုက်ကြည့်လိုက်သည်။

သည်စာအရ ဇနီးဖြစ်သူ စိုးစိုးသည် မျက်စိမျက်နှာပျက်သင့်သည်။ ဒေါသလေးပါသင့်သည်။ ဒါမှမဟုတ် မျက်ရည်ဝဲသင့်သည်။

www.burmeseclassic.com



စိုးစိုးတွင် အဲဒါတွေ တစ်ခုမှမဖြစ်။ အကြောင်းကိစ္စ လေးထူးသည်မို့ ပြောပြသည့်သဘောမျိုးသာ ရှိနေသည်။ သွေးအေးလိုက်သည့်ဖြစ်ခြင်း။

မုန်တာပြောရလျှင် ဤစာပြာလေးထဲတွင် ပါရှိသော အကြောင်းအရာနှင့် ဆက်စပ်ပြီး မောင်လွင်ဦးကို အိရွှေစင်နှင့် ကြီးကြီးတင့်ကိုယ်တိုင် သံသယဖြစ်မိသည်။

သို့သော် မိမိက မောင်လွင်ဦးနှင့် ကြီးတော်အရင်းခေါက်ခေါက်၊ တူအရင်းခေါက်ခေါက်မို့ စိုးစိုးအား စကားကို ထိန်းပြီးပြောသင့်သည်ဟု နားလည်လိုက်သည်။

"အင်း ... မောင်လွင်ဦးရဲ့ လုပ်ငန်းမျိုးဆိုတာလည်း ခက်တော့ခက်သားကလား စိုးစိုးရယ်၊ မိန်းကလေးကြိုက်အလုပ်မျိုးဖြစ်နေတာကိုး၊ နာမည်ကြီးအဆိုကျော် ဖြစ်ချင်တာတို့ ဗီဒီယို ရုပ်ရှင်မင်းသမီးဖြစ်ချင်တာတို့ဆိုတဲ့ မိန်းကလေးတွေဟာ မောင်လွင်ဦးလိုလူမျိုးဆီမှာ ချဉ်းကပ်စမြဲပဲ၊ မောင်လွင်ဦးအနေနဲ့လည်း စီးပွားရေးလုပ်ငန်းသဘောအရ ဆက်ဆံရတာတွေ ရှိမှာပေါ့၊ စိုးစိုးကို မောင်လွင်ဦးက ချစ်ရှာသားပဲ၊ တကွဲတချော်တွေ လုပ်မယ်မထင်ပါဘူး၊ အိရွှေစင်ရဲ့စာက အလုပ်ကိစ္စနဲ့ချိန်းဆိုတာ ဖြစ်ပါလိမ့်မယ်၊ ကဲ ... စိုးစိုး ထမင်းပွဲသွားပြင်ပေတော့၊ ဒီမှာက ညစ်တီးညစ်ပတ်နဲ့"

စိုးစိုးသည် ပြန်ထွက်လာခဲ့သည်။ အိရွှေစင်၏ စာကိစ္စနှင့်ပတ်သက်၍ စိုးစိုးရင်ဘဲတွင် ပူပူလောင်လောင်မဟုတ်စေကာမူ မသိုးမသန့်လေးတော့ ဖြစ်မိသည်။



စိုးစိုးသည် အိမ်ထဲရောက်ပြီး တယ်လီဖုန်းဆီသို့ လျှောက်သွားကာ ဖုန်းကို ကောက်ကိုင်သည်။ ပန်းဆိုးတန်းကိုလွင့်ဆီသို့ ဆက်ခြင်းဖြစ်ပါ၏။

"အမိန့်ရှိပါ ... ထွင်ဦးတေးသံသွင်းက လွင်ဦး ပြောနေပါတယ်"

"စိုးစိုးပါ ကိုလွင်"

"သြ ... ဟော် ... ဟော် ... ကိုလွင့်ရဲ့စိုးစိုးလေး ဆက်နေတာလား၊ ကဲ ... ပြော ကိုလွင် နားထောင်မယ်"

"စိုးစိုး မနက်ဈေးက ကိုလွင်ကြိုက်တဲ့ ဒရယ်သားခြောက်တွေ့လို့ ဝယ်လာခဲ့တယ်၊ အဲဒါ အခု မီးကင်ပြီး နှမ်းဆီလေးဆမ်းထားတယ်၊ ကိုလွင် မနက်စာ အိမ်ပြန်စားပါလားဟင်"

"အားပါးပါး ... စိုးစိုးရဲ့ ဒရယ်သားခြောက်လေး စားချင်လိုက်တာ၊ ဒါပေမဲ့ ဒီနေ့မနက်စာတော့ ကိုလွင့်မှာ ပြန်စားဖို့အချိန်မလုံလောက်ဘူး စိုးစိုး၊ ဒီမှာ တေးသံသွင်းအလုပ်တွေ ပြုံကျနေလို့၊ ညနေကျမှ စိုးစိုးရဲ့ ဒရယ်သားခြောက်လေး ကိုလွင် မြိန်မြိန်စားမယ်နော်"

ကိုလွင့်စကားအဆုံးတွင် ဘေးမှပြောသော စကားသံတစ်ခု သဲ့သဲ့လေး ဝင်လာသည်ကို စိုးစိုး ကြားရသည်။ အမျိုးသမီးတစ်ဦး၏ အသံဟုလည်း ကျက်မိသည်။

"ဟုတ်ရဲ့လား ဆရာကြီးရယ်၊ အသံသွင်းဖို့အလုပ်တွေများတာမှ ဟုတ်ရဲ့လား ... ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနား၌ နောက်ပြောင်ရယ်မော ပြောဆိုနေသော အမျိုးသမီးတစ်ဦး ရှိနေသည်မှာ သေချာပါ၏။

"ဒါဆိုလည်း ညစာကျွေးမှစားပေါ့ ကိုလွင်၊ ဩော် ... ဒါထက် နောက်တစ်ခု ကိုလွင့်ကို စိုးစိုး ပြောစရာရှိသေးတယ်"

"ပြော ... စိုးစိုးလေး၊ တစ်ခုမကဘူး ဆယ်ခုပြော၊ ကိုလွင် နားထောင်နေတယ်"

"ဒီနေ့ ကုလားမလာလို့ ကိုလွင့်အဝတ်တွေလျှော်ဖို့ ဈေးရှင်းနဲ့ အင်္ကျီအိတ်တစ်ခုထဲက အိမ်ရွှေစင်လက်ရေးနဲ့ စာလေးတစ်စောင်တွေ့တယ်၊ အိမ်ရွှေစင်က ကိုလွင်နဲ့ ညကိုးနာရီမှာ ချိန်းတဲ့စာလေး၊ နေ့စွဲတော့မပါဘူး"

"ဩော် ..."

ကိုလွင့်ဘက်မှ ခေတ္တ ဆုတ်ဆိုးဆိုင်းဖြစ်သွားသည်။ သို့သော် ချက်ချင်း အသံပြန်ထွက်လာပေသည်။

"ဩော် ... ဒါလား၊ လွန်ခဲ့တဲ့ သုံးရက်လောက်ကပေါ့ စိုးစိုး၊ ကိုလွင့်ပန်းဆိုးတန်းတိုက်က အသံသွင်းစက် ချို့ယွင်းသွားတယ်လေ၊ အသံသွင်းဖို့ကလည်း အစီအစဉ်အားလုံး လုပ်ပြီးသား၊ ဒါကြောင့် အိမ်ရွှေစင် တခြား စိတ်ချရတဲ့ စက်တစ်ခုရှိတဲ့နေရာမှာ အသံသွင်းဖို့ချိန်းတဲ့စာပါ၊ ကိုလွင့်ရဲ့စိုးစိုးလေးက ဘာလဲ၊ အဲဒီစာဖတ်ပြီး တောင်တောင်အီအီတွေ ထင်နေလို့လားလ၊ ဟဲ ဟဲ ဟဲ ... စိတ်ချ စိုးစိုးက လွဲရင် ဖွဲချည်းပဲ"



ဟုတ်ချင်လည်း ဟုတ်မည်။

မဟုတ်ချင်လည်း မဟုတ်ဘဲဖြစ်မည်။

ဤကိစ္စကို လေးလေးနက်နက်ကြီး စိုးစိုးက ဆက်မပြောတော့။ ထိုကဏ္ဍ ရပ်လိုက်သည်။

"ဩော် ... ဒါထက် ကိုလွင်၊ ကြီးကြီးတင့်ခေါင်းဆောင်ပြီး မိသေးသေးရယ်၊ ဒူလမန်ရယ်၊ ဒေါ်ဒေါ်အေးရယ် ခြံထဲကပျဉ်ထောင်အိမ်လေး ရှင်းနေကြတယ်၊ ကိုလွင် ဖုန်းဆက်ပြီး ရှင်းခိုင်းတာလို့ ကြီးကြီးတင့်ကပြောတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုလွင် ဖုန်းဆက်တုန်းက စိုးစိုး ဈေးသွားနေတယ်တဲ့၊ ဟုတ်ပါရဲ့ ဒီက ကွန်နားနဲ့ အလုပ်သမားလွှတ်ပေးဖို့ ကိုလွင် ချက်ချင်း သတိမေ့သွားတယ်"

"ပျဉ်ထောင်အိမ်လေးမှာ ဘာလုပ်မလို့လဲ ကိုလွင်"

"သုံးစရာရှိလို့ စိုးစိုးရဲ့၊ အဲဒီအကြောင်းတွေ ကိုလွင် ညနေပြန်လာမှ ပြောမယ်လေ၊ အေး အေး ကွန်နား၊ ငါ အခုလာမယ်ပြောလိုက်၊ ဒီမှာ ဖုန်းပြောနေသေးလို့၊ ကဲ ... စိုးစိုးရေ လုပ်ငန်းညှိသည်တွေနဲ့ အပြင်သွားစရာပေါ်လာတယ်၊ သွားမယ်နော်၊ ညနေကျမှ စိုးစိုးကိုတွေ့မယ်"

ပြောပြောဆိုဆို ကိုလွင်ဦးဘက်မှ ဖုန်းချသွားပေသည်။

စိုးစိုးက ဖုန်းကို ညင်သာစွာ ပြန်ချလိုက်သည်။ အလုပ်တိုက်၌ ကိုလွင်ထိုင်သော စားပွဲမှာပင် တယ်လီဖုန်းထားသည်။ ယခု ကိုလွင် ဖုန်းပြောနေစဉ် ကိုလွင်၏စားပွဲ၌ မိုးနီးကပ်

www.burmeseclassic.com

www.burmeseclassic.com



ကပ် အမျိုးသမီးတစ်ဦး ရှိနေသည်က သေချာပြန်ပါ၏။ အိမ်ရှေ့စင် ပေါ်ပဲလား။ တခြားအမျိုးသမီးတစ်ဦးပေပဲလား။

မတတ်နိုင်ပြီ။ ဖြစ်သမျှ ကံတရားဟူသာ စိုးစိုး စိတ်တွင် မှတ်ယူလိုက်ပါ၏။

❋ ❖ ❋



ယနေ့ညနေတော့ ဘုရားစူး မိုးကြိုးပစ် ကိုလွင်တစ်ယောက် တကယ်ပင် စောစောပြန်ရောက်လာပါ၏။

"စိုးရေ ... ကိုလွင် ရေချိုးမယ်၊ ရေချိုးပြီး ခြံထဲမှာ ကြိမ်ဝိုင်းလေးနှစ်လုံးချကွာ၊ ထမင်းမစားခင် ကိုလွင် တစ်ခွက်နှစ်ခွက်သောက်မယ်နော်"

ကြိမ်ဝိုင်းလေးဆိုသည်မှာ ကြိမ်လုံးအဝိုင်းကြီး ဝလုံးပက်လက်တွင် ကြိမ်ရက်ထားသော ကုလားထိုင်ဖြစ်ပါ၏။ ပေါ့ပေါ့ပါးပါးရှိသည်။ ထိုင်လို့ကောင်းသည်။

စိုးစိုးက မိသေးသေး အကူအညီဖြင့် ကြိမ်စားပွဲ ကြိမ်ကုလားထိုင်နှစ်လုံးချသည်။

ကြိမ်စားပွဲလေးပေါ်တွင် ဒရယ်သားခြောက်ဆီဆမ်း၊ အာလူးကြော်၊ ဝီစကီ၊ ဆော်ဒါများ တင်ထားသည်။

ရေခဲသေတ္တာထဲမှ အငွေ့တထောင်းထောင်းဖြင့် ထုတ်ယူလာသော ဆော်ဒါပုလင်း (၂)ပုလင်းကိုမူ ရတ်တရက် ပြန်ပူမသွားစေရန် လေလုံဖော့ဘူးတွင် ထည့်ပေးထားသည်။

ရေထဲတော့ ယူမထားပေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်က အရက်ထဲကို ဆော်ဒါရည်သာ ထည့်လေ့ရှိသည်။ ရေခဲထည့်လေ့မရှိ။ ရေခဲထည့်လျှင် အရည်ပျော်သွားသော ရေခဲက အရက်၏အရသာကို ပျက်ပြားစေသည်ဟု ဆိုပါ၏။

ကိုလွင် ရေမိုးချိုး အဝတ်လဲပြီးချိန်တွင် ခြံထဲမှ ဝိုင်းကလည်း အသင့်ဖြစ်နေလေပြီ။

"လာ ... စိုးစိုး၊ ကိုလွင် မသောက်ခင် ပျဉ်ထောင်အိမ်လေးကို သွားကြည့်ကြစို့"

စိုးစိုးလက်ကိုဆွဲပြီး ပျဉ်ထောင်အိမ်လေးဆီသို့ လာခဲ့ကြသည်။

ပျဉ်ထောင်အိမ်လေးမှာ အမှိုက်ရှင်း ဖုန်ခါ ရေဆေးဖြင့် သန့်ရှင်းသပ်ရပ်စွာရှိနေပေပြီ။

"အဲဒီအိမ်လေးကို ဘာလုပ်မှာလဲ ကိုလွင်"

"ကိုလွင်ရဲ့မင်းသား နေဖို့လေ"

"ရှင် ..."

"စိုးစိုး အံ့သြသွားသလား၊ ကိုလွင် ဒါကို ကျိတ်ကြံနေလို့ စိုးစိုးကိုတောင် မပြောဖြစ်ခဲ့သေးဘူး၊ ဘယ်သူ့ကိုမှလဲ မပြောသေးတာပါ၊ ဒီနေ့မှ မင်းသားနဲ့ တွေ့ပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက်တွေရလို့ ဒီအိမ်လေးမှာ မင်းသားသိမ်ကို ထားမလို့"

အိမ်ကလေးပေါ်သို့ ကိုလွင်က စိုးစိုးကို လက်ဆွဲမပျက် တက်ကြည့်ကြသည်။

"စိုးစိုးကတော့ ကိုလွင် ဘာတွေလုပ်နေတယ်ဆိုတာ နားမလည်ဘူး ကိုလွင်"



"ကိုလွင်လား၊ လောလောဆယ် ကုမ္ပဏီအငှားနဲ့ ဖလင်ကြီးရုပ်ရှင်တစ်ကားရိုက်မလို့၊ ကိုယ်ပိုင်ကုမ္ပဏီအနေနဲ့ကတော့ ဒီတစ်ကားရိုက်ပြီးတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး လျှောက်မယ်"

"ကုမ္ပဏီလျှောက်ပြီး ဖလင်ရုပ်ရှင်ကြီးတွေရိုက်ဖို့ဆိုတာက ငွေသိန်းပေါင်း အများကြီးလိုမယ် စိုးစိုး၊ အခု တေးသံသွင်းနဲ့ တီဗီ၊ ဗီဒီယိုအရောင်းဆိုင် ဖွင့်ထားတဲ့ ငွေရင်းကလည်း တော်တော်များနေတယ်"

ပျဉ်ထောင်အိမ်လေးပေါ်မှ ပြန်ဆင်းလာကြသည်။

"ကုမ္ပဏီငှားနဲ့ပဲ ကိုလွင် ဇာတ်လမ်း စိစစ်ရေးအဖွဲ့မှာ ဇာတ်လမ်းတစ်ပုဒ်တင်ထားတယ်၊ အဲဒါ စိစစ်ရေးက ခွင့်ပြုချက်ရရင် ရိုက်မလားလို့"

"ဗီဒီယိုမရိုက်တော့ဘူးလား ကိုလွင်"

"ပထမစိတ်ကူးတာက ဗီဒီယိုရိုက်ဖို့ပဲ စိုးစိုး၊ ဒါပေမဲ့ ကိုလွင်ရဲ့အယူအဆနဲ့ ခန့်မှန်းချက် ဆိုပါတော့၊ ဗီဒီယိုလုပ်ငန်းတွေက တော်တော်ဖောင်းပွနေတယ်၊ ဗီဒီယိုခေတ်အစပိုင်းက ကိုလွင် ဝင်လိုက်ရင်တော့ အကျိုးရှိသင့်သလောက် ရှိနိုင်တယ်၊ အခုလို ဖောင်းပွနေတဲ့အချိန်မှ ကိုလွင် ကြားဖြတ်ဝင်မယ်ဆိုရင် မြိုးမြိုးမြက်မြက်စားရဖို့ သိပ်မကျန်တော့ဘူး၊ ရုပ်ရှင်ကြီး ဖလင်ကြီးကတော့ မြန်ပြီဆိုလည်း နှင့်ခနဲ မြတ်တယ်၊ လုပ်ရကိုင်ရတာလည်း ပျာ‌ပျာ်းပျာယာတွေ မပါဘူး၊ ဣန္ဒြေရရလေး လုပ်သွားနိုင်

www.burmeseclassic.com



တယ်၊ ဒါကြောင့် ဗီဒီယိုကားထုတ်ဖို့ ကိုလွင် ခဏအောင်ချိတ်ထားတယ်”

“မင်းသားအသစ်လား ကိုလွင်”

“ဟုတ်တယ် အသစ်ပဲ၊ ဒါပေမဲ့ ကိုလွင် အဘက်ဘက်ကစမ်းကြည့်ပြီးပါပြီ၊ အရည်အချင်း အဘက်ဘက်မှာရှိတယ်”

“ပွဲဦးထွက်သွားမှာ မင်းသားသစ်နဲ့ ပွဲထုတ်ရင် ပရိသတ်ရပါ့မလား ကိုလွင်”

“လာ ... စိုးစိုး”

လွင်ဦးကပင် ကြိမ်ကုလားထိုင်ပိုင်းထားရာသို့ စိုးစိုးကို လက်တွဲခေါ်လာပြီး တစ်လုံးတွင် ထိုင်စေသည်။ သူကိုယ်တိုင်လည်း ထိုင်သည်။

ဖန်ခွက်ထဲ ဝီစကီလက်သုံးလုံးခန့်ထည့်ပြီး ဆော်ဒါရောရင်း လွင်ဦးက ဆက်ပြောသည်။

“ပွဲဦးထွက်မှာ မင်းသားသစ်နဲ့ ပရိသတ် ရပါ့မလားဆိုတာကို ကိုလွင် အသေအချာ အလေးအနက် စဉ်းစားတယ် စိုးစိုး၊ မန္တလေး ကန်ထရိုက်တွေ တခြားမြို့ကြီးက ကန်ထရိုက်တွေနဲ့ ပွဲဦးထွက်မှာ အကျိတ်အနယ် ပြောရမယ်၊ ဆွေးနွေးရမယ်”

“ဒါဆို ကိုလွင် သိပ်ပင်ပန်းတာပေါ့၊ နောက်ပြီး နယ်ကန်ထရိုက်တွေအပေါ်မှာလည်း အောက်ကျနောက်ကျနိုင်မယ်၊ နာမည်ရပြီးသား မင်းသား မင်းသမီးနဲ့ဆိုရင် ...”

“ဘယ်မလဲ ပိုက်ဆံ”



စိုးစိုး စကားမဆုံးမီမှာပင် ကြားဖြတ်ပြီး လွင်ဦးက ပြောရင်း အရက်ခွက်ကို ဆောင့်အောင့်ပုံစံလေးဖြင့် ချထားလိုက်သည်။

ကိုလွင်ဦး၏လေသံနှင့် ပြောဆိုပုံကို မြင်ရုံနှင့်ပင် စိုးစိုးစိတ်ထဲက တစ်ခုနားလည်လိုက်သည်။ ယခု ရန်ကုန်တွင် နေဖို့ ခြံနှင့်တိုက်ဝယ်ခြင်း၊ အလုပ်တိုက်အတွက် ပန်းဆိုးတန်းတိုက်ခန်းကို အပျောက်ပေးဝယ်ခြင်း၊ တေးသံသွင်းစက်တွေနှင့် အခြားအရင်းအနှီးဟူသမျှ ငွေပင်ငွေရင်းနှင့် ထူထောင်ရခြင်းသည်အားလုံးမှာ လွင်ဦး၏မိဘ ဦးမွားနှင့် ဒေါ်စိန်ဝင်းတို့က ထုတ်ပေးထားသည်ချည်းဖြစ်သည်။

စိုးစိုးမိဘများက ငွေပင်ငွေရင်း မထုတ်နိုင်ပေ။ ဉာဏ်မှုရင်းနှီးငွေတွေ ထုတ်ပေးလောက်အောင်လည်း ဦးမင်းစိုးနှင့် ဒေါ်စိုးသူဇာတွင် မကြွယ်ဝပေ။ တစ်သက်လုံး လခစားလုပ်စားခဲ့သူများဖြစ်သည်။ ဣန္ဒြေမပျက် ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်ကားလေးနှင့် မကြောင့်မကြ ထားနိုင်နေနိုင်သော ငွေကြေးပမာဏသာရှိသည်။

ရော့ ... ဆယ်သိန်း၊ ဆယ့်ငါးသိန်း ဆိုတာမျိုး စိုးစိုးမိဘက ထုတ်မပေးနိုင်သည်ကို ရည်ညွှန်းပြီး ကိုလွင်ဦးက ဘယ်မလဲပိုက်ဆံဟု မေးမြန်းလိုက်သည့် သဘောမျိုး ရှိနေပါ၏။

စိုးစိုးက လွင်ဦးကို ဘာမျှမပြောဘဲ မျက်ဝန်းလှန်ကာ ငေးငေး ငေါမောလေး လွင်ဦးအား ပြန်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး စိုးစိုး၊ ကိုလွင် ဆန္ဒစောစိတ်နဲ့ ပြောချလိုက်တာ စိုးစိုးအတွက် အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားသလား မသိဘူး"

အရက်ခွက်ကို ပြန်ကိုင်သည်။ စိုးစိုးကို ပြန်လည်ပြုံးပြသည်။ ဒရယ်သားခြောက်ကင်ဆီဆမ်း အမွှာလေး အမျှင်လေးများကို ကောက်ယူဝါးလိုက်ပါ၏။

"ကောင်းလိုက်တာ စိုးစိုးရယ်၊ ဒရယ်သားခြောက်လေး လုပ်ထားတာ၊ အရသာရှိလိုက်တာ"

စိုးစိုးက ဘာမျှအားတက်သရော ပြန်မပြောဘဲ ပင့်ကြည့်ထားသော မျက်ဝန်းကိုသာ မျက်လွှာပြန်ချထားလိုက်သည်။

"အခု နာမည်ကြီး ရုပ်ပါမင်းသားတွေက တစ်ကားကိုသုံးသိန်းနဲ့ လေးသိန်းကြားမှာ ပေးရတယ်၊ အသင့်အတင့်နာမည်ရ မင်းသားတောင် နှစ်သိန်းပတ်ဝန်းကျင်မှာ ရှိနေတယ် စိုးစိုး၊ ရုပ်ပါမင်းသမီးကြီးဆိုလည်း သိန်းကျော်ပေးရတာပဲ၊ ဇာတ်ကားရိုက်မယ် ဆိုတာနဲ့ နာမည်ရမင်းသားမင်းသမီးနဲ့ အရန်ဇာတ်ဆောင်တွင် ပေးရငွေကပဲ ခြောက်သိန်းနဲ့ ရှစ်သိန်းကြားမှာ ရှိတယ်၊ အခြားစတူဒီယိုစရိတ်တွေ၊ ဆက်တင်စရိတ်တွေ၊ နယ်ခရီးထွက်စရိတ်တွေ၊ ကားရိုက်တုန်း ကျွေးမွေးရတဲ့စရိတ်တွေကတော့ ထားပါတော့။ ဒါတွေက ကုန်ရိုးကုန်စဉ် ကုန်ရတာမျိုးပဲ၊ မကုန်မဖြစ်တဲ့ စရိတ်မျိုးပဲ၊ အဲဒီတော့ ကိုလွင်က တစ်မျိုးစိတ်ကူးကြည့်တယ်လေ၊ ဘယ်လိုလဲဆိုတော့ စိုးစိုး သိလား"

"ကိုလွင်ပဲ ဆက်ပြောပါ၊ စိုးစိုး နားထောင်နေတာပဲ"



"အခု ကိုလွင်ရိုက်မယ့် ပထမဆုံးကားမှာ မင်းသမီးကိုတော့ နာမည်ကြီးမင်းသမီးတစ်ယောက်သုံးမယ်၊ နာမည်ကြီးမင်းသမီးဟာ တစ်သိန်းကျော်ရုံလေးပဲရှိတယ်၊ အရမ်းဈေးကြီးနေတာက နာမည်ကြီးမင်းသားဈေးလေ၊ အဲဒီမင်းသားဈေးကို ကိုလွင်က ခိုလိုက်တယ်၊ ဒါဆို အနည်းဆုံး သုံးလေးသိန်း ခိုလိုက်ရာ ရောက်သွားတယ်၊ ပြီး ကိုလွင်ကိုယ်တိုင် မင်းသားသစ်ရဖို့ စိတ်ကြိုက်ရှာခဲ့တယ် စိုးစိုး"

ကိုလွင်ဦးက စားလိုက် မော့လိုက် လုပ်သည်မို့ ...ကားကို တစ်ထောက်နားထားသည်။

ထို့နောက် လပ်ကီးစထရိုက် စီးကရက်ထုတ်ယူကာ ...မီးညှိရှူဖွာသည်။

"ကိုလွင်ဟာ တေးသံသွင်းလုပ်ငန်း မလုပ်ခင်ကရော၊ စပြီးလုပ်ကတည်းကရော ပရိသတ်ကို သိပ်အလေးအနက်ထားတယ်၊ သိပ်လေ့လာထားတယ်၊ အဲဒီ လေ့လာချက်အရ ကနေ့ခေတ်ပရိသတ်ဟာ တော်တော်အဆင့်မြင့်တယ်၊ မြင်တတ် သိတတ်တယ်၊ ပါးနပ်တယ်၊ အနုပညာပါးဝနေကြတယ်၊ အရမ်းလက်ခုပ်တီး ဩဘာပေးပြီး မကြိုဆိုဘူး၊ တကယ်တော်တဲ့လူကို တကယ်မြှောက်စား အားပေးတယ်ဆိုတဲ့ အချက်ကို တွေ့လာတယ်၊ ဒီတော့ကာ ကိုလွင်က မင်းသားသစ် ရှာရာမှာ ကိုယ့်မင်းသားဟာ အဘက်ဘက်က အရည်ပြည့်ဝတဲ့ မင်းသားမျိုး နိုက်နိုက်ချွတ်ချွတ် ရှာခဲ့တယ်။ အဲဒီလိုရှာရှိတဲ့ မင်းသားကို ပွဲမထုတ်ခင်ကတည်းက အရည်အသွေးတွေ တိုးတက်သည်ထက် တိုးတက်အောင်

www.burmeseclassic.com



စီစဉ်လေ့ကျင့်ပေးမယ်၊ သတင်းစာ ဂျာနယ် မဂ္ဂဇင်းနဲ့ ရုပ်မြင်သံကြား မြန်မာ့အသံ ကြော်ငြာပိုင်းတွေက အစဉ်မပြတ် ဓာတ်ကားရုံတင်တဲ့အထိ မင်းသားကို ကြော်ငြာပိုင်း ဖိဝင်ပေးထားမယ်၊ ဒီမယ် စိုးစိုး”

“ပြောပါ ကိုလွင်”

“ကိုလွင့်ဓာတ်ကားဟာ ရုံတင်လို့ ပထမဆုံး နေ့ခင်းပွဲပြီးသွားတာနဲ့ အဲဒီပွဲမှာ လာကြည့်ကြတဲ့ ပရိသတ်တိုင်းရဲ့ ပါးစပ်ပေါက်တွေဟာ ကိုလွင့် ဓာတ်ကားကြော်ငြာ၊ ကိုလွင့်မင်းသားသစ်ရဲ့ ကြော်ငြာတွေ ဖြစ်သွားစေရမယ်လို့ ကိုလွင် မျှော်မှန်းထားတယ်”

လွင်ဦး၏စကားကို ဆန္ဒစောပြီး ရှေ့လောကြီးသော လူတစ်ယောက်၏ မျှော်လင့်ချက်ဟု စိုးစိုး ရင်ထဲက မှတ်ချက်ချမိသည်၊ ထို့ကြောင့် ကိုယ့်အကြောင်းကိုယ် သိနေသည့် စိုးစိုးက အတွင်းရှိအပမဆောင်နိုင်ဘဲ မသိမသာ ပြုံးလိုက်မိသည်။

ဒါကိုလည်း လွင်ဦးက ကွက်ခနဲ ရိပ်မိလိုက်ဟန်တူပါ၏။

“ဘာလဲ စိုးစိုးက အခု ကိုလွင်ပြောနေတာတွေဟာ စိတ်ကူးယဉ်ဆန်လွန်းတယ် ထင်လို့လား”

“စိုးစိုး ဘာကိုမှ မဝေဖန်ပါဘူး ကိုလွင်”

“ဝေဖန်ရမယ်၊ စိုးစိုး ဝေဖန်ကို ‘ဝေဖန်လာစေရမယ်’ ကိုလွင့် မင်းသားသစ်ကို စိုးစိုး တွေ့လိုက်တာနဲ့ ဝေဖန်လာစေရမယ်၊ ကိုလွင့်မင်းသားက အဲဒီလောက်ထိ အဘက်ဘက်က ပြည့်စုံတာ”



“ဒါဆို ကိုလွင် မင်းသားသစ် ရပါပြီဆိုပါတော့”

“ရပြီလေ ... ရပြီ၊ ဒီကနေ့ပဲ ရတယ်။ ကိုလွင့်ဆီကို မင်းသား လာလျှောက်တာ မဟုတ်ဘူး၊ ကိုလွင့်မိတ်ဆွေ ကိုသာနိုး ကိုလွင့်ဆီ လာလည်ရာမှာ ကိုသာနိုးရဲ့အဖော်အဖြစ် ပါလာတာ သိလား စိုးစိုး၊ ဒါထက် လူတွေရဲ့အင်စတင့်(ခ်)(Instinct)ဆိုတဲ့ အကြောင်း စိုးစိုး သတိထားမိလား”

စိုးစိုးက ခေါင်းခါပြသည်။

“အင်စတင့်(ခ်)ကို ဘာသာပြန်ရရင် အလိုလို သိစိတ်လို့ ပြန်ရမလား၊ လိုအပ်ချက်ကို သဘာဝအလျောက် ရရှိမှုလို့ ပြန်ရမလား မသိဘူး၊ အဲဒီ ကိုလွင် ဘာသာပြန်တဲ့ အထဲမှာ တစ်နည်းနည်း အကျုံးဝင်နေတာတော့ အမှန်ပဲ၊ ဘာလို့လဲဆိုတော့ ကိုသာနိုးနဲ့ပါလာတဲ့လူကို ကိုလွင် ဖျတ်ခနဲ မြင်လိုက်တာနဲ့ သူဟာ ကိုလွင် မျှော်မှန်း လိုချင်တဲ့ မင်းသားပဲလို့ ဒက်ခနဲ ကိုလွင့် ရင်ထဲမှာ ဖြစ်ပေါ်သွားတယ်”

“ကိုလွင် ထမင်းဆာရောပေါ့နော်”

“သြော်ကွာ ... မိန်းမကလည်း ဒီမှာ အားရပါးရ ပြောကောင်းနေတုန်း ထမင်းစားဖို့များ ဖြတ်ပြောရသေးတယ်”

“မဆာသေးပါဘူး စိုးစိုး၊ အခု ကိုလွင် စကားတွေအများကြီး ပြောနေတာ၊ အရက်များလို့ စကားများတာမဟုတ်တာ၊ မင်းသားသစ်ကို ရလိုက်လို့ အားရပါးရှိလွန်းလို့ ပြောနေတာပဲဟာ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဆက်ပြောလေ"

"တိုတိုပြောရရင် အဲဒီလူကို ကိုလွင်က ရုပ်ရှင်မင်းသား လုပ်မလားလို့ သွယ်ဝိုက်ပြီး မေးတယ်ပေါ့ မိန်းမရာ သူက ဒီအလုပ်မျိုး တစ်ခါမှလုပ်ဖို့ မရည်ရွယ်ခဲ့ဘူးတဲ့ ကြိုးလည်း ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ အခု အားလပ်နေ လို့ စမ်းကြည့်မယ်တဲ့"

ပြာခွက်ထဲသို့ တိုသွားသော စီးကရက်ကို ထိုးခြေ ထည့်လိုက်ပြီး နောက်ထပ်တစ်လိပ် ညှိပြန်သည်။ အရက်ခွက်ကို လည်း အပြီးသတ် မော့ချလိုက်ပြန်သည်။

"အဲဒါတော့ ကိုလွင်က ချက်ချင်း အပိုင်ကိုင်လိုက်တယ် လေ၊ သူ့ကို တစ်လသုံးထောင်ပေးမယ်၊ ကိုလွင်တို့ခြံထဲ က အိမ်လေးမှာ လာနေရမယ်၊ စိစစ်ရေးက ဇာတ်လမ်း ခွင့်ပြုချက်ကျတာနဲ့ စပြီးရိုက်မယ်၊ ကြားကာလမှာရယ် ကားမရိုက်တဲ့ ရက်တွေမှာရယ် သူဟာ ကာယလေ့ကျင့် ခန်းတွေ ယူနေရမယ်၊ စန္ဒရားတီး လေ့ကျင့်နေရမယ် စတဲ့ ကိုလွင် လိုချင်တဲ့အချက်တွေနဲ့ ချက်ချင်း စာချုပ် ဖြစ်အောင် ချုပ်လိုက်တယ်၊ အပိုင်ကိုင်လိုက်တာလေ နောက်နေ့ကျမှ စာချုပ်မယ်ဆိုရင် ဒီလူ စိတ်ပြောင်းချင် ပြောင်းသွားမှာစိုးလို့၊ စဉ်းစားကြည့်လေ စိုးစိုးရဲ့၊ ကိုလွင် ရိုက်မယ့်ဇာတ်ကားဟာ သေရော ကြေရော အလွန်ဆုံး တစ်နှစ်ထားဦး၊ ဒီမင်းသားကို တစ်လသုံးထောင်နဲ့ အလွန် ဆုံးပေးရပါမှ သုံးသောင်းခြောက်ထောင်ပေါ့ ဟုတ်ဘူးလား သူက ရုပ်ရော ခန္ဓာကိုယ်ရော သိပ်ကြည့်ကောင်းတယ်



ကိုယ်ပိုင်အသံနဲ့ သီချင်းဆိုလည်း ကောင်းတယ်၊ စန္ဒရား လည်း တီးတတ်တယ်၊ အို ... စိုးစိုး သူ့ကိုတွေ့ရင် သဘောကျမှာပါ"

"စိုးစိုးက ဘာလို့ သဘောကျရမှာလဲ ကိုလွင်"

"ဟာ ... ကိုလွင် ဆိုတာက သူ့ကို မင်းသားသစ်အဖြစ် ကိုလွင်ကိုင်ရဲတာဟာ ဒါကြောင့်ကိုးလို့ စိုးစိုး မြင်တဲ့အခါ ကိုလွင့် စိတ်ကူးကို သဘောကျမှာကို ပြောတာပါ မိန်းမ ရဲ့"

"ကဲ ... ဒါဆိုရင် ကိုလွင့်ဘက်က ပြောစရာတွေ ပြော ပြီးပြီ၊ စိုးစိုးဘက်က ပြောချင်သေးတယ် ကိုလွင်"

"ပြောလေ"

"မင်းသားသစ်ကို ခြံထဲက ပျဉ်ထောင်အိမ်လေးမှာ ထား ချင်တဲ့ကိစ္စပါ၊ တစ်ခြံတည်းမှာ နှစ်အိမ်ထောင်ဖြစ်သွားမယ် ကိုလွင်၊ သူ့ညီသည် ကိုယ့်ညည်းသည်နဲ့ အဝင်အထွက် တွေ များကြမယ်၊ စိုးစိုးအကြောင်းလည်း ကိုလွင် သိသားနဲ့၊ စိုးစိုးက ကိုယ့်အိမ် ကိုယ့်မိသားစုနဲ့ အေးအေးဆေးဆေး နေချင်တာပါ ကိုလွင်"

"အာ ... မိန်းမ အတွက်မှားပြန်ပြီ၊ ကိုလွင့် မင်းသားက မိန်းမနဲ့ ကလေးတွေနဲ့မှ မဟုတ်တာ၊ တစ်ယောက်တည်း သမား လူပျိုလူလွတ်၊ အခုမှ အသက်နှစ်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်နှစ်လောက်ပဲရှိမယ်၊ ကိုလွင့်ထက် နှစ်နှစ်သုံး နှစ်ငယ်တယ်၊ စိုးစိုးနဲ့ဆိုရင်တော့ သူက ငါးနှစ်လောက် ပိုကြီးမလားဘဲ၊ စိုးစိုးက အခု နှစ်ဆယ့်သုံးနှစ်ထဲမှာကို"

www.burmeseclassic.com

www.burmeseclassic.com



"အို ... စိုးစိုးနဲ့ သူနဲ့ ငါးနှစ်ကွာတာတွေ ဘာတွေက ဘာဆိုင်တာမှတ်လို့၊ သူဟာ လူပျိုလူလွတ်ဆိုလည်း ကိုလွင်ရဲ့ပန်းဆိုးတန်း အလုပ်တိုက်မှာပဲ တစ်နေရာ စီစဉ်ပြီးထားလိုက်ပါလား ကိုလွင်၊ အလုပ်တိုက်ကဲ ဝေအစိတ်၊ ဆေခြောက်ဆယ် နှစ်ခန်းတွဲ အကျယ်ကြီးပဲဟာ"

လွင်ဦးက ခေါင်းခါပြသည်။

"မဖြစ်ဘူး စိုးစိုး ... မဖြစ်ဘူး၊ ကိုလွင့် အလုပ်တိုက်က တစ်နေ့ တစ်နေ့ လူပေါင်းစုံ ဝင်ထွက်နေတာ၊ မင်းသားသစ်ကို နေ့တိုင်း လူမြင်ကွင်းမှာ လူတွေမြင်ရင် ရိုးသွားမယ်၊ ဒါကြောင့် ခြံထဲကအိမ်မှာထားပြီး ထမင်းတောင်ကျွေးထားတာ၊ အေးလေ ... ကိုလွင့် အစီအစဉ်အတိုင်း စိုးစိုးတို့က လက်ခံပါ၊ အိမ်မှာစားတဲ့အတိုင်း ထမင်းစားချိန် ကော်ဖီချိန်တွေမှာ သူ တိုက်အိမ်ပေါ်မှာ လာစားလိမ့်မယ်၊ အဲ ... သူ့ကို တကူးတက အထွေအထူးတော့ ဘာမှလုပ်ပေးစရာ မလိုဘူး၊ အိမ်မှာ ချက်ရိုးချက်စဉ်အတိုင်း ချက်တာကို သူ စားပလေ့စေ၊ အိမ်က စန္ဒရားကိုလည်း သူ တီးချင်တဲ့အခါ လာတီးလိမ့်မယ်၊ ဒါဟာ သူ အလုပ်အတွက် လေ့ကျင့်တဲ့သဘောပဲ၊ သဘောပေါက်တယ်နော် စိုးစိုး"

စိုးစိုးက ခေါင်းညိတ်ပြသည်။ သို့သော် ရင်ထဲကတော့ သူစိမ်းတစ်ဦးအား အိမ်သားတစ်ယောက်ကဲ့သို့ လက်ခံလိုသော ဆန္ဒမရှိ။

သို့သော် ဘာတတ်နိုင်မည်နည်း။



ကိုလွင်နှင့် ပေါင်းသင်းလာခဲ့သော (၂)နှစ်ကျော်ကျော်ကာလတွင် ကိုလွင်က သူလုပ်ချင်တာကို လုပ်ခဲ့သည်ချည်း မဟုတ်ပါလား။

"ဒါထက် စိုးစိုး မေးချင်သေးတယ်"

"မေးလေ စိုးစိုး"

"အခု ကိုလွင် ရိုက်မယ့် ဖလင်ကားထဲမှာ အိရွှေစင်ကိုကော ထည့်မသုံးဘူးလားဟင်၊ ခုန ကိုလွင် ပြောတဲ့အထဲမှာ မင်းသမီးကိုတော့ သိန်းကျော်တန် နာမည်ရပြီး မင်းသမီးကို သုံးမယ်ဆိုလို့ မေးကြည့်တာပါ"

"အင်း ... သုံးပါတယ်၊ အိရွှေစင်က ဒုတိယမင်းသမီးနေရာမှာ သုံးမှာပါ၊ ကဲ ... ထမင်းစားကြရအောင် စိုးစိုး၊ ကိုလွင် ဆာပြီ"

စီးကရက်ကို ပြာခံခွက်ထဲ ထိုးခြေရင်း လွင်ဦးထိုင်ရာမှ ထသည်။

စိုးစိုးနှင့်အတူ အိမ်ထဲပြန်ဝင်ခဲ့ရင် လွင်ဦးက ဆက်ပြောပြန်သည်။

"မင်းသားသစ်က တက္ကသိုလ်ဘွဲ့ရပြီလေ၊ နိုင်ငံခြားသင်္ဘောတွေလည်း လိုက်ခဲ့တယ်တဲ့၊ လူကတော့ ကိုလွင်နဲ့ ဆက်ဆံတဲ့နေရာမှာတောင် မာကျောကျောပဲ၊ အပြောပြတ်ပြတ်အလုပ်ပြတ်ပြတ်ဆိုတဲ့ လူမျိုးထဲကပဲ၊ အဲ ... မင်းသားက တောင်လည်းကျဖူးသတဲ့"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးထံမှ ဟင်ခနဲ အာမေဋိတ်သံ ထွက်သွားသည်။ အကြောင်းမှု ဖေဖေ နောက်ဆုံးတစ်ခေါက် မော်လမြိုင်သို့တာဝန်နှင့်သွားစဉ်က အစ်ကိုအောင်သည် တက္ကသိုလ်ဘွဲ့ရပြီးပြီ ထောင်ကျသွားသည်။ ထောင်မှလွတ်လာသောအခါ နိုင်ငံခြားသဘော် လိုက်သွားသည်ဟု ပြောခဲ့သည်။

ထို့ကြောင့် ...

ယခု မင်းသားသစ်ဆိုသည်မှာ မော်လမြိုင်တုန်းက စိုးစိုး ခင်မင်ခဲ့ဖူးသော အစ်ကိုအောင်စည်များ ဖြစ်နေလေမလားဟု "ဟင်"ခနဲ အာမေဋိတ်သံ ပြုမိခြင်း ဖြစ်ပါ၏။

"ဘာလဲ၊ မင်းသားက ထောင်ကျဖူးတယ်ဆိုလို့ စိုးစိုး လန့်သွားသလား၊ မကြောက်နဲ့ စိုးစိုး၊ ကိုလွင်ကတော့ သူ ထောင်ကျဖူးတယ်ဆိုတာလေးကို စာစောင်တွေ မဂ္ဂဇင်းတွေ ကြော်ငြာတဲ့အခါမှာတောင် ထည့်ကြော်ငြာဦးမှာ၊ ဘာပဲပြောပြော မင်းသားသစ်ရဲ့ ဝိသေသနတွေ မဟုတ်လား၊ ဘွဲ့ရပြီး မင်းသား၊ ထောင်ထွက်မင်းသားဆိုရင် ပရိသတ်က အာရုံပိုစိုက်လာနိုင်တယ်လေ စိုးစိုးရဲ့"

စိုးစိုး ဘာမှ ပြန်မပြောပါပေ။

စိုးစိုး စိတ်ထဲတွင် မင်းသားသစ် ဆိုသူမှာ အစ်ကိုအောင် မဟုတ်ပါစေနဲ့ဟုသာ ကျိတ်၍ ဆုတောင်းရတော့သည်။ မိမိ အိမ်ထောင်ကျပြီးလေမှတော့ အစ်ကိုအောင်အား စိုးစိုးမတွေ့မမြင်လိုတော့ပြီ။ ပိုနေမြဲ ကျားနေမြဲသာလျှင် ကောင်းပါ၏။ မီးဝေးဝေးတွင် ချိပ်အေးနေပါစေတော့။



ထမင်းဆာပြီဆိုသော ကိုလွင်သည် သူ ကြိုက်တတ်သော ဒရယ်သားခြောက်နှင့်လည်း မြိန်မြိန်ရှက်ရှက် ဟုတ်တိပတ်တိ မစားပေ။

အိရွှေစင်အား ရုပ်ရှင်ထဲတွင် ထည့်မထည့် စိုးစိုးက မေးလိုက်သဖြင့် အိရွှေစင်အကြောင်း စကားမဆက်ချင်တော့သဖြင့် ထမင်းဆာပြီဟု စကားလမ်းလွှဲခြင်းပေလား မသိ။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မင်းသားသစ် ပါလာမည်ဟု ကိုလွင်က ပြောသွားသည်။

ရုပ်ရှင်မင်းသားသစ် ဆိုတော့ တစ်အိမ်လုံး စိတ်ဝင်စားနေကြသည်။

ကြီးကြီးတင့် ကိုယ်တိုင် မင်းသားသစ်ကို မြင်ချင်တွေ့ချင်နေသည်။

ဒေါ်ဒေါ်အေးကလည်း အလားတူပင်။

အကဲဆုံးက မိသေးသေး ဖြစ်သည်။ မိသေးသေးတို့ ဆယ့်လေးငါးနှစ် မြီးကောင်ပေါက် အရွယ်သည် ရုပ်ရှင်၊ ဗီဒီယို၊ အငြိမ့်၊ ဇာတ်ပွဲ စသည်တို့တွင် လွန်လွန်ကဲကဲ စိတ်ဝင်စားတတ်သည်။

မိသေးသေး အလုပ်ပင် ကောင်းကောင်းမလုပ်နိုင်၊ တံမြက်စည်း လှည်းသလိုလိုနှင့် ခြံတံခါးဆီ မင်းသားသစ်ခေါ် အလာကို မျှော်ကြည့်သည်။

ကြက်မွေးခါရင်းလည်း မိသေးသေး မျက်လုံးတွေက အပြင်မျှော် မျက်လုံးတွေ ဖြစ်နေသည်။

မိသေးသေးကို အပြစ်တင်၍ မဖြစ်။



ကြီးကြီးတင့်နှင့် ဒေါ်ဒေါ်အေးတို့ပင် မင်းသားသစ် အလာကို မသိမသာ ဣန္ဒြေမပျက် မျှော်မိကြသည်။

ဘယ်သူလာလာ ဘယ်သူမလာလာ ဘာကိုမျှ မမျှော်သည်ကတော့ စိုးစိုးပင်။

စိုးစိုး စိတ်ထဲတွင် ဘာကိုမျှ ဆန္ဒပြင်းပြင်းနှင့် လုပ်ဆောင်သည်လည်း မရှိပေ။

ကိုလွင် လာလျှင် ကိုလွင့် ဝေယျာဝစ္စလေးတွေ လုပ်နေကျအတိုင်း လုပ်ပေးလိုက်သည်။

ကိုလွင် အိမ်ပြန်နောက်ကျသော ညများတွင် ညကိုးနာရီမှ ဆယ်နာရီအထိတော့ စိုးစိုး စောင့်သည်။ ဆယ်နာရီထိုး၍မှ မလာလျှင်တော့ စိုးစိုး တာဝန်ကုန်ပြီ။ အိပ်ရာထဲဝင် အိပ်လိုက်သည်။

ကိုလွင် ဘယ်များသွားနေပါလိမ့်။ ကောင်မလေးတွေနဲ့များ အပျော်လွန်နေသလားဟု စိတ်ထဲက သရိုးသရီလေး ဆင်မှတ်လိုက်သော်လည်း အိပ်ရေးပျက် အိပ်မပျော်သည်အထိတော့ စိုးစိုးစိတ်ကိုက မပြင်းထန်ပေ။

ည ဆယ်နာရီထိုးပြီး အိပ်ရာထဲဝင်လိုက်သည်ဆိုလျှင် နောက်ထပ် တစ်အောင့်တစ်ခဏအတွင်းမှာပင် စိုးစိုး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

အိပ်ပျော်ချိန်အတွင်း ကိုလွင် ရောက်လာပြီး သူ့ကိုနှိုးလျှင်လည်း နိုးပေသည်။ ကိုလွင်က မနှိုးလျှင်လည်း မိုးလင်းအစ်ရေး အိပ်ပျော်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အပြင်ဘက်တွင် မင်းသားသစ်နှင့် ကိုလွင် လာကြမည်ကို ကြီးကြီးတင့်၊ ဒေါ်ဒေါ်အေးနှင့် မိသေးသေးတို့ ပြုံးတစ် ပြုံးတစ် ဖြစ်နေစေကာမူ စိုးစိုးက သူမ၏အိပ်ခန်းထဲဝယ် လဲလဲလျောင်းလျောင်းလေး နေပေသည်။

စိုးစိုးဘဝကို စိုးစိုး ပြန်တွေးကြည့်နေမိသည်။

"ဓာတ်ဆရာက ထွက်ဟဲ့ ထွက်ဟဲ့၊ နင့်အခန်းရောက်ပြီဆိုလို့ ငါ ထွက်ခဲ့ရတယ်၊ ငါ ဘာကောင်ပါလိမ့်"

ဟု ဓာတ်ပွဲထဲက လူပြက်တစ်ဦး ပြက်သည်နှင့်ပင် တူသေးတော့။

ဓာတ်ကပြနေသည်က သားကို စွန့်ချီသည့်ဓာတ်လမ်း။ လူပြက်က စွန့်လုပ်ရမည်။ သို့သော် လူပြက်သည် သူ့စွန့်ချီခန်း မရောက်သေးသဖြင့် မှေးရင်း အိပ်ပျော်သွားသည်။ သူ့အခန်းရောက်သည်နှင့် ဓာတ်ဆရာက သူ့အား အတင်းနှိုးပြီး ဟေ့ကောင် ... မင်းအခန်းရောက်ပြီ၊ ကန့်လန့်ကာရှေ့ ထွက်တော့လေကွာဟု တွန်းထုတ်လိုက်မှ သူ ထွက်လာသည်။ ရုတ်တရက် သူထွက်ပြရမည့်အခန်းကို သူ့ဟာသူ အိပ်ချင်မူးတူးနှင့် မမှတ်မိ။ သူ တင်ကြိုဝတ်ဆင်ထားသော စွန့်တစ်ကောင်၏ဝတ်စုံကို ငုံ့ကြည့်မိမှ သြော် ... ဒီည သားကို စွန့်ချီခန်း မိမိ ကရပါလားဟုသိသည့်နှယ်။

စိုးစိုးဘဝကလည်း နှလုံးသား အိပ်မောကျနေခဲ့သည်။

ထိုစဉ်မှာပင် မန္တလေး မင်္ဂလာဆောင်တစ်ခုတွင် ဖေဖေ မေမေ၏ မိတ်ဟောင်းဆွေဟောင်း ဦးဘပွား ဒေါ်စိန်ဝင်းသား ကိုလွင်ဦးတို့နှင့် ပြန်လည်တွေ့ဆုံကြသည်။



တွေ့ဆုံကြပြီး ဆယ်ငါးရက်အကြာမှာပင် ကိုလွင်ဦးဟာ သမီးအတွက် အသင့်တော်ဆုံးလူဟု ဖေဖေနှင့် မေမေ၏ ဆန္ဒအရ ကိုလွင်ဦးကို စိုးစိုး လက်ထပ်ခဲ့သည်။ ပေါင်းသင်းခဲ့သည်။

သည်နောက်တော့ ဇနီးမယား၏ဝတ္တရားများဖြင့် သျှောင်နောက် ဆံထုံးပါ ရန်ကုန်သို့ ရောက်လာခဲ့ကြသည်။

"ဒေါက် ... ဒေါက် ... အစ်မစိုး ... အစ်မစိုး"

"ဟေ ... မိသေးသေးလား"

"ဟုတ်ပါတယ် အစ်မစိုး၊ အစ်ကိုကြီး ပြန်ရောက်လာပြီ၊ အစ်မစိုးကို ခေါ်ခိုင်းလို့ ကျွန်မ အထဲကို ဝင်ခဲ့ရမလား အစ်မစိုး"

"ဝင်ခဲ့လေ"

ကိုလွင် ပြန်ရောက်လာပြီး ခေါ်ခိုင်းပါသည် ဆိုသဖြင့် စိုးစိုး လဲလျောင်းရာမှ ထလိုက်သည်။

မိသေးသေး အခန်းထဲဝင်လာသည်။ မိသေးသေး၏ မျက်နှာလေးမှာ ပြုံးစိပြုံးစိဖြင့် တစ်ခုခုကို တော်တော်သဘောကျလာသည့် မျက်နှာမျိုး ရှိနေသည်။

"အောက်မှာ အစ်ကိုကြီးနဲ့အတူတူ မင်းသားပါလာတယ်၊ အစ်မစိုးရဲ့အစ်ကိုကြီးက ဒီအိမ်မှာနေစဉ် ဆက်ဆံရမယ့်လူတွေဆိုပြီး ကြီးကြီးတင်နဲ့ရော ဒေါ်ဒေါ်အေးနဲ့ရော၊ အို ... မိသေးသေး ကျွန်မနဲ့ပါ မင်းသားနဲ့ မိတ်ဆက်ပေးတယ်"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးက တွန့်ကြေသွားသော ထဘီနေရာများကို လက်ဝါးဖြင့် ပြန်ဖြန့်သည်။ တွန့်တွန့်တက်တက်လေး ဖြစ်နေသည့်အင်္ကျီစကို ဆွဲဆွန့်သည်။

"အစ်ကိုကြီး မင်းသားချွေးတာ သိပ်ကိုမှန်တယ် အစ်မစိုးရဲ့"

စိုးစိုးက ဦးခေါင်းဆံပင်များ ပွနေသည်ကိုတော့ မှန်တင်ခုံရှေ့ ဝင်ရပ်ပြီး ဘီးနှင့်ဘရပ်(ရှ်)သပ်ချရပေသည်။

"အစ်ကိုကြီးတော့ ဒီမင်းသားနဲ့ ရိုက်ပြီးလို့ ရုံတင်ပြရင် ပိုက်ဆံတွေ အရမ်းမြတ်မှာ သေချာတယ် အစ်မစိုး"

စိုးစိုးက မန္တလေးမှ မေမေ မပြတ်ပို့ပေးသော သနပ်ခါးမှုန့်လေး နည်းနည်းပါးပါး မျက်နှာတွင် ဖို့လိုက်သည်။ ကိုလွင်က မိမိမျက်နှာတွင် ဘာမှမလိမ်းထားလျှင် မကြိုက်တတ်ချင်သောကြောင့် ဖြစ်ပါ၏။

"မင်းသားက တည်တည်ခန့်ခန့်နဲ့ ချောတယ်၊ အရပ်အမောင်းနဲ့ သူ့ဗလကလည်း သိပ်ကြည့်ကောင်းတာပါ အစ်မစိုးရယ်၊ စပို့ရှပ်ဝတ်ထားတာ၊ လက်မောင်းကြွက်သားတွေကို ထစ်နေတာပဲ"

စိုးစိုးမှာ မိသေးသေး တစ်ယောက် အူမြူးစွာဖြင့် မင်းသားကို သဘောကျနေပုံ နားထောင်ပြီး ပြုံးမိသည်။ ကိုလွင်ကလည်း သူ့မင်းသားကို အမွှန်းတင်ပြောထားသံ ကြားထားပြီးသောကြောင့် ယခု မိသေးသေး၏ ဒုတိယအကြိမ် ချီးမွမ်းခန်းကို ပြုံးမိခြင်းဖြစ်ပါ၏။



"မင်းသားက တည်တည်နေတော့လည်း တည်တည်ခန့်ခန့် ကြည့်ကောင်းတယ်၊ အစ်ကိုကြီးက အားလုံးနဲ့မိတ်ဆက်ပေးတော့ မင်းသားက တစ်ယောက်စီကိုပြုံးပြီး နှုတ်ဆက်တယ် အစ်မစိုးရဲ့၊ ကျွန်မလို အိမ်ဖော်ကိုတောင် သူက ပြုံးနှုတ်ဆက်တာ၊ ကျွန်မရင်ထဲ ဒိန်းခနဲ ဒိန်းခနဲ ဖြစ်သွားတာပဲ၊ မင်းသား ပြုံးလိုက်ရင် အရမ်းကြီးကို ကြည့်ကောင်းတယ် အစ်မစိုးရယ်၊ သူ့နှုတ်ခမ်းထူကို ဖွင့်ပြုံးလိုက်တော့ သွားတွေက ဖြူပြီးညီနေတယ်၊ ပုလဲရောင်တောက်နေတယ်၊ ပြီးတော့ သူ့အပေါ်သွားရဲ့ ဟိုဘက်ဒီဘက်အစွန်းမှာ သွားစွယ်လေးတစ်ချောင်းစီနဲ့"

"ဟင် ... ဘုရား ... ဘုရား"

စိုးစိုးသည် သွားစွယ်လေးတစ်ချောင်းစီနှင့်ဟု ပြောသံကြားသည်နှင့် ရင်ထဲမှာ ဟင်ခနဲ ဖြစ်သွားကာ နောက်ဆက်တွဲ ကျိတ်၍ ဘုရားတလိုက်မိတော့သည်။

"ဘာရယ် ... မိသေးသေး၊ သွားစွယ်လေး တစ်ချောင်းစီ ပေါင်ကွပ်ထားတယ် ဟုတ်လား"

"ဟုတ်တယ် အစ်မစိုးရဲ့၊ အပြင်ဘက်ကျရင် အစ်မစိုး မင်းသားကို တွေ့မှာပါ၊ အစ်မကြီးက အားလုံးနဲ့မိတ်ဆက်ပေးပြီး အစ်မစိုးတစ်ယောက်သာ ကျန်တော့လို့ ကျွန်မကို ခေါ်ခိုင်းလိုက်တာလေ၊ လာလေ သွားစို့ အစ်မစိုး"

မနေသာသဖြင့် စိုးစိုးက အပြင်ဘက်သို့ ထွက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ မဟုတ်ပါစေနဲ့၊ တခြား သွားစွယ်နဲ့လူ ဖြစ်ပါစေ၊ အစ်ကိုအောင် မဖြစ်ပါစေနဲ့ ဘုရား"

ထမင်းစားခန်းကို ဖြတ်ခဲ့ရသည်။

သူက အိမ်အတွင်းပိုင်းကို ကျောပေးပြီး ထိုင်နေသည်။

ကိုလွင်က အထဲကို မျက်နှာပြု ထိုင်နေသဖြင့် စိုးစိုး ထွက်လာသည်ကို ကိုလွင်က အရင်မြင်သည်။

"ဟော ... စိုးလေး ... လာ ... လာ ... ဘာလို့ အခန်းအောင်းနေတာလဲ၊ နေမကောင်းလို့လားဟင်၊ ဒီမှာလေ... ကိုလွင့် မင်းသား၊ စိုးကို ကိုလွင် ပြောထားဖူးတဲ့ မင်းသားလေ"

သူသည် ထိုင်ရာမှထပြီး စိုးစိုး လာရာဘက်သို့ လှည့်လိုက်သည်။

သောကြာကြယ်နှင့် လမင်း ထိပ်တိုက်တွေ့လိုက်ရသလား မှတ်ယူအောင် နှစ်ဦးစလုံး လင်းခနဲ လက်ခနဲ ဝေဒနာကိုယ်စီ ခံစားလိုက်ရပါလေ၏။

"ဟဲ့ ... မိဆိုး"

"ဟင် ... အစ်ကိုအောင်"

နှစ်ဦးစလုံး တဒင်္ဂတော့ မှင်တက်မိသွားကြသည်။ တစ်ဦးကိုတစ်ဦး စူးစူးစိုက်စိုက်လေး ကြည့်နေမိကြသည်။

"သြော် ... သြော် ... စိုးစိုးနဲ့ ကိုအောင်စည်က သိကျွမ်းနေကြပြီးသားကိုး၊ ဟဲ ... ဟဲ ... ဟန်ကျလိုက်လေဗျာ။ ခင်ဗျားနဲ့ ကျွန်တော့်မိန်းမ သိကျွမ်းပြီးသားဆိုတော့ လုပ်



ငန်းမှာ ပိုပြီးအဆင်ပြေတာပေါ့။ ဟဲ ... ဟဲ ... ဟဲ ... လာ ... လာ ... စိုးစိုး ဒီမှာထိုင်"

စိုးစိုးကို တယုတယ လွင်ဦးက လက်ဆွဲကာ သူ၏ဘေးတွင် ထိုင်စေသည်။

မင်းသားသစ် အစ်ကိုအောင်ခေါ် အောင်စည်ကသည်း နဂို သူ့နေရာတွင် ပြန်ထိုင်လိုက်တော့သည်။

"ဆိုပါဦး၊ စိုးစိုးနဲ့ ကိုအောင်စည်က ဘယ်တုန်းက ဘယ်မှာသိကျွမ်းခဲ့တာလဲ"

"မော်လမြိုင်မှာပေါ့ဗျာ၊ ကျွန်တော်က မော်လမြိုင် ဒီဂရီကော်လိပ် ဒုတိယနှစ်မှာ၊ ဟောဒီ မိဆိုးက ကျွန်တော်နဲ့ ခြံချင်းကပ် ရဲဝန်ထောက်ကွာတာအိမ်ကို ပြောင်းလာကြတာ၊ အဲဒီတုန်း မိဆိုးက ဆယ့်ငါးနှစ်လောက် ရှိသေးတယ်၊ ငယ်ငယ်က သိပ်ဆိုးတယ် သိပ်စွာတယ်လေ၊ ကျွန်တော် သူ့ဒဏ်ကို တော်တော်ခံလိုက်ရသေးတယ်"

"သြော် ... သြော် ... နေပါဦး၊ ကိုအောင်စည်က အဲဒီတုန်းကတည်းက စိုးစိုးကို မိဆိုးလို့ ခေါ်ခဲ့ပုံပဲ၊ ဘာလို့လဲ"

"ဆိုးလွန်းလို့ပေါ့ ကိုလွင်ဦး၊ တကယ်တော့ ဆိုးဆိုးလို့ ခေါ်သင့်တယ်၊ ဒါပေမဲ့ မွန်ပြည်နယ်မှာက မိန်းကလေးတစ်ယောက်ကို ချစ်စနိုးခေါ်ရင် ရှေ့က မိတပ်ပြီး ခေါ်တယ်၊ ဒါကြောင့် မိဆိုးလို့ ခေါ်ခဲ့တာ"

"သြော် ... သြော် ... ချစ်စနိုး ခေါ်ခဲ့တာကိုး"

ဟု ပြောပြီး ကိုလွင်ဦးသည် တဟားဟား ရယ်မောပြန်သည်။

www.burmeseclassic.com



စိုးစိုးက အားရပါးရ ရယ်နေသော ကိုလွင့်ကို ငေးကြည့်မိသည်။ ယနေ့ မင်းသားသစ် ရလာပြီမို့ ကိုလွင် ပျော်နေပုံရသည်။ သည်ကြားထဲ ကိုလွင်၏မင်းသားသစ်နှင့် စိုးမိုးက သိဟောင်းကျွမ်းဟောင်း ဖြစ်နေပြန်သည်ကို တွေ့ရပြီး ပိုမိုအူမြူးနေဟန် တူပါ၏။

"အေးပေါ့ဗျာ၊ ကျွန်တော့်အပေါ် ဆိုးလွန်းလို့ မိဆိုးလို့ ခေါ်ရာက ခေါ်ဖန်များတော့လည်း ခုချိန်ထိ မိဆိုးလို့ပဲ နှုတ်ကျိုးနေတာ"

"ခေါ်ဖန်များတော့ ဆိုတော့ ကိုအောင်စည်နဲ့ စိုးစိုးတို့ မော်လမြိုင်မှာ တော်တော်ကြီး ကြာအောင် ခင်မင်နားခင်းနေခဲ့တယ်ပေါ့ ... ဟုတ်လား၊ ကိုအောင်စည်"

အောင်စည်က ကိုလွင်ဦး မေးသည်ကို မဖြေသေးဘဲ ကိုလွင်ဦး မေးမြန်းပုံကို စိုက်ကြည့်သေးသည်။

ပြီး ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သည်။

"တော်တော်လေးလည်း မကြာဘူး၊ သိပ်ကြီးလည်း မကြာလိုက်ဘူး၊ အဲ ... ခြောက်လလောက်တော့ ကြာမယ်ထင်တယ်၊ မိဆိုးတို့ဖေဖေက ရာထူးတက်ပြီး မှသိမ်ကိုပြောင်းသွားတယ်၊ ဟုတ်တယ်နော် မိဆိုး၊ မော်လမြိုင်မှာ ခြောက်လလောက်ပဲ ကြာတယ် မဟုတ်လား"

"စိုးစိုး မမှတ်မိတော့ဘူး အစ်ကိုအောင်"

စိုးစိုးက တိုတိုပြတ်ပြတ် အသံလေးနှင့် ပြန်ဖြေလိုက်သည်။ ပြီး ခေါင်းငုံ့သွားပေသည်။



"အင်း ... ဟုတ်ပါတယ်၊ အဲဒီလောက်ပါပဲ၊ မှတ်မှတ်ရရ မိဆိုးတို့ ပြောင်းသွားပြီလို့ ကျောင်းကြီးပြန်ဖွင့်မှ ကျွန်တော် တတိယနှစ်တက်တာကို မှတ်မိနေတယ်၊ အဲဒီနှစ်မှာပဲ ကျွန်တော့်ပန်းခြံထဲက ပန်းပင်တွေလည်း သေကုန်လို့ ပိုပြီး မှတ်မှတ်မိမိ ရှိသေးတယ်"

စိုးစိုးက အစ်ကိုအောင်ကို လှမ်းကြည့်မိသည်။ အဲသည်နှစ်မှာပဲ ကျွန်တော့်ပန်းခြံထဲက ပန်းတွေလည်း သေကုန်လို့ ပိုပြီးမှတ်မှတ်မိမိ ရှိသေးတယ်ဆိုသည့် စကားသည် စိုးစိုး၏ ရင်ထဲ နင့်သွားရပါ၏။

မိမိတို့ ပြောင်းလာပြီးနောက် အစ်ကိုအောင်သည် သူ အင်မတန် ယုယမြတ်နိုးစွာဖြင့် ပေါင်းသင်ရေလောင်းမြောင်းဖော်ပေးခဲ့သော ပန်းတွေကို လျစ်လျူရှုပြီး ရေမလောင်း မြေတောင်မြှောက် ပစ်ထားသောကြောင့် ပန်းပင်တွေ သေသွားသည်ပဲ ဖြစ်ပေလိမ့်မည်။

"အေးလေ ... ဒါတွေက စကားစပ်မိသွားလို့ ပြောနေတာပါ၊ တကယ်တော့ ကျွန်တော်ဇနီး စိုးစိုးနဲ့ ကိုအောင်စည်တို့ အသိအကျွမ်းဟောင်းတွေ ဖြစ်နေတာကိုပဲ ကျွန်တော်က ဝမ်းသာနေပြီ။ ကျွန်တော့်လုပ်ငန်းမှာ ခင်မင်ပြီးသားကို အရင်းခံလို့ စေတနာတွေထားပြီး ကိုအောင်စည် လုပ်ပေးမယ်လို့ ပိုပြီး ယုံကြည်စိတ်ချသွားရတာပေါ့ဗျာ"

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားမှာပါ ကိုလွင်ဦး၊ မိဆိုးနဲ့ ပတ်သက်လာပြန်တော့ ကိုလွင်ဦးတို့ ဇနီးမောင်နှံရဲ့အကျိုးရှိမှုကို ကျွန်တော်က ပိုပြီးစေတနာနဲ့ ဆောင်ရွက်ရမှာပေါ့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ကိုအောင်စည်၊ ကဲ … ကျွန်တော်ညနေပိုင်း အလုပ်တွေ ကျန်ခဲ့သေးတယ်၊ ပန်းဆိုးတန်းပြန်ပြီး လက်စသတ်ဦးမှ၊ အခု ကိုအောင်စည်ကို အိမ်မှလိုက်ပို့တာ သက်သက်ပဲ၊ ဩော် … စိုးလေးရေ၊ ကိုအောင်စည်အတွက် ပျဉ်ထောင်အိမ်လေးမှာ နေခင်းထိုင်ခင်း နေရာချပေးလိုက်ကွာ"

ပြောပြောဆိုဆို လွင်ဦးသည် သူ၏ပစ်ကပ်ကားလေးနှင့် ပြန်ထွက်သွားတော့သည်။

လွင်ဦးက ကိုအောင်စည်ကို နေခင်းထိုင်ခင်း နေရာချပေးလိုက်ပါဟု ဆိုသော်လည်း ကိုအောင်စည်ကို ကြီးကြီးတင့်နှင့် ဒေါ်ဒေါ်အေးက ပျဉ်ထောင်အိမ်လေးဆီသို့ စိုးစိုး ခိုင်းသည့်အတိုင်း လိုက်လံပို့ပေးကြပေသည်။

စိုးစိုးက ပျဉ်ထောင်အိမ်လေးဆီသို့ လုံးဝလိုက်ပါခြင်း မပြုပါလေ။

❋ ❖ ❋



အိမ်သို့ အစ်ကိုအောင် ရောက်ခဲ့သည်မှာ သီတင်းတစ်ပတ်ပင် ကျော်လေပြီ။

ကိုလွင်နှင့် ပထမဆုံး လိုက်ပါလာသည့်နေ့က စိုးစိုးကို တွေ့တွေ့ချင်း အစ်ကိုအောင် အံ့ဩသွားပုံရသည်။ ပြီး … စကားဝိုင်းတွင် စိုးစိုးအား ရိုးသားစွာ ခင်မင်မြဲ ခင်မင်သည့်သဘောဖြင့် ရောရောနှောနှောလေး စကားပြောသေးသည်။

ဤသည်နောက်တော့ အစ်ကိုအောင်ကပင် စိုးစိုးအား ရှောင်ရှောင်ရှားရှားလေး နေသွားတော့သည်။

အစ်ကိုအောင် ရှောင်ရှောင်ရှားရှားလေး နေပြန်တော့လည်း စိုးစိုး ရင်ထဲတွင် ကျိတ်ပြီးနာကျင်သော ဝေဒနာလေး ခံစားရသည်။

သို့စေကာမူ စိုးစိုးက ရင်ထဲတွင် ကျိတ်၍သာခံသည်။ စိုးစိုးကိုယ်တိုင်ကလည်း ခပ်ရှောင်ရှောင်လေး ဆက်လက်နေသည်ပင်။ အစ်ကိုအောင် အိမ်ကြီးပေါ်သို့ ကော်ဖီသောက်၊ ထမင်းစားလာသည့်အခါ စိုးစိုးက စားပြီးသောက်ပြီးသွားပါပြီ၊ သို့မဟုတ် ကိုလွင့်ကို စောင့်နေသည်ဆိုသည့် ဆင်ခြေများဖြင့် အစ်ကိုအောင်နှင့် တစ်ဝိုင်းတည်း မစားဖြစ်အောင် ရှောင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင့်နှင့် ဒေါ်ဒေါ်အေးကပင် အစ်ကိုအောင်အား ကျွေးမွေးသွားသည် ဖြစ်ပါ၏။

"စိုးစိုးရယ် ... မောင်အောင်စည်ကို အားနာစရာကွယ်။ ကိုယ်က အိမ်ရှင်မ မဟုတ်လား။ နောက်ပြီး အရင်ကခင်း ဖူးတဲ့လူ မဟုတ်လား။ အိမ်ရှင်မက သိပ်အနေစိမ်းလွန်းတော့ သူ့ခမျာ မစားဝံ့ မသောက်ဝံ့ ဖြစ်ရာမယ်ကွယ်"

"မဟုတ်တာပဲ ကြီးကြီးတင့်၊ တကယ့် အိမ်ထောင်ဦးစီး လုပ်ငန်းရှင် ကိုလွင်က အရမ်းအခွင့်အရေး ပေးထားသားပဲ၊ နောက်ပြီး ကြီးကြီးတင့်နဲ့ ဒေါ်ဒွေါ်အေးကလည်း သူ့ကို ဂရုစိုက်သားပဲ၊ စိုးစိုးဘာသာပဲ နေပါရစေ ကြီးကြီးတင့်၊ အစ်ကိုအောင်ဟာ နားလည်မှုရှိတဲ့လူ သဘောထားကြီးမြင့်တဲ့လူပါ၊ အိမ်ထောင်ရှင်ဘဝမှာ ဘယ်သူစိမ်း ဘယ်ယောကျ်ားနဲ့မဆို သီးသီးသန့်သန့်လေးနေတာ ကောင်းပါတယ်"

ကြီးကြီးတင့်က ခေါင်းတညိတ်ညိတ်ဖြင့် "အင်း_ စိုးစိုးကတော့ တကယ့် မိန်းမကောင်း မိန်းမမြတ်ပါပဲကွယ်"ဟု ညည်းညူသံနှင့် ပြောရှာပေသည်။

"စိုးရေ ... စိုးစိုးရေ"

"ရှင် ... လာပါပြီ ကိုလွင်"

ညနေ ငါးနာရီသာ ရှိသေးသည်။ ကိုလွင် အစောကြီး အိမ်ပြန်လာသည်။

ကားပေါ်မှဆင်း၊ အိမ်တံခါးဝင်ကတည်းက စိုးစိုးကို ကသောကမျောခေါ်ပြီး ဝင်လာသည်။



စိုးစိုးသည် ကပျာကယာ မီးဖိုဘက်ဆီမှ ပြေးထွက်လာခဲ့ပါ၏။ ပြီး ကိုလွင့်လက်ထဲမှ အတာချီကေ့(စ်)ကို လှမ်းယူလိုက်ပေသည်။

"ကိုလွင် ဒီနေ့ စောသားပဲ"

"စောတယ်လေ၊ တမင် ဝမ်းသာစရာ စကားပြောချင်လို့ အိမ်ကို တန်းပြေးလာတာ၊ ကိုလွင့် ဓာတ်လမ်း စိစစ်ရေးကို တင်ထားပြီး ခွင့်ပြုချက်စောင့်နေရတဲ့ ဓာတ်လမ်းက ကနေ့ ခွင့်ပြုချက်အမိန့် ကျလာပြီ စိုးစိုးရဲ့။ ကိုလွင့်မှာ အားလုံး အဆင်သင့် ဖြစ်နေပြီ၊ အဲဒီခွင့်ပြုချက်ကို တမျှော်မျှော် စောင့်နေတာ၊ ဝမ်းသာလိုက်တာ မိန်းမရာ"

ကိုလွင်ကို ကြည့်ပြီး စိုးစိုး စိတ်ချမ်းသာရပါ၏။ ကိုလွင့် အကျင့်မှာ သူ အားသန်သော အလုပ်သစ်တစ်ခု လုပ်တော့မည်ဆို အရုပ်သစ်ရသော ကလေးငယ်တစ်ဦးလို ဟန်မဆောင်နိုင်အောင် မြူးနေပေသည်။

"သိပ်ကောင်းတာပေါ့ ကိုလွင်၊ ဒါထက် ကိုလွင် စိစစ်ရေးတင်ထားတဲ့ ဓာတ်ကားနာမည်က ဘာတဲ့လဲဟင်"

"အာပါးပါး ... သေပါတော့ မိန်းမရာ"

လွင်ဦးသည် ရယ်မောရင်း သူ့နဖူးကို သူ့လက်ဝါးဖြင့် ရိုက်လိုက်သေးသည်။

"ကိုယ့်ယောကျ်ားတစ်ယောက်လုံး ဒီလောက် အားတက်သရော လုပ်နေတဲ့ ဓာတ်လမ်းနာမည်ကို မိန်းမက မသိဘူး"

စိုးစိုးလည်း ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တမဲ့ပဲ ကိုလွင်၊ စိုးစိုးက ကိုလွင် လုပ်နေသမျှ ကောင်းမှာပါဆိုတဲ့စိတ်နဲ့ ပေါ့ပေါ့လေးပဲ နေမိလို့ပါ"

"မှတ်ထား ... ကိုလွင့် ရုပ်ရှင်နာမည်လေးက 'လေအနှောကြွေတော့မလို' တဲ့"

"အလဲ့ ... တယ်လည်း ကဗျာဆန်တဲ့ နာမည်လေးပါလား ကိုလွင်"

"ဟာ ... ကောင်းဆို မပြောနဲ့တော့၊ ဇာတ်လမ်းနာမည်ကိုလည်း ကိုလွင် ကိုယ်တိုင်ပေးတာ၊ ဇာတ်လမ်းလည်း ကိုလွင်ကိုယ်တိုင် ရေးတာ၊ ဒါကြောင့် ကိုလွင့်ဇာတ်လမ်းနဲ့ ကိုက်ညီမယ့် မင်းသားကို တပင်တပန်း ရှာထားတာ"

"ကိုလွင် ကိုယ်တိုင်ရေးတဲ့ ဇာတ်လမ်းပေါ့နော်"

"ကိုယ်တိုင်ရေးဆိုတော့ ကိုလွင် ဘယ်အားမလဲ၊ အားတောင်မှ ဝတ္ထုအနေနဲ့တော့ ကိုလွင် ဘယ်ရေးတတ်မလဲ၊ ကိုလွင်က ရင်ထဲမှာရှိနေတဲ့ ဇာတ်လမ်းကို ကက်ဆက်တိပ်ခွေနဲ့ သွင်းထားတယ်၊ သိပ်အစီအစဉ်တိုင်းရယ်တော့ မဟုတ်ဘူး၊ ဇာတ်လမ်းထဲ ပါစေချင်တာတွေ ဖြစ်စေချင်တာတွေ ပုံပြောသလို လျှောက်ပြောပြီး သွင်းထားတာ၊ ပြီးမှ ဒါရိုက်တာနဲ့ ဇာတ်ညွှန်းဆရာရဲ့လက်ကို အသံသွင်းခွေ အပ်လိုက်တယ်၊ ဇာတ်ညွှန်းဆရာက သင့်တော်သလို သူ့ပညာနဲ့ ဇာတ်ညွှန်းတွေခွဲပြီး စိစစ်ရေးကို တင်လိုက်တာ စိုးစိုးရဲ့"

"ဘယ်ဆိုးလို့လဲ၊ ကိုလွင်က ဘာမဆို လုပ်တတ်တာပဲ၊ သီချင်းတွေ ကိုယ်တိုင်ရေး၊ သံစဉ်တွေ ကိုယ်တိုင်ရှာနဲ့"



"ကဲ ... ခဏထိုင်ဦး မိန်းမရ၊ ကိုလွင် ပြောချင်တာလေးတွေ ဆက်ပြောချင်နေလို့"

စိုးစိုးက အတာချီကေ့(စ်)ကို ကိုင်ထားရာမှ စားပွဲပေါ်တင်ထားပြီး ဆိုဖာတစ်ခုတွင် ထိုင်လိုက်သည်။

ကိုလွင်ဦးက အပေါ်အင်္ကျီကိုချွတ်ပြီး စားပွဲပေါ်တင်ထားပြီး ဆိုဖာတစ်ခုတွင် ထိုင်ချလိုက်သည်။

"ကိုလွင်ရဲ့ လေအနှောကြွေတော့မလို ဇာတ်လမ်းလေးက တော်တော်ကောင်းတယ်၊ လှည့်ကွက် မြှုပ်ကွက်လေးတွေလည်း တော်တော်ပါတယ်၊ ဒါကြောင့် ဇာတ်လမ်းနဲ့လိုက်ဖက်တဲ့ ကိုအောင်စည်လိုလူကို တမင်ရှာပြီး ရွေးရတာ၊ သူ့ရဲ့ ပင်ကိုတည်ကြည်တဲ့ရုပ်နဲ့ နေထိုင်တတ်ပုံ၊ သူ့ရဲ့ လှုပ်ရှားမှုဟာ လေးသလိုလိုနဲ့ သွက်ပြီဆို အရမ်းသွက်ပုံ၊ နောက်ပြီး သူ ပြုံးလိုက်ရယ်လိုက်တိုင်း သွားစွယ်လေးနှစ်ချောင်းနဲ့ ပရိသတ်ကို ဆွဲအားကောင်းပုံ၊ သူ့ဆံပင်တွေဟာ ဖိုသီဖတ်သီနဲ့ လှိုင်းကြီးတွေ ထနေပုံ၊ သူ့ရုပ် သူ့ဗုလ သူ့အရပ်အမောင်းနဲ့ သူ့ကိုယ်ပိုင် တီးနိုင်ဆိုနိုင်ပုံ ... တောက်"

ကိုလွင်က စကားပြောရင်းပင် မချင့်မရဲ ဖြစ်လွန်းသည်နှင့် တောက်ခေါက်လိုက်ပါသေးသည်။

"စကားမဆုံးသေးဘူး၊ ဘာလို တောက်ခေါက်တာလဲ ကိုလွင်"

"ဪ ... ကိုယ့်ကိုယ်ကို မကျေနပ်လို့ပါ၊ ကိုယ့်ဇာတ်ကားကို ကိုယ်တိုင်တောင် ဝင်ရိုက်ချင်တာ၊ မဖြစ်နိုင်လို့သာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ကိုလွင့်မှာ ကိုယ်ပိုင်အနုပညာရော၊ အဆို အတီး အရေး အစပ်ရော ရုပ်ရော ရှိပြီးသားပဲဟာ"

ကိုလွင်ဦးက ခေါင်းခါပြလိုက်သည်။

"မရဘူး စိုးစိုး၊ ကိုယ်တိုင် အခွေရိုက် စမ်းကြည့်ပြီးပြီ၊ တေးသံသွင်းကအစ ဗီဒီယိုရုပ်ရှင်တွေ ရိုက်တာတွေဟာ စက်အားကို အသုံးပြုရတယ်၊ စက်နဲ့လူနဲ့ ဖက်စပ်ရတယ်၊ ကိုလွင် အပြင်ဘက်မှာ ဆိုတတ်ပါတယ်၊ အထိုက်အလျောက်လည်း ကိုလွင့်ရဲ့အဆိုကို ကြားရသူတွေ လက်ခံပါတယ်၊ ဒါပေမဲ့ စက်နဲ့အသံသွင်းပြီး ကိုလွင် ဆိုတဲ့အခါကျတော့ စက်နဲ့ ကိုလွင့်အသံနဲ့ လမိုင်းမကပ်ဘူး"

"ဘာလဲ ... လမိုင်းမကပ်ဘူး ဆိုတာက"

"ကိုလွင့် အသံနဲ့ စက်သံဟာ မဖက်စပ်မိဘူးပေါ့ စိုးစိုး၊ အသံသွင်းဆိုတဲ့အခါ ကိုလွင့်အသံကအက်နေတာတို့၊ မပီပြင်တာတို့ ရှိနေတယ်"

"စက်က အညံ့စားဖြစ်နေရင်ကော"

"အကောင်းဆုံးစက်နဲ့ စမ်းပြီးပြီ၊ အက်သံနဲ့ မပီပြင်တဲ့အသံပဲ ထွက်တယ်၊ အဲ ... ဗီဒီယိုအခွေနဲ့ ရုပ်ကိုလည်း စမ်းရိုက်ဖူးခဲ့ပြီ၊ ကိုလွင့်ရုပ်ဟာ အပြင်မှာ ထိုက်သင့်သလောက် ကြည့်ကောင်းပေမယ့် ဖလင်ခွေထဲကျတော့ ကြည့်မကောင်းပြန်ဘူး၊ ဖိုတိုဂျင်းနစ် မဖြစ်ဘူး၊ ကင်မရာ မစားဘူး ဆိုပါတော့"

"ဟုတ်ပါ့မလား ကိုလွင်"



"သိပ်ဟုတ်နေလို့ပေါ့ စိုးစိုးရယ်၊ တကယ်တော့ အပြင်မှာ ကိုလွင့်ရဲ့အသားအရေက ဖြူဝင်းစိုပြည်နေလို့ ကြည့်ကောင်းတာပဲရှိတယ်၊ ကိုလွင့်ရဲ့မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ ပါးစပ်ဟာ ဖလင်ထဲကျတော့ ကြည့်မကောင်းလှဘူး၊ ဆွဲဆောင်မှုအား သိပ်ပျော့နေတယ်၊ အပြင်ဘက်မှာ အသားညိုပါစေ မည်းပါစေ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း ပါးစပ်တွေ သူ့နေရာနဲ့သူ လှတဲ့လူကျတော့ ဖလင်ခွေထဲမှာ သိပ်ကြည့်ကောင်းသွားတယ်၊ ဥပမာ ကိုလွင့်ရဲ့မင်းသား ကိုအောင်စည်ကိုကြည့်သူ့ရဲ့ ပင်ကိုမျက်လုံး နှာတံနဲ့ နှုတ်ခမ်းပါးစပ်တွေကိုက လှတယ်၊ ရယ်လိုက် ပြုံးလိုက်ရင် မြင်ရတဲ့သူကို ဆွဲဆောင်အား အပြည့်ရှိတယ်၊ နောက်တစ်ချက်က ကိုလွင်ဟာ မြန်မာတိုက်ပုံအင်္ကျီ မြန်မာပုဆိုးဝတ်တဲ့အခါ တော်သင့်အောင် ကြည့်ပျော်ရှုပျော် ရှိပါရဲ့၊ ဘောင်းဘီတို့ စပို့ရှပ်တို့ ဝတ်တဲ့အခါ ရှည်မျောမျော ခါးကိုင်းကိုင်းကြီး ဖြစ်နေရော၊ မင်းသားဆိုတာ ဘောင်းဘီဝတ်ဝတ် ပုဆိုးဝတ်ဝတ် ဘာကိုဝတ်ဝတ် ကြည့်ကောင်းမှဖြစ်တာ၊ ကိုအောင်စည်ကိုလည်း စာမချုပ်ခင် ဗီဒီယိုခွေနဲ့ အမျိုးမျိုးရိုက်ပြီး စမ်းသပ်တယ်၊ ကိုအောင်စည်က ဖလင်ခွေထဲကျတော့ အပြင်ကထက်တောင် ပိုကြည့်ကောင်းနေပြန်ရော၊ ဖိုတိုဂျင်းနစ်ဖြစ်တယ်၊ ကင်မရာစားတယ် ဆိုပါတော့၊ ဒါကြောင့် ကိုယ်တိုင်ဝင်မရိုက်ဝံ့ဘဲ ကိုအောင်စည်ကို အပိုင်ဆွဲထားရတယ် စိုးစိုး"

"ဒါဆို ... အိမ်ရှေ့စင်ကျတော့ကော ကိုလွင့်"

www.burmeseclassic.com

www.burmeseclassic.com



"သူလား"

ဟု ပြောပြီး ကိုလွင် ခဏငိုင်သွားသည်။

"အင်း … အိန္ဒြေစင်လည်း ရုပ်ရှင်ထဲမှာ အပြင်က ရုပ်ချောသလောက် မချောလာဘူး၊ ဒါပေမဲ့ ခန္ဓာကိုယ် အချိုးကျလှပတာကတော့ ကင်မရာမှာလည်း ပေါ်လွင်တာပဲ၊ အမျိုးသမီးဆိုတာ ကိုယ်လုံးလှတာက ဆွဲဆောင်မှုလေ ရှိတာပေါ့လေ၊ သူက အသက်ငယ် ရုပ်လေးလည်း ရှိနေသေးတယ်၊ နောက်ပြီး သူ့တစ်ယောက်တည်းတင်ပြီး ရိုက်တာမှမဟုတ်တာ၊ နာမည်ရ မင်းသမီးတစ်လက်လည်း ပါနေသေးတယ်၊ အဲ … ဇာတ်လမ်းသဘောအရလည်း အခုဇာတ်မှာ နာမည်ရမင်းသမီးက အစ်မနေရာမှာ တည်တည်ကြည်ကြည်နဲ့ ထိန်းသွားမယ်၊ အိန္ဒြေစင်ကတော့ ညီမအငယ်နေရာမှာ ထားမှာဆိုတော့ ဖြစ်မြောက်သွားမှာပါ"

"ကိုလွင်ရဲ့ လေအနော့ကြွေတော့မလို ဆိုတာက ဘယ်လိုဇာတ်လမ်းမို့လဲဟင်"

"ဒီလို စိုးရဲ့၊ မင်းသားကိုအောင်စည်က တည်တည်ခန့်ခန့်နဲ့ ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေနဲ့ လောင်းကုတ်အကျႌကြီးဝတ်ပြီး လူကြမ်းကြီးအသွင်နဲ့ပေါ့၊ ဒါပေမဲ့ တကယ်ဖော်မှာက မင်းသားဟာ ရုပ်သွင်အမူအရာ ကြမ်းသလောက်စိတ်သဘောထား လှပတာ၊ ကြီးမားတာ၊ သဘောထားကြီးတာတွေကို စရိုက်ဖော်သွားရမယ်၊ လွယ်လွယ်လေးမဟုတ်ဘူး၊ ကိုအောင်စည် ရုပ်ရှင်ထဲမှာ စွမ်းဆောင်နိုင်သည်နှင့်အမျှ ကြည့်တဲ့ပရိသတ်က လူကြမ်းကြီးကို စွဲပြီး



ကျန်ခဲ့စေရမှာ၊ မင်းသမီးကြီးကလည်း အစ်မကြီးနေရာက ညီမဖြစ်တဲ့ မြီးကောင်ပေါက် ဆတ်စလူး အိန္ဒြေစင်ကို ထိန်းသိမ်းဆုံးမရမယ်၊ လူကြမ်းကြီးမင်းသားနဲ့ အိန္ဒြေစင်က တွေ့တွေ့ချင်း ဘုကျ၊ ကလန်ကျပြီး တဖြည်းဖြည်းနဲ့ အစ်မကရော မြီးကောင်ပေါက် ညီမငယ်ကရော အနွံအတာခံ သဘောထားကြီးမားတဲ့ မင်းသားကြီးကို ချစ်ခင်ကြိုက်နှစ်သက်သွားရော၊ အိန္ဒြေစင် အကောင်းဆုံး သရုပ်ဆောင်ရမယ့် အကွက်ကတော့ ဘုကန့်လန့်ကျရင်းကပဲ မင်းသားကြမ်းကြီးကို ဆယ်ကျော်သက်မလေးက အုံ့ပုန်းတိတ်တခိုးရင်ထဲက ချစ်လာတဲ့ အကွက်ပဲ"

ကိုလွင်က သူ့ဇာတ်လမ်း၏ အနှစ်သာရတွေကို တောက်လျှောက်ကြီး ဆက်ပြောနေပေသည်။

သို့သော် စိုးစိုး၏နားဝယ် ကိုလွင် ဆက်ပြောသော ဇာတ်လမ်းကို ဦးခေါင်းလေး ညိတ်ပြနေစေကာမူ ဆက်လက်မကြားတော့ပါပေ။

"မြီးကောင်ပေါက်မလေးရဲ့ ရင်ထဲက တိတ်တခိုးအချစ်"

ဟု ကိုလွင်က ပြောလိုက်ကတည်းက စိုးစိုး၏စိတ်အစဉ်သည် ခန္ဓာကိုယ်မှ လွင့်ပါးပြီး မော်လမြိုင်တုန်းက အဖြစ်အပျက်တွေကို မျက်စိထဲ ပြန်လည်မြင်ယောင်နေမိတော့သည်။

အကယ်၍သာ …

တောက်လျှောက်ကြီး ပြောလာသော ကိုလွင်က အဲသည်ဇာတ်လမ်းပဲ၊ စိုးစိုး ဘယ်လိုသဘောရလဲဟု မေးလိုက်ပါလျှင်ဒုက္ခ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ကိုလွင် ဘာတွေဆက်ပြောမှန်း စိုးစိုး၏ နားတွင် မကြားတော့ပြီမို့ ဘယ်လိုဝေဖန်ရမှန်းပင် မသိတော့ တော်ပါသေး၏။

သမ္မာဒေဝနတ်ကောင်းများ မ,လိုက်သည်ဟုပင် ဆိုရမည်။

ကိုလွင်၏ဓာတ်လမ်း အဆုံးသတ်မှာပင် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသောကြောင့် စိုးစိုးခမျာ သီသီလေး လွတ်သွားရပါ၏။

"ဟော ... ဖုန်းလာနေတယ်၊ စိုးစိုး သွားနားထောင်ရမလား"

"နေပလေ့စေ စိုးစိုး၊ ကိုလွင်ပဲ နားထောင်လိုက်မယ်၊ ဩော် ... စိုး ဒီနေ့ညနေ ထမင်းမစားခင် ခြံထဲမှာ ဝိုင်းမယ်နော်၊ ကိုလွင့် မင်းသားနဲ့လည်း ဓာတ်အကြောင်း ဆွေးနွေးချင်လို့၊ အဲဒါ စိုး စီစဉ်ပေးပါဦး၊ အခုတစ်ခါ စီစဉ်ရမှာတော့ ဖန်ခွက်နှစ်လုံးပေါ့၊ ဟုတ်လား"

စိုးစိုးသည် ခေါင်းညိတ်ပြီး မီးဖိုထဲဝင်ခဲ့သည်။

ကိုလွင်က အမြည်းနှင့် ပတ်သက်၍ သိပ်ပြီး ဖွယ်ဖွယ်ရာရာ စီဇာမကြောင်တတ်။ ညနေပိုင်း ခြံထဲတွင် ဝိုင်းသည် မျိုးလောက်ကတော့ ခရမ်းချဉ်သီးနှင့် ပုစွန်ခြောက်သုပ်၊ အားလူးပါးပါးလှီး အဝိုင်းကြော်ဖွေးလောက်နှင့် ဖြစ်လေ့ရှိသည်။

ယခုလည်း စိုးစိုးက ဒေါ်ဒေါ်အေးကို အာလူးကြော် ပေးရန် ပြောပြီး စိုးစိုး ကိုယ်တိုင်က ပုစွန်ခြောက်သုပ်ကလေး သုပ်နေသည်။



စိုးစိုး မီးဖိုထဲမှ ပြန်ထွက်လာသည်အထိ ကိုလွင်က ဖုန်းပြောနေဆဲဖြစ်သည်။

စိုးစိုးက ကိုလွင်ကို စောင့်ရင်း ညှော်ခန်းဆိုဖာမှာပင် ထိုင်နေလိုက်ပြီး တွေ့ရာမဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်သည်လှန် လှန်နေမိသည်။

ကိုလွင်က ဖုန်းပြောပြီးနောက် စိုးစိုးဆီသို့ လျှောက်လာသည်။

"အိမ်ရှေ့စင်က ဆက်တာလေ"

"ဟုတ်လား"

"သူ့ကိုတော့ ကိုလွင်က ဓာတ်လမ်းခွင့်ပြုချက်ရတာကို မပြောမိသေးဘူး၊ အိမ်ကိုတန်းပြေးလာလို့၊ အဲဒါ သူ့ဟာ သူ ဘယ်ကကြားလဲ မသိဘူး၊ ကိုလွင် မသိသေးဘူးထင်လို့ အလုပ်တိုက်ကို ဆက်တယ်တဲ့၊ အိမ်ပြန်သွားပြီဆိုလို့ အိမ်ကိုလှမ်းဆက်တာတဲ့၊ အင်းပေါ့လေ သူလည်း မင်းသမီးလုပ်ရမှာဆိုတော့ ဝမ်းသာနေတာပေါ့"

"ကောင်းပါတယ် ကိုလွင်၊ အားလုံးက အားဟက်သရော ရှိကြတာပဲ၊ အောင်မြင်မှာပါ"

"ဒါပေါ့ ... ဒါပေါ့ ... ဩော် ... ဝိုင်းအတွက် အသင့် ဖြစ်ပြီလား စိုး"

"ဒေါ်ဒေါ်အေး အာလူးကြော်နေတယ် ကိုလွင်၊ ပုစွန်ခြောက်တော့ သုပ်ဖို့ အားလုံးပြင်ခဲ့ပြီးပြီ၊ စားခါနီးမှ သုပ်မလား လို့၊ ကြိုတင်သုပ်ထားရင် ပေါ့သွားမှာစိုးလို့"

"အတော်ပဲ၊ ဒါဆို ကိုလွင် ရေချိုးလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်သည် အိပ်ခန်းထဲ ဝင်သွားသည်။ အိပ်ခန်းနှင့် ရေချိုးခန်းက တစ်ဆက်တည်း ရှိနေသည်မို့ စိုးစိုး လိုက်ပါမသွားတော့ပေ။

ကိုလွင်၏ အတာချိကေ့(စ်)ကိုယူပြီး ကိုလွင်၏ အလုပ်စားပွဲရှိရာ သီးသန့်အခန်းထဲသို့ သွားရောက် သိမ်းဆည်းလိုက်သည်။

"ဟော"

ကိုလွင်၏ သီးသန့်ခန်း ပြတင်းပေါက်သည် ပျဉ်ထောင်အိမ်လေး၏ မီးဖိုဆောင်ခန်းသို့ တန်းနေအောင် မြင်နေသည်။

ပျဉ်ထောင်အိမ်လေး၏ မီးဖိုခန်းကို အချက်အပြုတ် အသုံးပြုရန် မလိုသဖြင့် အစ်ကိုအောင်က သူ၏ကာယလေ့ကျင့်ခန်းလုပ်ရာနေရာအဖြစ် အသုံးပြုသည်။

ယခုလည်း စိုးစိုးက ဘာရယ်မဟုတ် ကြည့်မိကြည့်ရာ အကြည့်မျိုးဖြင့် ပြတင်းပေါက်မှ ကြည့်မိရာ အစ်ကိုအောင် ကာယလေ့ကျင့်ခန်းတွေ လုပ်နေသည်ကို လှမ်းမြင်ရပါ၏။

အစ်ကိုအောင်က ယခု မင်းသားလုပ်မည်ဆိုမှ ကာယလေ့ကျင့်ခန်း လုပ်သည် မဟုတ်ပေ။ မော်လမြိုင်မှာကတည်းက လုပ်နေကျဖြစ်ကြောင်း စိုးစိုး မှတ်မိသည်။

ထိုစဉ်က အစ်ကိုအောင် ကာယလေ့ကျင့်ခန်းယူရာသို့ စိုးစိုး သွားရှုပ်လျှင် မတော်တဆ သံထည်ပစ္စည်းများ စပရိန်များဖြင့် စိုးစိုးကို ထိခိုက်မိမည်စိုးပြီး မောင်းထုတ်လေ့လည်းရှိခဲ့ပါ၏။



ဩော် ... ဟိုတုန်းကတော့ စိုးစိုးက ဆယ့်ငါးနှစ်အရွယ်၊ အစ်ကိုအောင်က အသက်နှစ်ဆယ်အရွယ်။ အဲသည်တုန်းက စိုးစိုးက မြီးကောင်ပေါက်။

အစ်ကိုအောင်က လူပျိုသိုး။

ယခုမူ မိမိက အသက်(၂၃)နှစ်။ အစ်ကိုအောင်က အသက်(၂၈)နှစ်အရွယ်မို့ ရင့်ကျက်လာလေပြီ။

ကွာခြားချက်ကတော့ မိမိက ကာမပိုင်ယောကျ်ားရှိနေသူ ဖြစ်ပါ၏။

အစ်ကိုအောင်ကတော့ ခုချိန်ထိ လူပျိုလူလွတ်ပဲ ရှိပါသေးလား။

"ဘာတွေများတွေ့လို့ ကြည့်နေတာလဲ စိုး၊ အထူးအဆန်းများ တွေ့နေလား"

ကိုလွင် အသံနှင့်အတူ အခန်းထဲ ဝင်ရောက်လာသဖြင့် စိုးစိုးခမျာ မလုံမလဲ ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားမိသည်။

"ဩော် ... ဟို ... ကိုလွင့်ကေ့(စ်)လေး ဝင်သိမ်းရင်း ဟိုမှာ အစ်ကိုအောင် လေ့ကျင့်ခန်း လုပ်နေတာ လှမ်းမြင်ပြီး ကြည့်နေမိတာ ကိုလွင်"

"အဲ ... ဟုတ်သားပဲ၊ မင်းသားက သူ့တာဝန်တော့ မလစ်ဟင်းဘူး"

စိုးစိုး ပြောမှ ကိုလွင်ဦးက ပြတင်းပေါက်မှ လှမ်းကြည့်ရင်း မြင်တွေ့သလို ပြောလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကောင်းတယ်၊ သူ့ လုပ်သမျှ ကိုလွင်တို့ အကျိုးရှိဖို့ပဲ၊ ကဲ ... လာ ... စိုး၊ ခြံထဲဆင်းကြရအောင်"

"ကိုလွင် သွားနှင့်လေ၊ ခြံထဲမှာဝိုင်းဖို့ စိုးစိုး စီမံလိုက်မယ်"

"ကြီးကြီးတင့်ကို ကိုလွင် ပြောခဲ့ပြီးပြီ၊ ကြီးကြီးတင့်စီစဉ်လိမ့်မယ်"

"လူကြီးကို အရက်ဝိုင်းလုပ်ခိုင်းတာ မကောင်းပါဘူး ကိုလွင်၊ တကယ်ဆို လူကြီးတွေ မျက်စိရှေ့မှာ အရက်သောက်တာတောင် လွန်လှပြီ"

"ရပါတယ်၊ ကြီးကြီးတင့်က မိုးကုတ်မှာကတည်းက အိမ်အလုပ်တွေ လုပ်ပေးနေတာပဲ၊ အဆန်းမဟုတ်ပါဘူး၊ နောက်ပြီး ကိုလွင်တို့ ခြံထဲမှာ ဝိုင်းတာက ရေနွေးကြမ်းဝိုင်းလောက်ရှိတာ၊ မူးမူးရူးရူး ဟောဟောရမ်းရမ်း ဗိုင်းမျိုးမှ မဟုတ်တာ၊ ကဲ ... လာစမ်းပါ စိုး"

ငါ လုပ်သမျှ အမှန်ဟု အစွဲအလမ်းကြီးသော ကိုလွင်ကို စိုးစိုး ဘက်ပြိုင်ပြော၍ မနေတော့ဘဲ ခေါ်ရာသို့သာ လိုက်ပါခဲ့ရတော့သည်။

"ဗျို့ ... ကိုအောင်စည်၊ ဧည့်သည်လာတယ်ဗျို့"

ခသင့်ပွင့်နေသော ပျဉ်ထောင်အိမ်လေး ရှေ့တံခါးမှ ကိုလွင် ရှေ့က ဝင်သွားသည်။ စိုးစိုးက နောက်ကလိုက်ပါ၏။

"သြော် ... ကိုလွင်ဦးလား၊ ဟာ ... မိဆိုးလည်း လိုက်လာတာကိုး"



အောင်စည်က အိမ်ထဲတွင် လုံ့လုံ့ခြုံခြုံ လှေကျင့်နေသည်မို့ အကျီချွတ်ထားရုံမက ဆပ်စပင်တာ ပေါင်ခွဆုံဘောင်းဘီ ကျပ်လေးနှင့် ဖြစ်နေ၍ ကပျာကယာ မျက်နှာသုတ်ပဝါကြီးကို သုပြီး ခါးတွင်ပတ်လိုက်သည်။

ကိုအောင်စည်ကို ကိုလွင်ဦး အားကျချီးမွမ်းမည်ဆိုကလည်း အားကျသင့်ပါ၏။ ချီးမွမ်းထိုက်ပါ၏။ ကာယနှင့် အားကစား မှန်မှန်လေ့ကျင့်လာသော ကိုအောင်စည်၏ ခန္ဓာကိုယ်မှာ အဝတ်အစားများ ဝတ်ထားသည့်အခါ သိသိသာသာကြီး မဟုတ်သော်လည်း ယခုလို ဗလာကိုယ်ဖြင့် လေ့ကျင့်နေသော အခါ ရင်အုပ်သည် မို့နေသည်။ လက်မောင်းမာဆယ်များ ဖုထစ်နေသည်။ ပခုံးတန်းကြွက်သားများ ထောင်ထနေသည်။ ဝမ်းဗိုက်ရှုပ်ပြီး အန်စာတုံးစီထားသလို ဗယ်လီသားတွေ ပေါ်လွင်နေသည်။ ပေါင်တံမှ ကြွက်သားမြောင်းတွေ အချိုင့်အထစ် ဖြစ်နေသည်။ ဟဲဗီးဝိတ်လေ့ကျင့်ခြင်း မဟုတ်ဘဲ ဘော်ဒီဗြူတီလေ့ကျင့်သဖြင့် အရပ်အမောင်း ခြေတံလက်တံတို့နှင့် ညီထွေသော ကျစ်လျစ်သည့် ခန္ဓာကိုယ်မျိုး ရှိနေသည်။

"စားပွဲပေါ်မှာ စာအုပ်တွေရှိတယ်၊ ကိုလွင်ဦးတို့ ခဏဖတ်ကြဦးဗျာ၊ ကျွန်တော် ရေချိုးလိုက်ဦးမယ်"

လွင်ဦးနှင့် စိုးစိုး ဧည့်ခန်းသို့ ထွက်လာပြီး ထိုင်လိုက်သည်။ စားပွဲပေါ်ရှိ စာအုပ်တွေကို ကိုလွင်ဦးက ဖွင့်ဖတ်သည်တော့ မဟုတ်ဘဲ စာအုပ်အဖုံးတွေမှ ထိပ်စီးနာမည်တွေကို ဖတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပစ်ချားဂိုဝါ"

"ဗုပ်(ထ်)အစ်(စ်)ဖလင်"

"ဖလင်"

"ပ္ပိုင်းဟီအစ်(စ်)စူပါစတား"

စသည့် ရုပ်ရှင်နှင့်ပတ်သက်ပြီး ထုတ်ဝေသည့် အမေရိကန်ထုတ်စာအုပ်တွေ၊ အင်္ဂလန်ထုတ်စာအုပ်တွေအပြင် တိုင်း(မ်)ဝီ(ခ်)လစဉ်ထွက် မဂ္ဂဇင်းတွေ အထပ်လိုက်ရှိနေသည်။

မြန်မာလို ရုပ်ရှင်နှင့် ပတ်သက်ဖော်ပြထားသော လစဉ်ထုတ်မဂ္ဂဇင်းကလည်း တစ်ပုံတစ်ပင်ကြီးပင် ...။

"ကြည့်စမ်း စိုးစိုး၊ ကိုအောင်စည်ဟာ သူလုပ်တဲ့လုပ်ငန်းဆိုရင် ဘယ်လောက် လေ့လာသလဲလို့၊ ရုပ်ရှင်နဲ့ပတ်သက်ပြီး ထုတ်ဝေထားတဲ့ အမေရိကန် အင်္ဂလိပ်စာအုပ်တွေဟာ သိပ်ရှားတယ်၊ တော်တော်ဈေးကြီး ပေးဝယ်ရတယ်၊ ဒီလူရတာက တစ်လသုံးထောင်ရယ်၊ စာအုပ်ဖိုးကပဲ လစဉ်ခုနစ်ရာ ရှစ်ရာဖိုးထက် မနည်းဘူး"

စိုးစိုးက ကိုအောင်စည်နှင့် ပတ်သက်ပြီး ထင်မြင်ချက်နှင့် ဝေဖန်ချက် လုံးဝမပေးဘဲ ကိုလွင် ပြောသမျှသာ ခေါင်းညိတ်ပြပေသည်။

ကိုအောင်စည် ထွက်လာပါ၏။ အိမ်ရှေ့တွင် ဧည့်သည်ရှိနေသည်မို့ ဦးခေါင်းဆံပင်ကိုပင် မျက်နှာသုတ်ပဝါနှင့်သုတ်ပြီး လက်ဝါးဖြင့် နောက်ပြန်သုတ်ရင်း ထွက်လာသည်။ တီရှပ်စွပ်ကျယ်အဖြူကို ဝတ်ထားပြီး ချည်ချောလုံချည်တစ်ပတ်ရစ်ကို ဝတ်ထားသည်။



ရေချိုးပြီးစ လန်းဆန်းသော မျက်နှာနှင့် ဘီးမကိုင်သော လှိုင်းဆံပင်တချို့ နဖူးပြင်ဝဲနေသည်မှာ တစ်မျိုးကြည့်ကောင်းနေပြန်သည်။

"ဘယ့်နှယ်၊ လင်မယားနှစ်ယောက် ကျွန်တော့်ဆီကို မလာစဖူး အလာထူးကြတယ်၊ အကြောင်းထူး တစ်ခုခုရှိပြီထင်တယ်"

"သိပ်ကိုထူးတယ်ဗျ၊ အခု ခင်ဗျားနဲ့ရိုက်မယ့် လေအနော့ကြွေတော့မနော ဇာတ်ကား ဇာတ်လမ်းစိစစ်ရေးက ဒီနေ့ပဲ ရိုက်ခွင့်ချပေးလိုက်ပြီလေ၊ လာဗျာ ခြံထဲမှာ ဝိုင်းလုပ်ထားတယ်၊ အေးအေးဆေးဆေး အဲဒီကိစ္စတွေအတွက် သွားပြောကြရအောင်"

အားလုံး ခြံထဲဆင်းခဲ့ကြသည်။

ဝိုင်းမှာ အသင့်ဖြစ်နေပါ၏။ သို့သော် ကြီးကြီးတင့်သည် အနီးအနားမှာ ရှိမနေပေ။

ဖိုခနောက်ဆိုင် ထိုင်ကြသည်။

ဘာမှမပြောသေးမီ ကိုလွင်ဦးက ဝီစကီကို ဖန်ခွက်နှစ်ခွက်တွင် ထည့်သည်။ ဆော်ဒါပုလင်းကိုဖောက်ပြီး ဝီစကီနှင့် ရောစပ်သည်။

"ကဲ ... ချဗျာ၊ ချီးယား(စ်)ပေါ့"

"ကျွန်တော် မသောက်ပါဘူး ကိုလွင်ဦး"

"ဟုတ်ပါ့မလား ... ကိုသာနိုးက ကိုအောင်စည်ဟာ အရက်သောက်ပြီး ရိုက်မှဖြစ်လို့ ထောင်ကျခဲ့တယ်လို့ ပြောဖူးသလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အခု ကျွန်တော် ပြောတာက သူတော် ကောင်းလုပ်ပြီး မသောက်တတ်ဘူးလို့ ပြောတာမှ မဟုတ်တာ၊ မသောက်ဘူးလို့သာ ပြောတာ၊ အဓိပ္ပာယ်ကသောက် တတ်ပါတယ်၊ အခု မသောက်သေးဘူးဆိုတဲ့ အဓိပ္ပာယ် ပါ"

"ဘာလို့လဲဗျာ၊ ဒီနေ့ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ သောက်ကြတာပဲဟာ"

"ဘာလို့လဲဆိုတော့ ကျွန်တော်က သောက်မိရင် သွေးဆိုး ချင်တယ်၊ အရက်သောက် လူရိုက်လို့ ထောင်ကျခဲ့ဖူးတယ် နိုင်ငံခြားသင်္ဘောပေါ်မှာတုန်းကလည်း အက်(ဒ်)ဝပ်(ဒ်)ဆို တဲ့ ကပ္ပလီကြီးတစ်ယောက်ဟာ အရက်ဝိုင်းမှာ ကျွန်တော် တို့ မြန်မာတွေဟာ ဘာမှအသုံးမကျဘူး၊ သတ္တိမရှိဘူးနဲ့ မူးပြီးရိုလို့ ကျွန်တော် ထိုးပစ်တာ အက်(ဒ်)ဝပ်(ဒ်)သွား နှစ်ချောင်း ကျိုးသွားတယ်၊ ပင်လယ်ထဲ သွားနေတဲ့ သင်္ဘောပေါ်မှာဆိုတော့ ထောင်ကျတာတွေ ဘာတွေတော့ မရှိဘူးပေါ့ဗျာ၊ သင်္ဘောကပ္ပတိန်ရဲ့ အဆုံးအဖြတ်ကိုပဲခံရ တယ်၊ သင်္ဘောကပ္ပတိန်က နှစ်ယောက်လုံးလွှန်တယ်၊ မကျေနပ်ရင် ကြိုးဝိုင်းထဲမှာ ထပ်ထိုး၊ ရှုံးတဲ့ကောင်က နောက်ထပ်မရိုနဲ့လို့ အမိန့်ချတယ်"

"ဟုတ်လား ... ထပ်ထိုးဖြစ်လား"

ကိုအောင်စည်က ခေါင်းခါပြသည်။

"အက်(ဒ်)ဝပ်(ဒ်)က ကြိုးဝိုင်းထဲမှာထိုးဖို့ သူ့မှာ ပညာမလုံ လောက်ဘူးဆိုပြီး ငြင်းတယ်၊ နောက်ပြီး သူကပဲ ကျွန်



တော့်ကို ပြန်တောင်းပန်တယ်၊ သူတို့လူမျိုးတွေရဲ့ ယဉ်ကျေး မှုခေါ်မလား၊ စရိုက်လို့ ခေါ်မလား၊ ရှုံးလည်း သိသိသာ သာ အရှုံးပေးတယ်"

"ကိုအောင်စည်က မဆိုးဘူးဘဲ"

"အဲ ... တစ်ခုတော့ ရှိတယ်၊ ကျွန်တော် ဘယ်လောက် အရက်သောက်သောက် ကျွန်တော်ကစပြီး ပြဿနာမရှာဘူး၊ ဒီပြင်တစ်ယောက်က ပြဿနာ လာလုပ်ရင်တော့ အဲဒီအခါ မရတော့ဘူး၊ သူသေ ကိုယ်သေပဲ"

"အေးပေါ့ဗျာ ... ဒါတွေက ဟိုတုန်းက ဖြစ်ခဲ့တာတွေပဲ၊ အခုဟာက ကျွန်တော်တို့ လက်တွဲလုပ်ကြမယ့် ရုပ်ရှင်မှာ ဇာတ်လမ်းရိုက်ခွင့်ရလို့ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ သောက်တဲ့သဘောပဲ၊ နည်းနည်းတော့ချဗျာ၊ လူနှစ်ယောက် ထိုင်ကြတဲ့နေရာမှာ တစ်ယောက်ကသောက်ပြီး နောက် တစ်ယောက်မသောက်ရင် ဝိုင်းထိုးစုံအရ မစည်ကားဘူး ပေါ့ဗျာ၊ နောက်ပြီး သောက်တဲ့လူခမျာ ရှီးတိုးရှန့်တန့်ဖြစ် ရတာပေါ့"

"ကောင်းပြီလေ၊ ဒီပွဲဟာ သောက်သင့်တဲ့ပွဲပဲ၊ ဪ ... ဒါထက် မစိုးစိုး တစ်ယောက် ပျင်းနေရှာရောပေါ့ ကိုလွင်ဦး၊ သူ့ဟာသူ လွတ်လွတ်လပ်လပ် နေပါစေလား၊ နောက်ပြီး ယောကျ်ားတွေ အရက်သောက်တဲ့ဝိုင်းမှာ အမျိုးသမီးတစ် ယောက် ထိုင်နေရတာ အနေကျုံ့ပါတယ်"

အောင်စည်သည် ရောက်စက "မိဆိုး" ဟု ခေါ်ဝေါ် ခဲ့သော်လည်း ယခုမူ မစိုးစိုးဟု ခေါ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို အစ်ကိုအောင်က အခေါ်အဝေါ် ပြောင်းလဲလိုက်သည့်အတွက် စိုးစိုး ရင်ထဲတွင် တစ်မျိုးတစ်မည်လေး ခံစားလိုက်ရသည်။ သို့သော် ကိုလွင့် ရှေ့မှာ သည်လိုပဲခေါ်တာ ကောင်းပါတယ်ဟု စိတ်ကိုဖြေလိုက်ပါလေ၏။

"ရတယ်ဗျ၊ ကျွန်တော် ခါတိုင်း ခြံထဲမှာ ဆင်းသောက်လည်း စိုးစိုးက ဘေးကထိုင်စောင့်ပေးနေတာပဲ"

"လင်မယားနှစ်ယောက်တည်းတော့ ဟုတ်တာပေါ့ဗျာ အခုဟာက သူစိမ်းဖြစ်တဲ့ ကျွန်တော် ရှိနေတော့ ..."

"ဟိုး ... ဆရာ ... ဟိုး ... ကိုအောင်စည်က စိုးစိုးအတွက် သူစိမ်းမှ မဟုတ်တာ၊ မိတ်ဟောင်း ဆွေဟောင်းပဲဗျ၊ နောက်တစ်ချက်က ကျွန်တော်က အလုပ်များလို့ အိမ်ပြန်နောက်ကျချင်သာကျတာ၊ အိမ်ပြန်ရောက်ရင် ကျွန်တော် အနားမှာ စိုးစိုး အမြဲရှိနေမှ ကျေနပ်တာ"

အောင်စည် ပခုံးတွန့်ပြလိုက်သည်။

ပြီး ငှဲ့ထားပြီးသော အရက်ခွက်ကို ကောက်ကိုင်ကာ သောက်လိုက်ပါ၏။

"နေဦးဗျ၊ ကိုအောင်စည်ကို ကျွန်တော် တစ်ခုမေးချင်နေတယ်၊ ကိုအောင်စည် ဘယ်သူ့ကို ဘာဖြစ်လို့ ရိုက်ပြီး ထောင်ကျသွားတာလဲ၊ အရက်မူးပြီး ရမ်းကားတဲ့သဘောနဲ့ ရိုက်တာတော့ ဟုတ်မယ် မထင်ပါဘူး"

"ဘာဖြစ်လို့ ဟိုတုန်းက အကြောင်းတွေကို ကိုလွင်ဦး သိချင်ရတာလဲဗျာ၊ နောက်ပြီး ကျွန်တော့်အကြောင်းတွေ ကိုလွင်ဦးဟာ ကိုသာနိုးဆီက တော်တော်စုံစမ်းပြီးမှ ဒီ



အလုပ်မှာ ကျွန်တော့်ကို ရွေးခဲ့တာ မဟုတ်လား၊ ကိုသာနိုးက မော်လမြိုင်သားပဲ၊ ကျွန်တော့်ကို ခတ်သိရုပ်သိပဲ၊ သူက အားလုံးကို ပြောပြထားမှာပါ"

"ဒါတော့ မှန်တယ်၊ ကျွန်တော်ကလည်း ကိုယ်နဲ့လက်တွဲရမယ့် ကိုအောင်စည်ရဲ့ အကြောင်းတွေ ကိုသာနိုးကိုမေးတယ်၊ ကိုသာနိုးကလည်း ပြောပြပါတယ်၊ ဒါပေမဲ့ ကျွန်တော် မေးသမျှက မင်းသားသစ်အတွက် ကိုအောင်စည်ရဲ့အရည်အချင်းတွေကိုသာ အဓိကထားမေးတယ်၊ ကိုသာနိုးကလည်း ကိုအောင်စည်ရဲ့အရည်အချင်းပိုင်း တော်ကြောင်းကောင်းကြောင်းတွေကို အဓိကထား ပြောသွားတယ်၊ ကိုအောင်စည်ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းကိုတော့ အကြမ်းဖျဉ်းလောက်ပဲ ပြောပြတယ်၊ ဆိုကြပါစို့ဗျာ၊ ကိုအောင်စည်ဟာ ဘွဲ့ရပြီး မိခင်ဆုံးသွားတယ်၊ ရိုက်မှုနဲ့ ထောင်တစ်နှစ်ကျဖူးတယ်၊ အဲဒီနောက် နိုင်ငံခြားသင်္ဘောလိုက်သွားတယ် ဆိုတာလောက်ပဲ ကိုသာနိုးက ပြောတာ၊ အခု ကိုအောင်စည်နဲ့ ကျွန်တော် ခင်မင်သွားကြလို့ ဘယ်သူ့ကို ဘာဖြစ်လို့ ကိုအောင်စည်က ရိုက်ပါလိမ့်ဆိုတာ သိချင်စိတ် ဖြစ်လာလို့ မေးတာပါ"

အောင်စည်က သွားဖြူတန်းနှင့် သွားစွယ်လေးနှစ်ချောင်းပေါ်သည်အထိ ပြုံးပြီး စိုးစိုးကို တစ်ချက်ကြည့်လိုက်သည်။

အောင်စည်၏ အကြည့်တွင် အဓိပ္ပာယ်တစ်ခုခုကို ဆောင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးကမူ အစ်ကိုအောင်အား မျက်လုံးချင်းဆိုင်၍ မကြည့်ဘဲ တခြားသို့ မျက်နှာလွှဲထားလိုက်သည်။

"လူတွေမှာ ကံမကောင်းတော့ဘူးဆိုရင် ဆက်တိုက်ကြီး မကောင်းတာတော့ဘူး ကိုလွင်ဦး"

"ဆိုစမ်းပါဦး၊ ကျွန်တော်တော့ မကြုံဖူးသေးဘူးဗျ"

"ကျွန်တော် ဒီဂရီကောလိပ်မှာ တတိယနှစ်ကတည်းက စိတ်လေချင်လာတယ်"

"ဘာလို့လဲ၊ တတိယနှစ်မှ ဘာလို့ စိတ်လေတာလဲ ကိုအောင်စည်"

စိုးစိုး၏ရင်ထဲတွင် ဟာခနဲ ဖြစ်ရပြန်သည်။ အစ်ကိုအောင်နှင့် မိမိ မော်လမြိုင်မှ ခွဲခွာခဲ့ရသည့် အချိန်သည် အစ်ကိုအောင် တတိယနှစ်အရောက်တွင် မဟုတ်ပါလား။

"အင်း ... အစုံပေါ့ဗျာ၊ မေမေက ကျွန်တော် တတိယနှစ်အရောက်မှာ ကျန်းမာရေးချို့ယွင်းလာတယ်၊ တရောင်ရောင် ဖြစ်လာတယ်၊ နဂိုက နှလုံးရောဂါအခံကလည်းရှိနေတာကိုး၊ မေမေ ကောင်းကောင်းနေမကောင်းတော့ မေမေရဲ့ဆိုင်ထွက်ရက်တွေ ပျက်လာတယ်။ ဖောက်သည်တွေ တခြားရောက်သွားတယ်၊ စီးပွားရေး ကျဆင်းလာတယ်ပေါ့ဗျာ၊ တစ်လောကလုံးမှာ ဒီအမေနဲ့ ဒီသားပဲရှိတာ၊ မေမေ့ကို စိုးရိမ်တာကတစ်မျိုး၊ စီးပွားပျက်လာတာကတစ်မျိုးနဲ့ အဲဒီနှစ်မှာ ကျွန်တော် စိတ်လေတယ်ဆိုပါတော့"

တော်ပါသေး၏။ အင်း ကိုအောင်၏ ရှင်းပြချက်မှာ ယုတ္တိရှိနေပါ၏။



"ဒါပေမဲ့ ကျွန်တော် စာမေးပွဲတွေတော့ မကျအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်၊ ကျွန်တော် ဖိုင်နယ်အောင်ပြီးတဲ့ နှစ်မှာပဲ မေမေ ဆုံးသွားတယ်၊ ကျွန်တော့်အဖို့ မြင်းမိုရ်တောင်ပြိုတာပဲလေ၊ တတ်နိုင်တဲ့လူဆိုရင်တော့ မေမေ့ နှလုံးရောဂါဟာ နိုင်ငံခြားသွားကုနိုင်ရင် ပျောက်ကင်းနိုင်မှာပေါ့၊ ဟိုမှာက နှလုံးကိုအစားထိုးပြီးတောင် ကုနိုင်နေပြီပဲကိုး၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ပိုက်ဆံမပြည့်စုံဘူး၊ နိုင်ငံခြားမသွားနိုင်ဘူး၊ အဲဒီတော့ မေမေ ဆုံးရတယ်လေ၊ ဒါကိုလည်း ကျွန်တော် ယူကျုံးမရ ဖြစ်ရတယ်ပေါ့"

"စိတ်မကောင်းပါဘူး ကိုအောင်စည်"

ကိုလွင်ဦးက စိတ်မကောင်းကြောင်း ဝတ္တရားစကားဆိုသော်လည်း စိုးစိုး ရင်ထဲတွင် တကယ်ပင် စိတ်မကောင်းဖြစ်ရပါ၏။

"အဲ ... မေမေ ဆုံးသွားတော့ ကျွန်တော့်အသက်နှစ်ဆယ့်နှစ် ကျော်ရုံပဲ ရှိသေးတယ်၊ မရင့်ကျက်လှသေးဘူး၊ ဒီတော့ စိတ်မချမ်းသာတာ လောကကြီးကို မကျေနပ်တာတွေကို ကျွန်တော်က အရက်သောက်ပြီး ဖြေသိမ့်တယ်"

"ဘွဲ့ရပြီးစ အလုပ်တစ်ခုခု လုပ်ချင်လို့ အလုပ်ရှာသေးတယ်၊ ဟဲ ... ဟဲ ... အလုပ်က ရှာလိုက်တာ၊ ဘယ်မှာမှ မရဘူး"

"ကိုအောင်စည်ရဲ့မေမေက မိုင်ဒါဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတယ်ဆို၊ ကိုအောင်စည် ဆက်မရောင်းဘူးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... မေမေ လုပ်ကိုင်တုန်းကတည်းက ဆိုင်ခန်းငှားပြီး အဟောင်းပေး အသစ်ယူစနစ်နဲ့ လုပ်ခဲ့တာပဲဗျာ၊ မေမေက ကြံရည်ဖန်ရည် ကောင်းလွန်းလို့ သားအမိနှစ်ယောက် မပူမပင် ရှိခဲ့တာပဲ၊ မေမေ မကျန်းမာလို့ ကောင်းကောင်းမလုပ်နိုင်ကတည်းက အရောင်းအဝယ်ကျခဲ့တယ်၊ မေမေ ဆုံးသွားတော့ ဆိုင်ရှင်က ဆိုင်ကိုပြန်သိမ်းတယ်၊ လက်ကျန်ဆိုင်ပေါ်က ပစ္စည်းတွေကို ကြွေးရှင်တွေက ခွဲဝေပြီး သိမ်းယူလိုက်ပြန်တယ်၊ ဆိုင်ပြုတ်သွားရောဗျ"

"ကိုယ်ပိုင်တစ်ထပ်တိုက် ကျန်ခဲ့သေးဆို"

"ကျန်ခဲ့တယ်၊ ဖေဖေ့လက်ထက်ကတည်းက တည်ဆောက်တဲ့ တိုက်နဲ့ခြံမို့ မေမေကလည်း မရောင်းရက်ဘူး၊ ကျွန်တော်ကလည်း မရောင်းရက်ဘူး၊ ရောင်းရက်စရာလည်း မရှိဘူး၊ အိမ်ရှေ့ခြံထဲမှာဆိုရင် ကျွန်တော် ဂရုတစိုက် စိုက်ထားတဲ့ပန်းတွေက ဝေဝေဆာဆာနဲ့လေ၊ အဲ ... စကားပြန်ဆက်ရရင် ကျွန်တော်က မိဘမဲ့ အလုပ်လက်မဲ့ဘဝနဲ့ အရက်ပဲ သောက်နေချိန်မှာ ဝိုင်း ဆိုတဲ့ ကောင်မလေးနဲ့ အသိအကျွမ်း ဖြစ်ကြတယ်"

"သြော် ... သြော် ... ကံမကောင်းတဲ့ကြားက စန်းပွင့်တာပေါ့ ဟုတ်လား၊ ဟုတ်မယ် ဟုတ်မယ်၊ အဲဒီအရွယ်ကဆိုရင် ကိုအောင်စည်က ခုထက် အများကြီးတောင် နုပျိုပြီး လူချောလူလှ ဖြစ်နေမှာ"



အောင်စည်က ဦးခေါင်းကို ဖြည်းလေးစွာ ခါပြလိုက်သည်။

"ဝိုင်းက ကလေးသာသာ ဆယ့်လေးငါးနှစ်အရွယ် ခုနစ်တန်းကျောင်းသူမလေးပါ"

"ဆယ်ကျော်သက် မြီးကောင်ပေါက် အပျိုလေးပေါ့ ဟုတ်လား"

"အင်းပေါ့ဗျာ ... အပျိုပေါက်မလေးတော့ ဖြစ်ပြီပေါ့၊ ဒါကြောင့်လည်း ဒီအရွယ်မှာ ကလေးစိတ်တစ်ဝက်နဲ့ ကျွန်တော့်ခြံထဲ ဝင်လာပြီး ကျွန်တော့်ကို မိတ်ဆွေဖွဲ့တယ်၊ ပန်းပေးပါလို့ တောင်းတယ်"

စိုးစိုးသည် နားထောင်ရင်း မျက်နှာလေး ရီရီဝေဝေ ဖြစ်လာပေသည်။ ကိုအောင်စည်က နောက်ထပ် အရက်ငှဲ့ပြီး ဆော်ဒါရောကာ မော့လိုက်ပြန်သည်။

အရက်ဆိုသည်မှာ ပထမတစ်ခွက်သာ အဝင်ခက်ဆမယ့် နောက်ဆက်တွဲ ခွက်တွေကျတော့ ရှောရှောရှူရှူ ဖြစ်တတ်ပေသည်။

"ကျွန်တော်က ဝိုင်းတောင်းတဲ့ပန်းကို ပေးပါတယ်၊ သူတို့အရွယ်လေးတွေက ပန်းကြိုက်တဲ့အရွယ်လေးတွေ မဟုတ်လား၊ အဲဒီလိုနဲ့ နေ့တိုင်း ကျောင်းအပြန်မှာ ကျွန်တော့်ဆီ ပန်းဝင်တောင်းတယ်၊ ကျွန်တော်ကလည်း ပေးပါတယ်"

"ဒါနဲ့ ဝိုင်းက ကျေးဇူးတွေတင်ပြီး ကိုအောင်စည်နဲ့အဆင်ပြေသွားရောလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုလွင်ဦး၊ ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ကျွန်တော်ဟာ မလုပ်သင့်တာကို လုပ်မယ့် လူစားမျိုးလားလို့၊ ဝိုင်းဟာ ဆယ့်လေးငါးနှစ်ရွယ် ကျောင်းသူမလေး ကလေးသာသာပါ၊ ကျွန်တော် စိတ်နဲ့တောင် ဝိုင်းကို မပြစ်မှားဘူး"

"သိဘူးလေဗျာ၊ ကိုအောင်စည် ပြောတဲ့အထဲမှာ ကိုအောင်စည်က အရက်ဖိသောက်နေတဲ့ အချိန်ဆိုတော့ ကောင်မလေးကလည်း ကိုအောင်စည် တစ်ယောက်တည်းရှိတဲ့ ခြံနဲ့အိမ်ထဲကို နေ့တိုင်းလာတယ်ဆိုတော့"

ကိုလွင်ဦး စကားမဆုံးခင် အောင်စည်က ကြိမ်စားပွဲကို လက်ဝါးနှင့်ပုတ်ပြီး ပြောလိုက်သည်။

"ကျွန်တော် စိတ်နဲ့တောင် ဝိုင်းကို မပြစ်မှားဘူးလို့ ပြောခဲ့ပြီးပြီ၊ ထပ်ပြောပါရစေ ကိုလွင်ဦး၊ ကျွန်တော်ဟာ ဘယ်လိုအခွင့်အရေးတွေရရ သိက္ခာအကျခံပြီး ရတဲ့အခွင့်အရေးကို ဘယ်တော့မှ မယူတတ်ဘူးဆိုတာ"

"ဆောရီးဗျာ၊ ကျွန်တော်က ခင်ဗျားရဲ့အရည်အသွေးကောင်းတာတွေကြောင့် မိန်းကလေးတွေ ကြိုက်ကြမှာကို တင်စားပြောမိတဲ့ သဘောပါ၊ ကိုအောင်စည်ရဲ့သိက္ခာကို လေးစားလျက်ပါ"

လွင်ဦးက စကားပြေနှင့် လေပျော့နှင့် ပြန်ပြောသည်။ အရက်မူးလျှင် သွေးဆိုးသည်ဆိုသည့် ကိုအောင်စည်ကို လန့်၍ပဲလား၊ ရှေ့ဆက်လုပ်ငန်းတွေ ရှိနေ၍ ကိုအောင်စည်ကို သည်းခံလိုက်သည်ပဲလားတော့ မသိ။



"ကျွန်တော် အရက် ဘယ်လောက်သောက်သောက် သတိလက်မလွှတ်တတ်ပါဘူး ကိုလွင်ဦး၊ ဘာလို့သတိလက်မလွှတ်သလဲဆိုရင် အမြဲ ကိုယ့်ဟာကိုယ် သတိထားတဲ့ အလေ့အကျင့်ရှိနေလို့ပဲ"

"ဟုတ်ပါပြီ၊ ဝိုင်းအကြောင်း ဆက်ပြောပါ၊ ကျွန်တော်က ကားရိုက်ဖို့အတွက် ဇာတ်လမ်းရှာနေတဲ့လူ မဟုတ်လား"

"အဲ ... ကျွန်တော် တစ်ခုတော့ ဝန်ခံတယ်၊ ကျွန်တော်ဟာ ဝိုင်းလို မြီးကောင်ပေါက် ကလေးမကျ လူကြီးမကျတဲ့ အရွယ်လေးတွေကို ခင်မင်တတ်တဲ့ အစွဲသစ်တစ်ခုတော့ ရှိတာအမှန်ပဲ၊ အဲဒီအစွဲဟာ ကျွန်တော့်အတွက် စိတ်ရောဂါတစ်မျိုး ဖြစ်နေတာမျိုး ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့ဗျာ"

အို ... အစ်ကိုအောင်ရယ်ဟု စိုးစိုး၏ ရင်ထဲမှ ကျိတ်၍ ညည်းညည်းတွားတွားလေး ဖြစ်သွားရပြန်ပေသည်။

"စဉ်းစားကြည့်ပေါ့ဗျာ၊ အဲဒီတုန်းက ဝိုင်းရဲ့အသက်ဟာ ဆယ့်လေးငါးနှစ်ရွယ်၊ ကျွန်တော်က နှစ်ဆယ့်နှစ်ကျော်ကျော် နှစ်ဆယ့်သုံးနှစ်ထဲမှာဆိုတော့ အသက်ရှစ်နှစ်တောင်ကွာတယ်၊ ဝိုင်းကို မြီးကောင်ပေါက်မလေးမို့ ခင်မင်တာ သက်သက်ပဲ၊ တကယ် ဒီနေရာမှာ ဝိုင်းမဟုတ်ဘဲ မိနီ၊ မိဖြူဆိုလည်း ကျွန်တော်က ရောဂါအရ ခင်မိမှာပဲ"

ကိုလွင်ဦးက ကုလားထိုင်လက်တန်းကို အားရပါးရ ပုတ်လိုက်သည်။

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ကိုအောင်စည် ပြောတာ ဆိုဒ်ကို ဆန်တယ် စိတ္တဇဆန်တယ်၊ အဲဒါမျိုးကို အခြေခံပြီး

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တစ်ပုဒ်လောက် ထပ်စဉ်းစားထားသင့်တယ်၊ အဲ ... ဆက်ပြောဗျာ၊ ကျွန်တော် စိတ်ဝင်စားလို့”

“သိပ်ပြောစရာ မကျန်ပါဘူး၊ ဝိုင်းက လုပချော့မောတဲ့ မိန်းကလေးပဲ၊ ဒီတော့ ကျောင်းသားကြီးတချို့က ကောင်မလေးဝိုင်းကို မျက်စိကျတယ်လေ၊ အဲ ... တစ်နေ့မှာ ဝိုင်းဟာ ကျွန်တော့်ခြံထဲကို ပြေးဝင်လာတယ်၊ သူ့နောက်က အသက်နှစ်ဆယ်လောက်ရှိတဲ့ ဆယ်တန်းကျောင်းသားနှစ်ယောက် ပါလာတယ်၊ ကျွန်တော့်ရှေ့မှာပဲ ဝိုင်းကိုလက်ဆွဲ၊ ခြေဆွဲ ဆွဲကြတယ်၊ ဝိုင်းက ရုန်းတယ်၊ ကျွန်တော်က ဝင်ပြီး ဖျန်ဖြေတယ်၊ ကျွန်တော့်ကို အရေးစိုက်စရာ မှုစရာ မလိုဘူးဆိုရုံ မကဘူး မဆိုင်တာ ဝင်မရှုပ်နဲ့ဆိုပြီး တွန်းတွန်းထိုးထိုး လုပ်ကြတယ်၊ ဒါနဲ့ ကျွန်တော်လည်း ပန်းပင်ကာထားတဲ့ နှစ်တစ်လက်မ သစ်သားချောင်းနုတ်ပြီး ရိုက်ပစ်လိုက်တာ နှစ်ယောက်စလုံး ကွဲပြဲပြီး ဆေးရုံတင်ရတယ်၊ တကယ်တော့ ကျွန်တော့်ပိုင်နက် ကျွန်တော့်ခြံဝင်းထဲမှာ ဖြစ်တာပါ။ သို့ပေမဲ့ ကျောင်းသားနှစ်ယောက်ရဲ့မိဘတွေက ကြီးကြီးမားမား ပုဂ္ဂိုလ်တွေလေ၊ ဒီတော့လည်း တစ်ကောင်ကြွက် ကျွန်တော် ထောင်ကျတာပေါ့၊ ထောင်တစ်နှစ်တည်းကျတာ ကြည့်ပေါ့လေ၊ ကျွန်တော် ထောင်မကျရင် မဖြစ်လို့ ကျလိုက်တာပဲ ဆိုပါတော့ ကိုလွင်ဦး”

စကားအဆုံးတွင် အစ်ကိုအောင်သည် တတိယမြောက်ခွက်ကို သောက်ပြန်ပေသည်။



ကိုလွင်ဦးက အရက်ခွက်ကို ကိုင်ထားစေကာမူ တကယ်တမ်း ဟက်ဟက်ပက်ပက် မသောက်ရုံမက ကိုအောင်စည် တခြားဘက်သို့ ငေးကြည့်သည့်အခါ ကိုလွင်ဦးက သူ့အရက်ခွက်ထဲမှ အရက်ကို မသိမသာ အောက်သို့ သွန်ပစ်သေးသည်ကို စိုးစိုး တွေ့နေရပါ၏။ အစ်ကိုအောင်ကတော့ တကယ်သောက်နေသည်သာ။

“ကောင်းတယ်ဗျ၊ ကိုအောင်စည်ရဲ့ဓာတ်လမ်းလေးကထပ်ပြီး ဖြည့်ဖြည့်စွက်စွက် လုပ်လိုက်ရင် နောက်ဓာတ်ကားတစ်ပုဒ် ဖြစ်လာနိုင်လောက်တယ်၊ ဒါထက် ကျွန်တော်မေးချင်တယ်၊ ကိုအောင်စည်ဟာ ဆယ်ကျော်သက် မြီးကောင်ပေါက်မလေးတွေကို ခင်မင်တတ်တဲ့ အစွဲရောဂါဟာ ဘယ်တုန်းကစပြီး ရခဲ့တာလဲ၊ မော်လမြိုင်ဒီဂရီကောလိပ် ဒုတိယနှစ်ကများ စဖြစ်တာလားဗျာ”

ကိုလွင်ဦး၏မေးခွန်းကို အစ်ကိုအောင် ဘယ်လိုများဖြေမလဲဟု စိုးစိုး ရင်တထိတ်ထိတ် ခုန်ရပါ၏။

တကယ်တော့ ကိုလွင်သည် အစ်ကိုအောင်ကို အရက်မူးအောင်တိုက်ပြီး အရက်မူး ကျွဲခိုးပေါ်အောင် မိမိနှင့် အစ်ကိုအောင် မော်လမြိုင်မှာ ရင်းနှီးခဲ့သည်တို့ကို တမင်အစ်အောက်နေပြီမှန်း စိုးစိုး ရိပ်မိသောကြောင့် ဖြစ်ပါ၏။

“ဟဲ ... ဟဲ ... ဘယ်ကလာ တက္ကသိုလ် ဒုတိယနှစ်က ဟုတ်ရမှာလဲ ကိုလွင်ဦးရာ၊ ကျွန်တော် ငါးနှစ်သား ခြောက်နှစ်သား အရွယ်တည်းက အမိနို့မခွဲသေးတဲ့ ကြောင်ပေါက်စလေးတွေ၊ ခွေးပေါက်စလေးတွေကို ခင်မင်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com


ရောဂါ ရှိလာတယ်၊ ဒါကြောင့် ကြီးလာတော့လည်း လူပေါက်စ မြီးကောင်ပေါက်လေးတွေ ခင်မင်တဲ့အစွဲ ရှိလာတာ ဖြစ်မှာပေါ့ဗျာ၊ ကဲ ... သောက်လို့လည်း ကောင်းတယ်၊ ထမင်းလည်းဆာပြီ၊ ထမင်းစားစို့တော့ဗျာ၊ နားနားနေနေ နေပြီးရင် ကျွန်တော့်အိမ်လေးထဲမှာ ပတ္တလားနဲ့ အဆိုကျွင့်ဦးမယ်လေ"

"အိမ်ပေါ်က စန္ဒရားမှာ ဆိုတီးလေ့ကျင့်ပါလား ကိုအောင်စည်"

"အတူတူပဲပေါ့ဗျာ၊ ကျင့်တာဟာ ကျင့်တာပဲပေါ့၊ တစ်ခါတလေ ကျွန်တော်က မိုးချုပ်ညဥ့်နက်ထိ ဆိုချင်ဆို တီးချင်တီးတာ၊ အိမ်ကလူကြီးတွေနဲ့ မစိုးစိုးကို အားနာစရာဗျာ"

တော်သေးသည်။ အစ်ကိုအောင်သည် အရက်သောက်သော်လည်း သတိမလစ်ပေ။ ကိုလွင် မှားခေါ်ရာ စကားနောက်သို့ မလိုက်ပါပေ။

❊ ❖ ❊

ထမင်းစားပြီးသည်နှင့် အစ်ကိုအောင်သည် အိမ်ဆော်တွင် တစ်မိနစ်ပင် မနေဘဲ သူ့ပျဉ်ထောင်အိမ်လေးသို့ ပြန်သွားသည်။

ကိုလွင်ကလည်း အစ်ကိုအောင် ပြန်သွားပြီးနောက် အိရွေစင်ထံ ဖုန်းဆက်သည်။ ဖုန်းဆက်ပြီး စိုးစိုးဆီသို့ လျှောက်လာသည်။

"ကိုလွင် အပြင်ခဏသွားမယ် စိုးစိုး၊ အိရွေစင်နဲ့ ဇာတ်ကားအတွက် စီစဉ်စရာလေးတွေ စီစဉ်မလို့၊ ဒီကသွားရင် ဒါရိုက်တာကိုပါ ခေါ်သွားမယ်၊ ရန်ကုန်မှာ ရသမျှရိုက်ကွက်တွေ အိရွေစင် အခန်းတွေရော ကိုအောင်စည်ရဲ့ အခန်းတွေရော စပြီးရိုက်တော့မယ်"

ဖလင်က ချက်ချင်းရမှာမို့လားဟု စိုးစိုး ရင်ထဲက မေးချင်ပါ၏။ သို့သော် မမေးပါပေ။

ကိုလွင်က ဖလင်ကို အပြင်မှဝယ်ပြီး ရိုက်နှင့်မည်။ ထုတ်၍ ရချိန်တန်မှ ထုတ်မည်ဟု ပြန်ပြောမည်မှာ သေချာသောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com



ယခု အိမ်ရှေ့စင်ထံသို့ ညဦးမိုးချုပ်မှ သွားမည်ဆို သည့်အခါတွက်လည်း စိုးစိုးက ခေါင်းမညိတ် ခေါင်းမခါပင် နေ လိုက်သည်။

"မနက်မှ သွားပါလား ကိုလွင်"

ဟု ပြောလည်း ရမည်မဟုတ်။ သူ့လုပ်ငန်းသည် အချိန်နှင့်စက်ပြီး တန်ဖိုးရှိသည်။ ရသလောက်အချိန်တွင် လုပ် ကိုင်ရမည်ဟု ပြန်ပြောပေဦးမည်။

ကိုလွင်သည် သူ့ပစ်ကပ်ကားလေးနှင့်ပင် သူထွက် သွားသည်။

ရန်ကုန်ပြောင်းစဉ်က ကိုလွင့်မိဘတွေက ပစ်ကပ် ကားသစ်တစ်စီး လုပ်ငန်းတွင်သုံးရန် ဝယ်ပေးသည်။

စိုးစိုး အိမ်မှတိုယိုတာကော်ရိုလာ ဆလွန်းကားလေး တစ်စီး ပေးလိုက်သည်။ ရန်ကုန်ရောက်ချိန်မှစပြီး ကိုလွင်သည် သူ့မိဘဝယ်ပေးသော ကားကိုသာ သုံးသည်။ စိုးစိုး၏ကားကို လက်ဖျားဖြင့်ပင် မတို့။

စိုးစိုးကလည်းဈေးသွား၊ ဟိုသွား၊ သည်သွားအတွက် သူမ၏ ကော်ရိုလာကားလေးကို ကိုယ်တိုင်မောင်း သွားလာသည်။

ကိုလွင်က သူ့ကားအတွက် ဒရိုင်ဘာ ဦးဘထူးကို ခန့်ထားသည်။ သူ့ကားက အလုပ်တိုက်တွင် အလုပ်များလှပေ သည်။

အစ်ကိုအောင် ပြောင်းလာတော့ အစ်ကိုအောင်နှင့် အတူ လင်းရိုဗာ ကိုယ်ပိုင်ကား ပါလာသည်။



အစ်ကိုအောင်က သူ အပြင်ထွက်သည့်အခါ သူ့ လင်းရိုဗာကားနှင့် ထွက်သည်။

တစ်ခါတလေ အစ်ကိုအောင်သည် အိမ်မှာထမင်း စားဘဲ အပြင်သွားရင်း စားလာခဲ့သည်မျိုးတွေလည်း ရှိတတ် သည်။

ကိုလွင် အိမ်မှထွက်သွားသည်နှင့် စိုးစိုးသည် သူမ ၏အိပ်ခန်းတွင် ဝင်ရောက်လဲလျောင်းသည်။

ညနေက အရက်ဝိုင်းတွင် အစ်ကိုအောင် ပြောသွား သော စကားတို့ကို စိုးစိုး ပြန်စဉ်းစားနေမိသည်။

ဝိုင်းဆိုသည့် မြီးကောင်ပေါက်မလေး အကြောင်း ပြောသွားသည်။

အစ်ကိုအောင်တွင် မြီးကောင်ပေါက်လေးများကို ခင်ခင်စိတ် ဖြစ်တတ်သည်မှာ စိတ္တဇဝေဒနာတစ်ခုဟု ပြောသွား သည်။

ဒါဆိုလျှင် အစ်ကိုအောင်၏ ရောဂါသည် မိမိနှင့် မော်လမြိုင်တွင် စတင်တွေ့ဆုံခဲ့ကြပြီး ခင်မင်ခဲ့ရာမှ ခွဲခွာသည့် အချိန်တွင် ပြင်းထန်စွာ ကြေကွဲဝမ်းနည်းခဲ့ကြချိန်မှစ၍ စွဲကပ် လာသော ဝေဒနာပေလား။

အို ... ငါ ဘာတွေ တွေးနေတာလဲ။ မှန်တာပြော ရစတမ်းဆိုလျှင် အစ်ကိုအောင်နှင့် မိမိသည် ဘဝခြားလေပြီ။ မိမိက ကာမပိုင်လင်ယောကျ်ားနှင့် အိမ်ထောင်သည် မဟုတ်လား။

ဒါကျတော့လည်း မိမိပင်လျှင် အလွန်ဖြစ်သွားပြန် သည်။ မိမိက ကိုလွင်နှင့် လက်ထပ်ခဲ့ပေမယ့် အစ်ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ အဘယ်မိန်းကလေး တစ်ဦးတလေကိုမျှ လက်မထပ်ရ သေး။

"ဒေါက် … ဒေါက် … စိုးစိုး"

"ဩော် … ကြီးကြီးတင့်လား၊ စိုးစိုး တံခါးစေ့ရုံ စေ့ထား တာပါ ကြီးကြီးတင့်"

ဟိုတွေး သည်တွေးများ ကြီးကြီးတင့် အသံကြောင့် အဝေးလွင့်သွားကြသည်။

ကြီးကြီးတင့် အိပ်ခန်းထဲသို့ ဝင်လာသည်။

"နေမကောင်းလို့လား စိုးစိုး၊ အစောကြီး အခန်းဝင်အောင်း နေလို့"

"နေကောင်းပါတယ် ကြီးကြီးတင့်"

"ကိုလွင် အိမ်မှာမရှိတဲ့အချိန် သူ့ဝေယျာဝစ္စတွေ လုပ် ပေးရတော့ အားနာတယ်၊ ဒါကြောင့် ဝင်လှဲနေတာပါ"

ကြီးကြီးတင့် ဝင်လာသဖြင့် စိုးစိုး လဲလျောင်းရာမှ ထပြီး ခုတင်ပေါ်မှာပင် ခြေတွဲလွဲ ချထိုင်နေပေသည်။

ကြီးကြီးတင့်က စိုးစိုးနှင့် ယှဉ်တွဲထိုင်လိုက်သည်။

"အေး … မောင်လွင်ဦး အကြောင်း ပြောချင်လို့ ကြီးကြီး တင့် တမင်ဝင်လာခဲ့တာပဲ စိုးစိုး"

"ကိုလွင့် အကြောင်းဆိုတာ ဘာများလဲဟင်"

"မပြောလည်း မပြီးဘူးပေါ့ စိုးစိုးရယ်၊ ပြောပြရင်လည်း စိတ်မချမ်းသာစရာပဲ၊ စိုးစိုးရဲ့ ကိုလွင်ဟာ မူမမှန်လှဘူး ကွယ့်၊ ဟိုတစ်နေ့က သူ့အလုပ်တိုက်က ကုလားလေး ကွန်နားကို ကြီးကြီးတင့် ဟိုလှည့် ဒီလှည့်နဲ့ မေးခဲ့တယ်



မောင်လွင်ဦးဟာ အိရွှေစင်နဲ့ တော်တော်တွဲနေ ငြိနေတယ် လို့ ကွန်နားက ပြောတယ်"

"ဒါလား ဟုတ်မှာပေါ့ ကြီးကြီးတင့်၊ ဟိုတစ်လောက တောင် သူ့အိတ်ထဲက အိရွှေစင် ချိန်းတဲ့စာတွေ့လို့ ကြီးကြီးတင့်ကိုတောင် စိုးစိုး ပြခဲ့သေးသအားပဲ"

"အေးလေ … ကြီးကြီးတင့် ပြောချင်တာက စိုးစိုးအနေနဲ့ မောင်လွင်ဦးကို အဟန့်အတား ပြောဦးမှာပေါ့၊ ကိုယ်က ကာမပိုင်တရားဝင်လက်ထပ်ဇနီးပဲဟာ၊ ခုတော့ စိုးစိုးက မောင်လွင်ဦးကို အလျှော့ပေးလွန်းတယ်"

စိုးစိုး ပြုံးလိုက်ပါ၏။ မပြုံးချင်ဘဲ ပြုံးရသော အပြုံး မျိုး ဖြစ်ပေသည်။

"ပြောရမယ် ဆိုရင်တော့ ကိုလွင့်ဟာ စိုးစိုးကို လက်ထပ် ခါစ ပထမနှစ်လောက်ကသာ အရေးတယူ ရှိခဲ့တာပဲ ကြီးကြီးတင့်၊ အါဒီနောက်ပိုင်းမှာတော့ စိုးစိုးကို ကိုလွင်က အရုပ်လှလှလေး မှန်ဗီရိုထဲမှာ ထားသလို ရွှေငါးကို ဖန် အိမ်ထဲမှာ ထည့်မွေးသလို သဘောထားတာပဲ၊ စီးပွားရေး ပိုင်းမှာဖြစ်ဖြစ် သူ့ရဲ့ကိုယ်ရေးကိုယ်တာပိုင်းမှာဖြစ်ဖြစ် ကိုလွင်က သူ့သဘောနဲ့ သူ့ဆန္ဒအတိုင်း လုပ်နေတာ ကြာပြီပဲ ကြီးကြီးတင့်"

"စိုးစိုးကို ဘာမှမတိုင်ပင်ဘူးလား"

"တိုင်ပင်တယ် ဆိုတာမျိုးက တစ်မျိုးပဲ ကြီးကြီးတင့်၊ ကိစ္စတစ်ခု ကို လင်မယားတိုင်ပင်ပြီး လုပ်သင့်မှလုပ်တယ်၊ မလုပ်သင့်ရင် မလုပ်ဘူးဆိုတာ တိုင်ပင်ရာ ရောက်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အခု ကိုလွင်က သူလုပ်ချင်တာ စိုးစိုးကို ဖွင့်ပြောပြတယ်၊ မသင့်တော်ဘူးလို့ စိုးစိုးက အကြံပေးလည်း သူလုပ်ချင်တာပဲ လုပ်တာပဲ၊ ကိုလွင့် အကြောင်းလည်း ကြီးကြီးတင့်သိသားနဲ့၊ သူ့စိတ်ထဲ လုပ်ချင်လာတာဆိုရင် ခွတ်လုပ်တာပဲဟာ၊ ဒီတော့ စိုးစိုးက နောက်ပိုင်းမှာ သူ ဘာလုပ်လုပ် မပြောတော့ဘူး၊ သူ ပြောပြတာကိုပဲ နားထောင်နေလိုက်တယ်"

"စီးပွားရေးလုပ်ငန်းကတော့ ထားပါတော့လေ၊ အခုကိစ္စက တခြားမိန်းကလေးတစ်ဦးနဲ့ ဖောက်လွဲဖောက်ပြန်နေတာမျိုးကျတော့ စိုးစိုးက ဘာလို့ ငြိမ်ခံနေရမှာလဲ၊ ကိုယ့်မှာ ပြောပိုင်ခွင့်တွေ ရှိနေသားပဲဟာ"

"ပြောလဲ ဘာထူးမှာမို့တဲ့ ကြီးကြီးတင့်၊ ပြောလည်း သူ့ရှေ့ဆက်တိုးလုပ်မှာမို့ မပြောဘဲ နေတာကပဲ ကောင်းပါတယ်၊ ပြောရင် လင်မယား စကားများတာပဲ အဖတ်တင်မယ်၊ စိုးစိုး အေးအေးချမ်းချမ်းပဲ နေချင်တယ် ကြီးကြီးတင့်"

"ဟယ် ... စိုးစိုး ကြည့်ရတာ မတုန်မလှုပ် ရှိလိုက်တာ၊ အေးစက်စက် နိုင်လိုက်တာ၊ ကဲ ... ဒါဆို ကြီးကြီးတင့်မေးမယ်၊ မောင်လွင်ဦးက 'စိုးစိုးကို ကွာရှင်းပြီး အဲဒီမိန်းကလေးကို ခွတ်လက်ထပ်မယ်' ဆိုရင်ကော"

"အဲဒီအထိတော့ မဖြစ်စေချင်ပါဘူး၊ ဒါပေမဲ့ အဲဒီအထိဖြစ်လာရင်လည်း စိုးစိုးက ဖေဖေနဲ့ မေမေရှိရာ မန္တလေးကို ပြန်ရုံပေါ့"



"အောင်မယ်လေးတော် ... ဖြစ်မှ ဖြစ်ရလေကွယ် စိုးစိုးရယ်"

ကြီးကြီးတင့်က သူ့ရင်ဘတ် သူတီးကာ ခြေသံပါအောင် ညည်းညူလိုက်ပေသည်။

စိုးစိုးတို့လင်မယားမှာ အပြန်အလှန် မေတ္တာစိတ်နည်းလှချည်လားကွယ်။

စိုးစိုးက တည်တည်ငြိမ်ငြိမ်လေးပင် ဆက်၍ပြောသေသည်။

"ရင်ထဲ နှလုံးထဲက မေတ္တာဆိုတာ နည်းသွားအောင် သွန်ပစ်လို့ မရပါဘူး ကြီးကြီးတင့်၊ မေတ္တာတွေ ပွားများအောင်ဆိုပြီးလည်း အတင်းဖြည့်ထားလို့ မရပါဘူး၊ သူ့နှလုံးသားထဲက အလိုလို ပေါ်ထွက်လာရတာပါ၊ မေတ္တာမရှိတဲ့လူကို အတင်းမေတ္တာရှိရမယ်ဆိုတိုင်းလည်း မေတ္တာမရှိနိုင်ပါဘူး၊ မေတ္တာရှိနေတဲ့သူကို အတင်းမုန်းပစ်ရမယ်ဆိုလည်း မုန်းလို့မရနိုင်ပါဘူး"

"အံ့ရောကွယ်"

"ကိုလွင့်ကို စိုးစိုး လက်ထပ်ပြီး သိပ်မကြာခင်မှာပဲ နားလည်သဘောပေါက်ခဲ့ပါတယ်၊ ကိုလွင်ဟာ လောကြီးတယ်၊ ရမ္မက်ကြီးတယ်၊ ဆန္ဒနောက်ကို တစိုက်မတ်မတ် လိုက်တတ်တယ်၊ အဲ ... နှလုံးသားထဲက မေတ္တာမျိုးကျတော့ ကိုလွင့် နှလုံးထဲမှာ ထုထည်အနေနဲ့ မရှိပါဘူး၊ အခိုးအငွေ့လောက်သာ ရှိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင့်သည် ငူငူငေါင်ငေါင်နှင့် နားထောင်နေသည်။

မောင်လွင်ဦး စိတ်ခတ်နှင့် ပတ်သက်ပြီး စိုးစိုးပြောသမျှသည် မှန်ကန်လွန်းနေသောကြောင့် ဖြစ်ပါ၏။

"ကြီးကြီးတင့်ပဲ စဉ်းစားကြည့်လေ၊ မန္တလေးက မင်္ဂလာဆောင်မှာ မိတ်ဟောင်းဆွေဟောင်းတွေဖြစ်တဲ့ စိုးစိုး မသိတဲ့ ကိုလွင့် မိဘတွေ တွေ့ဆုံကြတဲ့နေ့က ကိုလွင်နဲ့ စိုးစိုး ပထမဆုံး တွေ့ဖူးကြတာပဲ၊ စိုးစိုးကို ကိုလွင်က တွေ့တွေ့ချင်း သဘောကျတယ်၊ နှစ်ခြိုက်တယ် မေတ္တာရှိတယ်ဆိုပြီး လက်ထပ်ပေးဖို့ သူ့မိဘတွေကို ဖွင့်ပြောတယ် အဲဒါ ကိုလွင်ရဲ့နှလုံးသားထဲက မေတ္တာမဟုတ်ဘူး ကြီးကြီးတင့်၊ ရမ္မက် ... ရမ္မက်၊ စိုးစိုးရဲ့ မျက်နှာအလှ ကိုယ်ထည်အလှကို မက်မောတဲ့ ရမ္မက်ဇောလေ၊ အရုပ်လှလှလေးတွေလို့ လိုချင်လွန်းပြီး ငိုယိုပူဆာတဲ့ ကလေးတစ်ယောက်ရဲ့ဆန္ဒရမ္မက်ပဲ၊ လက်ထဲ အရုပ်လေးရပြီး ကြာလာတော့ ဒီအရုပ်လေးဟာ ရိုးသွားတယ်၊ ဒီတော့လည်း တခြားအရုပ်သစ်လှလှလေး တစ်ခုအပေါ်မှာ အာရုံပြောင်းသွားတဲ့သဘောမျိုးပေါ့"

"အေး ... မောင်လွင်ဦး အကြောင်းကတော့ ငယ်ငယ်လေးကတည်းက တစ်အိမ်တည်း အတူနေမို့ ကြီးကြီးတင့်သိပါတယ်၊ စိုးစိုး အခုပြောပြတာတွေကိုလည်း ကြီးကြီးတင့် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကြီးကြီးတင့် စဉ်းစားတယ်၊ ဟိုလွန်ခဲ့တဲ့ သုံးနှစ်လောက်က စိုးစိုးဟာ လှသလို အခုလည်း လှနေတာပဲ၊ ဟိုတုန်းက ကိုယ်လုံးကိုယ်ထည်မျိုးဟာလည်း အခုထိ တစ်စက်လေးမှ ကျမသွားသေးဘဲ အချိုးအဆစ် ပြေပြစ်လှပတုန်းပဲ၊ မောင်လွင်ဦးဟာ ရမ္မက်ဆိုရင် ခုချိန်ထိ စိုးစိုးကို ရမ္မက်ပဲ ဖြစ်နေရမှာပေါ့၊ သူ ဘာစိတ်ပျက်စရာ ရှိလို့လဲ၊ အဲ ... တစ်ခုတော့ရှိရဲ့၊ ဒီသုငယ်ဟာ ခုချိန်ထိ စိုးစိုး သားသမီးမထွန်းကားတာများ စိတ်ပျက်လေသလား မပြောတတ်ဘူး"

"စိုးစိုးကိုယ်တိုင် သားသမီး လိုချင်ပါတယ်၊ ကိုလွင်က အိမ်တပ်တဲ့အချိန် နည်းလွန်းတော့ ကိုယ့်သားသမီးလေးနဲ့ ကိုယ် အတူနေချင်တဲ့ဆန္ဒ စိုးစိုးမှာရှိပါတယ်၊ ဒါကြောင့် ကိုလွင့်ကို သားသမီးရေးရှိရေးအတွက် ဆရာဝန်နဲ့သွားပြ၊ တိုင်ပင်ကြဖို့ ပြောတဲ့အကြိမ်တွေ မနည်းပါဘူး၊ ကိုလွင်က ငြင်းတယ်၊ သားသမီး မလိုချင်သေးဘူးလို့ အဆုတ်အကန် ငြင်းတယ်၊ စိုးစိုး မလျှော့ဘူး၊ ဈေးသွားရင်း စိုးစိုးကိုယ်ကို ဆရာဝန်နဲ့ စစ်ဆေးတယ်၊ စိုးစိုးရဲ့ခန္ဓာပိုင်းဟာ သားသမီးထွန်းကားနိုင်တဲ့အပိုင်းလို့ ဆရာဝန်က မှတ်ချက်ပေးတယ်၊ စိုးစိုး မမြို့ပါဘူး ကြီးကြီးတင့်၊ စိုးစိုး သားသမီးရနိုင်တဲ့အင်္ဂါရပ်တွေ အားလုံးပြည့်ဝပါတယ်၊ ခက်တာက ကိုလွင့်ကို စစ်ဆေးဖို့ပဲ၊ ကိုလွင်ဟာ ဆရာဝန်နဲ့ စစ်ဆေးဖို့ အမြဲအဆုတ်အကန် ငြင်းတယ်၊ အဲဒီတော့ ဘယ်နှယ်လုပ်မလဲ ကြီးကြီးတင့်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင့်က စိုးစိုး ပြောသမျှ ကျေနပ်ထောက်ခံသည့်အလား ခေါင်းတညိတ်ညိတ် ရှိပါ၏။

ကြီးကြီးတင့် ပြန်ရန် ထရပ်လိုက်သည်။

"အေး ... ဘာပဲဖြစ်ဖြစ် မောင်လွင်ဦးအနေနဲ့ စိုးစိုးကလွဲပြီး တခြား ဘယ်မိန်းကလေးနဲ့မှ ကြီးကြီးတင့် အဖြစ်မခံနိုင်ဘူး၊ မောင်ဘပွား ကိုယ်တိုင်ကလည်း သူ့ချွေးမ စိုးစိုးဆိုမှ စိုးစိုး ဖြစ်နေတယ်၊ စိုးစိုး လိမ္မာတာ သဘောကောင်းတာတွေကိုပဲ ပြောတယ်၊ ကြီးကြီးတင့် ကိုယ်တိုင်လည်း စိုးစိုးကို ချစ်တယ်၊ တခြားမိန်းမဆိုရင် ဒီလို အနားမှာလိုက်နေပေးဖို့ ခဲယဉ်းသားပဲ၊ မိုးကုတ်ကို ပြန်ပြီပေါ့"

တဖျစ်တောက်တောက်ပြောရင်း ကြီးကြီးတင့်သည် အပြင်သို့ ပြန်ထွက်သွားတော့သည်။

စိုးစိုးသည် ကိုလွင့်ကို အိပ်ခန်းထဲကပဲ စောင့်ပါသေး၏။

သို့သော် ညဆယ်နာရီထိုးသည်အထိ ကိုလွင် ပြန်မလာ။ စိုးစိုး ဝတ္တရားကုန်သွားပြီ။

စိုးစိုး မျက်စိမှိတ်ပြီး အိပ်လိုက်သည်။

ထိုစဉ်မှာပင် ပျဉ်ထောင်အိမ်လေးဆီမှ အစ်ကိုအောင်၏ပတ္တလားသံနှင့်အတူ သီဆိုသံ ထွက်ပေါ်လာသည်။

"မှန်ပြာရီ ... ရာသီတွေပြောင်း ...
တစ်ဆောင်းသစ်ပြန်ပြီ ...
ငွေနှင်းမှုန်မှုန် ... ဝသုန်လေမြူး ...
ဟေမာန်ဦး ... ကူး ... ကူးခဲ့ပြီ"



စိုးစိုး ခေါင်းကြွကာ နားစွင့်ထားမိသည်။ အစ်ကိုအောင်သည် လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်လောက်ကလည်း ဤသီချင်းကို ဆွေးဆွေးမြည့်မြည့် ဆိုခဲ့သည်။

ယခုလည်း အစ်ကိုအောင် ယင်းသီချင်းကိုပင် ဆွေးမြည့်သံဖြင့် ဆိုနေဆဲ တီးနေဆဲပါလား။

"စိမ်းမြမြ ... စိမ်းရက်သည်
မသက်ညှာသူကြီးရယ် ... ရတက်ဖြင့်ပွေရပြီ၊
ချစ်ကံငယ် ... ခေလွန်းသူမတော့ ...
စိတ်နောက်ဗျာပါကြွယ် ... မဖြေသာသည်
ဆောင်းဝတ်လွှာ လွင့်ပန်းနဲ့ ...
ငွေနှင်းမှုန်တွေ့လေတိုင်း ...
သောကမှုန်တိုင်းက ...
ကိုယ့်အပေါ် ဖိစီးကြလေပြီ ..."

အစ်ကိုအောင်၏ အသံသည် တိတ်သွားပေပြီ။ ဤ"စိမ်းမြမြ စိမ်းရက်သည်"အပိုဒ်သည် သီချင်းစာသားထဲတွင် သူ့ဟာသူ နဂိုတည်းက ပါပြီးသား ဖြစ်ပါ၏။

သို့သော် ယခုတစ်ကြိမ် စိုးစိုး ထပ်မံပြီး အစ်ကိုအောင့် ဆိုသံကို ကြားရသည်မှာ မိမိကိုများ ရည်ရွယ်ကာ ဆိုနေသလားဟု သံသယဖြစ်ဖွယ်ပင်။

အကြောင်းမူ စိုးစိုး ဆိုသည့် ငုံရာမှပွင့်ခဲ့သော ပန်းလေးထံသို့ အတောင်စုံဖြန့်ပြီး ပျံသန်းလာခဲ့သော လိပ်ပြာအစ်ကိုအောင် ရောက်လာချိန်ဝယ် ပန်းပွင့်လေးအပေါ်တွင် ကိုလွင်ဆိုသည့် ပျားပိတုန်းက ပိုင်စိုးပိုင်နင်း နေရာယူကာ ဝတ်ရည်စုပ်ယူလေပြီကော။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ကိုလွင် ပျားပိတုန်းသည် အခြား အသစ်သော ပန်းတစ်ပွင့်ပေါ် သူ နားနေဟန်တူပါ၏။

ည ဆယ်နာရီထိုးပြီးသည်အထိ ပြန်မလာသေးပါပေ။

❊ ❖ ❊



တစ်လအတွင်း စိုးစိုးတို့အိမ်တွင် ပြောင်းလဲချက်တွေ ထူးခြားချက်တွေ တစ်ပုံကြီး ရှိလာသည်။

တစ် ... ကိုလွင် တစ်ယောက် အရမ်းစိတ်တိုနေသည်။

နှစ် ... အိရွှေစင် တစ်ယောက် လှစ်သည်နှင့် ကိုအောင်စည်၏ ပျဉ်ထောင်အိမ်လေးသို့ ရောက်လာတတ်သည်။ နာရီဝက် တစ်နာရီနေပြီးမှ ပြန်လေ့ရှိသည်။

သုံး ... ကိုအောင်စည်သည် အိမ်ကြီးပေါ်သို့ လာရောက်ပြီး ကော်ဖီသောက်ချင်မှ သောက်သည်။ ထမင်းစားချင်မှ စားသည်။ အပြင်မှ စားသောက်လာသည့်ရက်က များလာသည်။

အချက်လေး အနေနှင့် လေအနော့ကြွေတော့မလို ဆတ်ကို ရန်ကုန်တွင် ရိုက်လို့ရသည့် ရိုက်ကွက်ရိုက်ကွင်းမှန်သမျှ ရိုက်နေပေပြီ။ ဒါကတော့ လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းမို့ ထူးခြားချက် ပြောင်းလဲချက်ဟု မဆိုသော် ရပါသေး၏။

"ကြီးကြီးတင့် ... ဗျို့ ... ကြီးကြီးတင့်"

"ဘာလဲ ... မောင်လွင်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နီပြာတံနဲ့ ဘော(လ်)ပင်ကော ဘယ်ရောက်သွားလဲ"

"ဟဲ့ ... ဒါကို ငါက သိမလား၊ မင်းဟာမင်း ကိုင်တဲ့ ပစ္စည်းပဲ"

"လွယ်လိုက်တာ၊ ဒီစာကြည့်ခန်းစားပွဲပေါ်မှာပဲ ကျွန်တော် ထားတာ၊ တကယ်ပဲ အလုပ်လုပ်မလို့ ထိုင်လိုက်ရင် ဟိုဟာမရှိ ဒီဟာမရှိနဲ့ ကြီးကြီးတင့်က အိမ်မှာ လူကြီးလုပ်နေပြီး ဘာမှအသုံးမကျဘူး"

"ဟေ ... ငါက အသုံးမကျဘူး ဟုတ်လား၊ မင်းအပြော ရိုင်းလာပါလား မောင်လွင်ဦး၊ မင်း နေ့တိုင်းကိုင်နေတဲ့ ပစ္စည်း ပျောက်တာ ငါ့အပြစ်လား၊ မင်းအပြစ်လား၊ ငါ ကတော့ တွေ့ရင် သိမ်းပေးထားမယ်၊ မတွေ့ရင်တော့မသိဘူးဘဲ၊ မင်းဟာမင်း ဗျာများပြီး ဘယ်ထားခဲ့လို့ ထားခဲ့ မှန်း မသိတာ"

"တော်ဗျာ ကြီးကြီးတင့်၊ ကြီးကြီးတင့် ပေါ့လျော့တာတွေ မိုးကုတ်က ဖေဖေ့ဆီ ကျွန်တော် စာရေးမယ်"

"ဟဲ့ ... မောင်လွင်ဦး၊ စာမရေးနဲ့ ကြာတတ်တယ်၊ ဖုန်း ဆက်ပြော ... ဖုန်းဆက်ပြော၊ ကြီးကြီးတင့်ကလည်း မင်း အဖေဆီ စာရေးထားပါတယ်"

"ခွမ်း"

ကိုလွင်ဦးသည် စားပွဲပေါ်မှ ဖန်သားဆေးလိပ်ပြာ ခွက်ကို ဒေါနှင့် ရိုက်ခွဲပြီး အိမ်မှခြေသံပြင်းပြင်းဖြင့် ထွက်သည်။



အချိန်တန်၍ အိမ်ပြန်လာသောအခါ သူ့အင်္ကျီအိတ်ထဲတွင် ပျောက်သွားပါသည်ဆိုသည့် ဘော(လ်)ပင် ပြန်ပါလာသည်။ သူ့ဟာသူ အလုပ်တိုက်က စားပွဲတွင် မေ့ထားခဲ့ပြီး ပြန်တွေ့သည်ပဲ ဖြစ်တန်ရာသည်။

"ဗျို့ ... ဒေါ်အေး"

ဒေါ်အေး ထမင်းစားပွဲအနီးသို့ အပြေးရောက်လာသည်။

"ခင်ဗျားချက်တဲ့ဟင်း ခင်ဗျား စားကြည့်စမ်း၊ ပေါ့လိုက်တာ ရွတ်နေတာပဲ၊ ဘာလဲ၊ မြန်မာပြည်မှာ ဆားတွေ၊ ငံပြာရည်တွေ ဝယ်မရတော့လို့လား၊ တကယ် အသုံးမကျဘူး၊ သွား ... သွား"

ယခင်ကဆိုလျှင် ကိုလွင်ဦးသည် ဒေါ်ဒေါ်အေးအား ကောင်းသည်ဖြစ်ဖြစ်၊ ဆိုးသည်ဖြစ်ဖြစ် တစ်ခွန်းမှမပြော။ အပြစ်လည်းမပြော။ အကောင်းလည်း မပြော။ အကြောင်းမူ ဒေါ်ဒေါ်အေးသည် စိုးစိုးမိဘတွေ ထည့်ပေးလိုက်သောကြောင့် ဖြစ်သည်။

ယခုမူ ဒေါ်ဒေါ်အေးကိုပင် ကြိမ်းမောင်းဆူပူလာပေပြီ။

သူ ခုတလော အရမ်းဒေါသကြီးနေပါ၏။ စိုးစိုး ဘာ ဘာမျှဝင်မပြော။ သူ စိတ်တိုနေလျှင် လွတ်ရာသို့ ရှောင်ထွက်သွားသည်။

ယခုအချိန်ထိ စိုးစိုးကိုတော့ ကိုလွင်ဦးက အပြစ်တင်ခြင်း၊ ဆူပူခြင်း မရှိသေးပေ။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခု ထူးခြားသည်က အိရွှေစင်။

ဒါရိုက်တာက ကိုအောင်စည်ကား ကားရိုက်စရာရှိတယ် မင်းသား လိုက်ခဲ့ပါဆိုလျှင် သူ့လင်းရိဗာကားဖြင့် လိုက်သွားသည်။ ရိုက်ချင်တာရိုက်၊ သူ့ဘက်က အပြစ်မရှိအောင် အကောင်းဆုံးဖြစ်အောင် ရိုက်ပေးသည်။

ယနေ့အဖို့ သူ့အခန်း ရိုက်စရာ မလိုတော့ဟု ဒါရိုက်တာကပြောလျှင် သူ့လင်းရိဗာကားဖြင့် ပျဉ်ထောင်အိမ်လေးသို့ ပြန်လာသည်။

အဲ … ဤသို့ ကိုအောင်စည် ကြားဖြတ်ပြန်လာသည့်နေ့မျိုးဆိုလျှင် နောက် သိပ်မကြာဘဲ အိရွှေစင်သည် သူမ၏ ကိုယ်ပိုင်ကားဖြူလေးနှင့် ရောက်လာတတ်သည်။

အိရွှေစင်က စိုးရိုးတို့ အိမ်ရှေ့အထိ မောင်းမလာဘဲ ကိုအောင်စည်၏ ပျဉ်ထောင်အိမ်ရှေ့မှာပင် ရပ်လိုက်သည်။ ပြီး အိရွှေစင် တစ်ယောက်တည်း ကိုအောင်စည် အိမ်လေးထဲသို့ဝင်သွားသည်။

"ဟဲ့ … မိသေးသေး လာစမ်း"

ကြီးကြီးတင့်က မိသေးသေးကို ခေါ်ကာ တိုးတိုးကျိတ်ကျိတ် ပြောသည်။

"သွားချောင်းစမ်း၊ သူတို့ ဘာတွေပြောတယ်၊ ဘာတွေလုပ်တယ် ဆိုတာ ကြားသမျှ မြင်သမျှ ငါ့ကို ပြန်ပြောကြားလား"

မိသေးသေးက လှစ်ခနဲ ပြေးချောင်းသည်။ မိသေးသေးက ဒါမျိုးတွင် ဝါသနာလည်းပါသည်။ ချောင်းမြောင်းရာ



တွင်လည်း သူ့ခန္ဓာကိုယ် ဝါးခြမ်းပြားဖြင့် ချောင်ကပ်ကြားဝင်ကျွမ်းကျင်သည်။ မင်းသားနှင့် မင်းသမီးကို ချောင်းကြည့်ရသည်မို့ မိသေးသေး စိတ်ဝင်စားသည်။

"အစ်ကိုကတော့ တကယ်စံပဲ၊ မင်းသားအသစ်သာပြောတယ် ကားရိုက်တဲ့နေရာမှာ သရုပ်ဆောင်သွားလိုက်တာ တကယ့် ဝါရင့်ရုပါတွေထက်တောင် ကားရိုက်တာ ပီပြင်သေးတယ်"

"ဒါက မအိရွှေစင် ထင်လို့ပါ၊ ဒါရိုက်တာခိုင်းတဲ့အတိုင်း လုပ်တာပဲဟာ"

"ဒါတော့ ဒါပေါ့ အစ်ကို၊ အိတို့လည်း ဒါရိုက်တာခိုင်းတဲ့အတိုင်း လုပ်တာပဲ၊ ဒါပေမဲ့ မပီပြင်ချင်ဘူး၊ အစ်ကို သရုပ်ဆောင်တာကျတော့ ဘေးကကြည့်နေတဲ့ အိတို့ရင်ထဲမှာ တကယ် ဖြစ်နေတာလားလို့ ရှာနဝင်တဲ့အထိ အစ်ကို လုပ်သွားနိုင်တယ်"

"ဒါတွေ ထားပါ မအိရွှေစင်၊ နောက်ဆုံး ဇာတ်ကားပြီးလို့ ရုံတွေတင်တဲ့အခါ ပရိသတ်က အဆုံးအဖြတ် ပေးပါလိမ့်မယ်၊ အခုတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ် ပြောတာမျိုးပဲ ဖြစ်နေမှာပါ"

"ကြည့် … အစ်ကိုက အဲဒါမျိုးပဲ၊ ကိုယ်က တော်သလောက် ကိုယ့်ဟာကိုယ် နှိမ်ချစကားမျိုး ပြောချင်တယ်"

"ဪ … ဒါထက် မအိရွှေစင်"

"အမယ်လေး၊ ခေါ်တာကြီးက ရှည်လျားတော်မူလိုက်တာ၊ အိလို့ခေါ်လည်း ရသားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့၊ မလုပ်နဲ့၊ အိလို့ တစ်လုံးတည်းခေါ်တာက ကိုလွင်ဦးရဲ့မူပိုင်ပဲ၊ အဲ ... အဲဒါပဲပြောချင်လို့ပါ၊ မအိရွှေစင် ကျွန်တော့်ဆီကို လာနေတာ ကိုလွင်ဦး သိပုံမရဘူး၊ သိသွားရင် တလွဲတချော်တွေ ထင်ပြီး လုပ်ငန်းခွင်မှာ မကျေမလည်တွေ ဖြစ်နိုင်တယ်"

"ဘာတတ်နိုင်မလဲ အစ်ကို၊ အခုဟာမျိုးက အိရဲ့ကိုယ်ပိုင်လူမှုရေးပဲ၊ အိက ဝါသနာကြီးလွန်းပြီး အဆိုကျော်ဖြစ်ချင်တယ်၊ ရုပ်ရှင်မင်းသမီး ဖြစ်ချင်တယ်၊ အိကို ဒက်ဒီနဲ့ မာမီက တားမရလို့ လွှတ်ထားကြတာ၊ အစ်ကိုလွင်နဲ့ ဆက်ဆံရေးပိုင်းလည်း အိ ဝါသနာပိုင်းအရ ပူးပေါင်းတဲ့ သဘောကလွဲပြီး ဘာမှ အိ စိတ်ထဲမှာ မပိုဘူး၊ တကယ်ပါ"

"ထားပါတော့၊ အဲဒါတွေက မအိရွှေစင်နဲ့ ကိုလွင်ဦးရဲ့ အတွင်းရေးတွေပဲ၊ မအိရွှေစင်က တစ်မျိုးမဟုတ်ဘူးဆို တောင် ကိုလွင်ဦး စိတ်ထဲမှာတော့ တစ်မျိုးဖြစ်ချင်လည်း ဖြစ်နေမှာပေါ့ဗျာ၊ အဲဒီတော့ ကြားထဲက ကျွန်တော့်မှာခက်တယ် မအိရွှေစင်"

"ဘာမှမခက်ဘူး အစ်ကို၊ အခု အစ်ကို့ဆီ အိ လာနေတာ အိစိတ် အိဆန္ဒအလျောက် လာတာ၊ ကိုလွင်ဦး မသိအောင် ပုန်းလျှိုးကွယ်လျှိုး လာတာမျိုးလည်း မဟုတ်ဘူး၊ သူသိချင်သိ မသိချင်နေ ဘာမှမဆိုင်ဘူးဆိုတဲ့ စိတ်မျိုးနဲ့လာတာပဲ အစ်ကို၊ ဒီမယ် အစ်ကို၊ အိရဲ့ခံယူချက်ကို ပွင့်ပွင့်လင်းလင်း ပြောမယ်၊ အိက နှလုံးသားထဲက ယိုစီးထွက်လာတဲ့ မေတ္တာကိုသာ ဦးစားပေးမယ်ဆိုတဲ့ ခံယူချက်မျိုး



ထားသူပါ၊ ရင်ထဲက မေတ္တာဆိုတာက တောင်းခံတိုင်းလည်း ပေးလို့မရဘူး၊ ဓားပြတိုက်ယူလို့လည်း မရဘူး၊ အဲ ... အိကိုယ်တိုင် ရင်ထဲနှလုံးထဲက ယိုယိုစိမ့်စိမ့် မေတ္တာထားမိတဲ့လူ ဆိုရင်တော့ မဏ္ဍပ်ကြီးထိုးလို့ ဖြောစည်တီးပြီး အလှူကြီးပေးသလို ပေးချင်တယ် အစ်ကို"

"ဟုတ်လား၊ ဒါဆိုရင်တော့ မအိရွှေစင်ဟာ မောင်းကြေးနင်းခတ်ပြီး လက်ခံမယ့် မေတ္တာအလှူခံ ပုဂ္ဂိုလ်ကို ဆက်ပြီးရှာဦးပေါ့ဗျာ၊ ကျွန်တော်ကတော့ ကျွန်တော့်တစ်သက်မှာ ဖြောစည်တီးပြီး ရင်ထဲက ရှိသမျှ မေတ္တာတွေကို တစ်ဦးတစ်ယောက်ကို ပေးခဲ့ဖူးပြီမို့ နောက်ထပ် ဘယ်ပုဂ္ဂိုလ်ကိုမှ ထပ်လှူစရာ ရင်ထဲမှာ နှလုံးသားမေတ္တာ တစ်စက်မှ မရှိတော့ဘူးလေ"

"ဩော် ... ဩော် ... အစ်ကိုက ရင်ထဲက မေတ္တာတွေပေးခဲ့ဖူးပြီတဲ့လား၊ ဒါနဲ့ အစ်ကိုဟာ လူပျိုလူလွတ်ဆို"

"အင်း ... ကိုယ်လှူချင်တိုင်း လှူပေမယ့် အလှူခံပုဂ္ဂိုလ်က အလှူကိုလက်မခံဘဲ ရှောင်ထွက်သွားတော့ ကျွန်တော်ရဲ့ရင်ထဲက မေတ္တာထဲမှာ လေဟာပြင်ထဲမှာပဲ လွင့်ပါးနေတယ်ပေါ့ဗျာ၊ အဲဒါနဲ့ ကျွန်တော်ဟာ လူပျိုလူလွတ် ဖြစ်နေတာပါ၊ နောက် သေသည်အထိလည်း ကျွန်တော်ဟာ လူပျိုလူလွတ်ဘဝနဲ့ပဲ သေမှာပါ မအိရွှေစင်၊ တကယ့်မေတ္တာစိတ်ဆိုတာက ပေါင်းကြရမှ၊ ညားကြရမှရယ်လို့ သတ်မှတ်လို့ မရတာပဲဗျာ၊ သေကွဲပဲကွဲကွဲ၊ ရှင်ကွဲပဲကွဲကွဲ ကိုယ့်ရင်ထဲက စွဲစွဲမြဲမြဲ ချစ်နေတာက ချစ်နေတာပဲပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ … မအိရွှေစင်၊ ကားဆက်ရိုက်ရမယ့် အခန်းတွေ ရှိဦးမယ်ထင်တယ်”

အိရွှေစင် ပြန်သွားပေသည်။

ဪ … တေမိမင်းသားကို နန်းတွင်းသူ အချော အလှတွေ ဘယ်လိုချဉ်းကပ်သော်လည်း တေမိမင်းသားသည် စကားတစ်ခွန်း မဟပါလေတကား။

မိသေးသေးက ရုပ်ရှင်ဝါသနာအိုးမလေးမို့ ကိုအောင်စည်နှင့် အိရွှေစင် ပြောသမျှ ဒိုင်ယာလော့စကားလုံးတွေကို တစ်လုံးမကျန် ပုံပြောသလိုလည်း ပြန်ပြောနိုင်သည်။ မြင်သမျှကိုလည်း ပြန်ပြောပြနိုင်သည်။

ကြီးကြီးတင့် ကိုယ်တိုင်က စိုးစိုးကို လက်ဆွဲထိုင်ခိုင်းပြီး နားထောင်ခိုင်းသည်မို့ မိသေးသေး ပြောသမျှတွေကို စိုးစိုး၏နားတွင် ကြားရပါလေ၏။

ကြားရပါလေ၏။

✻ ❖ ✻



“ဟဲ့ … ကောင်မလေး၊ မင်းသားကို သွားခေါ်စမ်း၊ ထမင်းစားမယ်လို့ပြော”

ကိုလွင်ဦးက မိသေးသေးကို ပြောလိုက်ရာ မိသေးသေး လေးကိုင်းမြားလွှတ် လုစ်ခနဲ အပြေးလေး ဆင်းသွားသည်။

ယခုတလော ကိုလွင်ဦးက ကြီးကြီးတင့်ကို ကြိမ်းလိုက်၊ မျက်နှာထားကြီးနှင့် ဒေါ်ဒေါ်အေးကိုဆူလိုက် ဖြစ်နေသည်ကို မိသေးသေး တွေ့မြင်နေသည်။

သူ့အလှည့် ဘယ်တော့အဆူခံရမလဲ၊ ခေါင်းခေါက်ခံရမလဲဟု မိသေးသေး တွေးကြောက်နေသည်။

ထို့ကြောင့် ကိုလွင်ဦး ခိုင်းလိုက်သည်နှင့် အလျင်အမြန် ပျာယီးပျာယာ ပြေးသွားပေသည်။

ကိုလွင်ဦးသည် ညနေပိုင်း ပြန်လာသော်လည်း အပြင်မှ တော်တော်သောက်လာပုံရသည်။ မျက်နှာနီ နားရွက်နီနှင့် ဖြစ်နေသည်။ အရက်နံ့လည်း ထောင်းထောင်းထနေသည်။ ကိုလွင်ဦးတို့သောက်သော အရက်အမျိုးအစားတွေမှာ တစ်ပုလင်းလျှင် ထောင်ဂဏန်းဝန်းကျင် ပေးရသော နိုင်ငံခြားအရက်တွေမို့ အနည်းအကျဉ်းသောက်လျှင် ပါးစပ်မှ အရက်နံ့ပင် မထွက်။

www.burmeseclassic.com

www.burmeseclassic.com



များများသောက်မှ အရက်နံ့ထွက်သည်၊ ယခု ကိုလွင်ဦး တော်တော်များများ အပြင်က သောက်လာပြီးပုံရသည်။ ခြံထဲမှာပင် မဝိုင်းတော့ဘဲ ထမင်းစားရန် ထမင်းဝိုင်းပြင်စေသည်။

ထမင်းဝိုင်းတွင် စိုးစိုးနှင့် ကိုလွင်ဦး ထိုင်နေကျအတိုင်း ထိုင်သည်။

ကြီးကြီးတင့်က ဝင်မထိုင်ပေ။ ယခုတလော တူတော်မောင် လွင်ဦးနှင့် မျက်နှာကြောမတည့်သဖြင့် ကြီးကြီးတင့် ခပ်ရှောင်ရှောင် နေပေသည်။

ခဏအတွင်းမှာပင် မိသေးသေး ပြန်ရောက်လာသည်။ သူမအနေနှင့် ကိုလွင်ဦးအား မပြောရဲသဖြင့် စိုးစိုးကို ကပ်၍ပြောသည်။

"ဘာလဲ တိုးတိုးတိတ်တိတ်ပြောနေတာ၊ မင်းသားကော"

"အဲဒါ မိသေးသေးက ပြန်ပြောနေတာပဲ ကိုလွင်၊ ကိုအောင်စည် မရှိဘူးတဲ့၊ အပြင်ထွက်သွားတယ်တဲ့"

"ဒါဆို သူပြန်လာမှ ထမင်းပွဲ ထပ်ပြင်ပြီး ခူးကျွေးရဦးမှာပေါ့ ... ဟုတ်လား"

"သူ အပြင်က စားလာမှာပေါ့၊ ထမင်းစားချိန်လွန်ပြီးမှ ပြန်လာရင် အပြင်ဘက်က စားလာပြီးတာ များတယ် ကိုလွင်"

"ဘာ ... အပြင်ဘက်က စားလာပြီးတာ များတယ်ဆိုတော့ အိမ်မှာ မင်းသား မစားတာတွေ များပြီလို့ ဆိုလိုတာလား စိုးစိုး"

"ဟုတ်တယ် ... ကိုလွင်"



လွင်ဦးက ထမင်းစားပွဲကို လက်ဝါးပုတ်လိုက်သေးသည်။

"စိုးစိုးက အဲဒါတွေ ခက်တာပဲ"

"စိုးစိုးက ဘာတွေခက်နေလို့လဲ ကိုလွင်"

"အိမ်ရှင်ဖြစ်တဲ့ စိုးစိုးက မင်းသားအပေါ်မှာ အိုက်တင်ကြီးတစ်ခွဲသားနဲ့ ရှောင်နေတော့ သူ့ခမျာ အစားခက်အနေခက်ဖြစ်လာလို့ အပြင်မှာ ထွက်စားတာ နေမှာပေါ့"

"အဲဒီလို ကိုအောင်စည်က ကိုလွင့်ကို ပြောသလား၊ စိုးစိုးက အိုက်တင်ကြီးနဲ့နေလို့ အိမ်မှာ ထမင်းမစားရဲတာလို့ ပြောသလား"

"ဟ ... အဲဒီလိုတော့ သူက ပြောမတဲ့လား၊ သူက ဒီမှာ ဧည့်သည်လို လာနေရတဲ့လူပဲ၊ အိမ်ရှင်က ပျူပျူငှာငှာလေး ရှိမှပေါ့၊ ကိုယ် အကဲခတ်ကြည့်တော့ ကြာပြီ၊ စိုးစိုးက မင်းသားကို ရှောင်လွန်း ဖယ်လွန်းတယ်၊ တကယ်ဆို စိုးစိုးနဲ့မင်းသားက အရင်က ခင်ခဲ့ဖူးတဲ့လူတွေပဲ၊ ပိုပြီးတောင် ရင်းရင်းနှီးနှီး ရှိသင့်တာပေါ့၊ အေး ... တစ်ခုတော့ ရှိတယ်၊ ဟိုတုန်းက ခင်မင်ခဲ့ပေမယ့် နာကြည်းစရာတွေလည်း ရှိခဲ့လို့ တစ်ယောက်ကိုတစ်ယောက် ရှောင်တယ်ဆိုလည်း အခုအခြေအနေမှာ စိုးစိုးက မရှောင်သင့်ဘူး၊ ကိုယ်က အိမ်ရှင်ဖြစ်နေရုံမကဘူး၊ လုပ်ငန်းမှာ ဆက်စပ်နေတယ်၊ ဒီမယ် စိုးစိုး၊ လင်က ဦးပိုင်းထမ်းရင် မယားက ပဲ့ပိုင်း ဝင်ရွက်ပေးသင့်ပါတယ်၊ အခုတော့ စိုးစိုးက ကိုယ့်လုပ်ငန်းတွေမှာ ဘေးဖယ်နေလွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးသည် ကိုလွင်ဦး မျက်နှာကို ရဲရဲတင်းတင်း ဆိုင်လိုက်သည်။ စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ မျက်စိသူငယ်အိမ် အရောင်တောက်ပလာသည်အထိ ရဲရဲကြီး ကြည့်ခြင်းမျိုးဖြစ်ပါ၏။ ယခင့် ယခင် အကြိမ်တွေကဆိုလျှင် ကိုလွင်က ဤသို့ အပြစ်တင် ဆူပူလိုက်လျှင် စိုးစိုး ခေါင်းလေးငုံ့သွားသည်။ အားငယ်မျက်ရည်များ ဝဲလာတတ်ခဲ့သည်။ ပြီး အိပ်ခန်းထဲသို့ပြေးဝင်ခဲ့သည်ချည်းပင်။

ယခု စိုးစိုးက စိုက်ကြည့်ရုံမက နှုတ်ခမ်းလေးပင် တင်းစေ့ထားပေသည်။

ကြီးကြီးတင့် မသိမသာ ဝင်လာပြီး ရေခဲသေတ္တာကွယ်ပြီး ရပ်နေသည်။

ဒေါ်အေးအေးက မီးဖိုတံခါးကွယ်မှ ရပ်ကြည့်နေသည်။

မိသေးသေးကတော့ ကိုလွင်ဦးက ဘာဟု ပြောလိုက်ကတည်းက လှစ်ခနဲ မီးဖိုထဲ ပြေးသွားလေပြီ။

"ဒီမယ် ... ကိုလွင်၊ ကိုလွင်နဲ့ စိုးစိုး စပြီး အိမ်ထောင်ကျကတည်းက စိုးစိုး ဒီလိုပဲ နေတတ်တာပဲ၊ ဒီလို ဘေးဖယ်ပြီး အေးအေးနေတာ စိုးစိုးမှာ အပြစ်ရှိနေလို့လား"

"ဟဲ ... ဟဲ ... ဘယ်ဆိုးလို့လဲ၊ စိုးစိုးမှာ အပြစ်ရှိလို့လားလို့တောင် ပြန်ပြီးမေးလာပြီ၊ ကဲ ... မေးလာတော့လည်း ဖွင့်ပြောရမှာပေါ့ စိုးစိုး၊ စိုးစိုးက ခရိုင်ရဲဝန်ရဲ့သမီး၊ ဟိုတစ်ခေတ်တုန်းကဆိုရင် ဘုရားတူးခံလူတန်းစား သာမန်လူများစုက စိုးစိုးတို့ကို ကြောက်ရွံ့ရိုသေ ဆက်ဆံရတဲ့



ရာထူးကြီးပိုင်ရှင်၊ အေး ... ကိုယ့်မိဘတွေကတော့ ကုန်သည်မျိုးရိုးတွေ၊ ကုန်သည်ဆိုတာ စိန်ရွှေကျောက်သံပတ္တမြားတွေကိုပဲ ရောင်းဝယ် ရောင်းဝယ် ဆီသီးနဲ့ပဲပြုတ်ကိုပဲ ရောင်းဝယ် ရောင်းဝယ် ဆက်ဆံရေးသဘောမှာတော့ အတူတူပဲ၊ ကိုယ့်အတွက် အကျိုးရှိဖို့ အမြတ်ရဖို့ လုပ်ဆောင်ရတဲ့ သဘောမှာတော့ အတူတူပဲ၊ ကုန်သည်ဆိုတာ ဘယ်သူနဲ့ဖြစ်ဖြစ် အဆင်ချောအောင် ဆက်ဆံရတဲ့အမျိုးပါ၊ ကဲ ... ကိုအောင်စည်နဲ့ ပတ်သက်ပြီး ကိုယ်ပြောမယ်"

ကိုလွင်ဦးက စိုးစိုးအား မျက်နှာချင်း နီးကပ်သည်အထိ ကုန်းကိုင်းပြီး ဆက်ပြောပါလေ၏။

"ကိုအောင်စည်ကို ကိုယ်က စီးပွားရေးမျက်စိနဲ့ကြည့်ပြီး မွေးထားတာ၊ အခု ကိုယ်ရိုက်ပြီးသမျှ အခန်းတွေကို ဒါရိုက်တာနဲ့ရော ကင်မရာမင်းနဲ့ရော ရုပ်ရှင်ဝါရင့်ပုဂ္ဂိုလ်တွေနဲ့ရော ပြန်ဆန်းစစ်ကြည့်တယ်၊ ကိုအောင်စည်ဟာ ဒီကားထွက်ပြီးတာနဲ့ တစ်ရှိန်ထိုးတက်မယ့် မင်းသား၊ ပရိသတ် အားလုံးက ဆီးကြိုမြှောက်စားလာမယ့် မင်းသားလို့ အကဲဖြတ်တယ်၊ ဒီမယ် စိုးစိုး၊ အခုကာလပေါက်ဈေး ပရိသတ်အကြိုက် မင်းသားတစ်လက်ကို သုံးသိန်းပေးရရုံမကဘူး၊ အောက်ကျခံရသေးတယ်၊ ရိုက်ရက်ကို အမျိုးမျိုးချော့တောင်းရတယ်၊ ဒါတောင် တစ်လမှာ ရိုက်ရက်လေးငါးရက်ရတယ်၊ ရိုက်ရက်တွေကြာလေ စရိတ်တက်လေ အရင်းအနှီး ဝင်လေပဲ၊ ဒီတော့ အခု ထမင်းကျွေး တစ်လသုံးထောင်နဲ့ ရထားပြီး ရှေ့လျှောက်အကျိုးအမြတ် အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးခံစားရမယ့် မင်းသားကို စိုးစိုးက ထမင်းကောင်းကောင်း
မကျွေးချင်ဘူးလား၊ ကိန်းကြီးခန်းကြီးနဲ့ ရှောင်နေမှာလား
ဒီမယ် စိုးစိုးဟာ ဘုရင့်သမီးတော်ပဲ ဖြစ်ဖြစ်ပေါ့လေ၊ အိုး
လုပ်သူနဲ့ညားရင် ရွံ့စေးကနေ အိုးဖြစ်လာအောင် တစ်လက်
တစ်ဖဝါးတော့ ဝင်ပုတ်ပေးသင့်ပါတယ် စိုးစိုး”

“သြော် ... ကိုလွင်က အဲဒီစကားမျိုး အခုမှ ပြောတတ်
လာသလား၊ အိုးလုပ်သူနဲ့ညားရင် မယားက တစ်လက်
တစ်ဖဝါး ဝင်ပုတ်ပေးသင့်တယ်လို့ အကူအညီတောင်း
တတ်လာသလား”

စိုးစိုး၏ ရဲတင်းသောအကြည့်။ ပြောလိုက်သောစေ
သံတို့ကို အံ့အားကြီးသင့်ပြီး ကိုလွင်ဦး ငေးကြည့်နေမိသည်။

ရေခဲသေတ္တာဘေးတွင် ရပ်နေသော ကြီးကြီးတင်
ပင် စိုးစိုးကို အံ့သြစွာ ကြည့်နေမိသည်။

စိုးစိုးက သူမ၏လှပသွယ်လျသော လက်ညှိုး
လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းကို လက်သန်းလက်
ကွေးထောက်ထား ထောင်ပြသည်။

“ဒီမယ် ကိုလွင် သုံးနှစ်နား ကပ်လာပြီ၊ စိုးစိုးနဲ့ ကိုလွင်
လက်ထပ်ခဲ့တာလေ၊ တိတိကျကျဆိုရင် နှစ်နှစ်နဲ့ ကိုးလ
ရှိပြီ၊ လက်ထပ်တဲ့ အချိန်ကစပြီး ကိုလွင်ရဲ့စီးပွားရေးလုပ်
ငန်းတွေမှာ စိုးစိုးကို ဘယ်နေရာမှာ စွက်ဖက်ခွင့်ပြုသလဲ
ရန်ကုန်ရောက်ပြီး စီးပွားရေးလုပ်ငန်းတွေ စတင်လုပ်စဉ်က
စိုးစိုး ဒိုးတူပေါင်ဖက် လက်တွဲလုပ်ဖို့ ဟန်ပြင်ပါသေးတယ်
စိုးစိုးဟာ တက္ကသိုလ်ဘွဲ့ရထားသူပါ၊ အရွယ်အားဖြင့်လည်း



ခေတ်နဲ့တစ်ပြေးညီညီ ရှိသေးတဲ့အရွယ်ပါ၊ ကိုလွင်က
ကုမ္ပဏီပိုင်ရှင်ဆိုရင် စိုးစိုးက မန်နေဂျာ အတွင်းရေးမှူး
နေရာမျိုးမှာ လုပ်နိုင်စွမ်းလည်းရှိမှာပါ၊ ဒါပေမဲ့ စိုးစိုး ဝင်
ရောက်ဖို့ ဟန်ပြတော့ ကိုလွင် ဘာပြောခဲ့သလဲ၊ စိုးစိုးက
ငယ်ပါသေးတယ်၊ တစ်သက်လုံး အရာရှိသမီး ဖြစ်ခဲ့တာ
မို့ ကုန်သည်အတွေ့အကြုံ မရှိသေးဘူး၊ လာဘ်မမြင်သေး
ဘူး၊ ကိုလွင်ကတော့ တစ်သက်လုံး ကုန်သည်ရဲ့သားဖြစ်
ခဲ့တာမို့ လုပ်တတ်ကိုင်တတ်ပါတယ်၊ လာဘ်လည်းမြင်
တယ်၊ ကိုလွင် တစ်ယောက်တည်း နိုင်နင်းပါတယ်၊ စိုးစိုး
ငယ်ငယ်ရွယ်ရွယ်နဲ့ ပင်ပန်းမှာ စိုးရိမ်တယ်ဆိုတဲ့ စကား
လုံးလှလှလေးတွေသုံးပြီး စိုးစိုးကို လုပ်ငန်းတွေ အားလုံးရဲ့
ဘေးမှာ ပ,ထားခဲ့တယ် မဟုတ်လား”

“အဲဒါတွေက ဒီလိုလေ ...”

“ဆက်နားထောင်ပါ ကိုလွင်၊ စိုးစိုး ပြောပြီးသွားရင်
ကိုလွင် ကြိုက်တာပြော၊ စိုးစိုး နားထောင်ရမယ့်အလှည့်
မှာ သေချာနားထောင်မယ်၊ နောက်တစ်ချက် ရှိသေးတာက
အခု ကိုလွင်ရဲ့လုပ်ငန်းအရင်းအနှီးငွေ သိန်းဂဏန်း သန်း
ဂဏန်းတွေ အားလုံးဟာ မိုးကုတ်က ကိုလွင်ရဲ့မိဘ
ထုတ်ပေးထားတာတွေချည်းပါ၊ စိုးစိုးမိဘက သိန်းချီပြီး
ထုတ်ပေးနိုင်တဲ့အင်အား မရှိပါဘူး၊ ဒီတော့လည်း စကား
အလှမသုံးဘဲ ရင့်ရင့်လေး ပြောရရင် စိုးစိုးကို မင်းအသား
ဘေးမှာ နေစမ်း၊ ငါ့မိဘထုတ်ပေးတဲ့ငွေနဲ့ ငါလုပ်နေတာ၊
ငါ့လေ့ ငါထိုး ပဲခူးရောက်ရောက်ဆိုတဲ့ သဘောတွေပါနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီတော့လည်း ကိုလွင် စိုးစိုးက ဘေးထွက်ပြီးအေး အေးနေလိုက်ရုံကလွဲပြီး ဘာများတတ်နိုင်မှာတဲ့လဲ၊ သုံးနှ နီးပါး၊ ဘေးထုတ်ထားပြီးမှ အခု ကိုအောင်စည်ရဲ့ကိစ္စမှာ လင်က ဦးပိုင်းကထမ်းရင် မယားက ပဲ့ပိုင်းက ရွက်ဆေ သင့်တယ်တို့၊ အိုးသည်ရဲ့မယား ဖြစ်လာရင် တစ်လ တစ်ဖဝါး ဝင်ပုတ်ပေးသင့်တယ်ဆိုတဲ့ စကားတွေ ကိုလွ ပြောလာတာ စိုးစိုး အရမ်းအံ့ဩမိတယ် ကိုလွင်”

စိုးစိုးသည် ရှည်လျားစွာသော စကားတို့ကို အ တစ်ချက်မတုန်၊ မျက်နှာတစ်ချက် အော်က်မချဘဲ ပြောနေပါ

ဝါဂွမ်းငှက်မွေးတွေနှင့်ပဲဖိဖိ၊ သံတွေ ခဲတွေနှ ဖိဖိ ရှည်ကြာစွာ အဖိခံရသော ပစ္စည်းသည် အချိန်တန်လျှ အင်အားရှိသမျှ တွန်းကန်လေမည်သာ။

“ကိုအောင်စည်ကို အနေအထိုင် ဆင်ခြင်တာကလွဲ စိုးစိုးက ရှောင်ဖယ်နေစရာ ဘာမှမလိုဘူး၊ အိုက်တင်ခံ စရာလည်း မလိုဘူး၊ ဟိုငယ်စဉ်တစ်ချိန်က ကိုအောင် နဲ့ အိမ်ချင်းကပ်လျက် ခင်မင်ခဲ့တာ မှန်ပါတယ်၊ ဒါ ကိုအောင်စည်နဲ့ စိုးစိုးကြားမှာ နာကြည်းစရာ ဘာမှမ ဖူးဘူး၊ စိုးစိုးရော ကြီးကြီးတင့်ရော ဒေါ်ဒေါ်အေး အို ... မိသေးသေးကအစ ကိုလွင်ရဲ့ဆန္ဒအတိုင်း ကိုအေ စည်ကို အကျွေးအမွေးတာဝန် ဘာတစ်ခုမှ မလစ်ဟ ဘူး၊ ဒါပေမဲ့ ကိုအောင်စည်ဟာ အနေအထိုင် သိပ်ဆင် တယ်၊ ကိုလွင် အိမ်မှာမရှိရင် သူ အိမ်ကြီးပေါ်ကို လာ ဟန် မတူဘူး၊ ကိုလွင်ကလည်း အိပ်မကပ်တာများ



သူဟာ အနေအထိုင် ဆင်ခြင်ရင်း အပြင်ထွက်နေရာက ထမင်းစားလာတာမျိုးတွေ၊ လက်ဖက်ရည်သောက်လာတာ မျိုးတွေ နောက်ပိုင်းမှာ ပိုများလာတယ်၊ ဒါပဲ ကိုလွင်၊ စိုးစိုး ပြောချင်တာတွေတော့ ဒါပဲ၊ စိုးစိုးအဖို့ကတော့ တည်မိတဲ့ဘုရားပဲ ကိုလွင်၊ ကိုလွင် ထားသလိုနေရုံပဲ”

“ဘာလဲ စိုးစိုးက ကိုယ်နဲ့လက်ထပ်ခဲ့ရတာကို နောင်တရ ပြီး တည်မိတဲ့ဘုရား လင်းတနားနားလို့ ပြောချင်တာလား”

“အို ... ပြီးပြီးသားတွေ ဘာမှ နောင်တရနေစရာ မလိုဘူး၊ အရေးကြီးတာက ကိုလွင့်အနေနဲ့ စိုးစိုးကို နေရာမပေးချင် နေပါ၊ အပြစ်တင်စကားတွေနဲ့ ဆူပူကြိမ်းတာတော့ မလုပ် ပါနဲ့၊ လင်နဲ့မယား သာယာတဲ့ အိမ်ထောင်ရေးကိုပဲ စိုးစိုး လိုလားတယ်”

“ဟဲ ... ဟဲ ... ဟဲ ...”

ကိုလွင်ဦးသည် ချက်ချင်းပင် အပြုံးအရယ်ဘက်သို့ သွားသည်။ စောစောက တင်းမာနေသော မျက်နှာထားကြီးက ည်း ချက်ချင်း ချိုသွားသည်။

“ဟုတ်ပါတယ် စိုးစိုး၊ အခု စိုးစိုးပြောတာတွေဟာ ကိုလွင် မေ့မေ့လျော့လျော့ ဖြစ်နေတဲ့အကွက်တွေကို စိုးစိုး က ပြတ်ပြတ်သားသား ထောက်ပြသွားတာတွေမှန်း ကိုလွင် သဘောပေါက်သွားပါပြီ၊ ကိုလွင့် အနေနဲ့ ဇနီးမယားတစ် ယောက်ကို ဥပေက္ခာပြုထားသလို ဖြစ်နေတယ်ဆိုတာလည်း မငြင်းပါဘူး၊ စီးပွားရေးမှာ အားသွန်နေမိလို့ပါ စိုးစိုး၊ ကဲပါလေ ... ထမင်းစားကြစို့၊ မင်းသား ပြန်လာမှပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးလျှောက်ရမယ့်လမ်းအတွက် ကိုလွင် ညှိနှိုင်းရ မယ်”

ထမင်း စတင်စားဖြစ်ကြပါ၏။

စိုးစိုးက သူ့လင်ကိုပင် သူ အံ့ဩနေမိသည်။ ဘယ့်နှယ် ပဟေဋ္ဌိကြီး တွေ့လာဘူး ဒီနေရာလည်းဆိုမပြောနိုင်လား ဒီနေ ဒီ မှာ ဘာမှ မကြိုက်ဘူးလား ... ဘယ်သူတရားပျက်ပျက် စိုးစိုးကတော့ ဝတ္တရား မပျက်ပေ။ ကိုလွင့် ပန်းကန်ထဲသို့ ဟင်းအသားဖတ် အသည်းခဲ လေးများ ခါတိုင်းလိုပင် ခပ်ထည့်ပေးသည်။ ငါးကို အရိုးနှင့် အသားဖတ် သက်သက်လေးတွေကို ထည့်ပေးသည်။

“ကိုလွင် အကြိမ်ကြိမ် ပြောခဲ့ပြီနော်၊ ကိုအောင်စည်ဟာ ကိုလွင် ဆက်ပြီးမွေးရမယ့် မင်းသားလို့၊ နောက်ပြီး စိုးစိုး ဘယ်လောက် ထိန်းထိန်းသိမ်းသိမ်း နေတယ် ဆိုတာ ကိုလွင် ကောင်းကောင်း သိပါတယ်၊ အဲ ... ကိုအောင်စည် ကိုယ်တိုင်ကလည်း အင်မတန် ယောကျ်ားပီသစွာ သိက္ခာ စောင့်စည်းနိုင်တဲ့ လူမှန်းလည်း ကြာလေသိလေပဲ၊ အောင် တစ်ချက်က ရှေ့ဆက်ပြီး ကိုအောင်စည်နဲ့ ကားရိုက်ဖို့ ကိုလွင့် စီးပွားရေး တစ်ရှိန်ထိုး တက်နိုင်တဲ့ အလားအလာ တွေ ရှိနေတယ်၊ အဲဒီတော့ စာချုပ်စေ့သွားတဲ့နောက် ကိုအောင်စည်ဟာ ကိုလွင် လက်ထဲမှာ ဆက်မြဲဖို့ သိပ် အပ်နေတယ်”



“စာချုပ်က ဘယ်တော့စေ့မှာမို့လဲ ကိုလွင်”

“စာချုပ်ရဲ့ အကြမ်းဖျင်းသဘောအရဆိုရင် အခုရိုက်နေတဲ့ လေအနောက်ကြွေတော့မလို ဇာတ်ကားရိုက်ပြီးတာနဲ့ စာချုပ် စေ့တာပဲ စာချုပ်ပြေသွားတာပဲ၊ ကနဦးကတော့ ဒီဇာတ် ကားဟာ ဇာတ်လမ်းစိစစ်ရေး ခွင့်ပြုချက် စောင့်တာတို့၊ နယ်ဆင်းရိုက်ရမယ့် အချိန်ကာလတို့၊ ရန်ကုန်ရဲ့ရိုက်ကွင်း တွေမှာ ရိုက်မှာတို့ကို တွက်ကြည့်တာ တစ်နှစ်လောက် ကြာမယ်လို့ ခန့်မှန်းခဲ့တယ်၊ သဘောကတော့ ဘယ်လောက် ပဲကြာကြာ ကိုအောင်စည်ကို အိမ်မှာ ထမင်းကျွေး တစ်လ သုံးထောင်နှုန်း စာချုပ်ခဲ့တာပဲ၊ ဒါပေမဲ့ ဇာတ်လမ်းစိစစ် ရေးက အထစ်အငေါ့မရှိ ခွင့်ပြုချက်ကျလာတယ်၊ ရန်ကုန် ရိုက်ကွက်တွေလည်း ဖိရိုက်ပစ်တယ်၊ နယ်ဆင်းရိုက်ပြီးလို့ ဆင်ဆာတင်ပြီးရင် ကိုအောင်စည်နဲ့ ကိုလွင်တို့ စာချုပ်ပြီး ပြတ်တယ် ဆိုပါတော့”

“ကောင်းပါတယ် ... မြန်မြန်ကားရိုက်ပြီးရင် အေးသွားတာ ပေါ့ ကိုလွင်”

“ဟင် ... စိုးစိုး ... ဘာကိုဆိုလိုတာလဲ”

ပါးစပ်ထဲသွင်းတော့မည့် ထမင်းလုတ်ပင် ကိုလွင်ဦး ချ၍ တန့်သွားပြီး စိုးစိုးကို မေးလိုက်ပါ၏။

“စိုးစိုး ပြောပြမယ် ကိုလွင်၊ ကိုအောင်စည်နဲ့ အားလုံး ရိုက်ပြီးသွားလို့ ကားကိုရုံတင်ပြီဆိုရင် ကိုလွင်ရဲ့အမြတ် အစွန်းတွေ ထွက်လာပြီ မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ … ကိန်းသေမြတ်မှာ၊ ဘယ်အတိုင်း အတာအထိ မြတ်မလဲဆိုတာပဲ တွက်နေတာ"

"အဲဒီတော့ အခု ကိုလွင့်ဇာတ်ကို ဆက်ရိုက်ဖို့ ကျန်တဲ့ ကာလအပိုင်းအခြားအထိ စိုးစိုးက ကိုအောင်စည်ကို ပြေ လည်အောင် ဆက်ဆံသွားပါ့မယ်၊ ဇာတ်ပြီးသွားလို့ မြော ပြီဟေ့ဆိုတဲ့အခါ ပြီးရောပေါ့၊ ဒါကြောင့် မြန်မြန်ရိုက်ပြ ရင် အေးရောလို့ ပြောတာပါ"

"နောက်ဆက်တွဲတွေ ကိုအောင်စည်နဲ့ ဆက်လုပ်ဖို့ရှိမယ် စိုးစိုး"

"လုပ်ပါ … ကိုလွင် လုပ်ချင်တာ ဆက်လုပ်ပါ၊ ဒါပေ စိုးစိုး တောင်းပန်ပါရစေ၊ နောက်ဇာတ်ကားတွေ ကိုအော စည်နဲ့ ဆက်လုပ်မယ်ဆိုရင် ကိုအောင်စည်ရဲ့နေရေးထိုင် ရေးကို တခြားတစ်နေရာမှာ စီစဉ်ပါ ကိုလွင်၊ ဒီအိမ် ဒီခြံမှာတော့ ဆက်မထားပါနဲ့"

"ဘာဖြစ်လို့လဲ၊ ကိုလွင်က တမင်မေးတာပဲဟာ"

"မကောင်းပါဘူး ကိုလွင်၊ လူတွေမှာ သံသယစိတ်ဆိုတာ ကြောက်စရာအကောင်းဆုံးပါ၊ ကိုအောင်စည်နဲ့ စိုးစိုး အရင်က သိကျွမ်းခင်မင်တဲ့ လက်စလည်း ရှိနေတာ ကိုလွင်ကလည်း အလုပ်များလွန်းပြီး အိမ်ကပ်တာနည်း တယ်"

"ဘာလဲ စိုးစိုးကို ကိုအောင်စည်နဲ့ ကိုလွင်က သံသယဖြ မှာ စိုးလို့လား၊ လုံးဝ သံသယမဖြစ်ဘူး စိုးစိုး၊ စိုးစိုး ထိန်းသိမ်းနိုင်စွမ်းကို ခြွင်းချက်မရှိ ယုံကြည်ပါတယ်



ကိုအောင်စည်ရဲ့ သိက္ခာကိုလည်း အကြွင်းမဲ့ ယုံကြည်နိုင် လောက်စရာတွေ တစ်ခုပြီးတစ်ခု ကိုလွင် တွေ့နေတယ် စိုး"

"ဘယ်လို တင်ခုပြီး တစ်ခုလဲ"

"ဒီအိမ်မှာ နေတဲ့ ထိုင်တဲ့ နေရာမှာလည်း စိုးစိုးရော ကိုအောင်စည်ဟာ သူ့စည်း ကိုယ့်စည်းနဲ့ နေကြမှန်း ကိုလွင် သိတယ်၊ မြင်တယ်၊ အဲ … အခုဇာတ်ကားရိုက် ကြတာ ကိုအောင်စည်က မင်းသား၊ အိရွှေစင်က မင်းသမီး ဆိုတော့ အလိုလို သိကျွမ်းခင်မင်သွားတဲ့သဘော ရှိတယ်၊ အိရွှေစင်က ကိုအောင်စည်ကို တော်တော် စိတ်ဝင်စားသွား ပုံရတယ်၊ ကိုအောင်စည်နဲ့ အရောတဝင် ဖြစ်ချင်တဲ့ဆန္ဒ လည်း ရှိမှန်း သိထားတယ်၊ ဒါပေမဲ့ ကိုအောင်စည်က လုပ်ငန်းသဘောကလွဲပြီး တခြားနေရာတွေမှာ မှန်တန်းပဲ ဆက်ဆံတာ ကိုလွင် သတိထားမိတယ်၊ တခြားယောက်ျား လေး တော်တော်များများက အိရွှေစင်လို မိန်းကလေးကို အရောတဝင် ချဉ်းကပ်နေချင်တဲ့ကြားမှာ ကိုအောင်စည်ရဲ့ အတည်အတံ့ ဆက်ဆံသွားတာတွေဟာ ချီးကျူးစရာပဲ၊ ဒါကြောင့် ခြွင်းချက်မရှိ သံသယကင်းတယ် စိုးစိုး"

အကယ်၍သာ အိရွှေစင်က ကိုအောင်စည်ထံရောက် ပြီး မိသေးသေး ကြားခဲ့သမျှတွေကိုသာ ကိုလွင် သိရလျှင် င်သည် ကိုအောင်စည်အား ဘယ်လောက်များ ပိုမိုချီးမွမ်း လဲ မပြောတတ်။

"နောက်တစ်ခု ရှိသေးတယ် စိုး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုလွင်"

"ထပ်ပြန်တလဲလဲ ပြောသလိုတော့ ဖြစ်နေပြီ၊ ဒါပေ
ပြောရမှာပဲ၊ အခု လေအနော့ကြွေတော့မလို ရန်ကုန်ရဲ့
ကို တင်လိုက်တာနဲ့ ကိုအောင်စည်ရဲ့ အောင်မြင်မှု
ချက်ချင်းပေါ်လာနိုင်တယ်၊ ငွေရှင်ကြေးရှင် ရုပ်ရှင်ထု
လုပ်သူတွေကလည်း သူတို့ကိုယ်တိုင်သာ မင်းသား
သမီး မမွေးဘဲနေမယ်၊ သူများမွေးလို့ တိုးတက်လာတာ
အဲဒီမင်းသား မင်းသမီးနောက်ကို ငွေထုပ်ကြီးပိုက်ပြီးလို
တယ်၊ ကြိုက်ဈေးပေးပြီး သူတို့ဇာတ်ကားရိုက်ဖို့ ခေါ်
တတ်တာတွေဟာ အရင်ကရော အခုရော လက်
သာဓကတွေ အများကြီးရှိတယ်၊ စာချုပ်လွတ် မင်း
မင်းသမီးဆိုတာကလည်း မက်မောလောက်အောင် ခေါ်
တဲ့ ကုမ္ပဏီနောက်ကို ပါသွားတာပဲ စိုး၊ အဲ ... ကု
နောက်ကို ပါမသွားနိုင်တာက လက်ရှိကုမ္ပဏီအပေါ်
သံယောဇဉ်ရှိတယ်၊ ငဲ့ညှာတယ်ဆိုရင်သာ ပါမသွား
အဲဒီတော့ ကိုအောင်စည်သာ ကိုလွင်တို့ စိုးစိုးတို့အ
မှာ သံယောဇဉ်ရှိနေဖို့ရယ်၊ ငဲ့ညှာတဲ့စိတ်ထားနေဖို့
လိုတယ်၊ ကိုလွင် ပြောတာကို စိုးစိုး သဘောပေါ
တယ်နော်"

စိုးစိုးက ခေါင်းညိတ်ပြသည်။

"အင်း ... တစ်ခုတော့ ရှိတာပေါ့လေ၊ အခုရိုက်တဲ့
ရုံတင်ပြီးတဲ့နောက် ပရိသတ်က ကိုယ်ထင်ထားသလို
လာဘူး၊ မင်းသားကို သိပ်မနှစ်သက်ကြဘူး ဆိုရင်



နောက်ထပ်ကားတွေ ရိုက်စရာ မလိုတော့ဘူး၊ မင်းသားကို လမ်းခွဲကြစို့လို့ မောင်းထုတ်လိုက်ရုံပေါ့၊ ဒါဆိုရင်တော့ စိုးစိုးလည်း အိမ်မှာ မင်းသားမရှိတော့တာမို့ အနေအထိုင် လွတ်လပ်သွားတာပေါ့"

ကိုလွင်၏ စကားကြောင့် စိုးစိုး ခမျာ ကြက်သီးလေးများ ထမိပါ၏။

ကိုအောင်စည်အား သူ့အတွက် အကျိုးအမြတ်တွေ ရပြီး အလားအလာကောင်းပါလျှင် ဖျာလိပ်လို ထိပ်ပေါ်တင်ပြီး ဆက်သုံးမည်။

ထင်သလောက် မစွံပါက ဂျောင်းခနဲ မောင်းထုတ်ည့်စိတ်ဓာတ် ထားရှိသည်။

ကိုလွင်သည် အတ္တဆန်လွန်းသည်။ ကိုလွင်၏ ရင်ထဲတွင် စေတနာမေတ္တာ ဆိုသည်မှာ ရဟိများမှ ရှိပါလေစ။

စိုးစိုး အဖို့ကတော့ တည်မိသည့်ဘုရားပေမို့ လင်းတနားပေါ့။

ဩော် ... မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ပဲ ြစ်ရပေမည် မဟုတ်လား။

* ❖ *

www.burmeseclassic.com



ရုပ်ရှင်အဖွဲ့ နယ်ဆင်းကြတော့မည်။

ယခု ပထမအကြိမ် နယ်ဆင်းမည်မှာ မင်းသား မင်းသမီး ခေါ်သွားရန် မလိုသေး။ ဒါရိုက်တာ၊ ကင်မရာမင်းနှင့် စက်အဖွဲ့၊ ကိုလွင်ဦးတို့သာလျှင် ပဏာမ ဆင်းကြမည်ဖြစ်သည်။

ကလော … တောင်ကြီးဘက်သို့ ဖြစ်သည်။

ရိုက်ကွင်းရိုက်ကွက်တွေ သွားကြည့်မည်။ အခြားသူများ မရိုက်ဘူးသေးသော ရှုခင်းတွေ ရှာဖွေရမည်။ ပထဝီအနေအထား၊ တောတောင် လျှိုမြောင်တွေကို ဓာတ်လမ်းခွင်ကျလိုက်ကြည့်ရမည်။ ဓာတ်ဆောင်မပါသေးဘဲ ရိုက်ကွင်း ရိုက်ကွက် တချို့ကို ရိုက်ရမည်။

"ကြီးကြီးတင့် … ကွန်နားကုလားလေးကို ကျွန်တော် အိမ်မှာထားခဲ့မယ်၊ ကျွန်တော် မရှိတုန်း ဒီကောင့်ကို အလုပ်တိုက်မှာ မထားခဲ့ချင်လို့"

ကြီးကြီးတင့်က ခေါင်းညိတ်သည်။

နက်ဖြန်မနက်ပိုင်း ခရီးထွက်ကြမည်မို့ ကိုလွင်ဦးက စိုးစိုး၊ ကြီးကြီးတင့်နှင့် ကိုအောင်စည်ကို ခေါ်ကာ ညှိခန်းတွင် တွေ့ဆုံပြောကြားခြင်း ဖြစ်ပါ၏။



"သြော် … စိုးစိုး၊ ကိုလွင် စိုးစိုးရဲ့ တိုယိုတာကားယူသွားမယ်၊ ကိုလွင့် ပစ်ကပ်ကားပေါ်မှာ ကင်မရာမင်းနဲ့စက်အဖွဲ့ တင်ရမယ်၊ စိုးစိုးရဲ့တိုယိုတာကားမှာ ကိုလွင်ရယ်၊ ဒါရိုက်တာရယ် ဒရိုင်ဘာရယ် သုံးယောက်စီးသွားမယ်"

"ယူသွားလေ ကိုလွင်"

ကိုလွင်ဦးက အောင်စည် ဘက်သို့ လှည့်လိုက်သည်။

"သြော် … ကိုအောင်စည်၊ ကျွန်တော် စိုးစိုးကားရော ကျွန်တော့်ကားရော ယူသွားတော့ ကိုအောင်စည်ရဲ့လင်းရှိဗာပဲ အိမ်မှာကျန်ခဲ့မယ်၊ အိမ်က ဈေးသွားဈေးပြန်တို့၊ ကြီးကြီးတင့် ဗာဟီရကိစ္စတို့နဲ့ သွားစရာရှိရင် ခင်ဗျား ကျေးဇူးပြုပြီး ကူညီပါဗျာ"

ကိုအောင်စည်က ဘာမှမပြောမီ စိုးစိုးက ဝင်ပြောသည်။

"အြော် … ကိုလွင်၊ စိုးစိုး လင်းရှိဗာတို့ ဘာတို့ကို မောင်းကျင့်မရှိဘူးနော်၊ စိုးစိုး မောင်းနေကျ တိုယိုတာကားကို တောင် ရန်ကုန်မှာ မောင်းရတာ ကြောက်ကြောက်နဲ့မောင်းရတာ"

ဟုတ်ပေသည်။ ကိုယ်မောင်းနေကျ ကိုင်နေကျ မဟုတ်သောကားကို တက်မောင်းလျှင် စတီယာရင်ကအစ ဂီယာ၊ ဘာလပ်(ရှ်)၊ လီဗာ ကိုင်တွယ်ရာတွင် ကြောင်တတ်သည်။

"ဒီလိုလုပ်ပါလား ကိုလွင်ဦး၊ ကျွန်တော့် လင့်ရှိဗာကို ကိုလွင်ဦး ယူသွား၊ စိုးစိုးရဲ့ တိုယိုတာကားကိုထားခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဒီအိမ်က သွားစရာ လာစရာကိစ္စတွေမှာ နဂိုအတိုင်း ဖြစ်သွားတာပေါ့၊ စိုးစိုးပဲ မောင်းပေါ့"

"မဖြစ်ဘူး ကိုအောင်စည်၊ နယ်ဘက်ခရီးဝေးသွားမှာမို့ တိုယိုတာဆလွန်းကားကို ကျွန်တော်စီးဖို့ တမင်ယူတာ၊ ခင်ဗျား လင်းရိဗာက ခုန်တယ်၊ ခရီးဝေးကျတော့ စီးရတာ မညက်ညောဘူးလေ၊ ကျွန်တော် သက်သာအောင် တမင် တိုယိုတာကို ယူရတာပဲဗျာ"

ဒါလည်း ဟုတ်နေပြန်သည်။

"ဘာလဲ ... ကိုအောင်စည် မောင်းပေးရမှာ မအားလို့လား"

"အင်း ... ဆိုပါတော့"

"ကိစ္စမရှိဘူး၊ ကွန်နားကို အိမ်မှာထားခဲ့မှာပဲ၊ ဒီကုလား မောင်းတတ်တယ်၊ တစ်ခါတလေ ဒရိုင်ဘာ ခွင့်ယူတဲ့အခါ ကျွန်တော့်ပစ်ကပ်ကားကို ကွန်နားကိုပဲ မောင်းခိုင်းတာပဲ"

ယင်းအစီအစဉ်ဖြင့်ပင် ကိုလွင်သည် နံနက်ငါးနာရီတွင် ကားနှစ်စီးဖြင့် ထွက်ခွာသွားသည်။

နံနက်ခုနစ်နာရီတွင် ကိုအောင်စည်သည် သူ့လင်ရိဗာကားကို ပျဉ်ထောင်အိမ်လေးရှေ့တွင် ရပ်ထားရာမှ နေရာရွှေ့ကာ စိုးစိုးတို့ တိုက်အိမ်ရှေ့သို့ မောင်းယူသွားပြီး ရပ်ထားလိုက်သည်။

ထိုအချိန်မှာပင် ကုလားလေးကွန်နားလည်း ရောက်လာသည်။ ကွန်နားသည် သူ့ဆရာ ကိုလွင်ဦး အစီအစဉ်အတိုင်း ကိုလွင်ဦး ခရီးသွားစဉ် ဤအိမ်တွင် လာရောက်နေရန် ရောက်လာခြင်းဖြစ်သည်။



ကွန်နားသည် လက်ဆွဲအိတ် အသေးစားလေးတစ်လုံး ဆွဲထားသည်။

"လာဟေ့ ကွန်နား၊ အတော်ပဲ မင်းရောက်လာတာနဲ့၊ ရော့ ... ဒီမှာ ငါ့ကားသော့၊ ဒီအိမ်ကလူတွေ သွားချင်တဲ့ နေရာကို မင်း လိုက်မောင်းပို့ပေးလိုက်"

"ဟာ ... အစ်ကို မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကိုလွင်ဦး ကားကို မင်းမောင်းတဲ့ အခါ မောင်းပေးနေတာ ငါ တွေ့သားနဲ့"

ကွန်နားနှင့် ကိုအောင်စည် အချီအချ ပြောနေရာသို့ အိမ်ထဲမှ စိုးစိုး ရောက်လာသည်။

ကော်ဖီသောက်ချိန်မို့ ကိုအောင်စည်အား ကော်ဖီသောက်ခေါ်ရန် ထွက်လာခြင်းဖြစ်သည်။

သူမ၏ ကိုလွင်က မင်းသားကို ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ ဆက်ဆံရန် မှာထားသည် မဟုတ်ပါလား။

"ဟုတ်တယ် အစ်ကို၊ ပြီးခဲ့တဲ့ သောကြာနေ့က ကျွန်တော့် ကားမောင်းလိုင်စင် ပျောက်သွားတယ်၊ အဲဒီထဲက ဆရာ့ ကားကိုလည်း ကျွန်တော် မမောင်းရဲတော့ဘူး၊ မော်တော် ပီကယ်ရဲက စစ်ဆေးလို့ လိုင်စင်မပါရင် ဝတ်(သ်)အောက် နဲ့ အရေးယူတာ အစ်ကို၊ တရားရုံးက ဝတ်(သ်)အောက် ကို ဒဏ်ရိုက်ရင် ငါးရာနဲ့ တစ်ထောင်အထိ ရိုက်တာ ကျွန်တော် မမောင်းရဲဘူး အစ်ကို"

"ဟာကွာ၊ မင်းဟာက ဆင်ခြေများလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းခြေများတာ မဟုတ်ပါဘူး အစ်ကို၊ တကယ်ပြောနေတာပါ၊ အစ်ကိုက မောင်းဆိုရင် ကျွန်တော် မောင်းပါ့မယ်၊ ရဲကဖမ်းလို့ ဒဏ်ငွေရိုက်ရင်၊ အစ်ကိုပေးလေ"

ဒါကျတော့လည်း ကွန်နား ပြောသည်မှာ နည်းလမ်းကျနေသည်။ ကိုအောင်စည် လက်လျှော့လိုက်ရသည်။

"ကော်ဖီသောက်စို့ အစ်ကိုအောင်"

ကော်ဖီဝင်သောက်ပြီး စိုးစိုးအား ဈေးလိုက်ပို့ရပါ၏။

လင်းရိဗာ၏ ရှေ့ခန်းမှာပင် စိုးစိုး ထိုင်သည်။ နောက်မှ ပစ်ကပ်ခန်းတွင်ထိုင်လျှင် ကိုအောင်စည်အပေါ် ကြီးကျယ်လွန်းရာ ရောက်သွားမည်။ ဆလွန်းကားဆိုပါက နောက်မှ ဝင်ထိုင်လျှင် သဘာဝကျသေးသည်။

လင်းရိဗာ၏ရှေ့ခန်း ကူရှင်ကလည်း အကျယ်ကြီးပါပေ။ နှစ်ယောက်ကြားတွင် တစ်ပေကျော်ကျော် ဝေးကွာနေပါသေး၏။

ပြီး ... ကိုလွင် ကိုယ်တိုင်က သံသယလုံးဝမဖြစ်ကြောင်း ပြောသွားခဲ့သည်။

"ဘာလဲ၊ အစ်ကိုအောင်က စိုးစိုးကို ကားလိုက်မောင်းမပို့ချင်လို့ ကွန်နားကို အတင်းမောင်းခိုင်းနေတာလား"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့လဲ"

ကိုအောင်စည်က မသိမသာ သက်ပြင်းချလိုက်သည်။



"ပြောရမှာ ခပ်ခက်ခက်ပဲ၊ စိုးစိုးကို ပြောပြချင်တာတွေလည်း အများကြီးပဲ၊ ဆန်းဆန်းပြားပြား မဟုတ်မတတ်စကားမျိုး ပြောစရာတွေ ရှိနေတာတော့ မဟုတ်ဘူး၊ ရိုးသားတဲ့ စကားတွေပါ၊ ဒါပေမဲ့ အဲဒီ ရိုးသားတဲ့စကားတွေကိုပဲ စိုးစိုးကို ပြောမိရင် စိုးစိုးတို့ အိမ်ထောင်ရေးမှာ ထိခိုက်နိုင်နေတယ်"

"ဘာတွေများမို့လဲ အစ်ကိုအောင်"

"ဘာတွေပါလို့ ပြောပြဖို့ကို ခက်နေတာပေါ့၊ တို့မဖြေချင်ဘူး၊ ပြောမပြချင်ဘူး၊ နောက်တော့ တဖြည်းဖြည်း စိုးစိုး ဘာသာ သိလာမှာပါ"

"ဘာတွေလဲဆိုတော့ အခုလို ပဟေဠိဆန်လာလေ စိုးစိုး သိချင်လေပဲ အစ်ကိုအောင်"

"တစ်နေ့ကျရင် စိုးစိုး သိမှာပါ၊ အထူးသဖြင့် ကိုလွင်ဦးနဲ့ ပတ်သက်တာတွေပါ၊ အဲဒါတွေ ထားလိုက်ပါတော့လေ၊ တို့ ဒီအိမ်ရောက်လာပြီး ခုချိန်ထိ မြဲနေတာလေး ပြောပြချင်တယ်"

"ပြောပါ အစ်ကိုအောင်"

"ဘုရားစူး မိုးကြိုးပစ်ပါ၊ ကိုလွင်ဦးရဲ့ဇနီးဟာ မော်လမြိုင်မှာတုန်းက တို့နဲ့ ခြံချင်းကပ်လျက် သိကျွမ်းခဲ့တဲ့ စိုးစိုးမှန်း တင်ကြိုသိရင် တို့ ဒီအလုပ်ကို လုံးဝလက်ခံဖြစ်မှာ မဟုတ်ဘူး"

အစ်ကိုအောင်၏ စကားသည် စိုးစိုး ဝမ်းနည်းဖိတ်လေး ဖြစ်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"စာချုပ်လက်မှတ်ထိုးပြီး စိုးစိုးတို့အိမ်ကို လိုက်လာတော့ ပထမ အားလုံးကို မိတ်ဆက်ပေးရင်း ဒေါ်ဒေါ်အေးကိုလည်း မိတ်ဆက်ပေးတယ်"

"ဒေါ်ဒေါ်အေးဟာ စိုးစိုးတို့ အိမ်ကမှန်း အစ်ကိုအောင် သိပြီးသားပါနော်"

"သိတာပေါ့၊ မော်လမြိုင်မှာတုန်းက စိုးစိုးတို့အိမ်မှာ ဒေါ်ဒေါ်အေး ရှိနေတာ မြင်တွေ့သိကျွမ်းနေသားပဲဟာ၊ ဒါပေမဲ့ ဒေါ်ဒေါ်အေးလို အမျိုးသမီးက ဟိုအိမ်ဒီအိမ် ဟိုဒေသ ဒီဒေသ ပြောင်းပြီး အလုပ်လုပ်တတ်ကြတယ် မဟုတ်လား၊ အခု ဒေါ်ဒေါ်အေးကိုတွေ့တော့လည်း ဒေါ်ဒေါ်အေးဟာ ကိုလွင်ဦးအိမ်ကို အသစ်ပြောင်းပြီး ရောက်လာတဲ့ ကိုလွင်ဦး အိမ်ဖော်လခစားလို့ပါ ထင်မိတယ်၊ ကိုလွင်ဦးက မိတ်ဆက်ပေးမှတို့က ဒေါ်ဒေါ်အေးကို သိဟောင်း ကျွမ်းဟောင်းအနေနဲ့ ပြောမလို့လုပ်တော့ ဒေါ်ဒေါ်အေးက တို့ကို မျက်စိမှိတ်ပြတယ်၊ ခေါင်းခါပြတယ်"

"သြော် ... သြော် ... ဒေါ်ဒေါ်အေးက အဲဒီလို လုပ်ပြသလား"

"ဟုတ်တယ်၊ ဒေါ်ဒေါ်အေးရဲ့သဘောတဟာ သူ့ကို အရင်က သိကျွမ်းခဲ့ကြောင်း မပြောစေချင်တဲ့ သဘောတမှန်း တို့ ရိပ်မိတယ်၊ ဒါပေမဲ့ အဲဒီအချိန်ထိ စိုးစိုးက ထွက်မလာသေးတော့ ဒီအိမ်မှာ စိုးစိုး ရှိနေမှန်း တို့ မသိသေးဘူး၊ နောက် စိုးစိုး ထွက်လာတော့မှ သြော် ... စိုးစိုးဟာ ကိုလွင်ဦးရဲ့ဇနီးပါလားလို့ တို့ သိလိုက်ရတယ်"



"ဟုတ်တယ်၊ စိုးစိုးလည်း အစ်ကိုအောင်ကို ဖြွန်းခနဲပြန်တွေ့လိုက်ရတော့ ရင်ထဲ ဘယ်လိုကြီး ဖြစ်သွားမှန်းတောင် မသိဘူး၊ ဝမ်းလည်းသာ ဝမ်းလည်းနည်းကြီး ခံစားရတယ်"

"အဲဒီညက ပျဉ်ထောင်အိမ်လေးထဲမှာကို အရမ်းစဉ်းစားတယ်၊ တို့ ဒီအလုပ်ကို စာချုပ်ဖျက်ပြီး တန်ဖိုးနှစ်ဆပြန်လျော်ပြီး ထွက်သွားမယ်ဆိုတဲ့ အထိပေါ့"

"အစ်ကိုအောင်က ရှောင်ပြေးချင်တဲ့ သဘောပေါ့ ဟုတ်လား"

"အဲဒီသဘော သက်ဝင်တယ်လို့ ဆိုနိုင်ပါတယ်၊ တကယ်လို့သာ ကိုလွင်ဦး မိတ်ဆက်ပေးစဉ်က စိုးစိုးနဲ့တို့ဟာ ဒေါ်ဒေါ်အေးရဲ့သဘောတမျိုးနဲ့ ဘယ်တုန်းကမှ မသိမကျွမ်းဘူးတဲ့ ပုံစံမျိုးဆိုရင် တို့ဆက်နေလည်း မမှားဘူးပေါ့၊ အခုဟာက ဖြွန်းခနဲ တွေ့ရတော့ နှစ်ယောက်စလုံး ဝမ်းသာအားရနဲ့ မော်လမြိုင်တုန်းက ခင်မင်ခဲ့တဲ့ သိကျွမ်းဟောင်းတွေဖြစ်မှန်း ကိုလွင်ဦး ရှေ့မှာတင် သိသွားတယ်၊ အဲဒီတော့ တို့ ဆက်ပြီး ဒီအိမ်မှာနေရင် တစ်နေ့နေ့မှာ ကိုလွင်ဦး သံသယတွေ ဝင်စရာရှိတယ်၊ သံသယတွေဝင်လာရင် စိုးစိုးပဲ နစ်နာမယ်လို့ တွေးမိပြီး စာချုပ်ဖျက်ထွက်သွားဖို့ စိတ်ကူးတာပါ"

"ဒါပေမဲ့ အစ်ကိုအောင် ရှောင်မသွားဘဲ ဆက်နေပါတယ်နော်"

www.burmeseclassic.com



"ဟုတ်တယ် ... တို့ ဆက်နေလိုက်တယ်၊ ဘာလို့လဲဆိုတော့ မနက်မိုးလင်း အစောကြီးမှာပဲ ဒေါ်ဒေါ်အေးတို့ရှိတဲ့ ပျဉ်ထောင်အိမ်လေးကို တိတ်တိတ်ခိုးပုံစံနဲ့ ရောက်လာတယ်"

"ဟုတ်လား၊ ဒေါ်ဒေါ်အေးက အစ်ကိုအောင်ဆီ ဘာလို့ တိတ်တိတ်ခိုး ရောက်လာတာတဲ့လဲ"

"မောင်အောင်စည်၊ ဒီအိမ်ကို ရောက်လာတော့ စိုးစိုးအတွက် သူ အရမ်းဝမ်းသာတယ်တဲ့၊ စိုးစိုးရဲ့ဘဝဟာ တံခွန်ကုက္ကားဘဝ ရောက်နေရှာတယ်တဲ့၊ အမြင်အားဖြင့် ဟိုအမြင့်မှာ တလူလူ လွင့်နေတယ်လို့ မြင်ရပေမယ့် လေဒဏ်မိုးဒဏ်ကို အလူးအလဲ ခံနေပါတယ်တဲ့၊ အထီးကျန် သိပ်ဆန်နေပါတယ်တဲ့၊ မောင်အောင်စည် ရောက်လာတော့ စိုးစိုးအတွက် အားတက်ရတာပေါ့တဲ့"

"ဩော် ... ဩော် ... ဒေါ်ဒေါ်အေးက စိုးစိုးဘဝကို တံခွန်ကုက္ကားနဲ့ နှိုင်းယှဉ်ပြောသွားသလား"

"အဲဒီနှိုင်းယှဉ်ချက်ဟာ မှားနေသလား စိုးစိုး"

စိုးစိုးက ကတ္တရာလမ်းကြီး တရိပ်ရိပ် ကားအောက် ဝင်သွားသည်ကို ရှေ့တူရူကားမှန်မှ ငေးကြည့်နေသေးသည်။

"မမှားပါဘူး အစ်ကိုအောင်"

"အဲဒီ ဒေါ်ဒေါ်အေး လာပြောတာနဲ့ တို့ စာချုပ်ဖျက် ရှောင်ထွက်မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ တကယ်လို့ အရေးရယ် အကြောင်းရယ် စိုးစိုးမှာ တစ်ခုခုဖြစ်လာရင် တို့ ကူညီပေးဖို့ ဒီမှာပဲ ဆက်နေခဲ့တယ်"



"ကျေးဇူးတင်ပါတယ် အစ်ကိုအောင်"

"အဲဒီအချိန်ကစပြီး စိုးစိုးကို တို့ မသိမသာ အကဲခတ်ပါတယ်၊ မော်လမြိုင်ဘုန်းက အင်မတန်သွက်တဲ့ စိုးစိုးဟာ အခု သိန်းပေါင်းအများကြီး ချမ်းသာတဲ့ ယောကျ်ားနဲ့ ရထားတာတောင်မှ ဘာလို့ စက်ရုပ်တစ်ရုပ်လို ဝိညာဉ်မပါဘဲ လှုပ်ရှားပုံမျိုး လှုပ်ရှားနေပါသလဲမှ်လို့လေ၊ အဲ ... ဘာပဲဖြစ်ဖြစ် စိုးစိုးမှာ အခက်အခဲ ပြဿနာတို့ရှိလာရင် တို့မှာ ကူညီရမယ့်ဝတ္တရားလဲ ရှိနေတာကိုး"

"ဝတ္တရားအရလား အစ်ကိုအောင်၊ စေတနာ မေတ္တာအရတော့ မဟုတ်ဘူးလား"

"အင်း ... စကားတစ်ခွန်း ပြောတယ်ဆိုတာက ကာလ၊ ဒေသ၊ ပရောဂဆိုတဲ့ ရောက်ရှိနေတဲ့ အချိန်ကာလ နေရာဒေသနဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ပြောရတာပါ စိုးစိုး၊ ခုအချိန် ခုအခြေအနေနဲ့ အခုနေရာမှာ စိုးစိုးကို တို့က စေတနာတို့ မေတ္တာတို့ဆိုတဲ့ စကားမျိုးထက် ဝတ္တရားအရ ဆိုတဲ့ စကားကိုသာ ပြောသင့်တယ် ထင်လို့ပါ"

"ဒါဆို မူရင်းအဓိပ္ပာယ်ကတော့ မေတ္တာစေတနာနဲ့ကူညီချင်တာပဲပေါ့ ဟုတ်လား"

"ကျားကိုက်ပါတယ် ဆိုမှတော့ အပေါက်ကလေးနဲ့ပေါ့ စိုးစိုးရယ်"

စိုးစိုးသည် လွင်လွင်လေး ရယ်လိုက်ပါ၏။ မိမိအ ကူညီနိုင်ဖို့ စာချုပ်မဖျက်တော့ဘဲ ဆက်နေပါသည်ဆိုသည့် စကား ...ာ စိုးစိုးရင်ထဲတွင် ကြည်နူးစွာ ခံစားရသည်။ ထို့ကြောင့် ကျား

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့ဟု ဆိုလိုက်သော အစ်ကိုအောင်၏စကားသည် ရှိပြီး ဟာသမမြောက်သော်လည်း ရင်ထဲက ကြည်နူးမှုလေးကြောင့် စိုးစိုး လွင်လွင်လေး ရယ်လိုက်ခြင်းဖြစ်ပေသည်။

သုံးနှစ်နီးပါးအတွင်း ကြည်နူးစွာ ရယ်မောမိသည်မှာ စိုးစိုးအဖို့ ပထမဆုံးအကြိမ် ဖြစ်ပေတော့သည်။

"ခုနက အစ်ကိုအောင် ပြောပါတယ်နော်၊ ကိုလွင်နဲ့ပတ်သက်ပြီး ပြောချင်တာ ရင်နဲ့အပြည့်ရှိတယ်လို့၊ အဲဒါကို ဆက်ပြောပြပါလား"

"မပြောပါဘူး စိုးစိုး၊ တို့ ပြောပြတာထက် စိုးစိုးဘာသာ အလိုလို သိလာတာက ပိုကောင်းမယ်ထင်လို့ပါ၊ ဒါပေမဲ့ အရိပ်သဘောလောက်တော့ ပြောပြမယ်၊ စိုးစိုးဗီဒီယိုမှာ ဖြစ်ဖြစ် ရုပ်ရှင်မှာဖြစ်ဖြစ် စစ်ကားတစ်ချို့ ကြည့်ဖူးမှာပါ"

"ကြည့်ဖူးသားပဲ"

"အဲဒီမှာ ရန်သူကို ထောက်ချောက်ဗုံးတွေ မြေကြီးထဲမြှုပ် ဆင်ထားတာတွေ တွေ့မှာပေါ့၊ ရန်သူက ပေါ့ပေါ့ဆဆ မဆင်မခြင် နင်းတက်ရင်တော့ မိုင်းဗုံးနင်းမိပြီး ပေါက်ကွဲမှာပဲ၊ အခု တို့မှာရော စိုးစိုးမှာရော ထောင်ချောက်မိုင်းဗုံးတွေနဲ့ ထောင်တဲ့လမ်းကို လျှောက်နေရတယ်၊ အဲဒီ ထောင်ချောက်မိုင်းဗုံးကို ရှောင်ရှောင်ရှားရှား ဖြတ်သန်းသွားမယ် စိုးစိုး၊ နင်းမိတာနဲ့ ပေါက်ကွဲပြီမှတ်တော့၊ ကိုယ့်ကို တိမှန်ပြီ မှတ်ပေတော့"

"အစ်ကိုအောင် ဘာကိုဆိုလိုတာလဲဟင်"



"တဖြည်းဖြည်း စိုးစိုး အလိုလို သိလာမှာပါ"

ဈေးသို့ ရောက်ခဲ့ကြသည်။ ဈေးဝယ်ပြီး အိမ်သို့ပင် ပြန်ခဲ့ကြပါ၏။

ဤပုံစံဖြင့်ပင် နေ့စဉ် စိုးစိုးကို ဈေးပို့ပေးသော အလုပ်၊ ဟိုဟိုသည်သည် လိုက်ပို့ရသောအလုပ်ကို ကိုအောင်စည် လုပ်ပေးနေရပါ၏။

ဈေးကိုတော့ ကြီးကြီးတင့် လိုက်လေ့မရှိ။ နံနက်စောစောပိုင်း သွားသည်မို့ ဒေါ်ဒေါ်အေးကိုလည်း ခေါ်၍မဖြစ်။ ဒေါ်ဒေါ်အေးက မိုးလင်းသည်နှင့် မီးဖိုထဲတွင် အလုပ်များလှပေသည်။

ကော်ဖီဝိုင်း လက်ဖက်ရည်ဝိုင်းတွင်လည်း ထမင်းဝိုင်းတွင်လည်း ကြီးကြီးတင့် အပါအဝင် စိုးစိုးနှင့် ကိုအောင်စည် အတူတူပင် စားသောက်ကြသည်။

စန္ဒရားတီး၊ သီချင်းဆိုခြင်းလည်း နှစ်ယောက်အတူ ဆိုကြ တီးကြသည်များ ရှိကြပေသည်။ ဒါကလည်း ကိုလွင်ဦးကိုယ်တိုင် စိုးစိုးကို ဤသို့ လုပ်ပေးပါဟု ဆိုထားခြင်းကြောင့် ကိုအောင်စည် စန္ဒရားတီးလျှင် စိုးစိုးကိုယ်တိုင် သွားရောက်သီဆိုခြင်း၊ တီးခတ်ခြင်း ဖြစ်သည်။ ကိုအောင်စည် အဖို့ကတော့ ဇာတ်ကားအတွက် လေ့ကျင့်နေသည့် သဘောပင်ဖြစ်သည်။

ရှင်းရှင်းဆိုရလျှင် ငယ်ငယ်က ရင်တွင်းကိုယ်စီ ချစ်ခဲ့ဖူးကြသူများမို့ ယခုလည်း ရင်တွင်းကိုယ်စီဝယ် မကျက်သေးသော အနာကလေးများ ရှိနေကြပေမည်။ ဒါကလည်း အခုလို ချင်းပြန်တွေ့မှ ရင်တွင်းနာက ဖြစ်ခြင်းမဟုတ်။ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ပြီး ကွဲကွင်းစွာ နေကြပါလျှင်လည်း ရင်ထဲက အနာ လေး ကိုယ်စီတော့ ရှိမြဲရှိနေကြမည်သာ။

သို့သော် နှစ်ဦးစလုံးသည် သိက္ခာစောင့်စည်းသူများ ဖြစ်သည်။ မဖြစ်သင့်သောကိစ္စ၊ မဖြစ်နိုင်သော အခြေအနေတွေ ဘာမှမဖြစ်အောင် နှစ်ဦးစလုံး စောင့်စည်းထိန်းသိမ်းကြသည်။

ကိုအောင်စည်လိုလူသည် မော်လမြိုင်တုန်းက ကိုယ် ဆွတ်လျှင် ညွတ်နေမှန်း သိလျက်ကပင် မိဆိုး အသက်ငယ်လှ ပြီး အညွန့်ကျိုးသွားမှာကိုစိုးပြီး မခူးမဆွတ်မိအောင် ထိန်းသိမ်း နိုင်စွမ်း ရှိခဲ့သည်၊ ယခု ပို၍ ပို၍ ထိန်းသိမ်းပါလေ၏။

မည်သို့ဆိုစေ ...

ထိန်းသိမ်းစောင့်စည်းခြင်း ဆိုသည်မှာ တမင်တကာ စိတ်ကို ကြပ်မတ်ထားရသည်မို့ စိတ်ခများတော့ ပင်ပန်းလှသည် သာ။

✻ ❖ ✻



"အစ်မစိုးရေ ... အဝတ်လျှော်တဲ့ ကုလားမ ရောက်နေပြီ၊ လျှော်မယ့်အဝတ်တွေ ပေးလေ၊ ကျွန်မ သွားပေးလိုက် မယ်"

"အေး ... အေး ... မိသေးသေး၊ အဝတ်တွေ ရွေးလိုက်ဦး မယ်၊ ပြီးမှ မိသေးသေးကို ခေါ်လိုက်မယ်"

မိသေးသေး ပြန်ထွက်သွားသည်။

စိုးစိုးသည် အဝတ်ဟောင်းခြင်းထဲမှ အဝတ်တွေ ထုတ်ယူသည်။ ပြီး အင်္ကျီချိတ်တွင် ချိတ်ထားသော ကိုလွင်၏ အင်္ကျီတွေကို သွားကြည့်သည်။

ကိုလွင်က နယ်သို့ ခရီးထွက်သွားသည်မှာ ငါးရက် ရှိပြီမို့ အင်္ကျီချိတ်တွင် ချိတ်ထားသော အင်္ကျီသိပ်မရှိ။ ရှပ်အင်္ကျီ နှစ်ထည်နှင့် အပေါ်အင်္ကျီတစ်ထည်သာရှိသည်။ ရှပ်အင်္ကျီနှစ် ထည်ကို လျှော်ရမည့်အပုံထဲသို့ မထည့်မီ အိတ်များကို ထုံးစံ အတိုင်း နှိုက်ကြည့်သည်။ ဘာမျှမတွေ့သဖြင့် အဝတ်ဟောင်းပုံ ထဲ ထည့်လိုက်သည်။

ကျန်သေးသော အပေါ်အင်္ကျီကို ယူကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှော်သင့်ပြီမို့ အိတ်ထဲတွင် ဘာတွေရှိလဲဟု ကြည့်ရပြန်သည်။

ထွေထွေထူးထူးတော့ မတွေ့။ အပေါ်အကျီ အတွင်းဘက် အောက်အိတ်တွင် စာကိုက်တံဆိပ်ဖြင့် ပန်းဆိုးတ အလုပ်တိုက် ကိုလွင်၏ လိပ်စာတပ် စာတစ်အိတ်တွေ့သည်

စိုးစိုးက ယူပြီး စာအိတ်မျက်နှာပြင်၏ လိပ် တတ်လက်ရေးကို အလျှင်ကြည့်သည်။

လက်ရေးမှာ ရှေးဆန်သောလက်ရေး ဖြစ်သည် ပေးပို့သော ဟိုဘက်စာတိုက်မှ တံဆိပ်ဝိုင်းထဲတွင် မိုးကုတ်စာတို ဟု နှိပ်ထားသည်။ တံဆိပ်ဝိုင်းထဲမှ နေ့စွဲကိုကြည့်ရာ လွန်ခဲ့သော တစ်လခန့်က လာထားသောစာဟု တွက်၍ရသည်။

ရှေးဆန်သော လိပ်စာကတ်လက်ရေး မိုးကု စာထိုက်တံဆိပ်ဝိုင်းကို တွေ့ရခြင်းအားဖြင့် ကိုလွင်၏မိဘထံ လာထားသောစာ ဖြစ်ရမည်ဟု စိုးစိုး တွက်မိသည်။

စာထိတ်ထဲမှစာကို ထုတ်ယူပြီး စိုးစိုး ဖတ်ကြ လိုက်သည်။

"သား ... လွင်ဦး ...

ဖေဖေ စာရေးလိုက်သည်။

သား ရုပ်ရှင်လုပ်ငန်း တိုးချဲ့လုပ်ကိုင်လို၍ ကိုး ပိုင်ကုမ္ပဏီ၊ ကိုယ်ပိုင်စက် တည်ထောင်ရန် ငွေဆယ်သိ လိုကြောင်း ဖေဖေနှင့် မေမေ့ထံ တောင်းခံသော ဖေဖေကိုယ်တိုင် အသေးစိတ် ဖတ်ရှုစဉ်းစားသည်။



သား လုပ်ငန်းတိုးချဲ့လို၍ လိုအပ်သည့်ငွေ တောင်းခံသည်မှာ မိဘအနေနှင့် လိုက်လျောသင့်သော ကိစ္စဟု လည်း ဖေဖေနှင့် မေမေ သဘောပေါက် ခံယူသည်။

ဖေဖေနှင့် မေမေ ကြွယ်ဝသမျှ သိန်းပေါင်းများစွာ သော ဥစ္စာပစ္စည်းတို့မှာလည်း တစ်ဦးတည်းသော သားပင် လျှင် မလွဲမသွေ အမွေဆက်ခံရမည်ဖြစ်သည်။

သို့သော် ... လောလောဆယ် ခြွင်းချက်ဆိုရန် ရှိ နေသည်။

သားသည် ယခု တည်တည်တံ့တံ့ တရားဝင်လက် ထပ်ထိမ်းမြားပေးပြီးသည့် နောက်ပိုင်းတွင်လည်း မိန်းမ ကိစ္စ ရှုပ်ရှုပ်ပွေပွေ နေလျက်ရှိနေကြောင်း သားရဲ့ကြီးကြီး တင့်ထံမှ ပေးပို့စာ ဖေဖေတို့ ရရှိထားသည်။

သား ပြန်စဉ်းစားပါ။

ခရိုင်ရဲဝန်ကြီး၏ သမီးလေး စိုးစိုးနှင့် လက်မထပ်မီ က သား မိန်းမကိစ္စတွေ မည်မျှရှုပ်ပွေခဲ့ကြောင်း သားမောင် စဉ်းစားကြည့်ပါ။

ဈေးနားက ဥမ္မာဆိုသည့် မိန်းကလေး သားမောင် နှင့်ငြိစွန်းပြီး သားမောင် လက်မထပ်နိုင်ပါဆို၍ ဖေဖေနှင့် မေမေက လက်သိပ်ထိုး နှစ်သိမ့်ပြီး ငွေတစ်သိန်း လျော် ပေးခဲ့ဖူးသည်။

ကျောက်သွေးတန်းက ခင်မိမိမှာလည်း သားနှင့် ကိုယ်ဝန်ရရှိပြီးကြောင်း သက်သေအခိုင်အမာတွေနှင့် ဆို လာသဖြင့် သားအရှက် မိဘအရှက် မရလေအောင် ငွေ ငါးသိန်းကျိုတ်၍ လျော်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမကသေး၊ သားမိန်းမကိစ္စ ပွေလွန်းသဖြင့် မိန်းကလေးဘက်မှ အစ်ကို မောင်ဖားများက သတ်မည် ပုတ်မည် တကဲကဲ ဖြစ်ခဲ့သည်တို့ကိုလည်း ဖေဖေနှင့် မေမေပင် ကျေအေးအောင် ဆောင်ရွက်ပေးခဲ့ရပေါင်းများစွာ ရှိခဲ့သည်။

နောက်ဆုံး သားသည် စိုးစိုးကိုတွေ့ပြီး ငမ်းငမ်းတက် လက်ထပ်ချင်ပါသည်။ စိုးစိုးနှင့် လက်ထပ်ပြီးပါက တည်တည်တံ့တံ့ နေပါမည်ဟု ကတိပေးသဖြင့် ဖေဖေနှင့် မေမေ ကိုယ်တိုင်ကလည်း သမီးလေးစိုးစိုးကို သဘောကျသောကြောင့် နှစ်ဖက်မိဘ ညှိနှိုင်းပေးစားခဲ့သည်။

(၁) စိုးစိုး၏ မိဘဖြစ်သော ခရိုင်ရဲဝန် ဦးမင်းစိုးနှင့် ဒေါ်စိုးသူဇာသည် ဖေဖေ မေမေတို့၏ မိတ်ဟောင်းကျေးဇူးရှင်။

(၂) စိုးစိုးသည် အလွန်လိမ္မာရေးခြားရှိသော မိန်းကလေး။

ထို့ကြောင့်လည်း လက်ထပ်ပြီးနောက် သားဝါသနာပါလုပ်ငန်းတွေလုပ်ရန် ဖေဖေ လိုသလောက် အရင်းအနှီးငွေကြေးတွေ ထုတ်ပေးခဲ့မှန်း သား လက်တွေ့၊ အသိ။

သား၏ကြီးကြီးတင့်သည် ဖေဖေ၏အစ်မအရင်းခေါက်ခေါက်။ ဖေဖေတို့၏ အကျိုးစီးပွားကို အမြဲလိုလားနေသော ဖေဖေ၏အစ်မဖြစ်သည်။ မမတင့် ပြောသမျှ ဖေဖေ ယုံကြည်သည်။ သားကို လုံးချင်းလွှတ်ပေးရန် စိတ်မချသဖြင့် မမတင့်ကို သားတို့အား စောင့်ရှောက်စေ



ရန် ဖေဖေနှင့် မေမေကိုယ်တိုင် တောင်းကောင်းပန်ပန်ဖြင့် ရန်ကုန်သို့ ထည့်ပေးခဲ့ခြင်းဖြစ်သည်။

မမတင့် ရေးပို့သမျှစာတွေတွင် သမီးလေး စိုးစိုး လိမ္မာကြောင်း၊ သား၏အလိုကိုလိုက်ပြီး အနွံ့အတာခံလုကြောင်းတွေ သိရှိထားသည်။

သည်ကြားထဲကမှ သားသည် မိန်းမကိစ္စပွေချင်နောက်ချင်နေသည် ဆိုသည်ကိုလည်း ကြားရသည်။

သမီးစိုးစိုးတွင် ချွတ်ယွင်းချက် တစ်စုံတစ်ရာမရှိပါဘဲလျက် သား ဖောက်လွှဲဖောက်ပြန် လုပ်ချင်နေသည်ကို ဖေဖေနှင့်မေမေ လုံးဝခွင့်မလွှတ်ပါ။ စိုးစိုးမိဘများ၏ မျက်နှာကို ဖေဖေနှင့်မေမေ ထောက်ထားစရာ အများကြီးရှိသည်။

စိုးစိုးတွင် သားမောင် မနှစ်သက်နိုင်သော ချွတ်ယွင်းချက်ရှိလျှင် ဖေဖေနှင့် မေမေကို သားတင်ပြဆွေးနွေးနိုင်သည်။

သား၏စာထဲတွင် ယခုအချိန်ထိ သမီး စိုးစိုးနှင့် အိမ်ထောင်ပြုခဲ့သည်မှာ သုံးနှစ်နီးပါး ရှိပါလျက် သားသမီးမထွန်းကားခြင်းကိုပဲ စိတ်ပျက်သယောင်ယောင် ရေးထားသည်။

မဖြီးလေနှင့် လွင်ဦး။

ကျော်ကသွေးတန်းက ခင်မိမိမှာ သားနှင့်သန္ဓေသားရသည်ဟု စွပ်စွဲခံရပြီး မကြာမီမှာပင် သား မန္တလေးဆင်းကာ အိန္ဒိယအမျိုးသား ဆရာဝန်တစ်ဦးထံတွင် သားမနေနှင့် သားသမီးမရစေသော အကြောဖြတ်ခဲ့ခြင်းကို ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခိုင်လုံလုံ သိထားသည်။ ယခု သား၏အိမ်ထောင်တွင် သားသမီး မထွန်းကားသည်မှာ သမီး စိုးစိုးတွင် အပြစ် လုံးဝကင်းသည်။

သားတောင်းခံသော ငွေဆယ်သိန်းကို ဖေဖေမပေး ချင်၍ မဟုတ်။ အဆိပ်ပင် ရေလောင်း ဖြစ်မည်ကို စိုးရိမ် မိသည်။ သား၏အရိပ်အကဲ ဖေဖေ ဆက်စောင့်ကြည့် မည်။

သား၏အနေအထိုင် စိတ်ချရလျှင် ချက်ချင်းထုတ် ပေးမည်။ အမွေဆိုသည်မှာ မိဘသေမှ ရသည်။ မိဘမသေ မီ ပေးကမ်းခြင်းသည် မိဘကျေးဇူးမှ ရနိုင်မည်။

သားမောင် လိမ္မာပါ။

ဖေဖေနှင့် မေမေ"

စာကိုဖတ်ပြီးသည်နှင့် စိုးစိုး၏ ဦးခေါင်းထဲဝယ် မမြင်မိဘဲ ပုန်းကွယ်နေသော အချက်အလက်တချို့ကို မြင်တွေ့ လာရသည်။

ကိုလွင်နှင့် လက်မထပ်မီက ကိုလွင် မိန်းကိစ္စရှုပ် ပွေခဲ့သည်များကတော့ ယောက္ခမကြီး ဦးဘပွား၏စာအရ ထင်း ခနဲ ထင်းခနဲ သိခွင့်ရသည်ကတော့ ထားလိုက်ပါတော့။ ဒါက ဟိုတုန်းက ကိစ္စဆိုးတွေ ဟူ၍။

ယခု စာတစ်စောင်လုံး၏ အဓိက အချက်အလက် တွေကို ထုတ်နုတ်လျှင် ...

ကိုယ်ပိုင်ရပ်ရှင် တည်ဆောက်ရေးအတွက် ကိုလွင် က မိဘထံမှ ငွေဆယ်သိန်းတောင်းသည်။



ကြီးကြီးတင့်က ကိုလွင် အိမ်ထောင်နှင့် မရှင်းမလင်း ဖြစ်နေရုံမက ဇနီးစိုးစိုးအား အရာရာတွင် အပြစ်ဖို့ချထားကြောင်း သေည့် ကိုလွင့် အကြောင်းတွေ ရေးပို့ထားသည်။

ကိုလွင့် မိဘက ကြီးကြီးတင့် သတင်းပေးပို့ထား ချက်အရ ကိုလွင် ငွေဆယ်သိန်း တောင်းခံသည်ကို ရှောရှောရှူရှူ မဖြစ်ဘဲ ထစ်ထားသည်။

အပြစ်မရှိသော စိုးစိုးကို အပြစ်ဖို့ချထားပြီး အခြား မိန်းမနှင့် မရှင်းမလင်း ဖြစ်နေခြင်းသည် ကိုလွင်၏ ဆိုးဝါးချက် ဖြစ်သည်။ ကိုလွင့်မိဘအနေနှင့် ခွင့်မလွှတ်နိုင်ဟု ဆိုထားသည်။ ယင်းအချက်ကို(Reverse)ပြောင်းပြန် ပြန်ကြည့်လျှင် စိုးစိုးတွင် အပြစ်ရှိသည်ဆိုပါလျှင် ကိုလွင့်မိဘက ခွင့်လွှတ်နိုင်သေးသည်ဟု ပြန်လည်ကောက်ယူနိုင်သည်။

ကိုလွင်ကလည်း ယင်း(Reverse)ပြောင်းပြန်ကိုပင် ကောက်ယူထားသည့် သဘောမျိုး သက်ဝင်သော စကားတစ်ခွန်း တစ်ကြိမ်ရေးထားခဲ့သည်။ ယင်းစကားတစ်ခွန်းမှာ အိမ်ထောင်ကျ ပြီးသည်မှ ယခုတိုင် စိုးစိုးတွင် သားသမီးမထွန်းကားသည်ကို အပြစ်သဘောမျိုးနွယ်ပြီး တင်ပြသည်။ စိုးစိုးသည် မြုံနေသည်ဟု တင်ပြလိုခြင်း ဖြစ်ပုံရသည်။ မြန်မာတို့၏ အယူအဆသာမက အခြားတချို့လူမျိုးတို့၏ အယူအဆတွင် သားသမီး မထွန်းကား ဘဲ မြုံသောမိန်းမကို မိန်းမမယုတ်ဟု ယူဆသည်။ မိန်းမဖြစ်ပါ လျက် သားသမီး မရခြင်းမှာ အပြစ်ဟု ယူဆမိသည်။

ယင်းအချက်ကို ကိုလွင်၏ ဖေဖေက ဒါ ... စိုးစိုး အပြစ်မဟုတ် မင်းအပြစ်။ သားကြောဖြတ်ထားကြောင်း ငါသိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စိုးစိုးက အမြိုမိန်းမ မဟုတ်။ မင်းသာ မင်းကိုယ်မင်းမြို အောင် လုပ်ထားခြင်း ဖြစ်သည်ဟု ခိုင်ခိုင်မာမာ ပြန်လည်ဆို လိုက်ခြင်းဖြစ်သည်။

ခာတ်သိဖခင်၏ ပြောဆိုချက်ကို ကိုလွင် မငြင်းနိုင် ပေ။

ဒါဆို ကိုလွင်သည် ငွေ(၁၀)သိန်း ဖခင်ထံမှ ရရှိ လာအောင် ဘာလုပ်မည်နည်း။

ရှင်းပါ၏။ မိမိကို အပြစ်မရှိ အပြစ်ရှာရပေမည်။ မိမိတွင် အပြစ်တွေ ရှိပါသည်ဟု ခိုင်ခိုင်မာမာ တင်ပြနိုင်လျှင် သူ့ အိရွှေစင်နှင့် မရှင်းသည့်ကိစ္စကို အကာအကွယ် ပြုနိုင်မည့် အပြင် ဖခင်ကြီး ကျေနပ်သွားပါက သူလိုချင်သော ငွေ(၁၀)သိန်း ရပေမည်။

ဤအချိန်မှာပင် ကိုအောင်စည်သည် တိုက်တိုက် ဆိုင်ဆိုင် ကိုသာနီးနှင့် ပတ်သက်ပြီး ကိုလွင်နှင့် တွေ့ဆုံကြသည်။

အစ်ကိုအောင်၏ ရုပ်၊ ခန္ဓာ၊ အမူအရာ၊ အပြုအမူ လှုပ်ရှားမှုနှင့် တက္ကသိုလ်ဘွဲ့ရထားပြီးခြင်း၊ အဆိုအတီး ကျွမ်း ကျင်ထားခြင်း စသည်တို့အားလုံးသည် အမျိုးသမီးတစ်ဦး လွယ် လွယ်နှင့် တိမ်းညွတ်နိုင်သော အရည်အချင်းတွေ ဖြစ်နေသည်။

ထို့ပြင် ရုပ်ရှင်မင်းသားကောင်းတစ်လက်ဖြစ်နိုင်ရန် အလားအလာတွေလည်း ဖြစ်နေသည်။

ကိုလွင်သည် ကိုအောင်စည်ကို တွေ့ပြီးသည်နှင့် နှစ်ကောင်စားပြီး ကင်းယူရန် ကျားကွက်ဆင်သည့်သဘောဖြင့် ကိုအောင်စည်အား လက်သပ်မွေးလိုက်ခြင်း ဖြစ်ပေမည်။



ပထမအကွက်မှာ ကိုအောင်စည်သည် အလားအလာ ကောင်းလွန်းနေသဖြင့် ဤမှာဘက်တွင် စီးပွားရေးလာဘ်မြင်သော ကိုလွင်သည် သူ၏စီးပွားရေး၌ ကိုအောင်စည်က အကျိုးအမြတ် ပေးစွမ်းနိုင်သူ ဖြစ်လာမည်။

ဒုတိယအချက်မှာ တစ်အိမ်တည်း တစ်ခြံတည်းတွင် စိုးစိုးနှင့်အတူ ကိုအောင်စည် နေထိုင်ခြင်းအားဖြင့် တစ်နေ့နေ့ တွင် စိုးစိုးနှင့် ကိုအောင်စည်၏ အနေအထိုင်ကို သံသယစကား တွေဖြင့် သံသယအပြစ်တွေ တင်နိုင်လာမည်။

စိုးစိုးကို အပြစ်တွေ့ တင်ပြနိုင်သည်နှင့် ဖခင်ထံမှ ငွေ(၁၀)သိန်းရမည်။

ဤဆင်ကွက်အရ နှစ်ကောင်စား ကင်းယူရန် ကိုအောင်စည်အား စာချုပ်စာတမ်းနှင့်အပိုင် အိမ်သို့ခေါ်လာခြင်း ဖြစ်ရမည်။

အိမ်ရောက်သောအခါ စိုးစိုးနှင့် မိတ်ဆက်ပေးရာ တွင် စိုးစိုးနှင့် ကိုအောင်စည်တို့ ရှေးမဆွက သိကျွမ်းခဲ့ပြီးသား ဆိုသည့် အချက်သည် ကိုလွင့်အတွက် ပို၍အကွက်ဝင်သွားစေ သေးသည်။

ထို့ကြောင့်လည်း ကိုအောင်စည် ဤအိမ်သို့ရောက် သည့်နေ့မှစ၍ ကိုလွင်သည် ပို၍ အိမ်မကပ်ဘဲ နေပေသည်။ အကွက်ဝင်လာအောင် ရှောင်ပေးထားသည့်သဘော ဖြစ်နိုင်ပါ၏။

တစ်ဖက်ကလည်း စိုးစိုးနှင့် ကိုလွင် စကားပြောလေ တိုင်း ကိုအောင်စည်အား နှစ်သက်လာနိုင်စေသော ချီးမွမ်းစကား တွေ များစွာဖြင့် ပင့်ပေးထားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ကိုအောင်စည်ကလည်း အနေအထိုင် စည်းကမ်းထား ရှိသည်။ စိုးစိုး ကိုယ်တိုင်ကလည်း စည်းကမ်းထားရုံမက တမင် ရှောင်တိမ်းနေသည်။

ထိုရောအခါ ကိုလွင်က ကိုအောင်စည်အား စိုးစိုးက အရောတဝင်မရှိသည်ကို စီးပွားရေးအကြောင်းပြပြီး အပြစ်တင် မာန်မဲသည့် နည်းပရိယာယ် ဝင်ပေးပြန်သည်။

အကြံပက်စက်လှသည့် ကိုလွင်။

သူ့ကိုယ်ကျိုးအတွက် စိုးစိုးကို စတေးနေသည့် အတ္တဆန်လွန်းသော ကိုလွင်။

ဟိုယခင်ကတော့ ကိုလွင်၏ကျားကွက်ကို စိုးစိုး မမြင်မိသည်မှာ အမှန်ဖြစ်ပါ၏။

ယနေ့ မိုးကုတ်က ကိုလွင့်ဖခင် ရေးလိုက်သောစာ ကို ဖတ်မိမှ ကိုလွင်၏ ဆင်ကွက်တွေကို စိုးစိုး မြင်လာခြင်းဖြစ် သည်။

ဤစာသည် လွန်ခဲ့သော လကတည်းက ရောက်ရှိ နေသော စာဖြစ်သည်။ ကိုလွင်က သူ၏ပန်းဆိုးတန်း အလုပ်စားပွဲ မှာပင် သိမ်းထားခြင်းဖြစ်မည်။

သူ နယ်ထွက်မည်ဆိုမှ သူမရှိဘဲ အလုပ်စားပွဲထဲ ပွင့် ထားရှိလျှင် အခြားသူ တွေ့သွားမည်စိုးရိမ်ပြီး အပေါ်အကျီ အတွင်းအိတ်ထဲ ထည့်ယူလာခြင်းဖြစ်မည်။ အိမ်ရောက်တော့လည်း ဤစာကို မဖျောက်ဖျက် မသိမ်းဆည်းမိဘဲ မေ့မေ့လျော့လျော့ဖြင့် သွားခဲ့ခြင်း ဖြစ်ဟန်တူပေသည်။



ထို့ကြောင့် ...

အစ်ကိုအောင်က အရိပ်နိမိတ် စကားလောက် ပြော ခဲ့ခြင်း ဖြစ်မည်။

"ကို့မှာရော စိုးစိုးမှာရော ယောင်ချောက် မိုင်းဗုံးတွေနဲ့ ထောင်ထားတဲ့လမ်းကို လျှောက်နေရတယ်၊ အဲဒီမိုင်းဗုံးတွေ ကို ရှောင်ရှားဖြတ်သန်းသွားရမယ်၊ နင်းမိတာနဲ့ ပေါက်ကွဲ ပြီမှတ်တော့"

ဟု ပြောခဲ့ခြင်း ဖြစ်ပေမည်။

ဪ ... ကိုလွင်ဦး ဆိုသော ယောကျ်ားတစ်ဦး သည် အတ္တဆန်လွန်းလှချေတကား။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်၏အဝတ်ဟောင်း တိုက်ပုံအင်္ကျီနှင့် စာကို ကိုင်ပြီး ငိုင်နေစဉ် ...

"အစ်မစိုး ... အပြင်ဘက်မှာ ဧည့်သည်ရောက်နေတယ်"

"ဟင် ... ဟုတ်လား၊ ဘယ်က ဧည့်သည်လဲ"

"မသိဘူး အစ်မစိုး၊ ဗိုလ်လိုဝတ်ထားတယ်၊ လူကြီးထဲကပဲ၊ သူစီးလာတဲ့ ကားကြီးကလည်း ကောင်းလိုက်တာ၊ ကောင်းမှကောင်းပဲ"

စိုးစိုးသည် ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။

ဧည့်ခန်းဆိုဖာပေါ်ဝယ် အသက်(၅၀)ခန့်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦး ထိုင်နေပေသည်။ အနောက်တိုင်းဝတ်စုံကို ခန့်ခန့်ညားညား သားသားနားနား ဝတ်ဆင်ထားသည်၊ ဥပဓိရုပ်ကလည်း အနောက်တိုင်းသား ဥပဓိရုပ်ပင် ဖြစ်ပါ၏။

စိုးစိုး ထွက်လာသည်ကို မြင်သည်နှင့် ပုဂ္ဂိုလ်ကြီးသည် ယဉ်ကျေးမှုအရ မတ်တတ် ထရပ်လိုက်သည်။

"မင်္ဂလာပါ မိန်းကလေး"

"ဟုတ်ကဲ့ ... မင်္ဂလာပါရှင်"



စိုးစိုး အံ့ဩသွားပေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ ဥပဓိရုပ်အရ မြန်မာစကား ပြောတတ်မည်ဟု မမှတ်ထင်။ သို့သော် တော်ရုံမြန်မာလူမျိုးချင်းပင် လူချင်းတွေ့သည်နှင့် "မင်္ဂလာပါ"ဟု မပြောဖြစ်ကြပေ။

ယခု ထိုပုဂ္ဂိုလ်ကြီးက မင်္ဂလာပါဟု နှုတ်ခွန်းဆက်နေပေသည်။

"အန်ကယ် မောင်အောင်စည်နဲ့ တွေ့ချင်လို့ပါ၊ သူ့လိပ်စာကို စုံစမ်းတော့ ဒီတိုက်နဲ့ ဒီခြံနံပါတ် ဖြစ်နေလို့ အန်ကယ် လာခဲ့တာပါ၊ အန်ကယ် အမှားအယွင်း မဖြစ်ဘူး ထင်ပါတယ်"

"သြော် ... ဟုတ်ကဲ့၊ ကိုအောင်စည် ရှိပါတယ်၊ ကျွန်မ ခေါ်ပေးပါ့မယ်"

မိသေးသေးကိုပင် ကိုအောင်စည်အား စိုးစိုးကခေါ်ခိုင်းလိုက်ပေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဆိုဖာတွင် ပြန်ထိုင်သည်။ စိုးစိုးကလည်း အိမ်ရှင်ဝတ္တရားအတိုင်း ဆိုဖာတွင် ကိုအောင်စည်မလာမီ ထိုင်နေပါ၏။

"ဟော ... ကပ္ပတိန်ပါလား၊ ကြုံကြုံဖန်ဖန် ဒီကိုရောက်လာသလား"

"သြော် ... မောင်အောင်စည်၊ အန်ကယ်ရတဲ့လိပ်စာ မှန်သားပဲ၊ မောင်အောင်စည်ကို ဒီမှာ အဆင်သင့်တွေ့ရသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးက ထိုင်ရာမှ ထသည်။ ဤကိစ္စနှင့် မိမိနှင့် ဆိုင်သော ကိစ္စမဟုတ်မှန်း စိုးစိုး သိပါ၏။

"သြော် ... စိုးစိုး၊ ခဏထိုင်ပါဦးလား၊ ဟောဒီက ကပ္ပတိန်နဲ့ မိတ်ဆက်ပေးချင်လို့၊ အဲဒါ တို့ သင်္ဘောလိုက်တုန်းက တို့သင်္ဘောကို အုပ်ချုပ်တဲ့ ကပ္ပတိန် မိုက်ကယ်(လ်)ရှိုင်းတဲ့ ...

ဒီမယ် ကပ္ပတိန် ... ဒါက ကျွန်တော့်ရဲ့အလုပ်ရှင် ဇနီး 'စိုးစိုးတဲ့"

စိုးစိုးရော မစ္စတာမိုက်ကယ်(လ်)ရှိုင်းပါ တွေ့ရတာ ဝမ်းသာပါတယ်များဖြင့် အပြန်အလှန် လက်ဆွဲနှုတ်ဆက်ပေသည်။

"စိုးစိုး တစ်ခုခု စီစဉ်လိုက်မယ်လေ"

"ဒေါ်ဒေါ်အေးကို စီစဉ်စေပါလား စိုးစိုး၊ ကပ္ပတိန်လာတဲ့ ကိစ္စကိုပါ စိုးစိုး သိရတာပေါ့"

ထိုစဉ်မှာပင် ကြီးကြီးတင့် ထွက်လာသဖြင့် ကြီးကြီးတင့်ကိုပင် ဧည့်ဝတ်ပြုဖို့အတွက် တာဝန်ယူပြီး ထမင်းစားခန်းထဲသို့ ဝင်သွားပေသည်။

"ကပ္ပတိန်၊ ဘယ်တုန်းကရောက်လဲ၊ ဘယ်မှာတည်းလဲ"

"ကျုပ် မြန်မာပြည်ကိုရောက်တာ သုံးရက်ရှိပြီ၊ ဗီဇာဆယ်ရက်ရတယ်၊ အင်းလျားလိတ်မှာ တည်းခိုတယ်၊ ကျုပ် သင်္ဘောကပ္ပတိန် မဟုတ်တော့ဘူး မောင်အောင်စည် ပြင်သစ်က ဝူးဒီဝု(ဒ်)ကုမ္ပဏီကြီးက ကျုပ်ကို ခေါ်ယူတယ် ဝူးဒီဝု(ဒ်)ကုမ္ပဏီက ကျွန်းသစ်ကို အဓိကထားပြီး တခြား အရှေ့တိုင်းထွက် ပစ္စည်းတွေကို ရောင်းဝယ်တယ်၊ မြန်မာ



အစိုးရနဲ့ ကျွန်းသစ်ရယ်၊ ပဲမျိုးစုံရယ် ဝယ်ယူဖို့ အပြန်အလှန် သဘောတူညီချက် ရတယ်၊ ကျုပ်က အရှေ့တိုင်းပြည်တွေကို စိတ်ဝင်စားတာရယ်၊ လေ့လာထားတာရယ်၊ ကျွမ်းကျင်တာရယ်ကြောင့် ကုမ္ပဏီကခေါ်ပြီး မြန်မာပြည်မှာ အေးဂျင့်ထားပြီး ကျုပ်ကို အုပ်ချုပ်ဖို့ တာဝန်ပေးတယ်၊ သင်္ဘောကပ္ပတိန် လခထက် နှစ်ဆပိုပေးတယ်၊ အခု ကျုပ်က ဘာလဲ၊ ဝူးဒီဝု(ဒ်)ကုမ္ပဏီရဲ့ကိုယ်စား သက်ဆိုင်ရာ မြန်မာအာဏာပိုင်များနဲ့ လုပ်ငန်းညှိနှိုင်းသဘောတူစာချုပ်အတွက် လာခဲ့တာ၊ အောင်မြင်ပါတယ်၊ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်"

"ကောင်းတာပေါ့ ကပ္ပတိန်၊ သင်္ဘောပေါ်မှာကတည်းက ကပ္ပတိန်ဟာ မြန်မာပြည်၊ မလေးရှားပြည်နဲ့ ဖိလိပစ်တိုင်းပြည်တွေကို တော်တော် စိတ်ဝင်စားတာပဲ၊ အခု ကိုယ်တိုင်လာပြီး လုပ်ငန်းလုပ်ရင်း အသေးစိတ် လေ့လာနိုင်တာပေါ့၊ ကျွန်တော် ကပ္ပတိန်ကို ဘာအကူအညီ ပေးရမလဲ"

"အဲဒါပေါ့ မောင်အောင်စည်၊ ဝူးဒီဝု(ဒ်)ကုမ္ပဏီက ဒီအလုပ်ကို ပြောလိုက်တာနဲ့ ကျုပ် မျက်စိထဲ မောင်အောင်စည်ကို ဒက်ခနဲ မြင်လိုက်တယ်၊ မောင်အောင်စည်က အင်္ဂလိပ်စာနဲ့ စကားပြောမှာလည်း ကျွမ်းကျင်တယ်၊ သင်္ဘောလိုက်ခဲ့တာလည်း ကြာတော့ ကမ္ဘာ့တိုင်းပြည် အသီးသီးရဲ့ အကြောင်းကိုလည်း ခေါက်မိတယ်၊ အလုပ်လုပ်ရာမှာလည်း ရိုးသားဖြောင့်မတ် တည်ကြည်တယ် ဆိုတာတွေကို ကျုပ် ကပ္ပတိန်ဘဝက မှတ်တမ်းတင်ထားတာပဲ၊ ဒီတော့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့မြန်မာနိုင်ငံ အေဂျင်စီလုပ်ငန်းမှာ မောင်အောင်စည်က ကျုပ်ရဲ့လက်ထောက်အဖြစ်နဲ့ တာဝန်ယူပါ၊ ကျုပ်ကိုကူညီပါ၊ လစာငွေအနေနဲ့ ဒေါ်လာပေးမယ်၊ ဘယ်လောက်ပေးသင့်တယ် ဆိုတာကတော့ ကုမ္ပဏီနဲ့ကျုပ် ပြန်ညှိမယ်၊ မောင်အောင်စည် မနစ်နာစေရဘူး၊ ကျုပ်ခန့်ချင်တဲ့လူကို ကျုပ်ပေးချင်တဲ့လခ ရရှိရေးကို ကျုပ် ကုမ္ပဏီနဲ့ဆွေးနွေးယူလို့ ရပါတယ်"

ကြီးကြီးတင့်သည် လုပသော ငွေလင်ပန်းထဲဝယ် လုပသော ဖန်ခွက်လေးများဖြင့်ထည့်ကာ လိမ္မော်ရည် လာပို့ပေးသည်။

စိုးစိုးက လိမ္မော်ရည်ခွက်ကို မစ္စတာမိုက်ကယ်(လ်) ရှိုင်းအား လေးစားစွာ ပေးလိုက်ပေသည်။

"ကျေးဇူးတင်ပါတယ်၊ မိန်းကလေးဟာ မြန်မာအမျိုးသမီးထဲမှာ သိပ်လှပြီး သိပ်သိမ်မွေ့ပါတယ်"

စိုးစိုးက ကျေးဇူးတင်ပါတယ်ဟု ပြန်ပြောလိုက်၏။

"အဲဒါ မောင်အောင်စည်ရဲ့အဖြေကို ကျုပ် မျှော်လင့်နေတယ်"

"လောလောဆယ်တော့ ကျွန်တော်ဟာ ဟောဒီ ဘောစိရဲ့လုပ်ငန်းမှာ စာချုပ်မိနေတယ် ကပ္ပတိန်"

"အဲဒီ လုပ်ငန်းစာချုပ်က ဘယ်တော့လောက် ပြီးဆုံးမှာလဲ မောင်အောင်စည်"

"နောက်ထပ် လေးလလောက် ကြာမယ်လို့ ခန့်မှန်းတယ်"



"ခန့်မှန်းတယ် ဟုတ်လား၊ စာချုပ်မှာ ခန့်မှန်းတယ်ဆိုတာ ရှိသလား"

"မှန်တယ် ကပ္ပတိန်၊ ဒီပြင်လုပ်ငန်းစာချုပ် ထုံးစံကတော့ ကာလအပိုင်းအခြား အတိအကျ သတ်မှတ်ပြီး ချုပ်ဆိုတယ်၊ အခု ကျွန်တော်တို့ ချုပ်ထားတဲ့ စာချုပ်က လုပ်ငန်းပြီးဆုံးသည့်နေ့ဟာ စာချုပ်ပြီးဆုံးသည့်နေ့လို့ သတ်မှတ်ထားလို့၊ ဒီတော့ လေးလထက်စောရင်လည်းစောမယ် လုပ်ငန်းလက်ရှိအခြေအနေမှာ နောက်ထပ် အများဆုံး လေးလလို့မှန်းတာပါ"

"ရတယ် ... မောင်အောင်စည်၊ ကျုပ်က အခု ပြင်သစ်ကို ပြန်ဦးမယ်၊ ကုမ္ပဏီနဲ့ အသေးစိတ်ညှိနှိုင်းမယ်၊ မောင်အောင်စည်ကို ကျုပ်ရဲ့လက်ထောက်နေရာမှာထားပြီး ဆွေးနွေးထားမယ်၊ ကျုပ်အေဂျင်စီအတွက် အဆောက်အအုံကိစ္စ၊ ကျုပ်နေထိုင်ဖို့ အိမ်ရာကိစ္စတွေကိုလည်း ဒီက သက်ဆိုင်ရာနဲ့ ဒီမှာရှိတဲ့ ပြင်သစ်သံရုံးနဲ့ ညှိနှိုင်းကြဦးမှာပါ၊ အဲဒီတော့ သုံးလေးလလောက်ပဲ ဖြစ်သွားမှာပါ"

"ဪ ... ဒါထက် ကပ္ပတိန်အနေနဲ့ ကျွန်တော် ဒီမှာ ရှိနေမှန်း ဘယ်လိုစုံစမ်းပြီး လာခဲ့တာလဲ"

"သင်္ဘောဆင်းကြတုန်းက မောင်အောင်စည်ရဲ့မြန်မာပြည် လိပ်စာကို ကျုပ် တောင်းတယ်လေ၊ မောင်အောင်စည် ပေးခဲ့တဲ့အတိုင်း ရန်ကုန် ဗဟန်းက မစ္စတာသာနိုးဆီ ကျုပ်သွားမေးတယ်၊ မစ္စတာသာနိုးက ဒီအိပ်လိပ်စာပေးလိုက်တယ်၊ နောက်တစ်ခုက ကျုပ်တည်းခိုတဲ့ အင်းလျား

www.burmeseclassic.com

www.burmeseclassic.com



လိတ်မှာ မြန်မာမဂ္ဂဇင်းစာစောင်တွေ ထားပေးတယ်၊ မဂ္ဂဇင်း စာစောင်ရဲ့မျက်နှာဖုံး တစ်ခု နှစ်ခုမှာ မောင်အောင်စည်ရဲ့ ရောင်စုံဓာတ်ပုံတွေ့တယ်၊ ဒါနဲ့ မောင်အောင်စည်ရဲ့ဓာတ် ပြပြီး အမျိုးသမီးအမှုထမ်းနှစ်ယောက်ကို မေးကြည့်တယ် မောင်အောင်စည်ဟာ နောက်မကြာခင်ပြတော့မယ့် ရုပ်ရှင် က ဇာတ်လိုက်မင်းသားလို့ ကျုပ် သိရတယ်၊ အဲဒီဝန်ထမ်း အမျိုးသမီးတစ်ယောက်ကလည်း မောင်အောင်စည် ဒီ နေတဲ့လိပ်စာကို သူသိပြီး ပေးလိုက်ပြန်တယ်၊ ရှာရ သိပ်လွယ်ပါတယ်၊ မောင်အောင်စည်က ဒီတိုင်းပြည်မှာ ထင်ရှားနေတဲ့လူပဲ"

ကပ္ပတိန် မိုက်ကယ်(လ်)ရှိုင်း နှုတ်ဆက်ပြီး ပြန် သွားပါ၏။ ပြင်သစ်သံရုံးက မော်တော်ကားဖြင့် လိုက်ပို့ပေး ဖြစ်ပေသည်။

ကိုအောင်စည်ကလည်း ထိုင်ရာမှထပြီး ပြန် ခြေလှမ်းပြင်လိုက်သည်။

"အစ်ကိုအောင်"

"ပြော ... စိုးစိုး"

အောင်စည် ရပ်ပြီး စိုးစိုးကို ပြန်မေးလိုက်သည်။

"အဲဒီ မစ္စတာရှိုင်းရဲ့အလုပ်ကို အစ်ကိုအောင် လက်ခံ လားဟင်၊ အစ်ကိုအောင် ဘယ်လိုဆုံးဖြတ်လဲ"

"လိုပါသေးတယ် စိုးစိုး၊ ဇာတ်ကားရိုက်လို့လည်း သေးဘူး၊ ရိုက်ပြီးသွားရင်လည်း အဲဒီရိုက်ပြီးတဲ့အချိန် ရဲ့အခြေအနေပေါ်မှာ မူတည်ပြီး တို့ ဆုံးဖြတ်ရမှာ"



"ကားရိုက်ပြီးတဲ့ အချိန်ကာလ အခြေအနေပေါ်မှာ မူတည် မယ်ဆိုတာဟာ ကိုလွင် မျှော်မှန်းထားတဲ့အတိုင်း အစ်ကို အောင်မှာ အောင်မြင်မှုတွေ ရမယ်ဆိုရင် ဆက်ပြီး ရုပ်ရှင် မင်းသား လုပ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်"

အောင်စည်က စဉ်းစားပင် မစဉ်းစားဘဲ ဒက်ခနဲ ပြန်ဖြေလိုက်ပေသည်။

"ကားရိုက်ပြီးတဲ့နောက် အချိန်ကာလနဲ့ အခြေအနေဆို တာ အောင်မြင်ရင် မင်းသား ဆက်လုပ်မယ်ဆိုတဲ့သဘော လုံးဝမပါဘူး စိုးစိုး၊ အဲဒီအချိန်မှာ စိုးစိုးမှာ ပြဿနာတွေ ရှိသေးသလား၊ အခက်အခဲတွေ ရှိသေးသလားဆိုတဲ့ စိုးစိုး ရဲ့အခြေအနေပေါ်မှာ မူတည်ပြီး ဆုံးဖြတ်မယ်လို့ ဆိုလို တာ၊ အဲဒီအချိန်မှာ စိုးစိုးမှာ ပြဿနာမရှိတော့ဘူး၊ စိုးစိုး နဲ့ ကိုလွင်ဦး လင်မယားဟာ ပြေလည်သွားပြီလို့ စိတ်ချ ရရင် တို့ မင်းသားမလုပ်တော့ဘဲ ကပ္ပတိန်ရဲ့အလုပ်ကို လက်ခံမယ်၊ စိုးစိုးမှာ အခက်အခဲ ပြဿနာတွေနဲ့မပြေ လည်သေးဘူး ဆိုရင်တော့ ဒီမှာပဲ မင်းသားဆက်လုပ်တန် လုပ်မယ်ပေါ့၊ ကဲ ... ဒါပဲ မဟုတ်လား"

ပြောပြောဆိုဆို ကိုအောင်စည်သည် သူ၏ဖျဉ်ထောင် လေးဆီသို့ ထွက်သွားပါ၏။

သြော် ... အစ်ကိုအောင်ရယ်၊ စိုးစိုးအပေါ်မှာ စေတနာ ကြီးမားဖြူစင်လှပါလား။

စိုးစိုးသည် အိပ်ခန်းဘက်သို့ ပြန်လှည့်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်၏ အဝတ်ဟောင်းပုံလေးမှာ သည်အတိုင်း အိပ်ခန်းထဲတွင် ရှိနေသေးသည်။

မိသေးသေးကို ယူသွားတော့ဟု မပြောမိသဖြင့် ကောင်မလေး မယူရဲသေးဘဲ သည်အတိုင်း ထားခဲ့ဟန်တူသည်။

အိမ်ထဲတွင် မိသေးသေးမရှိ။ ကြီးကြီးတင့်က တစ် ခုခုခေါ်ခိုင်းထားသည်ပဲ ဖြစ်မယ်။

ကိုလွင်၏ အဝတ်ဟောင်းပုံကို ပွေ့ယူပြီး စိုးစိုး ထွက်လာသည်။

ဒေါ်ဒေါ်အေးလည်း မတွေ့၊ မိသေးသေးကိုလည်း မတွေ့သဖြင့် စိုးစိုးသည် ရေတွင်းဆီသို့ ကိုယ်တိုင်ယူလာခဲ့သည်။

ရေတွင်းဝယ် အဝတ်လျှော်ကုလားမကို မတွေ့ တော့ပေ။ အစ်ကိုအောင် ညှော်သည်နှင့် စကားပြော ကြာသွား သဖြင့် ကုလားမ ပြန်သွားပြီလားမသိ။

စိုးစိုးသည် ရေတွင်းတစ်ဝိုက် ဟိုဟိုသည်သည် လျှောက်ကာ ကုလားမကို ရှာဖွေမိသည်။

"အို ... အမေ့"

ရေတွင်းဝယ် အသုံးပြုနည်းသော နေရာတချို့၌ ကွက်ကြား ရေညှိများတက်နေသည်၊ ရာဘာအောက်ခံနှင့် စိုးစိုး ခြေညှပ်ဖိနပ်သည် ရေညှိကွက်ကို နင်းမိပြီး စိုးစိုး ချော်လဲ တော့သည်။

ကိုယ်ကိုမဟန်နိုင်ဘဲ စိုးစိုး လဲပြိုကျသွားသည်။

"ဟင် ... မိဆိုး ... စိုးစိုး ဘယ်နာသွားလဲဟင်"



ကိုအောင်စည်သည် ပျဉ်ထောင်အိမ်လေးထဲသို့ မဝင် ဖြစ်သေးဘဲ ဝရန်တာမှာ ရပ်နေစဉ် စိုးစိုး ချော်လဲကျသွားသည်ကို လှမ်းမြင်သည်။ ရေတွင်းနှင့် ပျဉ်ထောင်အိမ်လေးက အလှမ်း မကွာလှသဖြင့် လွှားခနဲ ကိုအောင်စည် ရောက်လာသည်။

စိုးရိမ်စိတ်ဇောကြောင့် ဘာဘာညာညာ စဉ်းစား ဆင်ခြင်နိုင်ခြင်း မရှိဘဲ လဲကျသော စိုးစိုးကို ပွေ့ထူမိသည်။

"ဘယ်မှာထိသွားလဲ၊ ဘယ်မှာ နာသွားလဲဟင်"

"မထိပါဘူး၊ နာလည်း မနာပါဘူး၊ လဲကျတာကို လန့်ပြီး စိုးစိုး အော်လိုက်မိတာပါ"

ထိုစဉ်မှာပင် ...

ချက်ခနဲ အသံနှင့်အတူ လက်ခနဲ အလင်းရောင်ကို နားဖြင့်လည်း ကြားသည်။ အလင်းရောင် ဟပ်လိုက်သည်ကိုလည်း ကိုအောင်စည် မြင်လိုက်သည်။

ကြားရာနှင့် မြင်ရာသို့ ကိုအောင်စည် လှမ်းကြည့် လိုက်သည်။

ကုလားလေး ကွန်နား ဖြစ်ပါ၏။

လက်ထဲတွင် မီးသီးတပ်ကင်မရာဖြင့် စိုးစိုးအား ကိုအောင်စည် ပွေ့ပိုက်ထားပုံကို ဓာတ်ပုံ ရိုက်ယူလိုက်ခြင်းပင်။

ရေတွင်းပတ်လယ်မှာ သစ်ပင်ကြီးများ အုံ့ဆိုင်းနေ သဖြင့် အရိပ်ကျနေခြင်းကြောင့် မီးသီးကို အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

ကိုအောင်စည် လှမ်းကြည့်သည်နှင့် ကွန်နားသည် ထွက်ပြေးပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကိုလွင်ရဲ့လက်ချက်ဖြစ်မယ် အစ်ကိုအောင်၊ ကွန်နားကို ဓာတ်ပုံရိုက်ခိုင်းတာ"

ကိုအောင်စည်သည် စိုးစိုးကို ထားခဲ့ပြီး ဝှန်းခနဲ ကုလားလေးကွန်နားနောက်သို့ ပြေးလိုက်တော့သည်။

ကိုအောင်စည်က အလေ့အကျင့်မပျက်သော အားကစားသမားဖြစ်သည်။

ကွန်နားသည် ပြေးနိုင်သလောက် ပြေးသော်လည်း ကိုအောင်စည်အား လွတ်အောင်မပြေးနိုင်ပါလေ။

ကိုအောင်စည်က လက်လှမ်းမီသည်နှင့် ကွန်နား၏ အကျီလည်ကုပ်ကို ဆွဲလိုက်သည်။

မလွတ်တမ်း ယက်ကန် ယက်ကန်နှင့် ကွန်နားကို မိလေပြီ။

ကွန်နားလက်ထဲမှ ကင်မရာကို အရယူလိုက်ပြီး ကွန်နားကို ဒရွတ်တိုက် ဆွဲခေါ်လာခဲ့သည်။

"ကြောက်ပါတယ် အစ်ကို၊ အစ်ကို့ကို ကျွန်တော် ကြောက်ပါတယ်"

ကုလားကွန်နားသည် အော်ရင်း ဟစ်ရင်း စိုးစိုးရှေ့သို့ ဒရွတ်တိုက် ပါလာသည်။

ကွန်နားကို ဖော်ပိုးတစ်ချက် ဖွဖွလေး ကိုအောင်စည်က ရိုက်လိုက်သည်။

"ကြောက်ပါတယ် အစ်ကို၊ ကျွန်တော့်ကို မရိုက်ပါနဲ့"

ကိုအောင်စည်က ဖွဖွလေးရိုက်ခြင်းသည် ကွန်နားအဖို့ ကျားအုပ်တ်ခံသော ချေယ်လို ခံလိုက်ရသည်။



"ပြောစမ်း ကွန်နား၊ မင်းအသား မနာချင်ရင် မှန်မှန်ပြော၊ ဘာဖြစ်လို့ ဓာတ်ပုံရိုက်လိုက်တာလဲ၊ မှန်မှန်မပြောရင် မင်း နာပြီမှတ်"

"ပြောပါမယ် အစ်ကို မှန်မှန်ပြောပါမယ်၊ အဲဒီကင်မရာဟာ ကျွန်တော့်ကို ဆရာကိုလွင်ဦးက ပေးထားခဲ့တာပါ၊ ဆရာကိုလွင်ဦးက သူမရှိတုန်း အစ်ကိုနဲ့ အစ်မစိုး နှစ်ယောက်တွဲနေသမျှ ဓာတ်ပုံတွေ ရိုက်ယူထားရမယ်လို့ တာဝန်ပေးပြီး ဒီအိမ်မှာ ကျွန်တော့်ကို ထားခဲ့တာပါ၊ ဒါကြောင့် ဆရာကိုလွင်ဦး ခိုင်းတာ ကျွန်တော် လုပ်ရတာပါ အစ်ကို"

"ဟင်း ... မင်းဟာ ခွေးပဲ ကွန်နား"

ကိုအောင်စည်က ဒေါသဖြင့် နောက်ထပ်ရိုက်ရန် ရွယ်လိုက်သည်ကို စိုးစိုးက လက်ဖမ်းဆွဲပြီး တားမြစ်လိုက်သည်။

"မရိုက်နဲ့ အစ်ကိုအောင်၊ စိုးစိုး ရှေ့မှာ ရိုက်တာနှက်တာတွေ မမြင်ချင်လို့ပါ၊ ကွန်နားမှာလည်း အပြစ်မရှိပါဘူး၊ ကိုလွင် ခိုင်းတာကို သူ လုပ်ရတာပါ၊ ကွန်နားကို လွှတ်ပေးလိုက်ပါ အစ်ကိုအောင်"

ကိုအောင်စည်က ကွန်နားကို ဆောင့်တွန်းလွှတ်လိုက်သည်။ ကွန်နားသည် တစ်ချိုးတည်း သူ့ဆွဲအိတ်ကိုပင် ပြန်မယူဘဲ အိမ်ပြင်သို့ ပြေးထွက်သွားတော့သည်။

"သူ ဘာတွေရိုက်ထားလဲ မသိဘူး အစ်ကိုအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိရမယ် စိုးစိုး၊ တို့ ခာတ်ပုံ ကောင်းကောင်း ကူးတတ် ဆေးတတ်တယ်၊ တို့ဆီမှာ ပစ္စည်းအစုံလည်း ရှိတယ်၊ သူ့ဖလင်ကို တို့ ကူးကြည့်မယ်၊ ကဲ ... စိုးစိုး အိမ်ပေါ်ကို ပြန်တော့၊ ကူးပြီးရင် တို့လာပြမယ်၊ သြော် ... လမ်းလျှောက်နိုင်ရဲ့လား စိုးစိုး"

"စိုးစိုး ဘာမှမဖြစ်ပါဘူး အစ်ကိုအောင်၊ ဘယ်မှ မနာပါဘူး၊ လျှောက်နိုင်ပါတယ်"

စိုးစိုး အိမ်ကြီးသို့ ပြန်သွားသည်။

ကိုအောင်စည်ကလည်း ဂျဉ်ထောင်အိမ်ပေါ်သို့ ပြန်တက်လာကာ အမှောင်ခန်းဖွဲ့ပြီး ကင်မရာထဲမှဖလင်ကို ဆေးဖို့ ကူးဖို့ စတင်ဆောင်ရွက်တော့သည်။

စိုးစိုးသည် ဧည့်ခန်းတွင်ထိုင်ပြီး စဉ်းစားသည်။

ကိုလွင်၏ပက်စက်သော အကြံအစည်သည် လယ်ပြင် ဆင်သွားသလို ထင်ရှားစွာ ပေါ်လာပြီ။

ကိုအောင်စည်နှင့် နှစ်ယောက်တွဲခာတ်ပုံတွေ အရိုက်ယူစေပြီး သူ၏ဖခင်ထံ ပေးပို့ပြီး ငွေဆယ်သိန်းတောင်းရန် ကြံစည်ကြောင်း ဘူးပေါ်သလို ပေါ်လေပြီ။

တစ်နာရီသာသာအကြားတွင် အစ်ကိုအောင် ရောက်လာသည်။ စိုးစိုးက ဧည့်ခန်းတွင်ထိုင်ပြီး ငိုင်နေဆဲ ဖြစ်ပါ၏။

"ဟောဒီပုံတွေပဲ စိုးစိုး၊ ကွန်နှား ရိုက်ထားသမျှ ပုံကူးလာခဲ့တယ်၊ ခာတ်ပုံတောင် သိပ်မခြောက်သေးဘူး၊ နှစ်ဂတင်ကိုတော့ အစ်ကိုအောင် မီးရှို့ပစ်လိုက်ပြီ"



ပုံတွေကို စိုးစိုး ယူကြည့်သည်။

အစ်ကိုအောင်နှင့် ဂျစ်ကား အတူတွဲစီးသည့်ပုံ။

နန္ဒဝန်ဈေး၊ ရန်ကင်းဈေးထဲတွင် စိုးစိုးကရှေ့၊ အစ်ကိုအောင်က နောက်မှကပ်နေပုံ။

မနက်ဈေးဆိုသည် လူချင်းတိုးဝှေ့ နီးကပ်စွာ ရှိကြစမြဲဖြစ်သည်။ ခာတ်ပုံထဲတွင် နှစ်ယောက်တည်းပုံကိုသာ ဖော်ပြသဖြင့် စိုးစိုးနှင့် ကိုအောင်စည် ရင်တွေ ကျောတွေ ကပ်နေသည့် အသွင်ရှိပါ၏။

နှစ်ယောက်တွဲပုံတွေ ငါးပုံအထိ ရိုက်ပြီးလေပြီ။ ယခု နောက်ဆုံးပုံမှာ အဆိုးဆုံးဖြစ်သည်။

ရေတွင်းဘေးဝယ် စိုးစိုးအား ကိုအောင်စည်က ပွေ့ပိုက်ထားသောပုံ ဖြစ်ပါလေ၏။

ခာတ်ပုံအားလုံးကို ကြည့်ပြီးသည်နှင့် ရပ်နေသော အစ်ကိုအောင်ကို စိုးစိုး မော့ကြည့်လိုက်သည်။

စိုးစိုး၏မျက်နှာလေးသည် ညှိုးနွမ်းနေပါ၏။

သို့သော် စိုးစိုး မျက်ရည်မဝဲတော့သည်ကို ကိုအောင်စည် သတိထားမိသည်။

တကယ်တော့ ကိုယ့်လင်သားက ကိုယ့်အပေါ် သည်လိုကြံစည်သည်ကို ဇနီးမယားတိုင်း ဝမ်းပန်းတနည်း မျက်ရည်ကျဖွယ် ကောင်းပေသည်။

"ဒါဟာ သက်သက်မဲ့ ကိုလွင်က ထောင်ချောက်ဆင်တာ... တကယ်တော့ အစ်ကိုအောင်နဲ့ စိုးစိုးတို့ အခုနေ... တာတွေဟာ သန့်ရှင်းနေသာ.နဲ့"

www.burmeseclassic.com

www.burmeseclassic.com



အောင်စည် ဘာမှမပြောတော့ဘဲ အိမ်ထဲမှ ထွက်လာခဲ့သည်။ ကွန်နားလက်မှ ရယူခဲ့သော ကင်မရာကို စားပွဲပေါ်တွင် ထားခဲ့ပါ၏။

✻ ❖ ✻



"ခေါ်လိုက်စမ်း၊ အခုချက်ချင်း မင်းသားကို ခေါ်လိုက်စမ်း"

ကိုလွင်ဦးသည် သူ၏အိမ်ရှေ့ အဝင်ဝတံခါးပေါ်တီကိုအောက်တွင် ကားထိုးရပ်ပြီးသည်နှင့် ဆင်းလာသော သံဘာဂျာတံခါးကို ဒေါနှင့် မောနှင့် ဆောင့်တွန်း၍ နှုတ်မှ ခေါ်လိုက်စမ်းဟု တင်းမာသော လေသံဖြင့် အော်ဟစ်ပေသည်။

"မိသေးသေး ... ဟဲ့ ... မိသေးသေး"

သူ့ဟာသူ အော်ဟစ်ဆောင့်တွန်း ဝင်လာသော်လည်း ဧည့်ခန်းတွင် အဘယ်သူ တစ်ယောက်ကိုမျှ မတွေ့သဖြင့် မိသေးသေးကို အော်ခေါ်ပြန်သည်။

"လာပါပြီ ... လာပါပြီ အစ်ကိုကြီး"

"သွား ... ဟို ... အိမ်စုတ်က မင်းသားကို ခုချက်ချင်း သွားခေါ်စမ်း"

အမှတ်တမဲ့ မုန့်တိုင်းဝင်တိုက်သလို ဧည့်ခန်းထဲတွင် ဆူညံသံတွေ ကြားသဖြင့် စိုးစိုးသည် သူ၏အိပ်ခန်းအတွင်း လဲလျောင်းရာမှ ထလိုက်သည်။ အိပ်ခန်းဝသို့ လျှောက်လာပြီး အပြင်သို့ ကြည့်လိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်ဦး ပြန်ရောက်လာပြီး ဒေါ်တွေ လွတ်ကန်နေသည်ကို လှမ်းတွေ့ရသည်။ အိပ်ခန်းဘက်ကျောပေးပြီး ကိုအောင်စည် အလာကို စောင့်နေသောကြောင့် စိုးစိုး အခန်းဝတွင် ရပ်နေသည်ကို ကိုလွင်ဦး မမြင်ပေ။

"ပြန်လာပြီလား ကိုလွင်ဦး၊ ဘယ်တွေထိ ရောက်ခဲ့လဲ၊ ရိုက်ကွင်း ရှုခင်းတွေ တော်တော်ရခဲ့ရဲ့လား"

ကိုအောင်စည်က ဝင်လာပြီး ချေချေငံငံပြုး၍ နှုတ်ဆက်စကား ဆိုပေသည်။

"ဒါတွေ ခေါက်ထားစမ်းပါ၊ ဒီမယ်မင်းသား၊ ခင်ဗျားက ကွန်နားဆီက ကင်မရာကို လုယူပြီး ကွန်နားကိုလည်း ထိုးလွတ်လိုက်တယ်ဆို၊ ကျုပ် အလုပ်တိုက် ဝင်ခဲ့ပြီးပြီ၊ ကွန်နားက အကြောင်းစုံ ပြောလိုက်တယ်"

ကိုလွင်ဦးသည် ကိုအောင်စည်နှင့် မျက်နှာချင်းဆိုင် သွားရပ်ပြီး ဒေါသသံအပြည့်နှင့် ပြောလိုက်ပေသည်။

ကိုအောင်စည်က အေးဆေးတည်ငြိမ်သောအသံဖြင့် ပြန်ဖြေလိုက်ပါ၏။

"ဟုတ်တယ်၊ ကွန်နားဆီက ကင်မရာကို လုယူသင့်တယ်ထင်လို့ လုယူထားလိုက်တယ်"

"ဘာဗျ၊ လုယူသင့်တယ်ထင်လို့ ဟုတ်လား၊ ဟား ... ဟား ... ဟား ... သိပ်လုယူသင့်တာပေါ့လေ၊ ခင်ဗျားနဲ့ စိုးစိုး အိမ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာတွေကို ကွန်နားက ရိုက်ယူထားတော့ လက်ဆုပ်လက်ကိုင် ပေါ်သွားမှာစိုးလို့ လုယူတာပေါ့၊ ဟား ... ဟား"



"ခင်ဗျား စကားကို အရမ်းမပြောနဲ့ ကိုလွင်ဦး၊ ကျုပ်နဲ့ စိုးစိုး ဘာတစ်ခုမှ ဖြစ်ချင်တိုင်း မဖြစ်ဘူး၊ အနေအထိုင် မမှားဘူး၊ ကျုပ်မှာ ခင်ဗျားလို မိန်းမနဲ့ ပတ်သက်ပြီး ယုတ်မာတဲ့အကျင့် မရှိဘူး၊ ယုတ်မာတဲ့ စိတ်ထားမျိုးလည်း ဘယ်တုန်းကမှ မရှိခဲ့ဘူး"

"ဘာကွ၊ မင်းသား ငါက ယုတ်မာတယ် ဟုတ်လား၊ မင်းက ငါ့မယားကိုလည်း ကြောသေး၊ ငါ့ကိုလည်း လူယုတ်မာလို့ ပြောသေးသလား၊ ကဲကွာ ... ပြောဦး"

ကိုလွင်ဦး လက်ပါလာသည်။ ကိုအောင်စည် မျက်နှာကို သူ့လက်သီးဖြင့် စွတ်ထိုးတော့သည်။

ကိုအောင်စည်က အေးဆေးစွာပင် ကိုလွင်ဦး၏ ဝင်လာသော လက်သီးကို ဘေးဖယ်ပုတ်ထုတ်ပစ်လိုက်သည်။

လူပြိန်းတစ်ယောက်အနေနှင့် ကိုအောင်စည်အား ထိအောင်ထိုးနိုင်ဖို့ ဆိုသည်မှာ လွယ်မှတ်လို့။

ပထမလက်သီးဖြင့် မထိသောအခါ ဒုတိယလက်သီးဖြင့် ကိုလွင်ဦး ဆက်ထိုးပြန်သည်။

ဤမျှအထိတော့ ကိုအောင်စည်က ကိုလွင်ဦးလိုလူအား သည်းမခံတော့ပေ။

လွင်ဦး၏ ဒုတိယလက်သီးချက်ကို ဘေးတစ်ကွက်ရွှေ့ဖြင့် ရှောင်လိုက်သည်။

ကိုလွင်ဦးမှာ လူကိုမထိုးမိဘဲ လေကိုသာ ထိုးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဆက်တိုက်ဝင်ထိုးပါလျက် တစ်ချက်မျှမ ထိသော ကိုလွင်ဦးမှာ သူ့အရှိန်နှင့်သူ ခြေထောက်အနေအထား တွေပျက်ပြီး ဖရိုဖရဲ အနေအထား ရှိသွားသည်။

ကိုအောင်စည်က အေးအေးဆေးဆေးပင် ကိုလွင်ဦး၏ ဝမ်းဗိုက်ကို ထောက်လက်သီးတစ်ချက် ပေးလိုက်သည်။ အွတ်ခနဲ ရှေ့သို့ကိုင်းလာသည့် ကိုလွင်ဦး၏မေးဖျားကို အောက်ပင့်လက်သီးတစ်လုံး ထပ်ဝင်ပေးလိုက်သည်။

ကိုလွင်ဦးခမျာ အပေါ်သို့ အနည်းငယ် မြောက်သွားပြီး အနီးဆုံးဆိုဖာပေါ်တွင် ထိုင်လျက်သား လဲကျသွားတော့သည်။

"ကျုပ်ကိုမယုံနဲ့ ကိုလွင်ဦး၊ ပညာချင်း သိပ်ကွာတယ်။ ကျွဲလောက်ရှိတဲ့ ကပ္ပလီတောင် သွားနှစ်ချောင်းကျိုးတဲ့ အထိ ကျုပ် တကယ်ထိုးရင် လက်သီးပြင်းတယ်"

ကိုလွင်ဦးက မလျှော့ပေ။ စားပွဲပေါ်တွင်ရှိသော ပန်းအိုးကို ကောက်ယူပြီး ကိုအောင်စည်ကို ပေါက်လိုက်ပြန်သည်။

ကိုအောင်စည် ရှောင်တိမ်းလိုက်သောကြောင့် ပန်းအိုးမှာ တိုက်နံရံကို သွားထိပြီး ခွမ်းခနဲ ကွဲသွားပြန်သည်။

ကိုအောင်စည်က ရှေ့တစ်လှမ်းအတိုးမှာပင် ...

"ဟဲ့ ... ဟဲ့ ... ဘာတွေ ဖြစ်ကုန်တာလဲ"

ဟု အော်ရင်း ကြီးကြီးတင့် ပြေးဝင်လာသော အောင်စည်နှင့် လွင်ဦး ကြားတွင် ရပ်လိုက်သည်။

"ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကြီးကြီးတင့် မသိဘူးလား အိမ်မှာနေပြီး အလကားပဲ။ စားလိုက် အိပ်လိုက်နဲ့ ဒီမှာ ကြီးကြီးတင့်၊ ကျွန်တော်မရှိတုန်း စိုးစိုးနဲ့ ဒီမင်းသား



အိမ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ ကြီးကြီးတင့် မသိဘူးလား"

"သိတယ် လွင်ဦး၊ ငါ အားလုံးသိတယ်၊ ဒါပေမဲ့ ငါသိတာက စိုးစိုးဟာ ဘယ်တုန်းကမှ ဘယ်သူနဲ့မှ ဖြစ်ချင်တိုင်း မဖြစ်ခဲ့ဘူး ဆိုတာရယ်၊ မောင်အောင်စည်ဟာ သူ့သိက္ခာကို အင်မတန် စောင့်စည်းထိန်းသိမ်းတယ် ဆိုတာရယ်ကို ငါ သိတာပေါ့"

"အို ... ခင်ဗျားကြီး သိတာတွေက အလကားအကာရံ ပါကရံတွေပါ၊ ကွန်နားကို ကျွန်တော် သေချာစောင့်ကြည့် ခိုင်းခဲ့တယ်၊ ကင်မရာလည်း ပေးခဲ့တယ်၊ ကွန်နားက သူတို့နှစ်ယောက် ပလူးပလဲ ဖြစ်နေတာတွေကို ဓာတ်ပုံ ရိုက်ထားတယ်၊ အဲဒီကင်မရာနဲ့ ဖလင်ကို မင်းသားက သူတို့အရှုပ်တွေ လက်ဆုပ်လက်ကိုင်ပေါ်မှာစိုးလို့ ကွန်နား ဆီက လုယူပြီး ဖျောက်ဖျက်ပစ်တယ်လေ၊ အဲဒါတွေကော ခင်ဗျားကြီး သိရဲ့လား"

"အဲဒီဓာတ်ပုံတွေ အားလုံး မဖျောက်ဖျက်ပစ်ပါဘူး ကိုလွင်၊ ဓာတ်ပုံတွေအားလုံး စိုးစိုးဆီမှာ ရှိနေပါတယ်"

စိုးစိုး၏အသံ ထွက်ပေါ်လာသည်။ လေအေးလေးနှင့် ပြောသည်။ တစ်လှမ်းချင်း ရှေ့သို့ တိုးလာသည်။

"ဟောဒီမှာ ကိုလွင် လိုချင်တဲ့ ဓာတ်ပုံတွေ၊ ကွန်နား ရိုက်ထားတဲ့ ဓာတ်ပုံတွေဟာ၊ အစ်ကိုအောင်နဲ့ စိုးစိုး လင်ရှိဟာကားနဲ့ အတူတွဲစီးတဲ့ပုံ၊ တစ်ယောက်ကဆို တစ်ယောက်က စန္ဒရားတီးနေတဲ့ပုံ၊ ဈေးထဲမှာ ရင်နဲ့ကျောနဲ့ကပ်ပြီး

www.burmeseclassic.com



နေကြတဲ့ပုံ၊ အဲ ... နောက်ဆုံးပုံကတော့ နေ့ခင်းကြောင်တောင် လူမြင်ကွင်း ရေတွင်းဘေးမှာ စိုးစိုးကို အစ်ကိုအောင်က မွေ့ပိုက်ထားတဲ့ပုံတွေ၊ အကုန်လုံး ကွန်နားရိုက်ထားသမျှ ရှိပါတယ်၊ လုံးဝမဖျောက်ဖျက်ပါဘူး၊ အဲဒီဓာတ်ပုံတွေအရ ကိုလွင် လိုချင်တာလည်း ရမယ်၊ ကိုလွင် ဖြစ်ချင်တာလည်း ဖြစ်လာလိမ့်မယ်၊ စိတ်ချ ကိုလွင်"

"ဟဲ့ ... ဟဲ့ ... စိုးစိုး၊ ဘာတွေပြောနေတာလဲဟင်"

ကြီးကြီးတင့်က ဝင်ရောက်ပြီး စိုးစိုးအား ဟန့်တားလိုက်သည်။

စိုးစိုးက ဣန္ဒြေတစ်ချက်မပျက်။ မျက်နှာထားအမူအရာပုံမှန် သွေးအေးရှိနေသည်။

ဒါကိုပင် ကိုလွင်ဦး ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားရပါ၏။

စိုးစိုး၏လက်ထဲတွင် ဓာတ်ပုံတွေနှင့် စာတစ်စောင်ကိုင်ထားသည်ကိုလည်း အားလုံး တွေ့မြင်နေရပါ၏။

စိုးစိုးက လက်ထဲမှစာကို ကိုလွင်ဦးအား ထောင်ပြလိုက်သည်။ ပြီး ကြီးကြီးတင့်ကိုလည်း ပြလိုက်သည်။

"ဒီမှာလေ ကြီးကြီးတင့်၊ ဒီစာဟာ ကိုလွင့်ကို မိုးကုတ်က အန်ကယ်ဦးဘမွှားက ပေးထားတဲ့စာလေ၊ စာထဲမှာ ကြီးကြီးတင့်က ကိုလွင့် အကြောင်း တိုင်ကြားပေးထားတဲ့ အချက်တွေလည်းပါတယ်၊ အတိုချုပ်ကတော့ ကိုလွင်က ကိုယ်ပိုင်ရုပ်ရှင်ထောင်ဖို့ မိုးကုတ်က ဖခင်ဆီမှာ ငွေဆယ်သိန်းထုတ်ပေးဖို့ တောင်းခံတဲ့စာပဲ၊ အဲဒါ အန်ကယ်



ဦးဘမွှားက ကိုလွင် ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်နေသရွေ့ ငွေမပေးနိုင်ဘူး၊ စိုးစိုးမှာ အပြစ်မရှိဘဲနဲ့ တခြားအမျိုးသမီးနဲ့ အဖြစ်မခံနိုင်ဘူးလို့ ပြန်စာရေးထားတာပဲ"

"တော်တော့ စိုးစိုး၊ မင်း တစ်လုံးမှ ထပ်မပြောနဲ့တော့"

ကိုလွင်က ဒေါသသံဖြင့် စိုးစိုးကို အမိန့်ပေးလိုက်သည်။

"မတော်ပါဘူး ကိုလွင်၊ ဟိုတုန်းကတော့ စိုးစိုးမှာ ကိုလွင်က ထပ်မပြောနဲ့လို့ အမိန့်ပေးရင် တစ်လုံးမှ ထပ်မပြောရေငုံနေခဲ့ပါတယ်၊ အခု ကိုလွင်ဟာ စိုးစိုးကို ဘယ်လိုမှ အမိန့်ပေးလို့ မရတော့ဘူး ကိုလွင်၊ မရတော့ဘူး"

"ဒါပေါ့ ... ဒါပေါ့ ... မင်းမှာ အားကိုးရှိနေပြီကိုး"

"မရှိပါဘူး ကိုလွင်၊ အခုအချိန်ထိ ဘုရားပေးပေး ကျမ်းပေးပေး စိုးစိုးမှာ အားကိုးလုံးဝမရှိပါဘူး၊ တကယ်လို့ ကိုလွင်က အစ်ကိုအောင်ကို ရည်ရွယ်ပြောတယ် ဆိုရင်တော့ သိပ်ကိုမှားသွားပြီ၊ အစ်ကိုအောင်က သူ့ကို အားကိုးပါလို့ ခုချိန်ထိ တစ်လုံးတစ်ပါဒမှ မပြောဖူးသေးပါဘူး ကိုလွင်၊ တကယ်တော့ ဒီဓာတ်ရုပ်ကြီးကို မရုပ်,ရုပ်အောင် ဖန်တီးလိုက်သူက ကိုလွင်ပါ"

"ဘာကွ ... မင်းက ငါ့ကို"

"ဒေါသမကြီးနဲ့ ကိုလွင်၊ ရှေ့ဆက်ပြီး စိုးစိုးကို ဒေါသကြီးတာတွေ၊ အပြစ်တင်တာတွေ၊ အနိုင်ကျင့်တာတွေ ကိုလွင်မှာ မရှိစေရတော့ပါဘူး၊ တကယ်တော့ ကိုလွင်ဟာ ရေလိုက်လွဲခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငါ ရေလိုက်လွဲတယ် ဟုတ်လား"

"ဟုတ်တယ် ... ရေလိုက်လွဲတယ်၊ ကိုလွင်ဟာ မိုးကုတ်က ဖေဖေ့ဆီက ငွေဆယ်သိန်း လိုချင်တယ်၊ အိမ်ရွှေစင်ကိုလည်း လိုချင်တယ်၊ ကိုလွင်လိုချင်တဲ့ နှစ်ခုစလုံးကို မရနိုင်စေဘဲ ကန့်လန့်ကြီး ကြားကခံနေတာက စိုးစိုးလေ၊ ဒီတော့ စိုးစိုးမှာ အပြစ်တွေရှိလာအောင် ကိုလွင်က ကျားကွက်တွေ ဆင်ပြီး ဖန်တီးယူတယ်၊ ဒါပေမဲ့ ကိုလွင် ဆင်တဲ့ ကျားကွက်ထဲကို တစ်ဖက်ကျားက ဝင်မလာဘူး၊ စိုးစိုး မှန်တာ ပြောမယ် ကိုလွင်၊ ခုချိန်ကစပြီး စိုးစိုးဟာ ပြောရဲဆိုရဲ တစ်ယောက် ဖြစ်သွားပါပြီ ကိုလွင်၊ ငယ်စဉ်နုစဉ် တစ်ခါ တုန်းက အစ်ကိုအောင်နဲ့ စိုးစိုးဟာ သံယောဇဉ်ရှိခဲ့ဖူးပါ တယ်၊ ဒါပေမဲ့ ပြန်လည်တွေ့ဆုံကြတဲ့ အချိန်မှာတော့ နှစ်ယောက်စလုံး သိက္ခာစောင့်စည်းတယ်၊ ကင်းမှကင်း ရှင်းမှရှင်းပါ ကိုလွင်၊ အစ်ကိုအောင်နဲ့ စိုးစိုးဟာ ပြန်လည် တွေ့ချိန်မှာ ဆံတစ်ချည် ဖုန်တစ်မှုန့် မမှားခဲ့ကြဘူး ဒါလည်း ကိုလွင့် ရင်ထဲက သိပါတယ်၊ ဒီလို ကင်းကင်း ရှင်းရှင်း မမှားကြတာဟာပဲ ကိုလွင် ဆင်တဲ့အကွက်ထဲ မဝင်အောင် ဖြစ်ခဲ့တာ မဟုတ်လား၊ ဒီတော့ စီးပွားရေး အကြောင်းပြပြီး မှားယွင်းစေလိုသောဆန္ဒနဲ့ အစ်ကိုအောင် အပေါ်မှာ စိုးစိုး ပျူငှာဖို့၊ ဖော်ရွေဖို့၊ ရင်းရင်းနှီးနှီးနေဖို့ တိုက်တွန်းပြန်တယ်၊ စိုးစိုး စိတ်တစ်ပတ်ပြန်လည်အောင် အစ်ကိုအောင် တော်ကြောင်းတွေ၊ ယောကျာ်းပီသကြောင်း တွေ၊ ချီးမွမ်းစကားတွေ တွင်တွင်ကြီး စိုးစိုးကိုပြောပြတယ်



နောက်ဆုံး နှစ်ယောက်တည်း လွှတ်ပေးတဲ့အထိ အကွက် ဆင်ခဲ့တယ်လေ၊ မှားလိုက်ပါဘိ ကိုလွင်ရယ်၊ ကိစ္စက လွယ်လွယ်လေးရယ်၊ အပ်နဲ့ထွင်းရမယ့်ကိစ္စပါ၊ ပုဆိန် ပေါက်ခံရာမှ မလိုတာ"

"ဩော် ... ဩော် ... ငါက အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက် တယ်၊ ရေလိုက်လွဲတယ် ဟုတ်လား၊ မင်းစကားကို မင်းပဲ ရှင်းစမ်းပါဦး"

စိုးစိုး၏ ပျော့လျှင်ဖယောင်း၊ မာလာသောအခါ သံချောင်းပုံစံကို အားလုံး ငေးကြည့်ရသည်အထိ ဖြစ်လာပါ၏။ ဘိုတစ်ချိန်လုံး တီကောင်မလေးသဖွယ် အန်တုဖက်ပြိုင်ခြင်း သုံးဝမရှိဘဲ တစ်ဖက်သားပြုသမျှ လူးလူးလိမ့်လိမ့်နှင့် ခံခဲ့သော စိုးစိုးသည် ယခု မြွေဟောက်မလေး ပါးပျဉ်းထောင်သည့်နှယ် ပေါက်တော့မည့်အသွင် ရှိနေသည်။

"ကိုလွင်နဲ့ စိုးစိုးတို့ လက်ထပ်လာကြတာကိုက အနှစ် သာရမှ မပါရှိခဲ့တာဘဲ ကိုလွင်၊ မိဘချင်း အကြောင်းပြုပြီး မန္တလေးမင်္ဂလာဆောင်တစ်ခုမှာ ကိုလွင်နဲ့ စိုးစိုးတို့ စတင် တွေ့ဆုံကြတယ်၊ ကိုလွင်ရဲ့ရှူးရှူးဒိုင်းဒိုင်း စိတ်ဓာတ်အရ စိုးစိုးကို မြင်တွေ့တာနဲ့ လက်ထပ်ချင်လှချည်ရဲ့ ဖြစ်လာ တယ်၊ စိုးစိုး ပြောတာတွေ ဟုတ်ပါတယ်နော် ကိုလွင်၊ တစ်လုံးမှ အပိုမပါပါဘူး"

လွင်ဦးက ဘာမှပြန်မပြောပါလေ။ မျက်နှာကြီး ရှုံ့ခေါက်ချိုးနှင့် သုန်မှုန်နေပေသည်။ စိုးစိုးက မမောမပန်းဆက် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိုးစိုး မရှက်မကြောက် ပြောပြမယ် ကိုလွင်၊ စိုးစိုးကို မြင်မြင်ချင်း လက်ထပ်ချင်လှချည်ရဲ့လို့ ကိုလွင့် စိတ်ထဲက ဖြစ်ခဲ့တာဟာ ရင်ထဲ နှလုံးထဲကလာတဲ့ မေတ္တာစိတ်ကြောင့်မှ မဟုတ်တာ၊ သွေးသားထဲက စိမ့်ထွက်လာတဲ့ ရမ္မက်ဆန္ဒကြောင့် လက်ထပ်ချင်တာပဲ မဟုတ်လား၊ အဲဒီတုန်းက စိုးစိုးဟာ ရုပ်ရော ခန္ဓာကိုယ်ရော သိပ်လှ သိပ်ချွဲမက်စရာ ကောင်းတယ်လေ"

"သမီး စိုးစိုး၊ အဲဒီလိုတော့ မပြောနဲ့ကွယ်၊ သမီး စိုးစိုး အပျိုတုန်းကနဲ့ အခုနဲ့ ဘာမှ ကွာခြားသွားချက် မရှိဘူး၊ အခုလည်း စိုးစိုးဟာ အရင်လိုပဲ လှနေမှန်း အချိုးအဆစ် ပြေပြစ်နေမှန်း ကြီးကြီးတင့်တို့ မျက်မြင်ပဲဟာ"

"ကြီးကြီးတင့် ပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမဲ့ စိုးစိုးက တစ်ပတ်ရစ်ဖြစ်သွားပြီလေ၊ အသစ်နဲ့စာရင် ဟောင်းသွားပြီလေ၊ နောက်ပြီး သဘာဝစိတ်ခံတဲ့ မခိုင်မာတဲ့လူ၊ အသစ်အသစ်သော ပစ္စည်းကိုသာ မက်မောတတ်တဲ့ လူတစ်ယောက်အဖို့ လက်ထဲမှာ ကြာလာတဲ့ ပစ္စည်းအပေါ်မှာ ရိုးသွားတယ်၊ အီသွားတယ်ပေါ့ ကြီးကြီးတင့်၊ စိုးစိုး ပြောခဲ့ပြီပဲ၊ ကိုလွင်က စိုးစိုးကို လက်ထပ်ချင်လှချည်ရဲ့ဆိုတာဟာ ရမ္မက်သက်သက်ကြောင့်ပါလို့၊ အမှန်တော့ စိုးစိုး အပြစ်လည်း ပါပါတယ်၊ ဖေဖေနဲ့ မေမေက စိုးစိုးရဲ့အိမ်ထောင်ဖက်အဖြစ်နဲ့ မောင်လွင်ဦးဟာ သင့်တော်တဲ့အကြောင်း နားချတာကို စိုးစိုးက ဖေဖေနဲ့မေမေ သဘော



ဆိုပြီး ခေါင်းညိတ်လက်ခံမိတာကို၊ အဲဒီမှာတင် ဘုန်းကြီးရှုးနဲ့လေ့လူး ဇာတ်ခင်းတာပဲ"

"ဘုန်းကြီးရှုးနဲ့ လေ့လူးလို ဘာလို့ စိုးစိုး ပြောတာလဲကွယ်၊ ကြီးကြီးတင့်တော့ စိုးစိုး ပြောတာတွေ ကြားရဂဏ ငိုချင်လာတယ်"

"မငိုချင်ပါနဲ့ ကြီးကြီးတင့်၊ စိုးစိုး ကိုယ်တိုင်ကပဲ မငိုချင်တော့တာပဲ၊ ဘုန်းကြီးရှုးနဲ့ လေ့လူး ဇာတ်ဆိုဟာ တစ်ယောက်က ရမ္မက်ကြောင့် လက်ထပ်ချင်တယ်၊ နောက်တစ်ယောက်က အိမ်ထောင်ရေးသက်သက်ကို ဦးနှောက်နဲ့ စဉ်းစားပြီး ပြန်လက်ထပ်တယ်၊ အဲဒါ ဘုန်းကြီးရှုးနဲ့လေ့လူးလေ၊ နှလုံးသားမေတ္တာကို ဘေးချိတ်ထားခဲ့ကြတဲ့ လူနှစ်ဦးရဲ့ဇာတ်လမ်းပေါ့၊ အနှစ်သာရမပါတဲ့ အိမ်ထောင်တစ်ခုဟာ ကြာတော့လည်း မခိုင်မြဲချင်တဲ့ သဘောလေးတွေ ရှိလာတယ်၊ ဒါပေမဲ့ စိုးစိုးက မိန်းမသားဆိုတော့ တည်မိတဲ့ဘုရား လင်းတ နားနားဆိုပြီး ဇနီးမယားတစ်ယောက်ရဲ့တာဝန် မပျက်စေရဘူး၊ လုပ်ကိုင်ပေးတယ်၊ ကိုယ်ကျင့်တရားကို ထိခိုက်စေတဲ့ သစ္စာမဲ့တာမျိုးတွေ မဖြစ်အောင် စောင့်စည်းခဲ့တယ်၊ အဲဒီလို အခြေအနေမှာ ယောက်ျားသားဖြစ်ရုံမက စိတ်အလိုနဲ့ ဆန္ဒနောက်ကိုသာ လိုက်တတ်တဲ့ ကိုလွင်ဟာ စိုးစိုးရေ မင်းကိုတော့ ငါငြီးငွေ့ပြီ၊ မပေါင်းချင်တော့ဘူး၊ ကွာကြပါစို့လို့ တစ်ခွန်းမှ ပြော လိုက်ရင် စိုးစိုးကလည်း ကောင်းသားပဲ ကိုလွင် ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းမှုကို လက်ခံမှာပါ၊ အဲဒီလို လွယ်လွယ်နဲ့ပြီးနိုင်တဲ့ ကိစ္စကို တကတဲ ထောင်ချောက်ကြီးတွေချ၊ အကွက်ကြီးတွေဆင်ပြီး စိုးစိုးကိုကွာဖို့ လျှောက်လုပ်နေတာဟာ ကိုလွင် ရေလိုက်လွဲပြီး ပုဆိန်နဲ့ပေါက်ရာ ရောက်နေတယ်လို့ စိုးစိုးက ဆိုလိုတာပါ"

"ဩော် ... ဩော် ... ဒါဆို မင်းက ကွာရှင်းမယ်ဆို ကွာရှင်းဖို့ အသင့်ပေါ့ ဟုတ်လား"

"ကြိုက်တာ တရားသူကြီးတစ်ယောက်ကို ပင့်ခေါ်လိုက်ပါ ကိုလွင်၊ စိုးစိုးက ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ အဆင်သင့် ဖြစ်နေပါပြီ"

"ဒါကို ကြီးကြီးတင့် လက်မခံဘူး၊ စိုးစိုး ဘာတွေလျှောက်ပြောနေတာလဲ၊ မကွာရဘူး၊ စိုးစိုး ဘာအပြစ်မှ မရှိတာကို ကြီးကြီးတင့် ဟစ်တိုင်တက်ပြီး ဟစ်ပြောရ ပြောရ"

"လက်ခံလိုက်ပါတော့ ကြီးကြီးတင့်၊ ကိုလွင့် စိတ်ထဲမှာ ထင်နေတာက စိုးစိုးဟာ သူ ချမ်းသာကြွယ်ဝနေတာတွေကို မက်မောပြီး ကွာမှာမဟုတ်ဘူး၊ ဒီမိန်းမရဲ့အပြစ်တွေ ပြပြီးမှ ကွာလို့ရမှာလို့ ထင်နေတာပါ၊ ဟွန်း ... ကိုလွင့်ဆီက အပ်တစ်ချောင်းတောင် မလိုချင်ဘူး၊ စိုးစိုး ကွာပေးပါမယ်၊ ရှေ့ဆက်ပြီး ပေါင်းနေလည်း နှစ်ယောက်စလုံး စိတ်ဆင်းရဲနေကြမှာပဲဟာ၊ အဲ ... ကိုလွင့်အဖို့ စိုးစိုးနဲ့ ကွာရှင်းတဲ့နေရာမှာ စိုးစိုးရဲ့အပြစ်တွေ ပြလေမှ ကိုလွင့် ဖေဖေက ကိုလွင် လိုချင်တဲ့ ငွေကြေးထုတ်ပေးမှာဆိုရင်



ရော့ ... ဟောဒီမှာ ဓာတ်ပုံတွေ၊ ကိုလွင့် ဖေဖေနဲ့မေမေကို ပြ၊ စိုးစိုးဟာ လင်ငယ်နေတယ်၊ ဖောက်ပြန်တယ်၊ ဒီ ဓာတ်ပုံတွေကြည့်ပါ၊ ဒါကြောင့် ကွာရတာပါလို့ပြော၊ ရတယ် ... စိုးစိုးကတော့ ကွာပြီးရင် ပြီးရောပဲ"

စိုးစိုးသည် ဓာတ်ပုံတွေအားလုံး ကိုလွင်ဦး လက်သို့ ပေးလိုက်သည်။

လွင်ဦးက လိုလိုလားလားပင် လှမ်းယူပါ၏။

"စိုးစိုး"

တစ်ချိန်လုံး ငြိမ်ပြီးနားထောင်ပြီး တစ်လုံးမှ ကြားဝင်မပြောခဲ့သော ကိုအောင်စည်က စိုးစိုးကို သံပြတ်နှင့် ခေါ်လိုက်သည်။

"ဒီလောက် အခြေအနေအထိ စိုးစိုး မဖြစ်သင့်ဘူး၊ လင်နဲ့မယားပဲ အခြေအနေဆိုးကို သွေးအေးအေးနဲ့ ပြန်ညှိယူရင် အခြေအနေကောင်း ပြန်ဖြစ်နိုင်ပါတယ်"

စိုးစိုးသည် ကိုအောင်စည်၏စကားကို လုံးဝနားဝင် လက်ခံခြင်း အရိပ်အမြွက်ပင် မပြပါလေ။

ဒေါ်ဒေါ်အေး ဘက်သို့ စိုးစိုး လှည့်လိုက်သည်။

"ဒေါ်ဒေါ်အေး ... စိုးစိုးရဲ့အဝတ်အစားတွေကို သိမ်းပါ၊ ဒေါ်ဒေါ်အေးပစ္စည်းတွေလည်း သိမ်းပါ၊ စိုးစိုးရဲ့တိုယိုတာကားနဲ့ မန္တလေးကိုပြန်မယ်၊ စိုးစိုးရဲ့ အဝတ်အစားတွေ အားလုံး မယူနိုင်လို့ ကျန်တာတွေ ကျန်ပါစေ၊ နောက်မှ ဖေဖေ စီစဉ်ပြီး ယူခိုင်းပေးရင် ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်အေးသည် ချာကနဲ လှည့်သွားပြီး စိုးစိုးခိုင်းသမျှ လုပ်ဆောင်ရန် အဆင်သင့် ဖြစ်နေပါ၏။

"ဟဲ ... ဟဲ ... ဟဲ ..."

ကိုလွင်ဦးက ရယ်လိုက်သည်။

"သိပ်ကို အဆင်ပြေသွားတာပေါ့ စိုးစိုး၊ ငါ့အနေနဲ့ဒီအခွင့်အရေးရဖို့ ကြံလိုက် ဖန်လိုက်ရတာ၊ အခုရမယ့်ရတော့လည်း လွယ်လွယ်လေးပါလား၊ ငါ အခုပဲ ငါ့မိတ်ဆွေထဲက တရားသူကြီးတစ်ယောက်ကိုရော ကွာရှင်းစာချုပ်ရေးသွားခေါ်ယူလာမယ်"

"အဆင်သင့်ပဲ ကိုလွင်၊ စာချုပ်ထဲမှာ ကိုလွင် ရေးချင်တာတွေရေးခဲ့၊ စိုးစိုး လက်မှတ်ထိုးပေးဖို့ အဆင်သင့်ပဲ"

"ဟယ် ... စိုးစိုး"

ကြီးကြီးတင့် သူ့ရင်ဘတ်ကို သူ့လက်ဝါးဖြင့်အုပ်ထားမိပါ၏။

"တစ်ခုတော့ရှိတယ် စိုးစိုး၊ မင်းနဲ့ငါ လင်ခန်း မယားခန်းပြတ်စဲကြပြီဆိုရင် လင်ပိုင်သင့် မယားပိုင်သင့် ပစ္စည်းကိစ္စတွေ ရှိသေးတယ်"

"စိုးစိုး ကိုလွင်ရဲ့ပစ္စည်း ဘာဆိုဘာမှ မယူပါဘူး ကိုလွင်ယုတ်စွအဆုံးပြောမယ်၊ ကိုလွင်နဲ့ လက်ထပ်ပြီးမှ ယော[…] လက်ဝတ်လက်စားတွေ ချုပ်ထားတဲ့ အဂတ်အထည်[…] တောင် မယူသွားဘူး၊ စိုးစိုး မိဘက ထည့်ပေးလိုက်[…] လက်ဝတ်လက်စားနဲ့ အဝတ်အထည်ကိုသာ ယူမယ်[…] ဘာဆိုဘာမှ မမက်ဘူး"



"ကောင်းပါလေရဲ့ကွာ၊ မင်းဟာ တာဝတိံသာ နတ်ပြည်ရောက်မယ့် နတ်သမီးလောင်းလေးပဲ၊ ကဲ ... ငါသွားပြီး ကွာရှင်းဖို့ အားလုံးစီစဉ်ခဲ့မယ်"

ကိုလွင်ဦး ထွက်သွားရန် ခြေလှမ်းလိုက်သည်နှင့် ကိုအောင်စည်က ရှေ့မှ မားမားကြီးရပ်ပြီး ဟန့်တားလိုက်သည်။

"နေဦး ကိုလွင်ဦး၊ ခင်ဗျားနဲ့ စိုးစိုးကိစ္စမှာ ဘယ်လိုပဲရှင်းရှင်းပေါ့ဗျာ၊ ဒါဟာ ခင်ဗျားတို့ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းပဲ၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါပေမဲ့ ကျုပ်နဲ့ သက်ဆိုင်နေတဲ့ ကဏ္ဍကတော့ ခင်ဗျားနဲ့ကျုပ် ရှင်းရမယ်"

"အံမာ ... မင်းသားက ဘာရှင်းချင်သေးလို့လဲ"

"ခင်ဗျားလက်ထဲက ကွန်နား ရိုက်ထားသမျှ ဓာတ်ပုံတွေကျုပ်ကိုပေးပါ၊ ဓာတ်ပုံတွေထဲမှာ ကျုပ်ပါနေတယ်၊ ဒီဓာတ်ပုံတွေကိုပြပြီး ခင်ဗျား သွားပုပ်လေလွင့်တွေ လျှောက်ပြောရင် ကျုပ်ရဲ့သိက္ခာကို အများကြီး ထိခိုက်စေတယ်၊ ကျုပ်အနေနဲ့ စိုးစိုးလို ဘဝကိုစတေးတာမျိုး မစတေးနိုင်ဘူး၊ စိုးစိုးလိုလည်း သဘောထား မကြီးနိုင်ဘူး၊ ဒီတော့ ခင်ဗျားလက်ထဲက ဓာတ်ပုံတွေအားလုံး ကျုပ်ကိုပေးပါ"

"မပေးဘူး ဆိုရင်ကောဗျာ"

"ဒီနေရာမှာ ခင်ဗျား ပွဲချင်းပြီး သေသွားနိုင်တယ်၊ ကျုပ်ကကြိုးစင်တက်ရမယ်၊ ကျုပ်အရှက်နဲ့သိက္ခာကို အသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ"

ကိုအောင်စည်၏စကားကို ကိုလွင်ဦး ဖြူသွားသည်။ [illegible]လ်အနေနှင့်လည်း ကိုအောင်စည်အား ကိုလွင်ဦး ဖြုံသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စည်သည် ဘာမဆို ပြောသလိုလုပ်မှန်း ကိုလွင်ဦး အသိ။ ပြီး … သည်နေရာတွင် ယှဉ်ပြိုင်စတမ်းဆိုလျှင် ကိုလွင်ဦး တကယ်ပင် ပွဲချင်းပြီးသွားနိုင်မှန်း ကိုယ့်ဟာကိုယ်သိသည်။ ခုနပင် ခံလိုက်ရသေးသည်။ ကိုလွင်ဦး အလျှော့ပေးပါ၏။

"ဟဲ … ဟဲ … ရော့ … ယူ အားလုံး"

ဓာတ်ပုံအားလုံး ပြန်ပေးသည်။ ကိုအောင်စည်က အားလုံးကို ပြန်ဆက်၍မရအောင် အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်လိုက်သည်။

"ဒီမယ် မင်းသား၊ ခင်ဗျား ခြိမ်းခြောက်တာကို ကြောက်ပြီး ပြန်ပေးတယ် မထင်နဲ့၊ ဒီဓာတ်ပုံတွေ မရှိလည်း စိုးစိုးနဲ့ ကွာရှင်းလို့ရနေပြီက တစ်ချက်၊ နောက်တစ်ချက်က ကျုပ် သိန်းနဲ့ချီရင်းထားတဲ့ဓာတ်က ခင်ဗျားနဲ့ ဆက်ရိုက်ဖို့ မပြီးပြတ်သေးလို့ ဆက်ပြီးရိုက်ချင်တာက တစ်ချက်ကြောင့် ကျုပ် အလျှော့ပေးလိုက်တယ် မှတ်ပါ၊ အေး … တစ်ဆက်တည်း ကျုပ်ကပဲ တောင်းပန်သင့်တယ်ပေါ့ဗျာ၊ ကျုပ်နဲ့ စိုးစိုး အခုဖြစ်တဲ့ ကိစ္စကြောင့်တော့ ခင်ဗျားက ကျုပ်ဓာတ်ကားကို ဆက်ပြီးမရိုက်ဘဲ မနေပါနဲ့လို့"

"ကျုပ် ယောကျ်ားပါ ကိုလွင်ဦး၊ ယောကျ်ားဆိုတာ သဘောထားကြီးရတယ်၊ စိတ်ထား မယုတ်မာရဘူး၊ စိုးစိုးနဲ့ ခင်ဗျားကိစ္စ ဘေးချိတ်ထား၊ အခုနေ ကျုပ်စိတ်ထား ယုတ်ညံ့ပြီး ခင်ဗျားဓာတ်ကို ကျုပ် မင်းသားအနေနဲ့ဆက်မရိုက်ဘူးဆိုရင် အခုပဲ နှစ်သိန်းလောက် ခင်ဗျား အရှုံးဝင်နေပြီ၊ ခင်ဗျား ခံရပြီ သိလား"



"တရားဥပဒေဆိုတာ ရှိသေးတာပဲဗျာ၊ စာချုပ်နဲ့ လုပ်ခဲ့တာပဲ၊ ခင်ဗျား ပျက်ကွက်ရင် တရားရုံးမှာ ဖြေရှင်းရုံပေါ့"

"ရှင်းလေ … ဘာပြုလဲ၊ တရားရုံးက စာချုပ်အရ ကျုပ် ပျက်ကွက်မှုအတွက် စရန်ငွေ နှစ်ဆပြန်လျော်လို့ပဲ ချမှတ်မှာပေါ့၊ အဲဒီလောက်တော့ ကျုပ်က နှစ်ဆမကဘူး လျော်နိုင်တယ် သိလား၊ ကျုပ် သဘောလိုက်လို့ ရထားတဲ့ငွေတွေ ဘဏ်မှာအပ်ထားတာ လုံလုံလောက်လောက် ရှိတယ်"

လွင်ဦး ငိုင်သွားပါ၏။

"ဟာဗျာ … အဲဒီလိုတော့ မလုပ်ပါနဲ့"

"မလုပ်ပါဘူး၊ ကျုပ်က ခင်ဗျားလို လူယုတ်မာ မဟုတ်ဘူး၊ ယောကျ်ားမဆန်တဲ့လူ မဟုတ်ဘူး၊ စာချုပ်ကတိအတိုင်း နှုတ်ကတိအတိုင်း လုပ်ပေးမယ့်လူ"

ပြောပြောဆိုဆို ကိုအောင်စည်သည် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ ပျဉ်ထောင်အိမ်လေးဆီသို့ ထွက်သွားပါ၏။

စိတ်မကောင်းစရာပင်။

ထိုနေ့မှာပင် စိုးစိုးနှင့် ကိုလွင်ဦးကို တရားသူကြီးရှေ့မှောက်ငယ် တရားဝင် စာချုပ်စာတမ်းနှင့် ကွာရှင်းခဲ့ကြသည်။

စိုးစိုး တကယ်ပြတ်သည်။

သူမ၏ ရပိုင်ခွင့်ကို ကိုလွင်ဦးထံမှ တစ်ပြားတစ်ချပ်မယူ။

သူမ၏ကားနောက်ဖုံးအိမ်ထဲတွင် လည်းကောင်း၊ နောက်ကူရှင်ခန်းတွင်လည်းကောင်း ဝင်ဆံ့သလောက် သူမ၏

www.burmeseclassic.com



ပစ္စည်းများကိုသာ ထည့်ပြီး ကိုယ်တိုင်မောင်းကာ ဒေါ်ဒေါ်အေးကို ဘေးမှထိုင်စေသည်။

"စိုးစိုး တားမရလို့ သွားတာတော့ သွားတာပေါ့ကွယ်၊ ဒါပေမဲ့ မနက်ကျမှ သွားပါ၊ ခုအချိန် မောင်းထွက်သွားရင် စိုးစိုး လမ်းမှာမိုးချုပ်သွားမယ်၊ စိုးစိုးနဲ့ မအေး မိန်းမသားနှစ်ယောက်တည်းရယ်၊ ကြီးကြီးတင့် စိတ်မချနိုင်လွန်းလို့ပါ"

"ရတယ် ကြီးကြီးတင့်၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူမြို့တိုင်းမှာ စိုးစိုး သူငယ်ချင်းတွေရှိတယ်၊ နောက်ပြီး ရန်ကုန်–မန္တလေး လမ်းတစ်လျှောက်က မြို့တိုင်း ရဲကင်းစခန်းတိုင်းမှာ ဖေဖေရဲ့တပည့်တပန်းတွေ ရှိတတ်ပါတယ်၊ အကူအညီလိုရင် ဖေဖေ့နာမည် ပြောလိုက်တာနဲ့ ကူညီမှာပါ၊ မိုးချုပ်သွားတဲ့မြို့က သူငယ်ချင်းအိမ်မှာ ဝင်အိပ်ပြီး မနက်မှ စိုးစိုး ဆက်သွားမှာပါ၊ စိတ်ချပါ ကြီးကြီးတင့်"

အပြီးအပိုင် ခွဲခွာတော့မည်မို့ ကြီးကြီးတင့်ကို ကန်တော့စဉ် ကြီးကြီးတင့်က မျက်ရည်စက်လက်ဖြင့် နောက်တစ်နေ့ မနက်မှသွားရန် တားမြစ်သေးသည်။

"ပြတ်ပြီ ဆိုတော့လည်း စိုးစိုးက တကယ်ပြတ်တာပါပဲလားကွယ်"

မှန်ပေသည်။

စိုးစိုးသည် ယခင်က ထက်သည်၊ မျက်သည်၊ စွာသည်၊ ဘယ်သူ့မဆို ရင်ကော့ ရင်ဆိုင်ခဲ့သည်။



ကိုလွင်ဦးနှင့် လက်ထပ်ပြီးကာမှ လှောင်အိမ်ထဲတွင် ဘိန်းကျွေးထားသော ကျားနှယ် မာန်စွယ်တွေ ကျခဲ့ရသည်။

ယခုမူ ကျွေးထားသောဆေးများ ပြယ်သွားသည့်နှယ် နဂိုဇီဇမာန်တွေ ပြန်ဝင်လာခဲ့သည်။

သည်တော့လည်း စိုးစိုးသည် နဂိုရင်းအတိုင်း ထက်သည်။ မျက်သည်။ စွာသည်။ ကိုလွင်ဦးကို ရင်ကော့ပြီး ရင်ဆိုင်သည်ပဲပေါ့။

စိုးစိုးသည် အတောင် အဖြတ်ခံထားရပြီး ဆီဥထောပတ်ကျွေးကာ ရွှေလှောင်အိမ်ထဲတွင် ထည့်ထားသည့် ငှက်ငယ်ဘဝကို ပြတ်ပြတ်သားသား ရွံမုန်းသွားလေပြီ။

တောတောင်ရေမြေအနံ့ မိမိတွင်ရှိသည့် အားမာန်ဖြင့် အတောင်ဖြန့်ကာ စိတ်လွတ် ကိုယ်လွတ် ပျံသန်းရမှုကိုသာ စိုးစိုး လိုလားတော့ပါ၏။

စိုးစိုးသည် တစ်မျှင်သော သံယောဇဉ်မှပင် မကျန်သော ပြတ်နည်းမျိုးဖြင့် ကိုလွင်ဦးအား ပြတ်ခဲ့လေပြီကော။

❋❖❋

www.burmeseclassic.com

www.burmeseclassic.com



## ၂၁ သုံး

(၅)လချိန်ခါ ရောက်ရှိသည်မှာ မြန်လိုက်ပါဘိ။

"လာဟေ့ စိုးစိုး၊ ငါ နှင့်ကို တမင်စောင့်နေတာ"

"ငါက နှင့်ရည်းစားမှ မဟုတ်တာ၊ ဘာကိစ္စ စောင့်နေတာလဲ ထားထား"

"ငါ့ရည်းစားဆိုရင် ငါက စောင့်မနေဘူးဟေ့၊ ငါကိုယ်တိုင် သူ့ဆီလိုက်သွားမှာ သိလား"

စိုးစိုးနှင့် ထားထား ရယ်မောကြသည်။

ထားထားက မန္တလေးဈေးချိုထဲတွင် တန်ဖိုးကြီးမားလှသော စိန်ရွှေရတနာဆိုင် ဖွင့်ထားသည်။ စိန်ရွှေရတနာဆိုင်ကို ဦးစီးလုပ်ကိုင်ပါ၏။

ထားထား၏ဖေဖေက ဂေါ်ဝိန်ဆိပ်တွင် ပွဲရုံထောင်ထားသည်၊ ထားထား မေမေက စိန်ရွှေရတနာဆိုင် တစ်လှည့် ဂေါ်ဝိန်ဆိပ်ပွဲရုံတစ်လှည့် ဟိုပြင်သည်ပြင် ကူးပါလို့ပုံစံ ဖြစ်နေသည်။



အိမ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ ကြီးကြီးတင့် မသိဘူးလား"

"သိတယ် လွင်ဦး၊ ငါ အားလုံးသိတယ်၊ ဒါပေမဲ့ ငါသိတာက စိုးစိုးဟာ ဘယ်တုန်းကမှ ဘယ်သူနဲ့မှ ဖြစ်ချင်တိုင်း မဖြစ်ခဲ့ဘူး ဆိုတာရယ်၊ မောင်အောင်စည်ဟာ သူ့သိက္ခာကို အင်မတန် စောင့်စည်းထိန်းသိမ်းတယ် ဆိုတာရယ်ကို ငါ သိတာဟေ့"

"အို ... ခင်ဗျားကြီး သိတာတွေက အလကားအကာရံပါကရံတွေပါ၊ ကွန်နားကို ကျွန်တော် သေချာစောင့်ကြည့်ခိုင်းခဲ့တယ်၊ ကင်မရာလည်း ပေးခဲ့တယ်၊ ကွန်နားက သူတို့နှစ်ယောက် ပလူးပလဲ ဖြစ်နေတာတွေကို ဓာတ်ပုံခိုးရိုက်ထားတယ်၊ အဲဒီကင်မရာနဲ့ ဖလင်ကို မင်းသားက သူတို့အရုပ်တွေ လက်ဆုပ်လက်ကိုင်ပေါ်မှာစိုးလို့ ကွန်နားဆီက လုယူပြီး ဖျောက်ဖျက်ပစ်တယ်လေ၊ အဲဒါတွေကော ခင်ဗျားကြီး သိရဲ့လား"

"အဲဒီဓာတ်ပုံတွေ အားလုံး မဖျောက်ဖျက်ပစ်ပါဘူး ကိုလွင်၊ ဓာတ်ပုံတွေအားလုံး စိုးစိုးဆီမှာ ရှိနေပါတယ်"

စိုးစိုး၏အသံ ထွက်ပေါ်လာသည်။ လေအေးလေးပြောသည်။ တစ်လှမ်းချင်း ရှေ့သို့ တိုးလာသည်။

"ဟောဒီမှာ ကိုလွင် လိုချင်တဲ့ ဓာတ်ပုံတွေ၊ ကွန်နားရိုက်ထားတဲ့ ဓာတ်ပုံတွေဟာ၊ အစ်ကိုအောင်နဲ့ စိုးစိုး လင်ရှိဗာကားနဲ့ အတူတွဲစီးတဲ့ပုံ၊ တစ်ယောက်ကဆို တစ်ယောက်က စန္ဒရားတီးနေတဲ့ပုံ၊ ဈေးထဲမှာ ရင်နဲ့ကျောကပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နေကြတဲ့ပုံ၊ အဲ ... နောက်ဆုံးပုံကတော့ နေ့ခင်းကြောင် တောင် လူမြင်ကွင်း ရေတွင်းဘေးမှာ စိုးစိုးကို အစ်ကို အောင်က ပွေ့ပိုက်ထားတဲ့ပုံတွေ၊ အကုန်လုံး ကွန်နားရိုက် ထားသမျှ ရှိပါတယ်၊ လုံးဝမဖျောက်ဖျက်ပါဘူး၊ အဲဒီ ဓာတ်ပုံတွေအရ ကိုလွင် လိုချင်တာလည်း ရမယ်၊ ကိုလွင် ဖြစ်ချင်တာလည်း ဖြစ်လာလိမ့်မယ်၊ စိတ်ချ ကိုလွင်"

"ဟဲ့ ... ဟဲ့ ... စိုးစိုး၊ ဘာတွေပြောနေတာလဲဟင်"

ကြီးကြီးတင့်က ဝင်ရောက်ပြီး စိုးစိုးအား ဟန့်တား လိုက်သည်။

စိုးစိုးက ဣန္ဒြေတစ်ချက်မပျက်။ မျက်နှာထား အမူအရာပုံမှန် သွေးအေးရှိနေသည်။

ဒါကိုပင် ကိုလွင်ဦး ပါးစပ်အဟောင်းသားဖြင့် အံ့ဩသွားရပါ၏။

စိုးစိုး၏လက်ထဲတွင် ဓာတ်ပုံတွေနှင့် စာတစ်စောင် ကိုင်ထားသည်ကိုလည်း အားလုံး တွေ့မြင်နေရပါ၏။

စိုးစိုးက လက်ထဲမှစာကို ကိုလွင်ဦးအား ထောင်ပြ လိုက်သည်။ ပြီး ကြီးကြီးတင့်ကိုလည်း ပြလိုက်သည်။

"ဒီမှာလေ ကြီးကြီးတင့်၊ ဒီစာဟာ ကိုလွင့်ကို မိုးကုတ်က အန်ကယ်ဦးဘပွားက ပေးထားတဲ့စာလေ၊ စာထဲမှာ ကြီး ကြီးတင့်က ကိုလွင့် အကြောင်း တိုင်ကြားပေးထားတဲ့ အချက်တွေလည်းပါတယ်၊ အတိုချုပ်ကတော့ ကိုလွင်က ကိုယ်ပိုင်ရုပ်ရှင်ထောင်ဖို့ မိုးကုတ်က ဖခင်ဆီမှာ ငွေဆက် သိန်းထုတ်ပေးဖို့ တောင်းခံတဲ့စာပဲ၊ အဲဒါ အန်ကယ်



ဦးဘပွားက ကိုလွင် ရုပ်ရှုပ်ယုက်ယုက်တွေ လုပ်နေသရွေ့ ငွေမပေးနိုင်ဘူး၊ စိုးစိုးမှာ အပြစ်မရှိဘဲနဲ့ တခြားအမျိုးသမီး နဲ့ အဖြစ်မခံနိုင်ဘူးလို့ ပြန်စာရေးထားတာပဲ"

"တော်တော့ စိုးစိုး၊ မင်း တစ်လုံးမှ ထပ်မပြောနဲ့တော့"

ကိုလွင်က ဒေါသသံဖြင့် စိုးစိုးကို အမိန့်ပေးလိုက် သည်။

"မတော်ပါဘူး ကိုလွင်၊ ဟိုတုန်းကတော့ စိုးစိုးမှာ ကိုလွင် က ထပ်မပြောနဲ့လို့ အမိန့်ပေးရင် တစ်လုံးမှ ထပ်မပြော ရေငုံနေခဲ့ပါတယ်၊ အခု ကိုလွင်ဟာ စိုးစိုးကို ဘယ်လိုမှ အမိန့်ပေးလို့ မရတော့ဘူး ကိုလွင်၊ မရတော့ဘူး"

"ဒါပေါ့ ... ဒါပေါ့ ... မင်းမှာ အားကိုးရှိနေပြီကိုး"

"မရှိပါဘူး ကိုလွင်၊ အခုအချိန်ထိ ၁၃ ရားပေးပေး ကျမ်း ပေးပေး စိုးစိုးမှာ အားကိုးလုံးဝမရှိပါဘူး၊ တကယ်လို့ ကိုလွင်က အစ်ကိုအောင်ကို ရည်ရွယ်ပြောတယ် ဆိုရင် တော့ သိပ်ကိုမှားသွားပြီ၊ အစ်ကိုအောင်က သူ့ကို အား ကိုးပါလို့ ခုချိန်ထိ တစ်လုံးတစ်ပါဒမှ မပြောဖူးသေးပါဘူး ကိုလွင်၊ တကယ်တော့ ဒီဓာတ်ရုပ်ကြီးကို မရုပ်ရုပ်အောင် ဖန်တီးလိုက်သူက ကိုလွင်ပါ"

"ဘာကွ ... မင်းက ငါ့ကို"

"ဒေါသမကြီးနဲ့ ကိုလွင်၊ ရှေ့ဆက်ပြီး စိုးစိုးကို ဒေါသကြီး တာတွေ၊ အပြစ်တင်တာတွေ၊ အနိုင်ကျင့်တာတွေ ကိုလွင့် မှာ မရှိစေရတော့ပါဘူး၊ တကယ်တော့ ကိုလွင်ဟာ ရေ လိုက်လွဲခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငါ ရေလိုက်လွဲတယ် ဟုတ်လား"

"ဟုတ်တယ် ... ရေလိုက်လွဲတယ်၊ ကိုလွင်ဟာ မိုးကုတ်က ဖေဖေ့ဆီက ငွေဆယ်သိန်း လိုချင်တယ်၊ အိမ်ရှေ့စင်ကိုလည်း လိုချင်တယ်၊ ကိုလွင်လိုချင်တဲ့ နှစ်ခုစလုံးကို မရနိုင်စေဘဲ ကန့်လန့်ကြီး ကြားကခံနေတာက စိုးစိုးလေ၊ ဒီတော့ စိုးစိုးမှာ အပြစ်တွေရှိလာအောင် ကိုလွင်က ကျားကွက်တွေ ဆင်ပြီး ဖန်တီးယူတယ်၊ ဒါပေမဲ့ ကိုလွင် ဆင်တဲ့ ကျားကွက်ထဲကို တစ်ဖက်ကျားက ဝင်မလာဘူး၊ စိုးစိုး မှန်တာ ပြောမယ် ကိုလွင်၊ ခုချိန်ကစပြီး စိုးစိုးဟာ ပြောရဲဆိုရဲ တစ်ယောက် ဖြစ်သွားပါပြီ ကိုလွင်၊ ငယ်စဉ်နုစဉ် တစ်ခါတုန်းက အစ်ကိုအောင်နဲ့ စိုးစိုးဟာ သံယောဇဉ်ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ပြန်လည်တွေ့ဆုံကြတဲ့ အချိန်မှာတော့ နှစ်ယောက်စလုံး သိက္ခာစောင့်စည်းတယ်၊ ကင်းမှကင်း ရှင်းမှရှင်းပါ ကိုလွင်၊ အစ်ကိုအောင်နဲ့ စိုးစိုးဟာ ပြန်လည်တွေ့ချိန်မှာ ဆံတစ်ချည် ဖုန်တစ်မှုန့် မမှားခဲ့ကြဘူး၊ ဒါလည်း ကိုလွင့် ရင်ထဲက သိပါတယ်၊ ဒီလို ကင်းကင်းရှင်းရှင်း မမှားကြတာဟာပဲ ကိုလွင် ဆင်တဲ့အကွက်ထဲ မဝင်အောင် ဖြစ်ခဲ့တာ မဟုတ်လား၊ ဒီတော့ စီးပွားရေးအကြောင်းပြပြီး မှားယွင်းစေလိုသောဆန္ဒနဲ့ အစ်ကိုအောင်အပေါ်မှာ စိုးစိုး ပျူငှာဖို့၊ ဖော်ရွေဖို့၊ ရင်းရင်းနှီးနှီးနေဖို့ တိုက်တွန်းပြန်တယ်၊ စိုးစိုး စိတ်တစ်ပတ်ပြန်လည်အောင် အစ်ကိုအောင် တော်ကြောင်းတွေ၊ ယောကျ်ားပီသကြောင်းတွေ၊ ချီးမွမ်းစကားတွေ တွင်တွင်ကြီး စိုးစိုးကိုပြောပြတယ်



နောက်ဆုံး နှစ်ယောက်တည်း လွှတ်ပေးတဲ့အထိ အကွက်ဆင်ခဲ့တယ်လေ၊ မှားလိုက်ပါဘိ ကိုလွင်ရယ်၊ ကိစ္စက လွယ်လွယ်လေးရယ်၊ အပ်နဲ့ထွင်းရမယ့်ကိစ္စပါ၊ ပုဆိန်ပေါက်ခံရာမှ မလိုတာ"

"သြော် ... သြော် ... ငါက အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်တယ်၊ ရေလိုက်လွဲတယ် ဟုတ်လား၊ မင်းစကားကို မင်းပဲ ရှင်းစမ်းပါဦး"

စိုးစိုး၏ ပျော့လျှင်ဖယောင်း၊ မာလာသောအခါ သံချောင်းပုံစံကို အားလုံး ငေးကြည့်ရသည်အထိ ဖြစ်လာပါ၏။ ဟိုတစ်ချိန်လုံး တီကောင်မလေးသဖွယ် အနိုတုဖက်ပြိုင်ခြင်းလုံးဝမရှိဘဲ တစ်ဖက်သားပြုသမျှ လူးလူးလိမ့်လိမ့်နှင့် ခံခဲ့သော စိုးစိုးသည် ယခု မြွေဟောက်မလေး ပါးပျဉ်းထောင်သည့်နှယ် ပေါက်တော့မည့်အသွင် ရှိနေသည်။

"ကိုလွင်နဲ့ စိုးစိုးတို့ လက်ထပ်လာကြတာကိုက အနှစ်သာရမှ မပါရှိခဲ့တာဘဲ ကိုလွင်၊ မိဘချင်း အကြောင်းပြုပြီး မန္တလေးမင်္ဂလာဆောင်တစ်ခုမှာ ကိုလွင်နဲ့ စိုးစိုးတို့ စတင်တွေ့ဆုံကြတယ်၊ ကိုလွင်ရဲ့ရှူးရှူးဒိုင်းဒိုင်း စိတ်ဓာတ်အရ စိုးစိုးကို မြင်တွေ့တာနဲ့ လက်ထပ်ချင်လှချည့်ရဲ့ ဖြစ်လာတယ်၊ စိုးစိုး ပြောတာတွေ ဟုတ်ပါတယ်နော် ကိုလွင်၊ တစ်လုံးမှ အပိုမပါပါဘူး"

လွင်ဦးက ဘာမှပြန်မပြောပါလေ။ မျက်နှာကြီး ရှုံ့ခေါက်ချိုးနှင့် သုန်မှုန်နေပေသည်။ စိုးစိုးက မမောမပန်းဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



“စိုးစိုး မရှက်မကြောက် ပြောပြမယ် ကိုလွင်၊ စိုးစိုးကို မြင်မြင်ချင်း လက်ထပ်ချင်လှချည်ရဲ့လို့ ကိုလွင့် စိတ်ထဲက ဖြစ်ခဲ့တာဟာ ရင်ထဲ နှလုံးထဲကလာတဲ့ မေတ္တာစိတ်ကြောင့်မှ မဟုတ်တာ၊ သွေးသားထဲက စိမ့်ထွက်လာတဲ့ ရမ္မက်ဆန္ဒကြောင့် လက်ထပ်ချင်တာပဲ မဟုတ်လား၊ အဲဒီတုန်းက စိုးစိုးဟာ ရုပ်ရော ခန္ဓာကိုယ်ရော သိပ်လှ သိပ်စွဲမက်စရာ ကောင်းတယ်လေ”

“သမီး စိုးစိုး၊ အဲဒီလိုတော့ မပြောနဲ့ကွယ်၊ သမီး စိုးစိုး အပျိုတုန်းကနဲ့ အခုနဲ့ ဘာမှ ကွာခြားသွားချက် မရှိဘူး၊ အခုလည်း စိုးစိုးဟာ အရင်လိုပဲ လှနေမှန်း အချိုးအဆစ် ပြေပြစ်နေမှန်း ကြီးကြီးတင့်တို့ မျက်မြင်ပဲဟာ”

“ကြီးကြီးတင့် ပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမဲ့ စိုးစိုးက တစ်ပတ်ရစ်ဖြစ်သွားပြီလေ၊ အသစ်နဲ့စာရင် ဟောင်းသွားပြီလေ၊ နောက်ပြီး သဘာဝစိတ်ဓာတ် မခိုင်မာတဲ့လူ၊ အသစ်အဆန်းသော ပစ္စည်းကိုသာ မက်မောတတ်တဲ့, လူတစ်ယောက်အဖို့ လက်ထဲမှာ ကြာလာတဲ့ ပစ္စည်းအပေါ်မှာ ရိုးသွားတယ်၊ အီသွားတယ်ပေါ့ ကြီးကြီးတင့်၊ စိုးစိုး ပြောခဲ့ပြီပဲ၊ ကိုလွင်က စိုးစိုးကို လက်ထပ်ချင်လှချည်ရဲ့ဆိုတာဟာ ရမ္မက်သက်သက်ကြောင့်ပါလို့၊ အမှန်တော့ စိုးစိုး အပြစ်လည်း ပါပါတယ်၊ ဖေဖေနဲ့ မေမေက စိုးစိုးရဲ့အိမ်ထောင်ဖက်အဖြစ်နဲ့ မောင်လွင်ဦးဟာ သင့်တော်တဲ့အကြောင်း နားချတာကို စိုးစိုးက ဖေဖေနဲ့မေမေသဘော



ဆိုပြီး ခေါင်းညိတ်လက်ခံမိတာကို၊ အဲဒီမှာတင် ဘုန်းကြီးရှူးနဲ့ လှေလှူး ဇာတ်ခင်းတာပဲ”

“ဘုန်းကြီးရှူးနဲ့ လှေလှူးလို ဘာလို့ စိုးစိုး ပြောတာပဲကွယ်၊ ကြီးကြီးတင့်တော့ စိုးစိုး ပြောတာတွေ ကြားရတာ ငိုချင်လာတယ်”

“မငိုချင်ပါနဲ့ ကြီးကြီးတင့်၊ စိုးစိုး ကိုယ်တိုင်ကပဲ မငိုချင်တော့တာပဲ၊ ဘုန်းကြီးရှူးနဲ့ လှေလှူး ဇာတ်ဆိုတာ တစ်ယောက်က ရမ္မက်ကြောင့် လက်ထပ်ချင်တယ်၊ နောက်တစ်ယောက်က အိမ်ထောင်ရေးသက်သက်ကို ဦးနှောက်နဲ့ စဉ်းစားပြီး ပြန်လက်ထပ်တယ်၊ အဲဒါ ဘုန်းကြီးရှူးနဲ့လှေလှူးလေ၊ နှလုံးသားမေတ္တာကို ဘေးချိတ်ထားခဲ့ကြတဲ့ လူနှစ်ဦးရဲ့ဇာတ်လမ်းပေါ့၊ အနှစ်သာရမပါတဲ့ အိမ်ထောင်တစ်ခုဟာ ကြာတော့လည်း မခိုင်မြဲချင်တဲ့ သဘောလေးတွေ ရှိလာတယ်၊ ဒါပေမဲ့ စိုးစိုးက မိန်းမသားဆိုတော့ တည်မိတဲ့ဘုရား လင်းတ နားနားဆိုပြီး ဇနီးမယားတစ်ယောက်ရဲ့တာဝန် မပျက်စေရဘူး၊ လုပ်ကိုင်ပေးတယ်၊ ကိုယ်ကျင့်တရားကို ထိခိုက်စေတဲ့ သစ္စာမဲ့တာမျိုးတွေ မဖြစ်အောင် စောင့်စည်းခဲ့တယ်၊ အဲဒီလို အခြေအနေမှာ ယောကျာ်းသားဖြစ်ရုံမက စိတ်အလိုနဲ့ ဆန္ဒနောက်ကိုသာ လိုက်တတ်တဲ့ ကိုလွင်ဟာ စိုးစိုးရေ မင်းကိုတော့ ငါငြီးငွေ့ပြီ၊ မပေါင်းချင်တော့ဘူး၊ ကွာကြပါစို့လို့ တစ်ခွန်းဖွင့်ပြောလိုက်ရင် စိုးစိုးကလည်း ကောင်းသားပဲ ကိုလွင် ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းမှုကို လက်ခံမှာပါ၊ အဲဒီလို လွယ်လွယ်နဲ့ပြီးနိုင်တဲ့ ကိစ္စကို တကတဲ ထောင်ချောက်ကြီးတွေချ၊ အကွက်ကြီးတွေဆင်ပြီး စိုးစိုးကိုကွာဖို့ လျှောက်လုပ်နေတာဟာ ကိုလွင်ရေလိုက်လွဲပြီး ပုဆိန်နဲ့ပေါက်ရာ ရောက်နေတယ်လို့ စိုးစိုးက ဆိုလိုတာပါ”

“သြော် ... သြော် ... ဒါဆို မင်းက ကွာရှင်းမယ်ဆို ကွာရှင်းဖို့ အသင့်ပေါ့ ဟုတ်လား”

“ကြိုက်တာ တရားသူကြီးတစ်ယောက်ကို ပင့်ခေါ်လိုက်ပါ ကိုလွင်၊ စိုးစိုးက ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ အဆင်သင့် ဖြစ်နေပါပြီ”

“ဒါကို ကြီးကြီးတင့် လက်မခံဘူး၊ စိုးစိုး ဘာတွေလျှောက်ပြောနေတာလဲ၊ မကွာရဘူး၊ စိုးစိုး ဘာအပြစ်မှ မရှိတာကို ကြီးကြီးတင့် ဟစ်တိုင်တက်ပြီး ဟစ်ပြောရ ပြောရ”

“လက်ခံလိုက်ပါတော့ ကြီးကြီးတင့်၊ ကိုလွင့် စိတ်ထဲမှာထင်နေတာက စိုးစိုးဟာ သူ့ ချမ်းသာကြွယ်ဝနေတာတွေကို မက်မောပြီး ကွာမှာမဟုတ်ဘူး၊ ဒီမိန်းမရဲ့အပြစ်တွေပြပြီးမှ ကွာလို့ရမှာလို့ ထင်နေတာပါ၊ ဟွန်း ... ကိုလွင့်ဆီက အပ်တစ်ချောင်းတောင် မလိုချင်ဘူး၊ စိုးစိုး ကွာပေးပါမယ်၊ ရှေ့ဆက်ပြီး ပေါင်းနေလည်း နှစ်ယောက်စလုံး စိတ်ဆင်းရဲနေကြမှာပဲဟာ၊ အဲ ... ကိုလွင့်အဖို့ စိုးစိုးနဲ့ ကွာရှင်းတဲ့နေရာမှာ စိုးစိုးရဲ့အပြစ်တွေ ပြလေမှ ကိုလွင့် ဖေဖေက ကိုလွင် လိုချင်တဲ့ ငွေကြေးထုတ်ပေးမှာဆိုရင်



ရော့ ... ဟောဒီမှာ ဓာတ်ပုံတွေ၊ ကိုလွင့် ဖေဖေနဲ့မေမေကို ပြ၊ စိုးစိုးဟာ လင်ငယ်နေတယ်၊ ဖောက်ပြန်တယ်၊ ဒီဓာတ်ပုံတွေကြည့်ပါ၊ ဒါကြောင့် ကွာရတာပါလို့ပြော၊ ရတယ် ... စိုးစိုးကတော့ ကွာပြီးရင် ပြီးရောပဲ”

စိုးစိုးသည် ဓာတ်ပုံတွေအားလုံး ကိုလွင်ဦး လက်သို့ ပေးလိုက်သည်။

လွင်ဦးက လိုလိုလားလားပင် လှမ်းယူပါ၏။

“စိုးစိုး”

တစ်ချိန်လုံး ငြိမ်ပြီးနားထောင်ပြီး တစ်လုံးမှ ကြားဝင်မပြောခဲ့သော ကိုအောင်စည်က စိုးစိုးကို သံပြတ်နှင့် ခေါ်လိုက်သည်။

“ဒီလောက် အခြေအနေအထိ စိုးစိုး မဖြစ်သင့်ဘူး၊ လင်နဲ့မယားပဲ အခြေအနေဆိုးကို သွေးအေးအေးနဲ့ ပြန်ညှိယူရင် အခြေအနေကောင်း ပြန်ဖြစ်နိုင်ပါတယ်”

စိုးစိုးသည် ကိုအောင်စည်၏စကားကို လုံးဝနားဝင်သက်ခံခြင်း အရိပ်အမြွက်ပင် မပြပါလေ။

ဒေါ်ဒေါ်အေး ဘက်သို့ စိုးစိုး လှည့်လိုက်သည်။

“ဒေါ်ဒေါ်အေး ... စိုးစိုးရဲ့အဝတ်အစားတွေကို သိမ်းပါ၊ ဒေါ်ဒေါ်အေးပစ္စည်းတွေလည်း သိမ်းပါ၊ စိုးစိုးရဲ့တိုယိုတာကားနဲ့ မန္တလေးကိုပြန်မယ်၊ စိုးစိုးရဲ့ အဝတ်အစားတွေအားလုံး မယူနိုင်လို့ ကျန်တာတွေ ကျန်ပါစေ၊ နောက်မှ ဖေဖေ စီစဉ်ပြီး ယူခိုင်းပေးရင် ရပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်အေးသည် ချာကနဲ လှည့်သွားပြီး စိုးစိုး ခိုင်းသမျှ လုပ်ဆောင်ရန် အဆင်သင့် ဖြစ်နေပါ၏။

"ဟဲ ... ဟဲ ... ဟဲ ..."

ကိုလွင်ဦးက ရယ်လိုက်သည်။

"သိပ်ကို အဆင်ပြေသွားတာပေါ့ စိုးစိုး၊ ငါ့အနေနဲ့ ဒီအခွင့်အရေးရဖို့ ကြံလိုက် ဖန်လိုက်ရတာ၊ အခုရမယ့်ရတော့လည်း လွယ်လွယ်လေးပါလား၊ ငါ အခုပဲ ငါ့မိတ်ဆွေထဲက တရားသူကြီးတစ်ယောက်ကိုရော ကွာရှင်းစာချုပ်ရော သွားခေါ်ယူလာမယ်"

"အဆင်သင့်ပဲ ကိုလွင်၊ စာချုပ်ထဲမှာ ကိုလွင် ရေးချင်တာတွေရေးခဲ့၊ စိုးစိုး လက်မှတ်ထိုးပေးဖို့ အဆင်သင့်ပဲ"

"ဟယ် ... စိုးစိုး"

ကြီးကြီးတင့် သူ့ရင်ဘတ်ကို သူ့လက်ဝါးဖြင့်အုပ်ထားမိပါ၏။

"တစ်ခုတော့ရှိတယ် စိုးစိုး၊ မင်းနဲ့ငါ လင်ခန်း မယားခန်း ပြတ်စဲကြပြီဆိုရင် လင်ပိုင်သင့် မယားပိုင်သင့် ပစ္စည်းကိစ္စတွေ ရှိသေးတယ်"

"စိုးစိုး ကိုလွင်ရဲ့ပစ္စည်း ဘာဆိုဘာမှ မယူပါဘူး ကိုလွင်၊ ယုတ်စွအဆုံးပြောမယ်၊ ကိုလွင်နဲ့ လက်ထပ်ပြီးမှ ဝယ်တဲ့ လက်ဝတ်လက်စားတွေ ချုပ်ထားတဲ့ အဝတ်အထည်တွေတောင် မယူသွားဘူး၊ စိုးစိုး မိဘက ထည့်ပေးလိုက်တဲ့ လက်ဝတ်လက်စားနဲ့ အဝတ်အထည်ကိုသာ ယူမယ်စိတ်ချ၊ ဘာဆိုဘာမှ မမက်ဘူး"



"ကောင်းပါလေရဲ့ကွာ၊ မင်းဟာ တာဝတိံသာ နတ်ပြည် ရောက်မယ့် နတ်သမီးလောင်းလေးပဲ၊ ကဲ ... ငါသွားပြီး ကွာရှင်းဖို့ အားလုံးစီစဉ်ခဲ့မယ်"

ကိုလွင်ဦး ထွက်သွားရန် ခြေလှမ်းလိုက်သည်နှင့် ကိုအောင်စည်က ရှေ့မှ မားမားကြီးရပ်ပြီး ဟန့်တားလိုက်သည်။

"နေဦး ကိုလွင်ဦး၊ ခင်ဗျားနဲ့ စိုးစိုးကိစ္စမှာ ဘယ်လိုပဲ ရှင်းရှင်းပေါ့ဗျာ၊ ဒါဟာ ခင်ဗျားတို့ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းပဲ၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါပေမဲ့ ကျုပ်နဲ့ သက်ဆိုင်နေတဲ့ ကဏ္ဍကတော့ ခင်ဗျားနဲ့ကျုပ် ရှင်းရမယ်"

"အဲမာ ... မင်းသားက ဘာရှင်းချင်သေးလို့လဲ"

"ခင်ဗျားလက်ထဲက ကွန်နား ရိုက်ထားသမျှ ဓာတ်ပုံတွေ ကျုပ်ကိုပေးပါ၊ ဓာတ်ပုံတွေထဲမှာ ကျုပ်ပါနေတယ်၊ ဒီဓာတ်ပုံတွေကိုပြပြီး ခင်ဗျား သွားပုပ်လေလွင့်တွေ လျှောက်ပြောရင် ကျုပ်ရဲ့သိက္ခာကို အများကြီး ထိခိုက်စေတယ်၊ ကျုပ်အနေနဲ့ စိုးစိုးလို ဘဝကိုစတေးတာမျိုး မစတေးနိုင်ဘူး၊ စိုးစိုးလိုလည်း သဘောထား မကြီးနိုင်ဘူး၊ ဒီတော့ ခင်ဗျားလက်ထဲက ဓာတ်ပုံတွေအားလုံး ကျုပ်ကိုပေးပါ"

"မပေးဘူး ဆိုရင်ကောဗျာ"

"ဒီနေရာမှာ ခင်ဗျား ပွဲချင်းပြီး သေသွားနိုင်တယ်၊ ကျုပ်က ကြိုးစင်တက်ရမယ်၊ ကျုပ်အရှက်နဲ့သိက္ခာကို အသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ"

ကိုအောင်စည်၏စကားကို ကိုလွင်ဦး ဖြုံသွားသည်။ လူပုဂ္ဂိုလ်အနေနှင့်လည်း ကိုအောင်စည်အား ကိုလွင်ဦး ဖြုံသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စည်သည် ဘာမဆို ပြောသလိုလုပ်မှန်း ကိုလွင်ဦး အသိ။ ပြီး ... သည်နေရာတွင် ယှဉ်ပြိုင်စတမ်းဆိုလျှင် ကိုလွင်ဦး တကယ်ပင် ပွဲချင်းပြီးသွားနိုင်မှန်း ကိုယ့်ဟာကိုယ်သိသည်။ ခုနပင် ခံလိုက်ရသေးသည်။ ကိုလွင်ဦး အလျှော့ပေးပါ၏။

"ဟဲ ... ဟဲ ... ရော့ ... ယူ အားလုံး"

ဓာတ်ပုံအားလုံး ပြန်ပေးသည်။ ကိုအောင်စည်က အားလုံးကို ပြန်ဆက်၍မရအောင် အစိတ်စိတ် အမွှာမွှာ ဆုတ်ဖြဲပစ်လိုက်သည်။

"ဒီမယ် မင်းသား၊ ခင်ဗျား ခြိမ်းခြောက်တာကို ကြောက်ပြီး ပြန်ပေးတယ် မထင်နဲ့၊ ဒီဓာတ်ပုံတွေ မရှိလည်း စိုးစိုးနဲ့ ကွာရှင်းလို့ရနေပြီက တစ်ချက်၊ နောက်တစ်ချက်က ကျုပ် သိန်းနဲ့ချီရင်းထားတဲ့ဓာတ်က ခင်ဗျားနဲ့ ဆက်ရိုက်ဖို့ မပြီးပြတ်သေးလို့ ဆက်ပြီးရိုက်ချင်တာက တစ်ချက်ကြောင့် ကျုပ် အလျှော့ပေးလိုက်တယ် မှတ်ပါ၊ အေး ... တစ်ဆက်တည်း ကျုပ်ကပဲ တောင်းပန်သင့်တယ်ပေါ့ဗျာ၊ ကျုပ်နဲ့ စိုးစိုး အခုဖြစ်တဲ့ ကိစ္စကြောင့်တော့ ခင်ဗျားက ကျုပ်ဓာတ်ကားကို ဆက်ပြီးမရိုက်ဘဲ မနေပါနဲ့လို့"

"ကျုပ် ယောကျ်ားပါ ကိုလွင်ဦး၊ ယောကျ်ားဆိုတာ သဘောထားကြီးရတယ်၊ စိတ်ထား မယုတ်မာရဘူး၊ စိုးစိုးနဲ့ ခင်ဗျားကိစ္စ ဘေးချိတ်ထား၊ အခုနေ ကျုပ်စိတ်ထားယုတ်ညံ့ပြီး ခင်ဗျားဓာတ်ကို ကျုပ် မင်းသားအနေနဲ့ဆက်မရိုက်ဘူးဆိုရင် အခုပဲ နှစ်သိန်းလောက် ခင်ဗျား အရင်းဝင်နေပြီ၊ ခင်ဗျား ခံရပြီ သိလား"



"တရားဥပဒေဆိုတာ ရှိသေးတာပဲဗျာ၊ စာချုပ်နဲ့ လုပ်ခဲ့တာပဲ၊ ခင်ဗျား ပျက်ကွက်ရင် တရားရုံးမှာ ဖြေရှင်းရုံပေါ့"

"ရှင်းလေ ... ဘာပြုလဲ၊ တရားရုံးက စာချုပ်အရ ကျုပ်ပျက်ကွက်မှုအတွက် စရန်ငွေ နှစ်ဆပြန်လျော်လို့ပဲ ချမှတ်မှာပေါ့၊ အဲဒီလောက်တော့ ကျုပ်က နှစ်ဆမကဘူး လျော်နိုင်တယ် သိလား၊ ကျုပ် သဘော်လိုက်လို့ ရထားတဲ့ငွေတွေ ဘဏ်မှာအပ်ထားတာ လုံလုံလောက်လောက် ရှိတယ်"

လွင်ဦး ငိုင်သွားပါ၏။

"ဟာဗျာ ... အဲဒီလိုတော့ မလုပ်ပါနဲ့"

"မလုပ်ပါဘူး၊ ကျုပ်က ခင်ဗျားလို လူယုတ်မာ မဟုတ်ဘူး၊ ယောကျ်ားမဆန်တဲ့လူ မဟုတ်ဘူး၊ စာချုပ်ကတိအတိုင်း နှုတ်ကတိအတိုင်း လုပ်ပေးမယ့်လူ"

ပြောပြောဆိုဆို ကိုအောင်စည်သည် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ ပျဉ်ထောင်အိမ်လေးဆီသို့ ထွက်သွားပါ၏။

စိတ်မကောင်းစရာပင်။

ထိုနေ့မှာပင် စိုးစိုးနှင့် ကိုလွင်ဦးကို တရားသူကြီး ရှေ့မှောက်ငယ် တရားဝင် စာချုပ်စာတမ်းနှင့် ကွာရှင်းခဲ့ကြသည်။

စိုးစိုး တကယ်ပြတ်သည်။

သူမ၏ ရပိုင်ခွင့်ကို ကိုလွင်ဦးထံမှ တစ်ပြားတစ်ချပ်မယူ။

သူမ၏ကားနောက်ဖုံးအိမ်ထဲတွင် လည်းကောင်း၊ နောက်ကူရှင်ခန်းတွင်လည်းကောင်း ဝင်ဆံ့သလောက် သူမ၏

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကိုသာ ထည့်ပြီး ကိုယ်တိုင်မောင်းကာ ဒေါ်ဒေါ်အေးကို အေးမှထိုင်စေသည်။

"စိုးစိုး တားမရလို့ သွားတာတော့ သွားတာပေါ့ကွယ်၊ ဒါပေမဲ့ မနက်ကျမှ သွားပါ၊ ခုအချိန် မောင်းထွက်သွားရင် စိုးစိုး လမ်းမှာမိုးချုပ်သွားမယ်၊ စိုးစိုးနဲ့ မအေး မိန်းမသားနှစ်ယောက်တည်းရယ်၊ ကြီးကြီးတင့် စိတ်မချနိုင်လွန်းလို့ပါ"

"ရထယ် ကြီးကြီးတင့်၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူမြို့တိုင်းမှာ စိုးစိုး သူငယ်ချင်းတွေရှိတယ်၊ နောက်ပြီး ရန်ကုန်-မန္တလေး လမ်းတစ်လျှောက်က မြို့တိုင်း ရဲကင်းစခန်းတိုင်းမှာ ဖေဖေရဲ့တပည့်တပန်းတွေ ရှိတတ်ပါတယ်၊ အကူအညီလိုရင် ဖေဖေ့နာမည် ပြောလိုက်တာနဲ့ ကူညီမှာပါ၊ မိုးချုပ်သွားတဲ့မြို့က သူငယ်ချင်းအိမ်မှာ ဝင်အိပ်ပြီး မနက်မှ စိုးစိုး ဆက်သွားမှာပါ၊ စိတ်ချပါ ကြီးကြီးတင့်"

အပြီးအပိုင် ခွဲခွာတော့မည်မို့ ကြီးကြီးတင့်ကို ကန်တော့စဉ် ကြီးကြီးတင့်က မျက်ရည်စက်လက်ဖြင့် နောက်တစ်နေ့ မနက်မှသွားရန် တားမြစ်သေးသည်။

"ပြတ်ပြီ ဆိုတော့လည်း စိုးစိုးက တကယ်ပြတ်တာပါပဲ လားကွယ်"

မှန်ပေသည်။

စိုးစိုးသည် ငယ်စဉ်က ထက်သည်၊ မျက်သည်၊ စွာသည်၊ ဘယ်သူ့မဆို ရင်ကော့ ရင်ဆိုင်ခဲ့သည်။



ကိုလွင်ဦးနှင့် လက်ထပ်ပြီးကာမှ လှောင်အိမ်ထဲတွင် ဘိန်းကျွေးထားသော ကျားနှယ် မာန်စွယ်တွေ ကျခဲ့ရသည်။

ယခုမူ ကျွေးထားသောဆေးများ ပြယ်သွားသည့်နှယ် နဂိုဗီဇမာန်တွေ ပြန်ဝင်လာခဲ့သည်။

သည်တော့လည်း စိုးစိုးသည် နဂိုရင်းအတိုင်း ထက်သည်။ မျက်သည်။ စွာသည်။ ကိုလွင်ဦးကို ရင်ကော့ပြီး ရင်ဆိုင်သည်ပဲပေါ့။

စိုးစိုးသည် အတောင် အဖြတ်ခံထားရပြီး ဆီဥထောပတ်ကျွေးကာ ရွှေလှောင်အိမ်ထဲတွင် ထည့်ထားသည့် ငှက်ငယ်ဘဝကို ပြတ်ပြတ်သားသား ရွံမုန်းသွားလေပြီ။

တောတောင်ရေမြေအနံ့ မိမိတွင်ရှိသည့် အားမာန်ဖြင့် အတောင်ဖြန့်ကာ စိတ်လွတ် ကိုယ်လွတ် ပျံသန်းရမှုကိုသာ စိုးစိုး လိုလားတော့ပါ၏။

စိုးစိုးသည် တစ်မျှင်သော သံယောဇဉ်မှပင် မကျန်သော ပြတ်နည်းမျိုးဖြင့် ကိုလွင်ဦးအား ပြတ်ခဲ့လေပြီကော။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## သုံး

(၅)လချိန်ခါ ရောက်ရှိသည်မှာ မြန်လိုက်ပါဘိ။

"လာဟေ့ စိုးစိုး၊ ငါ နှင့်ကို တမင်စောင့်နေတာ"

"ငါက နှင့်ရည်းစားမှ မဟုတ်တာ၊ ဘာကိစ္စ စောင့်နေတာလဲ ထားထား"

"ငါ့ရည်းစားဆိုရင် ငါက စောင့်မနေဘူးဟေ့၊ ငါကိုယ်တိုင် သူ့ဆီလိုက်သွားမှာ သိလား"

စိုးစိုးနှင့် ထားထား ရယ်မောကြသည်။

ထားထားက မန္တလေးဈေးချိုထဲတွင် တန်ဖိုးကြီးမားလှသော စိန်ရွှေရတနာဆိုင် ဖွင့်ထားသည်။ စိန်ရွှေရတနာဆိုင်ကို ဦးစီးလုပ်ကိုင်ပါ၏။

ထားထား၏ဖေဖေက ဂေါ်ဝိန်ဆိပ်တွင် ပွဲရုံထောင်ထားသည်၊ ထားထား မေမေက စိန်ရွှေရတနာဆိုင် တစ်လှည့်၊ ဂေါ်ဝိန်ဆိပ်ပွဲရုံတစ်လှည့် ဟိုပင်သည်ပင် ကူးပါလို့ပုံစံ ဖြစ်နေသည်။



"အောင်မြင်တာသာ အစ်ကိုအောင့်အတွက် အဓိကမဟုတ်ပါဘူး မိဆိုး"

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။

စိုးစိုးက ပိတ်ကားပေါ်မှာ အစ်ကိုအောင်၏ လှုပ်ရှားမှုကို ငေးကြည့်နေသည်။

"မိဆိုး"

"ဘာပြောချင်လို့လဲ အစ်ကိုအောင်"

"ဒီဇာတ်ကားကို နောက်နေ့ နောက်ပွဲတွေမှာ ဆက်ကြည့်လည်း ရပါတယ်၊ အခု အစ်ကိုအောင်နဲ့ မိဆိုး မန္တလေး ရန်ကင်းတောင်ဘက်ကို သွားကြစို့လား၊ အေးအေးဆေးဆေး စကားပြောကြစို့လား"

"စိုးစိုးတို့ ဘာကိုမှ အေးအေးဆေးဆေး ဆက်မပြောကြပါနဲ့တော့လား အစ်ကိုအောင်၊ စိုးစိုးဟာ အရာခပ်သိမ်းကို စွန့်လွှတ်လိုက်ပြီပဲ၊ ဘာလို ဆက်ရန်ရှိသေးသည်ဖြစ်တော့မှာလဲ အစ်ကိုအောင်"

"အစ်ကိုအောင့်မှာတော့ ဆက်ရန်ရှိသေးသည်ပဲ မိဆိုး၊ ဒါ့ကြောင့် မန္တလေးကို လိုက်လာတာ မိဆိုး အမြင်အတွေ့ပဲဟာ၊ ကဲ ... ဒီတစ်ခါတော့ မိဆိုးအပေါ်မှာ အစ်ကိုအောင် ခပ်ကြမ်းကြမ်းပဲ အရေးဆိုဖို့ ဆုံးဖြတ်ထားတယ်၊ ဒီတော့ အေးအေးဆေးဆေး စကားပြောဖို့ ရန်ကင်းတောင်ဘက် လိုက်ခဲ့ပါ၊ မလိုက်ရင် ဇွတ်လက်ဆွဲခေါ်မယ် မိဆိုး၊ လက်ဆွဲခေါ်တာကို မိဆိုး မကျေနပ်လို့ ရန်းချင်ရုန်း အော်ချင်အော် အစ်ကိုအောင် မိဆိုးကို ခုတစ်ခါတော့ လက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ဘူး၊ အစ်ကိုအောင် အရှက်ကွဲချင်ကွဲ၊ သေချင်သေ၊ ကြေချင်ကြေ ဖွတ်ဆွဲခေါ်မယ် မိဆိုး"

ပြောသည့်အတိုင်း လုပ်တော့မည်မို့ ကိုအောင်စည်သည် စိုးစိုး၏လက်ကလေးကို ဆွဲကိုင်လိုက်သည်။ တကယ်ဖွတ်လုပ်တော့မည့် အစ်ကိုအောင်ပါပေ။

"အဲဒီလိုတော့ မကြမ်းနဲ့ အစ်ကိုအောင်၊ စိုးစိုးကြောက်တယ်"

"ဒါဆို ... ထ"

"ဒါဆို ... စိုးစိုး ထပြီး အစ်ကိုအောင်နဲ့ အတူသွားလို့ မဖြစ်သေးဘူး၊ တွဲသွားတာကို ဘေးကလူတွေမြင်ရင် မင်းသားသစ် နာမည်ကြီးတော့မှာမို့ စိုးစိုးက အမိဖမ်းတယ်လို့ အပြောခံရမယ်၊ ရော ... ကားသော့ယူသွား၊ စိုးစိုး ကားထဲက အစ်ကိုအောင် စောင့်၊ စိုးစိုး နောက်ကနေ ဖြည်းဖြည်းလိုက်ခဲ့မယ်"

စိုးစိုး၏ လုပ်ဆောင်ချက်ကို ကိုအောင်စည် လက်ခံပါ၏။

ကားသော့ယူပြီး ကားထဲတွင် အောင်စည် ဝင်ထိုင်နေပေသည်။ ရန်ကုန်မှာကတည်းက စိုးစိုး၏ တိုယိုတာကားလေးကို ကိုအောင်စည်က ကောင်းကောင်းသိပြီးသား မဟုတ်လား။

ဆယ်မိနစ်ခန့်တွင် စိုးစိုး ရောက်လာပြီး ရှေ့ခန်းမှာပင် တွဲထိုင်လိုက်သည်။

အောင်စည်က ဘေးလူတွေ အာရုံမစိုက်ခင်မှာပင် မောင်းထွက်လာခဲ့သည်။



ရန်ကင်းတောင်ဘက်သို့ပင် ဦးတည်မောင်းခဲ့ပါ၏။

ကိုအောင်စည်နှင့် စိုးစိုးသည် လိုက်ဖက်လှပါ၏။ လုလင်ချောကြီးနှင့် လုံမချောလေးပင်။

"အစ်ကိုအောင် မိဆိုးကို ချစ်တယ်၊ အခုမှချစ်တာ မဟုတ်မှန်း မိဆိုး အသိဆုံး၊ ချစ်တာမှ သိပ်ချစ်တယ်၊ ဟိုတုန်းကတည်းက ချစ်တယ်၊ အခုလည်းချစ်တယ်၊ နောက်လည်း မသေမချင်း ချစ်နေမှာ၊ မိဆိုးကို အစ်ကိုအောင် လက်ထပ်ချင်တယ်"

စိုးစိုးက မတုန်မလှုပ် ကျောက်ရုပ်မလေးလို ထိုင်နေသည်။

ကိုအောင်စည်က မိဆိုးကို ပခုံးပုတ်ပြီး ထပ်မေးသည်။

"ဘယ်လိုလဲ မိဆိုး"

"မဖြစ်နိုင်တာတွေ တစ်ပုံကြီးပါ အစ်ကိုအောင်"

"ပြောပဲ ပြောစမ်းပါဦး"

"အစ်ကိုအောင်က လူပျို၊ စိုးစိုးက တစ်ခုလပ် တစ်လင်ကွာ၊ စိုးစိုးကိုယ်ဟာ မသန့်ရှင်းတော့ဘူး၊ အစ်ကိုအောင် မော်လမြိုင်မှာနေတုန်းက ပြောဖူးတယ်၊ ဆွတ်ခူးပြီးတဲ့ပန်းဟာ ဈေးထဲမှာ တန်ဖိုးဖြတ်လို့ ရပေမယ့် မဆွတ်ခူးရသေးတဲ့ အပင်မှာ ပွင့်နေတဲ့ပန်းဟာ တန်ဖိုးအနန္တထိုက်တန်တယ်တဲ့၊ စိုးစိုးဟာ ဆွတ်ခူးပြီးလို့ နွမ်းကြေနေတဲ့ပန်းပါ၊ နွမ်းပန်းကို အစ်ကိုအောင့်ကို မပေးရက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မပြောပါနဲ့ မိဆိုး၊ တကယ်လို့ မိဆိုးကိုယ်တိုင်က ကိုလွင်ဦးနဲ့ ၎မတ္တာရှိပြီး ယူလိုက်ကြတာမျိုး ဆိုရင်တော့ မိဆိုးဟာ နွမ်းကြေတဲ့ပန်းလို့ ဆိုနိုင်တာပေါ့၊ မိဆိုးရင်ထဲက မေတ္တာပန်းဟာ ကိုလွင်ဦးအပေါ်မှာ ပွင့်ခဲ့တာမှ မဟုတ်တာ၊ မိဆိုး ရင်ထဲမှာ ပွင့်နေတဲ့ မေတ္တာပန်းဟာ လုံးဝမနွမ်းသေးပါဘူး၊ အစ်ကိုအောင့် အတွက် တန်ဖိုးအနဂ္ဃ ထိုက်တန်ဆဲပါ၊ အဲဒါကိုတော့ မိဆိုး လုံးဝထည့်မတွက်ပါနဲ့လား"

"ရှိသေးတယ် အစ်ကိုအောင်၊ အစ်ကိုအောင်ကို စိုးစိုးလက်ထပ်လိုက်တာနဲ့ ကိုလွင်ဦးရဲ့အသိုက်အဝန်း ကြည့်ပါလား၊ စိုးစိုးဟာ ကိုအောင်စည်နဲ့ မရှင်းကြောင်း ကိုလွင်ဦးစွပ်စွဲတာ မှန်နေပြီ မဟုတ်လား၊ အခု စိုးစိုးနဲ့ ကိုအောင်စည် လက်ထပ်ကြတာပဲ မဟုတ်လား၊ ကိုလွင်ဦး မမှားဘူး၊ ကိုလွင်ဦး မှန်တယ်ဆိုတဲ့သဘော သက်ရောက်သွားမယ် အစ်ကိုအောင်"

"ဒါကတော့ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ပုံပြင်လို သာဓကထားပေါ့ မိဆိုး၊ လူတွေ အပြောလွတ်တာ ဘာရှိလဲ၊ ပတ်ဝန်းကျင် ဆိုတာက ကိုယ့်ကို လိုလားတဲ့လူက ချီးမွမ်းမယ်၊ မလိုလားတဲ့လူက ကဲ့ရဲ့မှာပဲ၊ နောက်တစ်ချက်က မိဆိုးနဲ့ ကိုလွင်ဦး တရားဝင်ကွာရှင်းပြီးတဲ့နောက် စပြီးဖောက်တာက ကိုလွင်ဦးပဲ၊ အိန္ဒြေစင်ကိုသူက လက်ထပ်လိုက်ပြီပဲ မိဆိုး၊ မိဆိုးက နောက်ထပ်



လက်ထပ်တော့ကော မိဆိုးကို ဘယ်သူက ဘာပြောလို့ရမလဲ၊ ဒီမယ် မိဆိုး"

"ရှင် ... အစ်ကိုအောင်"

"ပွဲကြည့်ပရိသတ်ဆိုတာ ပွဲပြနေတုန်း ကြည့်ကြတယ်၊ လက်ခုပ်တီးတဲ့လူက လက်ခုပ်တီးမယ်၊ ဝေဖန်တဲ့လူက ဝေဖန်မယ်၊ ကလော်ဆဲတဲ့လူက ကလော်ဆဲမယ်၊ အဲ ... ပွဲလည်းပြီးသွားရော ထပြန်ကြရော၊ ပွဲထဲမှာ လက်ခုပ်တီးမယ့်လူ မရှိတော့ဘူး၊ ဝေဖန်မယ့်လူ မရှိတော့ဘူး၊ ကလော်ဆဲမယ့်လူ မရှိတော့ဘူး၊ ကိုလွင်ဦးနဲ့ မိဆိုးရဲ့ပွဲဟာ ပွဲပြီးရုံမကဘူး၊ ဇာတ်စင်ကိုတောင် ဖြိုဖျက်ပြီးပြီပဲ"

အစ်ကိုမောင်၏ ရှည်လျားစွာ အယူခံဝင် တင်ပြချက်တွေတွင် အချက်အလက် ပြည့်စုံနေသည်မို့ စိုးစိုး ဘယ်လိုပြန်ငြင်းရမည်မှန်းပင် မသိတော့။

နောက်ပြီး ...

နဂိုကပင် အစ်ကိုအောင့် အပေါ်တွင် မစွမ်းရင်းရှိခဲ့သည်။

ယခု အစ်ကိုအောင် ကန်စွန်းခင်းကြီးက လာငြိပြီဆိုတော့။

ကားမှန်မှ ရန်ကင်းတောင် ရန်ကင်းစေတီကို လှမ်းရှုမှုးမြော် မြင်သာနေပေပြီ။ စိုးစိုး သက်ပြင်းလေးချသည်။

အစ်ကိုအောင့်ဘက်သို့ မျက်နှာတစောင်းစောင်း လှည့်ကြည့်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်က အသင့်ပြုံးရယ်ကာ စိုးစိုးကို ပြန် အကြည့်နှင့် ဆုံမိကြသည်။

အစ်ကိုအောင်၏ ထူအမ်းသော နှုတ်ခမ်းစုံဖွင့်ကာ သွားဖြူတန်း ပုလဲစီလေး ပေါ်နေပြီး သွားစွယ်လေး နှစ်ချောင်း ပေါ်လွင်နေသည်ကို စိုးစိုး တွေ့ရသည်။

အစ်ကိုအောင် ယင်းသို့ပြုံးလေတိုင်း ဆယ့်ငါးနှစ် သမီး အရွယ်ကတည်းက ရင်ထဲတွင် တစ်မျိုးခံစားခဲ့ရသည်၊ အစ်ကိုအောင်၏အပြုံးကို မြတ်နိုးနှစ်သက်ခဲ့သည်။

"စိုးစိုး ... အစ်ကိုအောင်ကို ချစ်ပါတယ်၊ ဆယ့်ငါးနှစ် အရွယ်ကတည်းက ချစ်တာပါ၊ အဲဒီနောက်လည်း ချစ်တာ ပါပဲ၊ ကိုလွင်ဦးရဲ့ဇနီးဘဝမှာ ကိုယ်ရှိန်သတ်ပြီး စောင့်စည်း ခဲ့ပေမယ့် ရင်ထဲက အစ်ကိုအောင်ကို ချစ်နေတာကတော့ ချစ်နေတာပဲ"

"ဒါဆို ... ဒါဆို ... အစ်ကိုအောင်ကို မဆိုး လက်ထပ် မယ်ပေါ့နော်"

အစ်ကိုအောင်၏ လက်တစ်ဖက်သည် စိုးစိုး၏ပခုံး ပေါ်သို့ ကျရောက်လာပြီး ညင်သာသော အဆုပ်အကိုင်လေးဖြင့် ဆုပ်ကိုင်ကာ သူ့ဘက်သို့ ဆွဲယူလိုက်သည်။

စိုးစိုး၏ပါးပြင်လေးသည် အစ်ကိုအောင် ဆွဲယူရာ သို့ ပါသွားပြီး ပါးချင်းကပ်ထားမိကြသည်။

"ပြောလေ မိဆိုး၊ အစ်ကိုအောင်ကို လက်ထပ်မယ် မဟုတ် လား၊ အစ်ကိုအောင်ရဲ့ ကပ္ပတိန်မိုက်ကယ်(လ်)ရှိုင်းကြီး

BURMESE CLASSIC .com



ပြန်ရောက်လာပြီ၊ ဟယ်လ်ပင်လမ်းမှာ အေဂျင်စီတိုက်ဖွင့် ထားပြီ၊ ဟောဒီ မန္တလေးမှာ အေဂျင်စီလက်ခွဲ ထပ်ဖွင့် မယ်တဲ့၊ တစ်လကို ဒေါ်လာ တစ်ထောင့်ငါးရာက စပြီး ပေးမယ်တဲ့၊ စိုးစိုးရဲ့သဘောကိုပြော၊ ရုပ်ရှင်မှာ ဆက်လုပ် ရမလား၊ အေဂျင်စီမှာ လုပ်ရမလား"

"လက်ထပ်ပြီးရင် မန္တလေးအေဂျင်စီမှာပဲ လုပ်ပါလား အစ်ကိုအောင်၊ စိုးစိုး အဖေ အမေနဲ့ အတူနေရတာပေါ့၊ နောက်ပြီး ရုပ်ရှင်လုပ်ငန်းကြီးက စိတ်ပျက်စရာပါ၊ ရုပ်ရှင် လောကမှာ အိမ်ရှေ့စင်လို အမျိုးသမီးချောတွေက အများကြီး ရယ်"

"ဟော ... ဟော ... ဒါဆို မိဆိုး အစ်ကိုအောင့်ကို လက် ထပ်မယ်ဆိုတာ ပေါ်သွားပြီ၊ ဝမ်းသာလိုက်တာ မိဆိုးရယ်၊ အစ်ကိုအောင် အရမ်းကြီးကို ဝမ်းသာတာပဲ"

စိုးစိုးကို တင်းတင်းရင်းရင်းလေး ကျစ်နေအောင် ကိုအောင်စည်က ဖက်ထားသည်။

စိုးစိုးခမျာ သည်တစ်ခါ ရင်ထဲက တကယ့်ချစ်သူ ၏အပွေ့အဖက်မို့ တစ်သက်လုံး တစ်ခါမျှ မခံစားရဖူးသေးသော ရှိန်းရှိန်းဖိန်းဖိန်းလေးကို ခံစားရပါ၏။

ကြက်သီးမွေးညင်းလေးများ ထလာသည်အထိ ခံစား ရပါ၏။

ဩော် ... ကြွေချင်နေသည့် ထန်းသီးလေးကို ကျီး ဘက်နင်းလိုက်ပြီလို့ ဆိုရမလား။

www.burmeseclassic.com

www.burmeseclassic.com



တဲကလေး မခိုင့်တခိုင်မှာ ဆင်တိုးလို့ ယိုင်ဟုပင် ဆိုရမလား။

မည်သို့ဆိုစေ ...

အစ်ကိုအောင် လေအနော့ဝယ် ... စိုးစိုး ပန်းပွင့်လေး ကြွေကျသွားတော့သည်က အမှန်။

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com